www.burmeseclassic.com

မြသုဇင်စာအုပ်တိုက်

# ကြည်အေး
# တောတောင်ရေမြေ

## LOOK TO THE MOUNTAIN

By

Le Grand Cannon, Jr.

(ဒုတိယအကြိမ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြို့သဇင်စာအုပ်တိုက် ..... ၂

# ကြည့်အေး
# တောတောင်ရေမြေ

## LOOK TO THE MOUNTAIN

By

Le Grand Cannon, Jr.

(ဒုတိယအကြိမ်)

ဖြန့်ချိရေး - အမှတ် (၂၆၁)၊ မြေညီထပ်၊ ၃၉လမ်းအထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 286127

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ၁၆၁/၂၀၀၄ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၇/၂၀၀၄ (၂)

ထုတ်ဝေသည့်အကြိမ် (ဒုတိယအကြိမ်)

ဇန်နဝါရီလ၊ ၂၀၀၅ ခုနှစ်

ထုတ်ဝေသူ ဦးမျိုးဆင့်

ရှင်မတောင်စာပေ (ယာယီ–၇၂၃)

အမှတ် ၂၉၆/၁၊

အနော်မာအရှေ့ (၇)လမ်း၊

သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

ဖြန့်ချိရေး မြူသဇင် စာအုပ်တိုက်

၂၆၁(မြေညီ)၊ ၃၉ လမ်းအထက်

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း **Ko Ko Naing**

အတွင်းစာစီ ယောနသံ **Print Publishing**

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ရွှေမြားပုံနှိပ်တိုက်

(ယာယီမှတ်ပုံတင်အမှတ်–၂၉၉၄)

အမှတ် ၅၃၊ ၅၆ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ ၅၀၀

တန်ဖိုး ၈၀၀/–


# ကြည်အေး ( ၁၉၂၉ – )

၁၉၂၉ ခုနှစ်တွင် ရန်ကုန်မြို့၌ အဖ ဦးဟန်၊ အမိ ဒေါ်ငွေယုန်တို့မှ မွေးဖွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရောက်သည်။ ဆေးပညာ တတိယနှစ်အရောက်၊ ဝိဇ္ဇာစာမေးပွဲ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် ဆေးပညာပြန်လည်သင်ယူပြီး ဆရာဝန်ဘွဲ့ရသည်။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအဖြစ်လည်းကောင်း၊ ရန်ကုန် ကလေးဆေးရုံတွင် ဆရာဝန်အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ မိသားစုနှင့်အတူသွားရောက်လုပ် ကိုင်နေထိုင်ခဲ့သည်။ ယခုအခါ အင်္ဂလန်နိုင်ငံတွင် ဆရာဝန်အဖြစ် လုပ်ကိုင် နေထိုင်လျက်ရှိသည်။ ဘဏ်မန်နေဂျာ ဦးတင်မြင့်(ကွယ်လွန်)နှင့် သားသမီး ၆ ယောက် ထွန်းကားခဲ့သည်။ ယခု အသက် ၇၅ နှစ်ပြည့်ပြီ၊ စိန်ရတုပင်ရှိနေပြီ။ သို့ဖြင့် ကြည်အေး၏ စိန်ရတုအထိမ်းအမှတ်အဖြစ် 'တောတောင်ရေမြေ' ဘာသာ ပြန်လုံးချင်းဝတ္ထုကို ထုတ်ဝေဂုဏ်ပြုလိုက်ပါသည်။

'တောတောင်ရေမြေ' ဘာသာပြန်ဝတ္ထုသည် ပထမ ရှုမဝရုပ်စုံမဂ္ဂဇင်း၌လည်းကောင်း၊ နောက် လုံးချင်းဝတ္ထုစာအုပ်အဖြစ်လည်းကောင်း ပါရှိထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကြည်အေးသည် ဘာသာပြန်ပုံပြင်များ၊ ဝတ္ထုတိုများ ရေးသားခဲ့ပြီး လုံးချင်းဝတ္ထုအနေဖြင့် 'ဤမာန' နှင့် 'တောတောင်ရေမြေ' စာအုပ်နှစ်အုပ်သာ ရေးသားခဲ့ပါသည်။ ကြည်အေး၏ ထင်ရှားသော ပင်ကိုရေးဝတ္ထုများမှာ 'မီး'၊ 'တမ်းတတတ်သည်'၊ 'ကေပွဲ့ဆိုသီ'၊ 'ကျွန်မပညာသည်'၊ 'ဖုန်းသက်တိုင်'၊ 'နှမ်းလျှအိမ်ပြန်'၊ 'မောင်၊ ကိုကိုနှင့်မြန်နန္ဒာ'၊ 'အပြင်ကလူ (၁) (၂)'၊ 'မေတ္တာမီးအိမ်'၊ 'မုန်၏မှောင်ရိပ်'၊ 'ဖူးငုံပွင့်သစ်' တို့ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

၁၇၆၉ ခုနှစ် ဩဂုတ်လဆန်းစ နေ့တစ်နေ့ဖြစ်သည်။

နေပူ၍ သွေ့ခြောက်လှလေ၏။ အမေရိကန်ပြည် နယူးဟမ့်ရှိုင်းယားနယ်ရှိ ကျွဲပွဲကုန်းဟု ပြန်ဆိုခေါ်ဝေါ်ချင်လည်း ခေါ်နိုင်သော ကက်တယ်ဖို့ တစ်ရွာလုံး မြက်ရိတ်နေ၏။ ရေတံခွန်အောက် မြစ်ရိုးတစ်လျှောက်လုံး မြက်ရိတ်ခြင်း အလုပ်တစ်ခုတည်းကိုသာ တွေ့ရမည်ဖြစ်လေ၏။ နိုင်ငံရေး၊ ငါးဖမ်းခြင်း၊ ဝါငင်ခြင်း၊ ထင်းခွေခြင်း၊ အသီးအနှံကောက်ခြင်း၊ ဘုရားကျောင်းသွားခြင်း စသည့်ကိစ္စများကိုမေ့ထားကြသည်။ အလုပ်ကို ရာသီနှင့်လုပ်ရလေရာ ယခုရာသီမှာ မြက်ရိတ်သောရာသီဖြစ်လေ၏။

ရွာတစ်ဝိုက်ရှိ ကွင်းပြင်များတွင် မြက်ကောင်းများ သန့်စွမ်းစွာ ပေါက်သည်။ မြေလည်းညီသည်။ ပေါင်းတောထတတ်သေးသော်လည်း ချုံပုတ်များ မပေါက်တော့ချေ။ အင်ဒီယန်းလူရိုင်းများနှင့်အတူ ပျောက်ကွယ်ကုန်ပြီ၊ အကောင်းဆုံးမြေများမှာ မြစ်နဖူးပေါ်တွင်ဖြစ်၍ နေရောင်အောက်တွင် ပြန့်ပြူးစွာ ဖြန့်ခင်းထားသလိုရှိသည်။ သီးနှံစိုက်ပျိုး၍လည်း အောင်လှသည်။ မြက်ခင်းလည်းကောင်းသည်။ ထို့ကြောင့် မြစ်နဖူးပေါ်ရှိ အိမ်များသည် တောင့်တင်းသပ်ရပ်၍ တင်းကုပ်များလည်း အပြည့်ရှိသည်။

ရွာမြောက်အပိုင်းမှာ ရွှံ့စေးများ အများအပြားရရှိနိုင်သည်။

တောင်ကုန်းများကား သစ်ပင်များပေါက်၍ တောအုပ်အတိဖြစ်လေ၏။ နယူးဟမ့်ရှိုင်းယားနယ်ကို ငါးပုံ ပုံလျှင် လေးပုံမှာ တောအုပ်များသာ ဖြစ်သည်။ သို့သော် သည်လိုမထင်ရချေ၊ တနင်္ဂနွေနေ့မှ လွဲ၍ နေ့တိုင်း တစ်နေကုန်ပင် ကွင်းပြင်ထဲ၌ လူများဖွေး၍နေသောကြောင့် မြက်ရိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာကိုသာ မြင်နိုင် ထင်နိုင်သည်။ မိန်းမ၊ ယောက်ျား၊ ကလေး၊ ကျွဲ၊ နွား တိရစ္ဆာန် အကုန်ပင် အပြင်ရောက်နေကြသည်။ မြစ်ရိုးတစ်လျှောက် မြောက်အရပ်သို့ တက်ခဲ့လျှင် မြက်ရိတ်နေသော ရွာတစ်ရွာသာ တွေ့ရမည်။ တောင်အရပ်သို့ ဆင်းကြည့်လျှင်လည်း မြက်ရိတ်နေသည်ကို တွေ့ရမည်။ နယူးဟမ့်ရှိုင်းယားနယ် တစ်နယ်လုံးပင် မြက်ရိတ်နေသည်ဟု ဆိုပါစို့။

အဲ...ပို့စမောက်မြို့ကိုတော့ ချွင်းချက် အဖြစ်ထားနိုင်ပေ၏။ ပို့စမောက်ကတော့ ထူးခြားသည်။ မိုင်လေးဆယ်မျှ အရှေ့မြောက်ထောင့် ကျရာသို့ သွားလျှင် ရောက်နိုင်ပြီး ကုန်သည်များ၊ သူဌေး၊ သူကြွယ်များ၊ မင်းစိုးရာဇာများ၊ သင်္ဘောသားများ စသည့် မြက်မရိတ်သော လူအမျိုးမျိုးရှိသည်။ ယခုလို မနက်ခင်းတွင် ပို့စမောက်မြို့ရှိ ဂုဏ်သရေရှိ အထက်တန်းစား မိန်းမကြီး၊ မိန်းမငယ်တို့မှာကား ဘာဆိုလို့ ဘာမှမလုပ်ဘဲ နေကြမည်သာဖြစ်လေ၏။

သို့သော် မြစ်နဖူး ကွင်းပြင်တွင် ရေစီးနှင့် မြေကြီးနှင့် အသက်မွေးရသော ကတ်တယ်ဖို့ ရွာသူ ရွာသားများကား နေရောင်ကို မြင်ရသည့် ဩဂုတ်လ ပထမ သီတင်းပတ် စလာလျှင်ပင် မြက်ရိတ်လေတော့သည်။

ကျောင်းဆရာလုပ်သူကလည်း နေတက်၍ တစ်နာရီ အကြာတွင် မြက် စ၍ ရိတ်သည်မှာ မွန်းတည့်ဖို့ ၂နာရီမျှသာ လိုတော့သည်။ သူသည် စက်ချုပ်သမားအတွက် မြက်ရိတ်နေခြင်းဖြစ်၍၊ ဆောင်းရာသီအမီ ကုတ်အင်္ကျီတစ်ထည်ကို အတွဲ့အလှည့်ရမည်မှာ ကျေနပ်စရာ ဖြစ်၏။

ဘုရားရှိခိုးကျောင်းဆရာ မစ္စတာဂိုဝင်ပင်လျှင် ခပ်တည်တည်နှင့် မြက်ရိတ်နေပေ၏။ သူ့တွင် မြက်ရဖို့အတွက်စာချုပ် ရှိသော်လည်း နွားဆိုသည့် တိရစ္ဆာန်မှာ စာချုပ်ကို စား၍နေနိုင်သည် မဟုတ်သည့် အကြောင်းကို ဂိုဝင်ကြီး သိရှိလေပြီ၊ သူလည်း မြက်ရိတ် တွင်သူ တစ်ယောက်ပင်။

အဘိုးကြီး ဒေးဗစ်ပင် ကွင်းထဲဆင်းနေသည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က ကိုယ်ကျပ်အင်္ကျီအကောင်းစားကို ထုတ်ဝတ်မိသည်နှင့် အင်ဒီယန်း လူရိုင်းတစ်ယောက်၏ လုယက်တိုက်ခိုက်ခြင်းခံရသည်။ သူ့ပေါင်၌ ဒဏ်ရာရခဲ့သည်။ နွေအခါများမှာတောင် နာကျင်သော ဝေဒနာသည် မပြတ်ဘဲ ရှိသည်။ သည်နွေမှာတော့ ပို၍ ထော့နဲ့ထော့နဲ့ နိုင်လာ၏။



ထိုကြောင့် တတ်နိုင်သမျှပင် လူပျင်းတစ်ယောက်ပမာ ရိတ်ပြီး မြက်များကို လိုက်၍ ကောက်ကာ စုရုံးရသည်။

ကောဒဝဲ(လ်)နှင့် အင်ဆိုင်းတို့လည်း မြက်အတူအရိတ်နေကြ၏။ ကောဒဝဲ(လ်)က လွန်ခဲ့သော ဖေဖော်ဝါရီလကပင် အင်ဆိုင်းအတွက် သားရေဖိနပ်တစ်ရံ ချုပ်ခဲ့သည်။ သည်ညတော့ သူတို့ ကျေကြမည်ဖြစ်၏။ အင်ဆိုင်းက ရမ်အရက် အပြန်အလှန်ပေးရမည်ဖြစ်၏။ တစ်ယောက်က အပေါစား သားရေကြီးပဲဟု တွေးသလို တစ်ယောက်ကလည်း အညံ့စားရမ် ပါကွာဟု တွေးလေ၏။

ပေါတာ အမည်ရှိ လင်မယားနှစ်ယောက်ကလည်း မြက်နှင့်အလုပ်ရှုပ်နေကြသည်။ မယားက မြက်ထုံး၍ပေးသည်၊ လင်က နေရာချထားသည်။ နှစ်ယောက်သား အလုပ်၌ ချောမွေ့အောင် မတွဲမိသော်လည်း ညနေမတိုင်ခင်ပင် မြက်ထုံး သုံးတန်းရတော့မည်။

ဂျိုးဖိလစ်အမည်ရှိ ပေါ်တူဂီလူမျိုးက မူကား လွန်ခဲ့သည့် စနေနေ့ညကတည်းက သူ့ပန်းပဲ၌ မီးမဖိုရချေ။ သို့သော် မွန်မတိမ်းခင်ပင် မြက်ရိတ်ခြင်းကိစ္စ ပြီးမည်ဖြစ်လေ၏။ တနင်္ဂနွေနေ့ပေါ် မချွန်ကွင်းထဲဆင်းခဲ့၏။ လွန်ခဲ့သော တစ်နှစ်ကျော် နှစ်နှစ်ခန့်ကမှ ရွာထဲရှိ ဘတ်တလာ၏ ထမင်းဆိုင်သို့ ရောက်လာသည်။ ဇန်နဝါရီလ မနက်ခင်းတစ်ခင်းမှာဖြစ်သည်။ ပေါင်မုန့် အနားသားများကို မှိုဝဲရင်း ခြေနှစ်ချောင်းဖြင့် ညလုံးပေါက်လျှောက်၍ လာခဲ့သည်။

ထိုအခါရွာထဲမှ တစ်ယောက်တည်းသော ပန်းပဲသမားကြီးလည်း သေပြီးဖြစ်ကာ ပန်းပဲလုပ်သူမရှိ ဖြစ်နေလေ၏။ ဂျိုးက သံတွေတော့ ကိုင်ခဲ့ဖူးပါသည်ဟုဆို၏။ သို့ပင်လျှင် ပန်းပဲသမားလုပ်လေ၏။ သူသည် မမူးသည့်အခါတွင် သင့်ရုံရှိ၍ မူးသည့်အခါတွင် အလွန်တော်သော ပန်းပဲသမား ဖြစ်လာလေ့ရှိ၏။ သို့သော် သေသွားသော ပန်းပဲသမားဟောင်းကို မမီနိုင်ချေ။ ဘယ်သူကမှလည်း မီပါပေသည်ဟု မပြောကြ။ ဂျိုးသည် ပုကွတုတ်ခိုင်၍ နွားသိုးရုပ်ပေါက်သည်။ အသားရောင်က ညိုမှောင်သည်။ နားရွက်သေးသေးကလေးများက ခေါင်းနှင့်ကပ်နေရာ ဇက်ပိုးက ပို၍တုတ်ဖီးနေသည်ထင်ရသည်။ မည်းနက်သော ဆံပင်ကို ဖဲကြိုးအနီရောင်နှင့် စည်းထားလေ့ရှိသည်။ သင်္ဘောသားတစ်ယောက်ပမာ

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်စင်းကို အမြဲဆောင်လေ့ရှိသည်။

ရွာသူရွာသားများက သူ့ကို အထင်မကြီးကြခြင်းမှာ ဝုစ်လစ်ဗင်စတန် ဆိုသည့် အကောင်ကြောင့်ပဲဟု သူက စွပ်စွဲသည်။ သေသွားသော ပန်းပဲသမားကြီး အကြောင်းကို မပြီးနိုင်အောင် ပြောနေတတ်သူမှာ ဝုစ်မဟုတ်လား။ ပေါ်တူဂီဂျိုး ဘယ်တော့မှ မမီနိုင်သည့်ပမာ ပထမတန်း ပန်းပဲသမားကြီးဖြစ်သည်တဲ့၊ ဝုစ်ကို မုန်းတီးလှသည်။

ဝုစ်အမည်ရှိ သူငယ်မှာ သူတို့ရွာတွင် အတော်ဆုံးသော မြက်ရိတ်သမား ဖြစ်လေသည်။ ဓားကို ဘေးချိတ်ထားပြီး ပြောရဦးမည် ဆိုလျှင်တော့ လူတကာ ရယ်ပွဲဖွဲ့စရာ သတ္တဝါပေတည်း။ ဝုစ် ၁၂ နှစ် ပြည့်သည့် မွေးနေ့တွင် သူ့အဖေကြီးက ထမင်းဆိုင်မှာ ဧည့်ခံပွဲဖြင့် ချီးမြှောက်သော်လည်း သားဖြစ်သူက အရက်မသောက်တတ်ချေ။ ရမ်အရက်မှာ ဝုစ်အဖို့ ဘာမှန်းမှ မသိခဲ့ဘူးချေ။ အဘိုးကြီးက တစ်စက်မချန် သူ့ဘာသာ သောက်ပစ်လေ့ရှိခဲ့သောကြောင့်ပင်၊ ယခုတော့ လည်းချောင်းထဲမှာ ဆို့ပြီးမျို၍ မကျ၊ ဘေးမှကြည့်နေသော လူများအဖို့ ရယ်စရာကြီးပင်၊ သည်အထဲ အဘိုးကြီးက အမိပတိ အသောက်သမားကြီးဖြစ်လေရာ လူများသည် အဘိုးကြီးဘက် လှည့်လာပြီး ရယ်မောပြောင်လှောင်ကြပေတော့၏။ အဘိုးကြီးမခံနိုင် သူ့သားကပါ သူ့အပေါ် တစ်လုံးတင်သည်ဟု ထင်လေ၏။ ထို့ကြောင့် သားဖြစ်သူကို အခန်းအလယ်ဗဟိုမှာ ရပ်စေကာ ကျောပြင်မှ ရှပ်အင်္ကျီစကို ဆောင့်၍ဆွဲသည်၊ ထိုနောက် ဘောင်းဘီကျွတ်သည်အထိ ကြိုးတစ်ချောင်းနှင့် ရိုက်သည်။ ထိုအခါ လူတချို့က ရယ်၍ မပြီးသေးသော်လည်း ဝင်၍တားကြသည်။ သူငယ်မှာ မတ်တတ်ရပ်နိုင်သေးတာ မှန်ပါ၏။ ဒါပေမယ့် ထမင်းဆိုင်ရှင် သမီးကလေးရှိသေးသည်၊ ကောင်မလေးက ဆယ်နှစ်အရွယ် ငယ်သေးသော်လည်း ဘာပဲဖြစ်ဖြစ် မတင့်တယ်ပေဘူး ထင်သည်။

ဝုစ်ကတော့ ရမ်အရက်ကို ကြိုက်၍ မရပါချေ။ ထမင်းဆိုင်ကို တစ်နှစ်ကျော် နှစ်နှစ်လောက် ရှောင်နေသည်။ လူတောထဲ မတိုးဝံ့သလိုရှိ၏။ သူ့ကို ဝိုင်းရယ်ဆဲဟုထင်သည်။

သေသွားသော ပန်းပဲသမားကြီးက မူကား ဝုစ်ကို သဘောကျသည်။ ဝုစ်သည်ပန်းပဲဖိုကို ရစ်သီရစ်သီ လုပ်လေ့ရှိသည်။ အထူးသဖြင့် တခြား



အကောင်လေးများ မရလျှင် ဆိုပါတော့၊ တစ်ခါတစ်ရံ ပန်းပဲသမားကြီးကို ကူညီလုပ်ကိုင်ပေးခွင့်ရသည်။

ဝုစ် ၁၆နှစ်သားအရွယ်ရောက်လျှင် ပန်းပဲသမားကြီးက တံစဉ် တစ်လက်လုပ်ပေးမည်ဟုဆို၏။ လူမှန်လျှင် လိုချင်မည့် အသွားကောင်းကောင်းနှင့် လုပ်မည်ဆိုသည်။ သို့လျှင် ပန်းပဲသမားကြီးသည် တံစဉ် တစ်လက်လုပ်သည်။ သူ့စကားနှင့်လည်း ညီစေသည်။ ဝုစ်ကလည်း အဘိုးကြီးအဖို့ တောင်ပေါ်မှ သစ် ၂၁ ပင် လှဲပေးသည်။ ပန်းပဲသမားကြီးက ဝုစ်၏ ထစ်ခုတ်ရသော ပေါက်ဆိန်ချက်အရေအတွက်နှင့်အမျှ တံစဉ် သွားကို တူဖြင့်ရိုက်ခတ်မည်ဟု ကြေညာလေ၏။ ဟုတ်ပါလိမ့်မည်၊ အကြောင်းကား သူ့တံစဉ်သည် အလှအပတစ်ရပ်ပင်ဖြစ်၍ ဝုစ်မှာ ငွေကို ဘယ်လိုတောင်းရမည် ဆိုတာပင် မသိနိုင်အောင်ဖြစ်ရလေသည်။

ထိုတံစဉ်မှာ ပန်းပဲသမားအဘိုးကြီးမသေခင် နောက်ဆုံးလုပ်သွားသော ပစ္စည်းပင် ဖြစ်လေတော့သည်။

ထိုငွေကုန်ဆုံးသော် ဝုစ်သည် မြက်ရိတ် တွင်လှသည်ဟု ပြောစမှတ် ဖြစ်လာသည်။ ကောင်ကလေး သည့်လောက် အလုပ်ကောင်းတာဟာ တံစဉ်သွားမြလွန်း၍ဖြစ်ရမည်။ ပေါ်တူဂီ ချွေးကောင်ဆိုတာတော့ ခရမ်းသီး လှီး၍မှ မပြတ်သည့် အသွားမျိုးသာလုပ်တတ်တာပဲ။

သို့လျှင် ဝုစ်ကမသိရဘဲ ဂျိုး နားမှမဆန့်သည့် စကားတွေ ပွားလာသည်။ ဝုစ်မှာကား အိမ်မှာမြဲနေတတ်၏။ သို့မဟုတ် ပန်းပဲသမားကြီးအမွေပေးခဲ့သည့် သေနတ်နှင့် တစ်ယောက်တည်း တောလည်တတ်၏။ ဆောင်းဝင်လာလျှင် တောကောင်များကို ထောင်၍ ဖမ်းလာတတ်လေသည်။ ထမင်းဆိုင်ကို သွားစရာကိစ္စပေါ်လျှင် မနက်စောစောမှာ သွားတတ်သည်။ သို့သော် သွားရုံမကသွားသည့် အခေါက်ရေများလာ၏။ သူသည် ၁၉ နှစ်ရှိပြီးဖြစ်ကာ အရပ်ရှည်ရှည် အေးချမ်းသောမျက်နှာထားနှင့် စကားလေးလေးပြောတတ်သည်။ သူထမင်းဆိုင်ကို သွားသည်မှာ ထမင်းဆိုင်ရှင် ဘတ်တလာ၏သမီး မယ်လစ်ဆာကြောင့် ဖြစ်လေ၏။

အစကတော့ ယမမင်းနှင့်ရင်ဆိုင်တွေ့လိုက်ချင်သေးသည်။ မိမိကို အရက်မသောက်တတ်သဖြင့် ကိုယ်လုံးတီးကျွန်အောင်ချွတ်၍ရိုက်တာ မြင်ဖူးခဲ့သည့် မိန်းကလေးနှင့် မတွေ့ချင်ပေ။ သူကလေးလည်း ရယ်မောခဲ့တာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။ မျက်လုံးချင်း မဆိုင်ရဲခဲ့။ မယ်လစ်ဆာကို တွေ့ချင်သည့် အာသာကလည်း အခေါင်းပေါက်၍နာနေသည့်သွားကို ကြိတ်လိုသည့် အာသာနှင့် တစ်ပုံတည်းတူ၏။ သူ၏ အာသာရှိသည့်အတိုင်း ကြိတ်လေ့ရှိလေသည်။

ထိုနေ့မနက်တွင် ဝှစ်သည် သူ့အဖေ၏ ကျဲတောက်တောက်၊ ခြောက်ကပ်ကပ်ပေါက်တတ်သော ကွင်းသို့ဆင်း၍ မြက်ရိတ်လျက်ရှိလေသည်။ ဝှစ်နှင့်အတူ လူသုံးယောက်ရှိသေးသည်။ သူ့အဖေ၊ သူ့ဖအေတူမအေကွဲ ညီနှင့် သူ့ဦးလေးတို့ပင်။

ယခုလို ကျောက်ထူသောမြေတွင် ပါးလျားလှသော မြက်ပင်ကျစ်များကို ရိတ်ရသော်လည်း ဝှစ်သည် မြန်ဆန်သပ်ရပ်စွာ လုပ်နိုင်သည်။ သူ့အလုပ်လုပ်ပုံမှာ သက်သောင့်သက်သာရှိလေရာ မြန်သည်ဟုပင်မထင်သာချေ။

ဝှစ်၏အဖေကြီးသည် မြက်တစ်ကန့်ရိတ်၍ တစ်ဝက်အရောက်တွင် ရပ်လိုက်ကာ မျက်ခုံးမှ ချွေးစကို သုတ်သည်၊ တံစဉ်ကို မြေပေါ်ပစ်ချသည်။ အရက်စည်ဆီသို့ လျှောက်သွားသည်။ လူအများကတော့ ချိုင့်လောက်သာ သယ်ကြသည်၊ ဝှစ်အဖေကြီးကတော့ သည်လိုတယ်ဟုတ်မတုန်း။ သူသည် မြက်ရိတ်မည်ဆိုလည်း ကျကျနနရိတ်သည်။ ဆယ်ဂါလန်ဝင် အရက်စည်မှာ သရောက်နှင့် ဘူးဆို့နှင့်အပြည့်အစုံဖြစ်ကာ သစ်ပင်ရိပ်ထဲမှာ အသင့်ရှိသည်။ ဘူးခြောက်မှုတ်လည်း ဘေးမှ တစောင်းလှဲကာစောင့်သည်။

အဘိုးကြီးသည် အမောဆိုက်၍ နေပုံရသည်။ သူသည် မောပန်းသည့်အခါ ပုံ၍ကျတတ်သော လူစားမျိုးပေတည်း။ သူ့ကိုကြည့်ရသည်မှာ ကြုံလှီညှိုးငယ်သော သူ့မြေကွက်ကလေးနှင့်တူနေသည်။ သူသည် အရက်စည်ရှေ့တွင် ဒူးထောက်၍ ဘူးခြောက်မှုတ်ကို သရောက်အောက်မှာ ခံကာ ဘူးဆို့ကိုလှည့်သည်။ ဘာမှမဖြစ်ပျက်၊ အရက်စည်ကိုစောင်း၍ ငှဲ့သည်။ အချိန်ယူ၍ လုပ်ရသည်။ နောက်ဆုံးတော့ အမှန်တရားသည် ထွက်ပေါ်လာလေသည်။

အင်း . . . ထွက်ပေါ်လာသမျှမှာတော့ ဒါပါပဲ။

သူသည် ငိုလိုက်ချင်လှသည်။ သို့သော် ချွေးထွက်လွန်းလှသည်နှင့် ထင်ထားတာထက်ပင် တည်တည်ကြည်ကြည် ရှိနေသည်။ မူးဖို့ဆိုတာ



ဝေးရော။

ဝှစ်ကို အဝယ်လွှတ်မည်။ ဘတ်တလာ၏ထမင်းဆိုင်မှာ လေးမိုင်ခရီးရှိသည်။ ဝှစ်သွားတုန်း အလုပ်ရှိပြီးနေနိုင်သည်။

"စည်ထဲမယ်ခြောက်ကပ်နေပြီကွ၊ ဘတ်တလာဆီသွားပြီး ယူချေဦး" ဟုပြောကာ သူက အရက်စည်ကို ခြေနှင့်ကန်ပြသည်။

ဝှစ်ကလည်း သူသွားတုန်း သူတို့ အလကားအချိန်ဖြုန်းပစ်မည် ဆိုတာသိသည်။

"ဟော့ကောင် အရက်သွားယူတာနဲ့ သေမသွားပါဘူးကွ၊ အကြာကြီးမစောင့်နိုင်ဘူး ဝမ်းပူလှပြီ"

ဝှစ်သည် သူ့လက်နှင့် မီးသမျှ အမြင့်ဆုံးသစ်ကိုင်း၌ သူ့တံစဉ်ကို ချိတ်၏။

"ငါနဲ့မီတဲ့ နေရာမှာ ထားပါကွ၊ ငါ့တံစဉ်က ပွဲနေတယ်"

ဝှစ်သည် ဖြေးညှင်းစွာလှည့်လာပြီး သူ့အဖေမျက်နှာကို စေ့စေ့ကြည့်လေ၏။

"ကျုပ်တံစဉ်ကို ထိရဲထိကြည့်စမ်း၊ ထိတာနဲ့ ခင်ဗျားလည်ပင်းအပြတ်ပဲ"

ဝှစ်သည် အရက်စည်ကို ကုန်း၍ မ လေ၏။ အဘိုးကြီးက ဘာတစ်လုံးမှ ပြန်မပြောချေ။ တခြားလူနှစ်ယောက်လည်း မပြောကြ။ ဝှစ်သည် အရက်စည်ကိုလွဲ၍ ပခုံးပေါ်တင်ကာ ကွင်းပြင်ကိုဖြတ်၍ ထမင်းဆိုင်ဘက်သို့ လာခဲ့သည်။ သူသွားသည်နှင့်တစ်ပြိုင်နက် ကျန်ရစ်သူများလည်း အလုပ်နားကြလေ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

ကက်ပတိန်ဘတ်တလာသည် ထမင်းဆိုင်ဖွင့်၍ ကုန်သေးရောင်းသော အပျော်တမ်းအဖွဲ့ ကက်ပတိန်ဖြစ်၏။ ရာသီက သာလှသည်။ သူ့ကွင်းထဲ၌ မြက်ပင်များရိတ်ဖို့ရှိသည်။ သူ့အဖို့ မြက်ရိတ်ပေးမည့်သူ မရှိ။

သူ၌ နွားမ ၃ ကောင်ရှိရာ မြက်သိုမိုးထားဖို့လိုသည်။ မြင်းစီးခရီးသည်များလာလျှင်လည်း မြက်အသင့်ရှိရသည်။ စင်စစ်တော့ ခရီးသည်သိပ်မလာချေ။ ရမ်အရက်၊ စားသောက်ဖွယ်ရာများ၊ သေနတ်ကျည်ဆံ၊ ပေါင်ဒါမှုန့် သံချောင်းများစသည်ဖြင့် ရောင်းရန်ရှိသည်။ တည်းခိုသူကတော့ ရောက်ခဲလှသည်။ သူ့နေရာမှာ ခရီးဆုံရာလမ်းခွမဟုတ်တော့ သူ့ဆီရောက်ဖို့လာလျှင် နွားတစ်ရှဉ်း၏ သက်တမ်းတစ်နှစ်လောက် လျှော့သွားဖို့တောင် ရှိသည်။ ထမင်းဆိုင်အပြိုင်လည်းပေါ်လာသည်။ ထို့ကြောင့် ကိုယ့်ရွာသားတွေထံမှ ရသမျှညှစ်ရန် အကြံရှိတော့သည်။

ကွင်းပြင်ဆီမှ လူတစ်ယောက်လှုပ်လှုပ်မြင်သည်။ ဖျတ်လတ်သောသူ့မျက်လုံးကလေးများက တောအုပ်မှ ယခုထွက်လာသူသည် ဝုစ်ဟူ၍ ခွဲခြားနိုင်ပေ၏။ ရွာထဲရှိ လူမှန်သမျှ၏ ဟန်ပန်ကို ကျက်မိပေသည်။ ဝုစ်သည် အရက်စည်ဖြည့်ရန်လာသည်။

ကက်ပတိန့်သမီးလည်း နွားနို့ခွက်ပက်များကို နေပူလှမ်းရန် ယူထွက်လာကာ ကွင်းထဲသို့ မျှော်ကြည့်သည်။ တခဏအတွင်း သူ့လက်များသည် ဆံပင်ကို သပ်ရပ်လျက်ရှိသည်။ အင်္ကျီကိုလည်း ဖြန့်ရ၊ ဆန့်ရသည်။ ကွင်းပြင်ဆီကို ငေး၍ကြည့်ပြီး အိမ်အဖီထဲဝင်ပြေးသည်။

ကက်ပတိန်က ပါးစပ်အပေါင်းသားနှင့်ရှိကာ ခေါင်းခါမိ၏။ ပါးစပ်



ပိတ်ပြီး ပြုံးလိုက်ပြန်၏။ ဝုစ်ကိုတော့ ရေမြွေလောက်သဘောထားသည်။ ကိစ္စမရှိ။

သူသည် မုဆိုးဖိုဖြစ်လျှင်ဖြစ်ချင်း မယားဆိုသည်မှာ သမီးထက် အကုန်အကျများသည်တကားဟု တွေးမိကာ အိမ်ထောင်မဆက်တော့ချေ။ မယ်လစ်ဆာသည် အတတ်နိုင်ဆုံး အလုပ်လုပ်ခဲ့ရသည်။ မိန်းကလေးကလည်း အလုပ်အကိုင်ကောင်း၍ ဖအေကလည်းပိုက်ဆံစုမိသည်ဆိုလျှင် သမက်လုပ်လိုသူများ ပေါ်လာမည်မှာတော့ မလွဲသာချေ။

မယ်လစ်ဆာသည် အရက်မူးချင်းသတ်ပုတ်ပွဲ သီချင်းအော်ဆိုပွဲများကို တွေ့ဖူးလှပြီ။ ရမ်းကားသူများရင်ခွင်ကလည်း ရုန်းထွက်ခဲ့ရလှပြီ။ လင်ယူချင်စိတ်မရှိချေ။ ဝုစ်တစ်ယောက်ကတော့ တခြားလူတွေနှင့် မတူပေဘူး။

အဖေက ဒါကိုမြင်သော်လည်း ဝုစ်ကို အထင်သေးသည်။ သမီးကို ပိုင်သည်လည်းထင်သည်။

မယ်လစ်ဆာထွက်လာအောင် စစ်ကြောမေးမြန်းသည်မှာ. . .

"တစ်ချိန်လုံး ဘာလုပ်နေသလဲ"

"ဒိန်ချဉ်ခေါက်နေတယ်အဖေ"

"အဖီထဲမှာ နေတာမဟုတ်လား"

မယ်လစ်ဆာက သူ့အဖေ နေမကောင်းဘူးထင်သည်။

"အဖေ့ကိုကြည့်ရတာ တစ်မျိုးပါလား။ ဘာဖြစ်နေတာလဲ"

"မြက်ကိစ္စပေါ့ဟဲ့"

"မြက်တွေက ကောင်းကကောင်းပါဘိနဲ့"

"မရိတ်ရသေးသမျှ မကောင်းသေးဘူး"

"လူတွေခေါ်ရင်ရပါတယ်။ တစ်ပုံချည်းပဲ"

"တစ်ပုံပေးလို့ တစ်ကောင်တစ်မြီးတောင်မရဘူး"

"ဂျိုးကို ခေါ်ပါလားအဖေ"

"သူ့ကျေးဇူးတွေလည်း ငါ့မှာရှိသေးတယ်"

ထိုခဏ၌ ဝုစ်သည် တံခါးဝ၌ မလှုပ်မယှက်ရပ်ကာ သူ့မျက်လုံးများပြာဝေခြင်း ပျောက်သည်အထိနေသည်။

မယ်လစ်ဆာက သူ့ကို ချစ်စရာကောင်းပါဘိဟုထင်သည်။

အမှန်မှာ ဝုစ်သည် ကွင်းတစ်ဖက်က ချောင်းရေတွင် သုတ်သင်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကြောခဲ့သည်။ ဆံပင်ကိုလည်း အနောက်သို့လှန်၍ ချည်ထားသည်။ အဝတ်အစားက သူလိုက်ကိုယ်လိုပင်၊ အရက်စည်လက်ကိုင်ကွင်းထဲ လက်ချောင်းနှစ်ချောင်းထည့်၍ ချိတ်ကိုင်လာသည်။

"အပြည့် မထည့်တော့ဘူးလားကွာ" ဟု ကပ္ပတိန်က ရောင်းချင်ဖောနှင့်မေး၏။

ဝှစ်က ခေါင်းညိတ်လေ၏။

"မယ်လစ်ဆာ စည်ပိုင်းကြီးအောက်မှာချပြီး ထည့်ပေးလိုက်စမ်း" မယ်လစ်ဆာက ကတော့ခွက် စွပ်နေစဉ် ကပ္ပတိန်က ဝှစ်ကိုကြည့်သည်။

အရက်စည်ကို ဖြည့်ရင်း မက်လစ်ဆာသည် ခေါင်းလှည့်လာပြီး မော့ကြည့်လေ၏။ "မြက်ရိတ်နေသလား ဟင်..."

ဝှစ်က ပါးစပ်ဖွင့်ပြီးမှ ပြန်ပိတ်ကာ ခေါင်းညိတ်လေ၏။

ဝှစ်ဆိုတဲ့ကောင်က သာ ခွကျသေးတယ်ဟု ကပ္ပတိန်က မှတ်ချက်ချ၏။

"ငါ့ကွင်းထဲကမြက်လည်း ရိတ်ချင်ပါ့ကွာ" ဟုပြောလိုက်လေ၏။

"ရိတ်ဖို့တော်ပြီဗျ။ ကျွန်တော် ခုပဲ ဖြတ်လာသေးတယ်"

"မင်းကွင်းတော့ ပြီးတော့မယ်ထင်ပါရဲ့"

"စ ရိတ်ရုံကလေးရှိပါသေးတယ်ဗျ"

"သိပ်ကြာရင်မကောင်းဘူးလေ၊ မင်း မြက်ရိတ် တယ်တော်ဆိုပါကလားဟေ့ ..."

"ကျွန်တော့်တံစဉ်က ကောင်းလို့ပါ"

"ပန်းပဲသမားအဟောင်းက သိပ်တော်တာရှင့်"

"နှင့်ဟာနှင် အရက်ဖြည့်နေစမ်းပါ၊ ဟေ့... ဝှစ် မင်းကွင်းကို ဘယ်သူနဲ့ ရိတ်နေသလဲ"

"နောက်သုံးယောက်ကယ်။ ဦးလေးရဲ့နွားတွေရယ်"

မယ်လစ်ဆာသည် အရက်စည်ကိုလှိမ့်၍ ကြည့်သည်။ "သိပ်လေးမှာပဲ" ဟုပြောသည်။

"နိုင်ပါတယ်" ဟု ဝှစ်က သည်တစ်ခါ လွယ်လွယ်နှင့်ပြောနိုင်၏။

"ဘယ်သူမှတော့ သယ်ချင်မှာ မဟုတ်ဘူးရှင့်"

"သိပ်မဝေးလှပါဘူး"



"၄ မိုင်ပါပဲ"

ကပ္ပတိန်က အရက်စည်ပြည့်လောက်ပြီထင်သည်။ "ဝှစ် တစ်နေ့လောက်လာပြီး ငါ့ကွင်းမှာ ရိတ်ပေးပါလားကွာ"

"ကျွန်မက ရိတ်ပြီးသားတွေ ကူပြီးစုပေးမယ်"

ကပ္ပတိန်က ဘဝင်မြင့်သွားလေ၏။ သူ မျှော်လင့်ထားသလို ဖြစ်လာရသည်။ မြက်တွေရိတ်ပြီးသားပမာပင် စိတ်ချသွားသည်။

သို့သော် ကြက်ဥမပေါက်ခင် ကြက်ကောင်ကလေးများ လှတွက်လာတာလို သူ့ စိတ်အချ နည်းနည်းစောသွားသည်။

ငါနဲ့မယ်လစ်ဆာနဲ့ နှစ်ယောက်တည်းလားကွယ်ဟု ဝှစ်တွေးမိ၏။ ကွင်းထဲမှာ ဘယ်သူမှလည်း မရှိဘဲနဲ့ ဟုတ်လား။ လိုချင်တာထက်ပို၍ ရနေသဖြင့် ခြေတစ်လှမ်းဆုတ်ပါသည်။

"ကျွန်တော့်ကွင်းကို ကျွန်တော် ပြီးအောင်လုပ်ရဦးမှာဗျ"

မယ်လစ်ဆာက အရက်စည်၏ သရောက်ပေါက်ကို ဆောင့်၍ပိတ်သည်။ "လုပ်လေ ကျွန်မတို့ဘာသာ လူတစ်ယောက်ရှာယူမှာပေါ့"

ဝှစ်က ဘာမှမပြောတတ်၊ မျက်နှာသာ နီရဲနေသည်။ ထိုခဏတွင် ဂျိုးဝင်လာသည်။

"မြက်ရိတ်ဖို့ကိစ္စ ပြောနေတာ" ဟု ကပ္ပတိန်က ပြောပြ၏။

မယ်လစ်ဆာစိတ်တိုအောင် ဘယ်လိုများလုပ်နိုင်ပါလိမ့်ဟု ဝှစ်ကို ဂျိုးအံ့သြ၏။ မနာလိုစိတ်ဝင်လာသည်။

"မင်းကွင်းက ရိတ်ပြီးသွားပလား" ဟု ကပ္ပတိန်ကမေးသည်။

"ကျုပ်မြက်တွေလား၊ မနက်ကပဲပြီးသွားပါပြီ"

"တော်သဗျို့၊ အရက်သောက်ပါဦးလား"

"အလကားတိုက်မှာလား" ဟု မယုံနိုင်ဘဲမေးလေ၏။

"အလကားပေါ့၊ ရွာထဲမှာ အရင်ဆုံး ပြီးတဲ့လူကိုးဗျ။ ကောင်မကလေး အရက်ထည့်စမ်း"

မယ်လစ်ဆာသည် မြေပုလင်းတစ်ပုလင်းကိုဖွင့်သည်။ ဂျိုးကိုပြုံးပြသေးသည်။ ဝှစ်က မမြင်ချေ။ အရက်စည်ကို လုံအောင်ပိတ်ဆို့နေသည်။

"ဂျိုး မင်းကွင်းလည်းရိတ်ပြီးမှပဲ၊ ငါ့ကွင်းကိုလုပ်ပါဦးကွာ။ ဒီတစ်နေ့တော့ မင်းလုပ်ရင် အဲဒီပုလင်းထဲ ကျန်တဲ့အရက်ကို ကုန်အောင်သောက်

www.burmeseclassic.com

www.burmeseclassic.com



ကွာ''

''ရိတ်ပြီးသားကို ကူပြီးကျွန်မ စုမယ်လို့ပြောထားတယ်'' ဟု မယ်လစ်ဆာက အေးစက်စက်ဆိုသည်။

ဂျိုး၏မျက်လုံးများက တစ်မျက်နှာပြီးတစ်မျက်နှာကြည့်၏။ ဝှစ်ကို နောက်ဆုံးကြည့်သည်။ သူငယ်က ရပ်ပြီးစောင့်နေဟန်ရှိသည်။

''လုပ်မပေး''ဟု ကပ္ပတိန်ဘက် လှည့်လာပြီးပြောလိုက်၏။ အရက်ပုလင်းကိုလှမ်းရင်း ''တစ်ကျိုက်လောက်''ဟုပြောလေ၏။

ဝှစ်က ရှေ့တိုးလာပြီး ''ကွင်း့က သိပ်ကျယ်တာ၊ လူနှစ်ယောက်တော့ လိုလိမ့်မယ်''

ဂျိုးက ကျယ်လောင်စွာရယ်လေ၏။ ''နောက်ကျသွားပြီငါ့လူ. . . ဒီမှာ'' အရက်ပုလင်းကို ကမ်းလိုက်၏။ ''ဘရမ်ဒီသောက်ပါဦးကွ၊ ပြီးတော့ အိမ်ပြန်တာပေါ့''

''ခင်ဗျားပဲသောက်ပါ၊ ခင်ဗျားမသောက်လို့ ဘယ်ဖြစ်မလဲ''

''ဒါပေါ့ကွ နေဦး'' ဟု မယ်လစ်ဆာဘက် လှည့်မေးသော်လည်း အဖြေမရချေ။

ဂျိုးက ဖန်ခွက်ကို အကုန်မော့ပြီး လောင်း၍ချသည်။ ''ပြန်လေကွာ မင်း မြက်ရိတ်ကောင်းတာတော့ လူတကာပြောနေတာပဲ''

''ကျွန်တော်မြက်ရိတ်တတ်ပါတယ်''

''မင်းတံစဉ်ဟာကောကွ၊ အောင်မယ် မင်းက အရက်လာယူတာ ကိုး၊ မြက်ရိတ်တော်ပေတာမို့ ထင်ပါရဲ့''

မယ်လစ်ဆာက စားပွဲရှည်တစ်ဖက်စွန်းမှာ တက်ထိုင်ပြီး ''ဝှစ်က မြက်ရိတ်သိပ်ကောင်းတာရှင်ရဲ့'' ဟုဆိုသည်။

''ကျုပ်တံစဉ်ကကောင်းတာပါ''ဟု ဝသီအတိုင်းပြောသည်။

ဂျိုးက ဝှစ်၏တံစဉ်ကို ဆဲရေးတိုင်းထွာသည်။ သူ့စားကိုထုတ်ကာ ဝှစ်မျက်နှာနား ကပ်ပြသည်။

ဝှစ်က မရွေ့ဘဲရပ်၏။ ကြောက်သွားသော်လည်း ငြိမ်ဆိမ်စွာရပ်၏။ မယ်လစ်ဆာထံမှ ဘာသံမှမကြားရ။

ဂျိုး၏လက်များ တုန်နေသည်၊ အသံလည်းတုန်တုန်နှင့် ''မင်းတံစဉ်နဲ့ ရိတ်သလောက်တော့ ဟောဒီဓားကလေးနဲ့ ငါရိတ်ပြမယ်။ လာလေ



ဂျိုးဆိုတဲ့အကောင် ဘယ်လောက်မြက်ရိတ်နိုင်တယ်ဆိုတာ ပြမယ်ကွ''

''အကောင်းသားပဲ'' ဟု ဝှစ်က သဘောတူ၏။

''ဖော်ဆွဲတဲ့အကောင်ကို မယ်လစ်ဆာက မြက် စုပေးကြေး ဟုတ်ပြီလား''

ဝှစ်က အဖြေမပေးချေ။

တိတ်ဆိတ်ခြင်းကို မိန်းကလေး၏အသံက တိုးဝင်လာ၏။ အသံမှာ တိုး၍ငြိမ်လေ၏။

''အကောင်းသားပဲ''

• • •

www.burmeseclassic.com

www.burmeseclassic.com

သတင်းဆိုသည်မှာ ပျံ့လည်းပျံ့လွယ်၍ ပျံ့သော်လည်း လျော့ပါး မသွားချေ။

မစ္စတာ ဂိုဝင်ကြားရသည်မှာ ဝုစ်သည် မြက်လှိုင်းပုံတစ်ပုံတွင် ဂျိုး နှင့် သူငယ်မလေးကိုမိကာ ဂျိုး၏တံစဉ်နှင့်ဂျိုးကို ပြန်၍ရန်မူသည်။ မယုံ သော်လည်း သွားတွေ့ဦးမှဟု သဘောရ၏။

တချို့ကမူ ထမင်းဆိုင်ပင်လျှင် မီးလောင်နေပြီဟု သိရသည်။

လူနှစ်ယောက် မြက်ရိတ်ပြိုင်မည်မှာ မီးလောင်သလို၊ လူသတ်မှု ဖြစ်သလို မဟုတ်သော်လည်း လူတို့သည် မြက်ရိတ်ရာသီတွင် မောလွန်း ၍ ခဏနားချင်ကြသည်။ မြက်ရိတ်ပြိုင်ပွဲကို ကြည့်ရမည်လေ။ ထို့ကြောင့် ပေါ်ကြော့နေသည့် လူ့အထက်တန်းစားပမာ သောက်ကာ၊ စားကာနေလိုက် ကြသည်။ ပိုက်ဆံကြေးများပင် လောင်းထားကြသည်။ ဝုစ်သည် မြက်ရိတ် ဘယ်လို တွင်သော်လည်း အရက်စည်ကို အိမ်အပြန်ထမ်းသွားရလေရာ အတော်အားပျော့နေမည် မှတ်လား။

မစ္စတာဂိုဝင်ကြီးကမူ ပရိသတ်ထဲမှထွက်လာကာ တရားသဖြင့်ဖြစ် အောင် ခေါင်းရှုပ်ခံ၍တွေး၏။ မတော်တရားဖြစ်သွားလျှင် သတ်ပွဲနှင့်ဆုံး မည်ဖြစ်၏။ နောက်ဆုံးအကြံရ၏။ သူတို့သည် ကွင်းကိုအလျားရိတ်၍၊ တစ်ယောက်အကန့်နှင့် တစ်ယောက်အကန့် အဆုံးမှာဖြတ်ကျော်၍ တစ်ဖက် ကို ရိတ်သွားရမည်။

သို့လျှင် ကွင်း လူစုမိသည်။ လူတို့က အော်ကြ၊ ဟစ်ကြသည်။ လူများ တသီတတန်းကြီးစီလျက်ရှိ၏။ သူငယ်များက ရှေ့ဆုံးကရောက်နေ၏။



ဂျိုးနှင့်ဘက်တော်သားများက ရမ်အရက် ဂါလန် သုံးဆယ်နှင့်လိုက်သည်။ တက်ပတိန်ကမူ အရက်စည်ကို စိုးရိမ်တကြီးကြည့်ကာပါ၏။ ထို့နောက် လူများ၊ နောက်ဆုံး ဝုစ်နှင့် အနောက်က မစ္စတာ ဂိုဝင်ပါလာ၏။ သူသည် ကွင်းထဲမှ လိုက်လာသည်ဖြစ်သော်လည်း လူကြီးနေရာကနေသည်။

မယ်လစ်ဆာက ထမင်းဆိုင်မှာနေရစ်၏။

ဂိုဝင်ကြီးက တိတ်စေ အော်ပြီးနောက် တိတ်သလိုလိုရှိသည့်အခါ ပြောပြသည်။ တချို့တလေက နားလည်ပုံရသည်။

'ဂျိုးကစပြီး ရိတ်လိမ့်မယ်'

ဘယ်သူမှ အငြင်းမပွါး။

''မြန်ရုံနဲ့မပြီးဘူးနော်၊ စင်အောင်ရိပ်ရမယ်။ ကျုပ်ကကြည့်ပြီး ဆုံးဖြတ်မယ်။ ဂျိုး . . . မင်း တံစဉ် ထက်ရဲ့လား''

''ထက်လှပါသဗျား၊ ကြွက်တောင် အရေခွာနိုင်သေးရဲ့''

'ဝုစ် ကော'

ခေါင်းညိတ်ပြ၏။

'ကဲ...ဂျိုး ဟောဒီနေရာက စပေတော့၊ ဒီအစွန်းတစ်လျှောက်လုံး စင်အောင်ရိတ်သွား၊ တောင်ဘက်စွန်းအထိ နားလည်ပလား'

'လည်ပါ့ ဗျာ'

'ပြီးတော့ ဟောဟိုဘက်ကူးပြီး လာလမ်းအတိုင်း ပြန်ရိတ်ခဲ့၊ ဒီနေရာ အရောက် ကွင်းကို ပတ်ပြီးရိတ်ပေါ့၊ ဒါပေမယ့် အစွန်းကိုကပ်ရမယ်။ ဟုတ်ပြီလား'

'နားလည်ပါတယ်ဗျ'

'ဟုတ်ပြီ'

ဂျိုးသည် မျက်စိများမှေးကာ မျက်နှာထားကြီးစွာနှင့် ညာဘက်ကို ကုန်းပြီး၊ လက်ကို လွှဲ၍ဆွဲပြီး ရိတ်လေ၏။ မြက်များ အပြောင်အစင် ရိတ်မိသည်။

လူတွေကြည့်နေဆဲပင် ဂျိုးသည် တအားလွှဲ၍ရိတ်ပြန်၏။ သူ့ အဆက်အပေါက်နှင့် မြက်ရိတ်ရသည်မှာ အံကျပင်၊ ခြေတံတိုဖြင့် ခြေကြီး နှင့်ကပ်ပြီး ရိတ်လို့ရသည်။ ကြီးမားတုတ်ခိုင်သော လက်မောင်းကြီး များလည်းရှိ၏။ တစ်ခါလွှဲပြီး ရိတ်လိုက်လျှင် လူတကာ ရိတ်တာထက်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဝက်လောက် ပို၍ရိုက်မိသည်။

ငါးချက်မျှရိုက်မိသော် ''ဝှစ်'' ဟု ဂိုဝင်ကြီးက အော်လေသည်။

ဝှစ်လည်း စ၍ ရိုက်၏၊ ဂျိုး၏ ရိုက်ပြီးသော အကန့်က ကျယ်လှသည်နှင့် သူပင် ဘယ်ဘက်တိုးလိုက်ရသေး၏။ ဂျိုး၏ လက်ဆကိုမီအောင် လိုက်၍ ကျယ်ကျယ်ရိုက်သော် ဝှစ်သည် ရိုက်ရခက်နေရာ ဂျိုးက သူ့ထက်ပင် တံစဉ်ဆယ်ချက်လောက် ရှေ့ရောက်၍ နေသည်။

ဂိုဝင်ကြီးက ဖြစ်ပုံကိုနားလည်၏။ ဝှစ်သည် သူနိုင်သည်ထက်ကျယ်သော လက်ဆကိုလိုက်၍လုပ်သည်နှင့် ချိန်သားမကျဖြစ်သည်။ ကြည့်ရတာကိုပင် အရုပ်ဆိုးနေ၏။ ဂျိုးမှုကား အတော်ပင် ရှေ့သို့ရောက်နှင့်နေပြီ။ ကွင်း၏တစ်ဖက်စွန်းကို ခပ်အေးအေးပင်ဖြတ်သွားပြီး ပြန်ရိုက်ခဲ့ပြန်သည်။

သို့လျှင် ကြည့်နေသော ပရိသတ်နှင့် နီးလာသည့်အခါ ဂျိုးသည် အားပေးချီးမြှောက်၍ အော်သံများကို ရွာသို့ ရောက်ကတည်းက ပထမဆုံးအကြိမ် ကြားရရှာလေသည်။ သွားဖြီးကလေးနှင့် ပျော်၍လာသည်။ သူက တံစဉ်သွားထက်အောင် ခတ်လိုက်သေး၏။ အရက်မော့လိုက်သေး၏။ ပြီးမှ ''ဝှစ်ရေ မြက်ရိုက်လေကွာ''ဟုအော်သေး၏။

လူတို့ ဝိုင်းရယ်ကြသည်။

ဝှစ်ကတော့ မယ်လစ်ဆာအကြောင်းကို ကြိုးစား၍မေ့ထား၏။ သို့သော် မရချေ။ ဂျိုးကမူ အတော်အရေးသာနေသဖြင့်တစ်ကြောင်း၊ နံဘေးအောင့်တတ်သည့်အတွက်ကြောင့်တစ်ကြောင်း ပေါ့သွား၏။ ထို့ပြင် အတွေးကျူးနေသေး၏။ အားပေးချီးမြှောက်သံများကို ကြားရသည်နှင့် သွေးမြောက်နေလေ၏။ ဂျိုးသည် ဝမ်းသာအားရနှင့် ရိုက်သွားလေသည်။ ခုမှ ကွင်းတစ်ဝက်မျှ ပြီးသေးသည်။

ဝှစ်ကတော့ ကြာကြာခံနိုင်တော့မည်မဟုတ်ဟု ထင်ကြေးပေးကြ၏။ လူတစ်ယောက်ကမူ ''နှစ်လေး တစ်လေးတောင် လောင်းရဲပါသကွာ၊ နောက်ငါးမြှောင်းမကုန်ခင် ဝှစ်ဆိုတဲ့အကောင် မှောက်လျားထိုး လဲနေတော့မှာပါ'' ဟုပြော၏။

ဂိုဝင်ကြီးကတော့ မိုးတိုးမတ်တတ်နှင့် စောင့်ကြည့်နေရာက ဝှစ်၏အကန့်က ပို၍ကျယ်နေသည် ဆိုတာကိုမြင်သည်။ တိုင်းကြည့်ပြန်တော့



တစ်ပေလောက်ကို ပို၍ကျယ်နေသည်။ ထို့ကြောင့် ဝှစ်ကို ကြိတ်၍ပြောပြထားမည်။ တရားမှန်ကန်သည်။ အကြောင်းကား ပို၍လုပ်နိုင်သူတစ်ယောက်ကို ကျွန်တစ်ယောက်က မီအောင်လုပ်ရမည်ဖြစ်သောကြောင့်ပေတည်း။ ဝှစ်အနားကပ်ပြီး ''မင်းရဲ့အကန့်က သိပ်ကျယ်နေတာကွ''ဟု ပြောလိုက်၏။ သူငယ်က မကြားချေ။ ဝှစ်၏ပခုံးများကို ဆုပ်ကိုင်ပြီး ရပ်ခိုင်းရ၏။ သူငယ်သည် အနည်းငယ်ယိမ်းထိုးနေရာ ဂိုဝင်ကြီးက ဖေးထားရလေသည်။

''ဝှစ်ရေ ဂိုဝင်လေကွာ၊ မင်းရိုက်တာ သိပ်ကျယ်နေတယ်။ ပြီးတော့ဟိုဘက်စွန်းရောက်သွားရင် ချောင်းရေထဲ မင်းခေါင်း နှစ်လိုက်ဦး''

ဝှစ်က ဗလုံးဗထွေး ပြန်ဖြေသေး၏။

''အေး. . . အေး'' ဟု သူ့ကို လွှတ်ပေးလိုက်ရလေသည်။

မယ်လစ်ဆာသည် ထမင်းဆိုင်မှာ ကြိုးစား၍ကျန်ရစ်လေသည်။ ပြတင်းမှကြည့်လျှင် သူတို့ မရိုက်ရသေးသော ကွင်း၏ဗဟိုကိုမြင်ရသည်။ ဘာဖြစ်နေပြီလဲဆိုတာကိုလည်းမသိရ။ ဖြုန်းခနဲ အိမ်နောက်ဖေးပေါက်မှ ထွက်လာပြီး ကွင်းဆီသို့ ဆင်းပြေးလာ၏။

ထိုအခါ ဝှစ်သည် တံစဉ်ကိုချ၍ တောအုပ်ကိုဝင်ကာ ချောင်းစပ်သို့ ရောက်လာသည်။ ဝမ်းလျားထိုး လှဲချပြီး ခွာနား၊ လျှာနားထသည့် မြင်းတစ်ကောင် ပမာ ရေထဲသို့ ခေါင်းကို ဒရောသောပါးကြီး ထိုးထည့်လေသည်။ ပခုံးထိအောင် လက်နှစ်ဖက်လုံး ရေထဲနှစ်လေ၏။ အေးစိမ့်၍သွား၏။ ရေကိုသောက်လည်း သောက်သည်။ ဒူးထောက်၍ထသော် လူသစ်ပမာ ဖြစ်လာသည်။ မော့ကြည့်မိလျှင် မူးကာ အားဆုတ်သွား၏။ မယ်လစ်ဆာသည် မိုးပေါ်က ကျလာသလို ရှေ့တွင်ရပ်လျက်နေလေ၏။

''ရိုက်ပြီးသွားပြီလား''ဟု မိန်းကလေးကမေးသည်။

သည်တော့မှ အားတွေပြန်ဝင်လာ၏။ ပခုံးကိုမတ်ပြီး ''စ တောင်မစ ရသေးဘူး'' ဟုဖြေသည်။

''ဒါဖြင့် စ ပါတော့လား၊ ချောင်းထဲလာပြီး ကစားနေမယ့်အစား''

''ကောင်းပါပြီခင်ဗျာ'' ဟုပြောကာ ပထမဆုံးအကြိမ် ပြုံး၍ပြလိုက်မိလေသည်။

ဝှစ်သည် ကွင်းထဲပြန်လာကာ မြက်ရိုက်စပြုရ၏။ ဂျိုးကတော့

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ဖက်စွန်းပင် ရောက်လုပြီ၊ ဝှစ်သည် ဂိုဝင်ကြီးပြောတာမှန်ကြောင်း သိရ၏။ ကောင်းသည်။ မြက်ပင်များကို အရှိန်နှင့်လွှဲ၍ ရိတ်ဖြတ် ချလေသည်။ ခုမှပဲ မြက်ရိတ်တာနှင့်တူသည်။ တေးကလေးများပင် ညည်းကာ တံစဉ်ချက်နှင့် စည်းကျအောင်ရိတ်၏။ မယ်လစ်ဆာကများ ကြည့်နေဦးမည် ထင်သည်။ ကြည့်ပစေ။ မြက်ရိတ်တယ်ဆိုတာ ဒါပဲဟေ့ဟု ပြလိုက်မည်။ သူ့မှာ တံစဉ်ကောင်းရုံမက လက်ကလည်း ကောင်းသည်။

ဂျိုးနှင့်ဝှစ်တို့ ဆုံကြသော် ဂျိုးက မေးသည်မှာ...

"ဟေ့... ဝှစ် မင်း ဘယ်သွားပြီး အိပ်နေတာတုန်း"

"အိပ်မက်တောင် မက်သေးဗျာ၊ ဂျိုး ခင်ဗျားကြည့်ရတာ မသက်သာ လိုက်တာ၊ တံစဉ်က သိပ်လေးသလား"

"အောင်မာ မွှေပြုရမလား"

"ခင်ဗျားရိတ်တာ သိပ်နှေးသွားပြီ၊ ကျုပ်တောင် မီလာပြီကော"

ကွင်းတစ်ဖက်ရောက်သော် ဝှစ်သည် တံစဉ်ကိုမြည်လာအောင် ခတ်လေ၏။ သူ့အတော်ပြီးနေပြီဆိုတာ လူတိုင်းမြင်သာသည်။ ဂျိုးကတော့ စကားမပြောတော့ချေ။

"ဂျိုးရေ ... ခပ်သုတ်သုတ်ကလေးလုပ်ဦး။ ကျုပ်က တက်လာပြီ"

ဝှစ်က သိသည်မှာ အကန့်ကျယ်သည်၊ ကျဉ်းသည်ကို ဂရုမစိုက်ဘဲ ယခုအရှိန်အတိုင်းသာ သွားလျှင် ဂျိုးကို မီမည်ဆိုတာပင် ဖြစ်၏။ ဂျိုးရှိရာကို ကြည့်လိုက်လျှင် ဖဲကြိုးနီကလေး ငုံးတိုးပေါက်တောက် လှုပ်နေသည်ကို မဝေးလှသောနေရာမှာ တွေ့ရ၏။ ဖဲပွင့်နီသည် နီးလာသည်နှင့်အမျှ ကြီး၍ လာလေ၏။

"အောင်မယ် မီရုံမက ကျော်တောင်သွားမှာပါကလား။ ဟုတ်ပြီ"

ထိုနောက် ဂျိုးကိုကျော်ပြီး ရိတ်ခဲ့လေ၏။

ညာသံပေးလိုက်ရာ ဂျိုးလည်း ကြားရသည်ဖြစ်၏။ လူတွေအံ့လာ၏။ ဂျိုးကမူ သည့်ထက်မြန်မြန် မရိတ်တတ်တော့။ "ဟေ့... ပေါ်တူဂီကောင် နာနာရိတ်ပါကွ" ဟု ဆဲကြ၊ ရေးကြသံကို ကြားရ၏။ လူတို့သည် လောင်းထားသောငွေကို မဆုံးလိုကြချေ။

ဝှစ်သည် သူ့ကို ကျော်သွားသည်ကို သိရလေ၏။ ဝှစ်၏ နှစ်လှမ်းတစ်ခါ ရပ်၍ ရှေ့တိုးသွားသော ခြေထောက်များကို မြင်ရ၏။ ဘောင်းဘီ



အောက်နားက ခြေသလုံးကြွက်သားစိုင်များ လှုပ်လှုပ်နှင့်နေသည်ကို မြင်ရ၏။

"ဂျိုးရ ... မင်းနည်းနည်းမှ သောက်သုံးကျတဲ့ကောင် မဟုတ်ဘူး" ဟု လူတစ်ယောက်က အော်လေ၏။

ဂျိုးသည် နှင့်ခနဲဖြစ်ကာ မြင်နေရသော ခြေထောက်များဆီ လှမ်းပြီး ၄ လှမ်းမျှ အသွားမိမှာ တံစဉ်နှင့် ခုတ်လိုက်၏။

ဂိုဝင်ကြီးသည် နောက်တည့်တည့်တွင်ရောက်နေရာ ဖြုန်းခနဲခုန်၍ ဂျိုး၏လက်ကို ပုတ်လိုက်၏။ ထိုကြောင့် တံစဉ်အဖျားသာ အပေါ်မြောက်သွားပြီး ဝှစ်၏ခြေထောက်မှ သားရေပတ်ကို ဖောက်ကာ အသားကိုထိသော်လည်း နက်နက်မစိုက်မိချေ။

အင်ဆိုင်းကလည်း ဂိုဝင်ကြီးနှင့် ကပ်လျက်ရှိသည်မို့ သုံးယောက်သားလုံးထွေး၍လဲသည်။ ဂိုဝင်ကြီးက အရင်ဆုံးလူးလဲ၍ထ၏။ အင်ဆိုင်းက လိုက်၍ထသည်။ ဂျိုးက ထနိုင်လျှင်ပင် ထနိုင်ခြင်း သူ့မေးမြောင်ကိုစမ်း၏။ အင်ဆိုင်းက ဂျိုးကို ထိုးချလိုက်ရာ ဂျိုးသည် မှုးတူးဝေတေနှင့် တစ်ပတ်လည်ကာ ဖြည်းဖြည်းချင်း လဲလေ၏။ အင်ဆိုင်းက တက်ပြီးခွသေးသော်လည်း မထနိုင်တော့ချေ။

ပရိသတ်လည်း ထိုပွဲကို ကြည့်နေရသည်နှင့် ဝှစ်ကိုပင် မေ့နေကြလေသည်။ သတိရ၍ ကြည့်လိုက်သော် ဝှစ်သည် မြက်ရိတ်၍ ကောင်းတုန်းရှိသေး၏။ ခြေထောက်မှသွေးများ စီးကျလျက်က သူ့အကန့်ကို ပြီးအောင် ရိတ်နေဆဲပင်။ ဘာဆိုလို့ဘာမှ သိပုံမရ။

ထိုနောက် ဝှစ်၏ အကန့်အပြီးသတ်မည့်နေရာတွင် မိန်းကလေးရပ်နေသည်ကို တွေ့ကြရသည်။ မလှုပ်မယှက်ရပ်ပြီး စောင့်နေရှာသည်။ သည်နေရာကို ဝှစ်ရောက်လာမှာပဲဟု စောင့်သည်။

ဘယ်သူမှ စကားမပြောကြ။

ဝှစ်သည် နောက်ဆုံးတစ်ချက် ကျန်သည်ကို ပြီးအောင်လွှဲ၍ ရိတ်ပြီး တံစဉ်ကိုမြေပေါ်ထောက်၍ တံစဉ်ရိုးကို လက်နှစ်ဖက်နှင့် ဆုတ်ကာမှီသည်။ ခေါင်းကြီးငိုက်ကျကာ ခြေထောက်များ မနိုင်တော့ဘဲ ထွက်သက်ဝင်သက်နှင့်အမျှ ယိမ်းထိုးသည်။

မိန်းကလေးကလည်း မလှုပ်ရှားချေ။

ထိုနောက် ဝှစ်သည် မော့ကြည့်လိုက်ပြီး တုန့်ပြုပ်ခြင်းမပြလေရာ

www.burmeseclassic.com

www.burmeseclassic.com



နဂိုက သည်းနှင့်ပုံရလေ၏။ သို့မဟုတ် မျှော်လင့်ထားပုံရလေ၏။ မိန်းကလေးကလည်း မတုန်လှုပ်သွား။ သူသည် ဝှစ်ကို အမောပြေစကား ညင်သာပြောရန် စောင့်နေခြင်းဖြစ်လေ၏။ လေတစ်သုတ်မှာ ဆံပင်များ ဖွာရာကျဲသွားလေ၏။

အင်ဆိုင်းသည် သူတို့ကိုကြည့်နေရာက ကျိုး လွန့်လာသည်ကို တွေ့ရသဖြင့် တစ်ချက်ကန်လိုက်လေသည်။

ဝှစ်က ပြောသည်။ ''မနက်ဖန်တော့ မြက်သိမ်းနိုင်မှာပါပဲ'

''ဟုတ်ပါတယ် ဝှစ်'' ဟု မယ်လစ်ဆာက ဝှစ် ကြားသာရုံကလေး ဖြေလေ၏။

ဝှစ်သည် တံစဉ်ကို ပခုံးပေါ်ထမ်းပြီး ပြန်ရမည့်လမ်းကို လှည့်ကြည့်၏။ မြင်၏။ အိမ်သို့ပြန်လေ၏။ ကွင်းပြင်စွန်းသို့ရောက်ကာ တောအုပ်ထဲဝင်ပြီး ပျောက်ကွယ်သွားလေ၏။ သူလာခဲ့သော လာလမ်းအတိုင်းပင် ဘယ်သူကမှ စကားမပြောလိုက်ရ၊ လှမ်းပြီးလည်း မခေါ်လိုက်ရ။

မိန်းကလေးကို လှည့်ကြည့်ပြန်သော် မရှိတော့ချေ။

ပရိသတ်ကလည်း ဘာပဲဖြစ်ဖြစ် ဝိုင်းစု၍ ပြောစရာစကားတစ်ခုရပြီးဖြစ်၍ ကျေနပ်ကာပြန်ကြသည်။ မနက်ဖန်ကျလျှင် ရာသီဥတု သာယာပါစေ၊ သူတို့တစ်နေ့လုံး ကွင်းထဲဆင်းကြဦးမည်ဖြစ်လေ၏။

ဝှစ်သည် အိမ်ပြန်လမ်း၌ မြင်းကျောကုန်းနှင့်တူသော တောင်ကုန်းပေါ်ရောက်အောင် အားစိုက်၍တက်ရသည်။ ရောက်သည့်အခါ မူးဝေပြီးနေသဖြင့် ထင်းရှူးရွက်များကို လက်နှင့်ယက်ဖယ်ပစ်ပြီး လှဲချအိပ်ပျော်သည်။ ခြေထောက်မှ ဒဏ်ရာရသည်ကိုလည်း သိရသည်။ ဘယ်လိုရခဲ့သည်ကိုတော့ မတွေးအား။ နိုးလာသော် နေဝင်လုပြီဆိုတာ သိရ၏။ ရေတတ်လုရာ မြင်းကျောကုန်းတစ်ဖက်၌ ချောင်းရှိသည်ကို သတိရလေသည်။ မြင်းကျောကုန်းမှ လျှောချလာပြီး ရေစပ်သို့ရောက်၏။ ရေကို အားရပါးရသောက်ပြီး ခြေရော၊ လက်ရော ရေဆွတ်သည်။ ခေါင်းကိုလည်း ရေနှင့် တောက်သည်။ နေလို့ကောင်းသွားပြီဟု ဒဏ်ရာမှသွေးများကို ဆေးရင်း တွေး၏။ ဘယ်လိုနည်းနှင့် ဒဏ်ရာရခဲ့သည်လည်းမသိ၊ သားရေခြေပတ်မှာလည်း ဟက်တက်ကွဲသည့်အရာကိုတွေ့ရာ အသွားမြည့်မြည့်နှင့် ထိခြင်းဖြစ်ရမည်။ ကိုယ့်တံစဉ်ပေါ် ကိုယ်တက်ထိုင်မိလားလည်းမဆိုနိုင်၊ ရယ်စရာ



ကောင်းလိုက်တာ၊ သို့သော် မနက်ဖြန် မယ်လစ်ဆာနှင့်တွေ့ရန် အသွားဝတ်ရအောင် အမိပြန်ချုပ်မှဖြစ်မည်။

အိမ်ပြန်ရောက်သော် ဘယ်သူမှမရှိ။ ပေါင်မုန့်နှင့် ဒိန်ခဲကိုစားပြီး ပန်းသီး သကာရည် အဝသောက်၏။ မီးပုံ၏ အကြွင်းအကျန်ကလေး ရှေ့တွင် ဝံပုလွေရေကို ခင်းပြီး ဒရောသောပါးအိပ်လေ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

နီးလာသော် မိုးလင်းနေပြီ။ မီးဖိုပြီး မနက်စာကို ပေါပေါများများ ပြင်၏။ ယောက်ျားနှင့်သေနတ် အတူတူပင်ဖြစ်သည်။ ယမ်းစာအပြည့်ထိုးမှ အသုံးချလို့ရသည်။

ထိုနောက် သူ့သားရေခြေပတ်ကို သွေးများဆေးပစ်ပြီး အကျချုပ်သည်။ ဖုံကိုသုတ်ပြီးတော့ အတော်ပင် အသစ်နှင့်တူလာပါပကော၊ ကျေနပ်သွား၏။

ညနေစာ ယူသွားဖို့ ပြင်ပြန်၏။ မယ်လစ်ဆာလည်း ယူလာလျှင် ကောင်းမည်။ သူ့ဒူးများ တုန်ချင်လာပြန်လေသည်။

ဝှစ်သည် ယနေ့အဖို့ သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်အောင် ပြင်ဆင်လေသည်။

ချောင်းရိုးကလေးတစ်ရိုးကို တွေ့လျှင်တွေ့ချင်းပင် ဝတ်ထားသောရုပ်အင်္ကျီကို ချွတ်ပြီး မနေ့ကချွေးများကို လျှော်ထုတ်သည်။ ရေနာနာညှစ်ပြီး ပြန်ဝတ်သည်။ ဝတ်ရင်း ခြောက်သွားလိမ့်မည်။

မယ်လစ်ဆာအကြောင်းကို တွေးလာ၏။ မယ်လစ်ဆာနှင့် တစ်နေ့လုံး နေခွင့်ရပါ့မလားဟုပူ၏။ သူကလေးသာ မြက်အထုံးမတတ်လျှင် ကိုယ်က ပြပေးရင်းနေနိုင်၏။ မယ်လစ်ဆာဖို့ ကြက်မကြီး၏ ပေါက်စသားကလေး တစ်ကောင်လောက် ယူသွားမည်ကြံ၏။ သို့သော် လူတကာရယ်ကြမည် ထင်သည်။ ကြက်ကလေး လက်ဆောင်ပေးသည်ဆိုတာ ရှုးပေါ်ရာကျမှာ စိုးသည်။ သို့သော် လမ်းတစ်ဝက်တွင် သူ့လက်ဖဝါးခွက်ကလေးထဲ ကြက်ကလေးကိုထည့်ရမှာ မယ်လစ်ဆာကြိုက်မှာပဲဟု တွေးပြီး နောင်တရမိပြန်



သည်။

လမ်းတွင် သွေးစကို တွေ့သည်။ သွေးစနောက်ကို လိုက်လျှင် ဘာနှင့်တွေ့မလဲမသိ၊ သို့သော် မနေ့က မြက်ရိတ်၍ ဆုံးသည့်နေရာမှာ သွေးစများ ရပ်သွား၏။ နားလည်လာကာ ရယ်မောမိလေသည်။ သူ့ခြေထောက်က ဒဏ်ရာမှာ ထိလိုက်လျှင် နာလှသည်။

ရပ်၍တွေးနေပြီး သည်နေရာမှာ ကျိုးကို ဖြတ်ကျော်ခဲ့တာ သတိရလာ၏။ အင်း. . . သည်ကောင်တံစဉ်နဲ့ ခုတ်လိုက်တာပဲ၊ နာနာထပ်ပြီး မခုတ်လိုက်တာကတော့ သူ့ကို လူတွေဆွဲထားလို့ဖြစ်မှာ၊ ဂိုဝင်ကြီးပါပဲ၊ သူ့နောက်မှာ ဂိုဝင်ကြီးရပ်နေတယ်မှတ်လား။ ငါက မောလည်းမော၊ ပြီးအောင်လည်း ရိတ်နေရတာမို့ မသိလိုက်တာဖြစ်ရမယ်။ ပြီးတော့ ငါ မယ်လစ်ဆာကို စကားပြောမိတယ်ထင်ပါရဲ့၊ မနေ့က မယ်လစ်ဆာကို တွေ့မြင်ရပုံကလေးကို သတိရပြီး ပြုံးစစ ဖြစ်လာပြန်သည်။

သူရပ်ပြီးသည့်နေရာနှင့် နီးနီးကလေးတွင်ပင် မယ်လစ်ဆာပေါ်လာ၏။ ခြေထောက်များကို မြက်ရိုးပြတ်များစူးသဖြင့် ရှရှနင်းလာသည်။ သူကလေးက ခေါင်းခပ်မော့မော့နှင့် ပြုံးကြည့်ကာ နှုတ်ဆက်လေသည်။

မယ်လစ်ဆာက ဒဏ်ရာအကြောင်းမေးသည်။

''ဟိုဘက်လှည့်ပါဦး'' ဟုပြောသေး၏။

''ဟာ . . . သားရေပတ်ကို ဖာပြီးပါပြီ၊ သားရေကြမ်းစနဲ့ပဲ''ဟု မလှည့်ဘဲဖြေ၏။

''တော်တော်နာလား။ သူလုပ်လိုက်တာ''

''ဘယ်သူတုန်း''

''ကျိုးလေ''

''ဟာ . . .မနာပါဘူး။ နည်းနည်းမှမနာပါဘူး''

''မနေ့က သွေးတွေ သိပ်ထွက်တာပဲနော်''

''သိပ်မဟုတ်ပါဘူး'' ဟုပြောရင်း ယခုလို မယ်လစ်ဆာနှင့် အလွယ်တကူ စကားပြောလို့ရသဖြင့် ရှက်နေပြန်လေ၏။

သို့သော် နှစ်ယောက်သား စကားဆက်ပြောရင်း ရယ်စရာ[illegible] ပြောသည်။ ဝှစ်လည်း စိတ်ကြီးဝင်စရာဖြစ်သည်။

သူတို့နှစ်ယောက်သည် ကွင်းကို ဖြတ်လာကြရာ ဝှစ်ကို ချစ်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော မယ်လစ်ဆာက ပြောစရာကိစ္စပေါင်း တစ်ထောင်လောက်ကို တွေးလာသော်လည်း ပါးစပ်က မထွက်ချေ။

သူတို့သည် ကျောက်တုံးတံတားသို့ရောက်သော် မယ်လစ်ဆာသည် ခြေလှမ်းများ နှေးသွားလေသည်။

''ဝှစ်''

''အင်''

''သူ့ကို ဘာလုပ်မတုန်း''

''ဘယ်သူ့တုန်း''

''ဂျိုးပေါ့''

''ဂျိုး ဟုတ်လား။ ဘာမှမလုပ်ပေါင်၊ ဘာဖြစ်လို့လုပ်ရမှာလဲ''

''တကယ်လား''

''ဒါပေါ့''

မယ်လစ်ဆာက ဒါကိုကိုင်ရမည်။ ထို့ကြောင့် စကားစကို အလွှတ်မပေးဘဲ

''သူကတော့ ရှင့်ကို လုပ်ချင်လုပ်မှာ''

''လုပ်မယ်မထင်ပါဘူး။ မခံချင်တာနဲ့ လက်ပါသွားတာပါ။ နောက်ထပ်မလုပ်ပါဘူး''

မယ်လစ်ဆာက မကျေနပ်နိုင်ဘဲ ဆက်ပြောနေသော်လည်း ဝှစ်က ရေထဲငုံ့ကြည့်ပြီး ငါးတွေကို စိတ်ဝင်စားနေလေ၏။

မယ်လစ်ဆာလည်း စိတ်အတော်နာကာ ခြေကိုဆောင့်သည်။

''ဝှစ်ရဲ့ ကျွန်မပြောတာ နားထောင်ပါဦး'' သူက လှည့်လာပြီး နားထောင်လေ၏။ ''သူ့မျက်နှာထားကို ကျွန်မမြင်တယ်ရှင့်၊ သေသွားတဲ့ ပန်းပဲသမားကြီးကို ဆယ်ပုံတစ်ပုံတောင် မမီဘူးလို့ဆိုတာ သူက မခံနိုင်ဖြစ်နေတာ၊ မနေ့ကတော့ သူကအတော်မျှော်လင့်ချက်ထားတာ၊ လူတွေက ဝိုင်းပြီးအားပေးတော့ ဒီတစ်ခါ သူ့ဂုဏ်ဆယ်မိပြီထင်နေတာ၊ ဒါပေမယ့် နောက်ဆုံး ရှုံးပြတ်တွေကြား မျက်နှာမှောက်ပြီးလဲနေတော့ ရယ်စရာကြီးဖြစ်သွားတယ်လေ၊ အဲဒါ ရှင်လုပ်လိုက်တာ။ သိရဲ့လား ဝှစ်၊ သတိထားပါနော်၊ ကျွန်မအတွက်ဖြစ်ဖြစ် ကျွန်မလေ...''

ဝှစ်သည် တွေးတောနေရာက ရိုးသားစွာ ပြောလေသည်မှာ ''သူ



လူရယ်စရာကြီးဖြစ်သွားတာ ငါ့ကြောင့်ဆိုရင်တော့ စိတ်မကောင်းလိုက်တာကွယ်...''

မယ်လစ်ဆာ၏ ဒေါသသည် ပွင့်ထွက်လာသည်။ လက်သီးကလေးများပင်ဆုပ်ပြီး ရင်ဘတ်ပေါ်တင်မိသည်။ ဒေါသဖြစ်လွန်း၍ ခြေဖျားထောက်လိုက်မိ၏။ ဝှစ်ကို ပျစ်ပျစ်နှစ်နှစ် ခေါ်ပစ်စရာ နာမည်ရှာလို့တောင် မတွေ့နိုင်၊ ''ထွီ'' ဟုသာဆိုပြီး လှည့်ထွက်လာကာ ထမင်းဆိုင်ဆီပြန်သည်။ မျက်ရည်တွေယိုနေသဖြင့် မမြင်မကန်းနှင့် ခလုတ်ကန်သင်းများပင် တိုက်မိသည်။

ဝှစ်လည်း အနောက်က တန်းလန်းလိုက်လာသည်။ ဘာဖြစ်တာမှန်း မသိသော်လည်း သူ့တာဝန်ကျမှန်း သိသည်။ သည်နေ့တော့ ပစ်ရပါပြီဟု သိသော်လည်း ကိစ္စမရှိ၊ မယ်လစ်ဆာငိုနေတာသာသိ၍ အနောက်က လိုက်ရသည်။

မယ်လစ်ဆာက သုတ်သုတ်သွားသည်။ ဝှစ်လိုက်လာသည်ကိုမသိ၊ စိတ်ဒုက္ခဖြစ်တာနှင့် သည်နေရာကလွန်အောင်သာ ပြေးသည်။ သူ့အဖို့လည်း သည်နေ့တော့သွားပြီဖြစ်၏။ အားလုံးသွားပါပြီလေ။

ခြေချောင်းများနှင့် သစ်မြစ်တစ်မြစ်ကို ငြိပြီးလဲ၏။ လဲသည့်အတိုင်းပင်နေသည်။ တစ်ကိုယ်တည်းမို့ ပြန်ထဖို့မလို၊ လှည်းလမ်းကြောင်းနံဘေးစိုထိုင်းသော မြက်ဖုတ်ကလေးမှာ လဲပြီး ငိုချင်သူများအဖို့တော့ အတော်ပင်ဖြစ်လေ၏။ တံတောင်ဆစ်ကွေးပေါ် ခေါင်းအုံးပြီး လှဲလျက်ရှိက်သည်။

ဝှစ်လည်း မီလာပြီး မိုး၍ရပ်၏။ ဘာလုပ်ရမည်လို့ မစဉ်းစားတတ်၊ ထို့ကြောင့် စိတ်ဆန္ဒရှိသလိုနှင့် သူကလေးကို ပခုံးမှ မ၍ထူကာ ထ စေလေ၏။ ပထမဆုံး အတွေ့ဖြစ်သည်။

မယ်လစ်ဆာက ကောင်းကောင်းမရပ်မိသေးခင် ရုန်းဖို့ ကြိုးစားသည်။ သူသာ လွှတ်လိုက်လျှင် လဲတော့မည်။

''မလုပ်ပါနဲ့လေ... နေပါဦး''ဟု ဝှစ်က ပြောသည်။ သူကလေးကို မျက်နှာချင်းဆိုင်အောင် ဆွဲ၍လှည့်သည်။

''လွှတ်ပါ၊ သွားမယ်'' မယ်လစ်ဆာက သူ့ကိုမကြည့်။

''မင်းဘာမှမဖြစ်ပါဘူး။ မထိမိဘူးမဟုတ်လား။ ကောင်းကောင်းရပ်စမ်းကွယ်''

မယ်လစ်ဆာလည်း သူ့လက်များ သန်စွမ်းမြဲမြံလှသည်ကို သိကာ

www.burmeseclassic.com

www.burmeseclassic.com



အငိုတိတ်သွားပြီး ရပ်နေသည်။ မော့၍တော့မကြည့်ချေ။

"ဟုတ်ပြီ၊ သစ်ပင်ကအမြစ်ပဲ၊ မမြင်မိဘူးမှတ်လား။ ဒါကြောင့် လဲတာကို " မယ်လစ်ဆာက ခေါင်းညိတ်၏။

မယ်လစ်ဆာကို လွှတ်လိုက်သော် သူ့ကို မော့ကြည့်လေသည်။

ဝှစ်သည် ဘယ်လိုကြိုးစားသော်လည်း မတတ်နိုင်ပြီဟုသိသည်။ ခေါင်းလည်းမရှုပ်၊ ကြောက်လည်းမကြောက်၊ မယ်လစ်ဆာအနားမှာ ရှိနေသည်ကိုသာသိသည်။ "မယ်လစ်ဆာ... မင်းကို သိပ်ချစ်တယ်ကွာ"ဟု ပြောလိုက်၏။ စကားလုံးများသည် အလိုအလျောက်ထွက်လာသည်။ ထွက်လာပြန်တော့ သူ၏တစ်စိတ်တစ်ဒေသ ပစ္စည်းဥစ္စာဖြစ်ပြန်သည်။ မယ်လစ်ဆာလည်း မျက်ရည်များ တလည်လည်နှင့်ခေါင်းညိတ်လေ၏။ ဝှစ်သည် မယ်လစ်ဆာအဖြေပေးပြီဆိုတာကိုသိ၏။ သူကလေးကိုယ်ပေါ် လက်မောင်းများရောက်သွား၏။ ထိုတဒင်္ဂ၌ မယ်လစ်ဆာနှင့် နှုတ်ခမ်းချင်း ထိမိသည်။

နှစ်ယောက်သား သတိရလာသော် လှည်းလမ်းကြောင်းမှာပင် ရှိသေးသည်ကို အံ့သြစွာတွေ့ရလေသည်။ ထိုနောက် လက်တွဲ၍လျှောက်ခဲ့ကြ၏။ စကားမပြောကြ၊ ကွင်းကိုဖြတ်ပြီးသော် ထင်းရှူးပင်များအောက်မှာ ချောင်းရေဖြတ်စီးသွားသော တောအုပ်အလယ်သို့ ရောက်လာကြလေသည်။

ဂျိုးသည် မေးရိုးတွင် ရောင်လျက်ရှိသည်။ သွေးကြောအချို့ ပြတ်သွားသည်ထင်၏။ သုံးရက်လုံးလုံး ဝေဒနာခံစားနေရ၏။ ပါးစပ်ပင် မဟနိုင်ချေ။ နိုးလာတိုင်း အရက်ထဲ၍သောက်သော်လည်း သွားစေ့ပြီး စုပ်ယူရသည်ဖြစ်၍ ရမ်အရက်များသည် တစ်ကိုယ်လုံးပေရေအောင် ဖိတ်စဉ်ကျကုန်လေ၏။ သူသည် အမြဲအရက်မူးနေကာ မှောင်ထဲမည်းထဲတွင် ဝေဒနာကြီးစွာ ခံစားလျက် ရှိနေလေ၏။

သုံးရက်မြောက်သောနေ့တွင် ရေတော်ခြင်းပြင်းစွာနှင့် နိုးလာသည်။ မေးရိုးအနည်းငယ်မာလာသည်။ မွန်းတည့်ချိန်တွင် အစားပင်အနည်းငယ် စားနိုင်လာလေသည်။ ထိုနောက် အလုပ် ထလုပ်လိုက်သေး၏။ ညနေစောင်းသော်မှကား စဉ်းစားနိုင်လာသည်။

ဝှစ်ကို မုန်းသည်ထက်မုန်းလာသည်။ အင်ဆိုင်းထိုးလိုက်သည်ကိုလည်း အရေးမထားလှ၊ ဂိုဝင်ကြီးကို လက်စားချေရမှာလည်း ဘုန်းကြီး တစ်ပိုင်း မဟုတ်လား။ အတွေးသည် နောက်ဆုံးတော့ မယ်လစ်ဆာဆီမှာ ဆုံးသည်၊



အမျိုးမျိုးလှည့်၍တွေးပြီးသော် မိန်းကလေးကို လက်ထပ်ယူမှပဲ ရတော့မည်၊ လင်ကောင်းတစ်ယောက်တော့ လုပ်နိုင်ပေသည်။ သဘော်သားလည်းဟုတ်၍ သံထည်ပစ္စည်းလည်း ကိုင်နိုင်သူမဟုတ်လား။ ပျိုးခင်းလည်း ဝင်တတ်သူပေတည်း။ သူ့အဖေကိုတော့ ပိုက်ဆံပြလိုက်လျှင်ပြီးသည်။ အိပ်မက်မက်သလို တွေးတောနေရင်းက ပါးစပ်မှ မြည်တမ်းမိသည်။ သူ့မှာ ပိုက်ဆံရှိသည်။

လွန်ခဲ့သည့်နှစ်နှစ်ခန့်က ဂျိုးသည် ဆားကတ္တူတစ်စင်းနှင့် လိုက်ဖူးသည်။ တစ်နေ့သော် လက်ထဲလည်း ပိုက်ဆံရှင်၊ ဆိပ်ကမ်းသို့လည်း ဆိုက်သည်နှင့် အရက်သောက်သည်။ အတော်မူးသော် စပိန်လူမျိုးတစ်ယောက်နှင့်တွေ့၏။ စပိန်လူမျိုးမှာ သေးကွေး၍ တစ်ယောက်တည်းသမားဖြစ်၏။ မူးလည်းမနေချေ။ ညနေမတိုင်ခင်ကပင် ဂျိုး အတော်စိတ်ပျက်လာသည်။ စပိန်လူမျိုးက သီချင်းလည်း ကောင်းကောင်းမဆို၊ နောက်ဆုံးတော့ ပင်လယ်ဓားပြတစ်ယောက်ဖြစ်နေသည်ကို သိရ၏။ ကိုယ်ထုတ်လာတဲ့ငွေနောက် လိုက်လာတဲ့ ဓားပြပဲ၊ ဂျိုးက ဘာအလုပ်ကိစ္စရှိသလဲဟု သူ့ကို အထပ်ထပ်မေး၏။ ကုန်ကူးသည်ဟူသော အဖြေကိုရသော်လည်း မကျေနပ်ချေ။ သို့နှင့် စိတ်ပျက်ပြီးထွက်လာ၏။ မိန်းမပျက်တွေဆီ သွားရလျှင် ကောင်းမည်။

ညသည် မှောင်၍ နှင်းများ ပျစ်ခဲစွာကျ၏။ စပိန်ဓားပြက အနောက်က လိုက်လာ၏။ ဂျိုးကမူ လေကြမ်းကိုဆဲရေးရသည်ပင် ပျော်စရာထင်၏။ ထိုနောက် သူသည် ခလုတ်တိုက်လဲသွားကာ ထိုလူက အပေါ်မှာ ရောက်နေ၏။ ဂျိုးအဖို့ ဦးနှောက်သုံးစရာသိပ်မလို၊ ဓားမြှောင်ရှိသည်။ ထိုသူ၏ လက်ပြင်အောက်ကို ဓားနှင့်စိုက်သွင်းလိုက်ရာ သိမ့်သိမ့်တုန်သွားပြီး ငြိမ်ကျသွားလေ၏။ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီးသော် "ကိုင်း၊ ငါ့ကိုမသတ်နိုင်တော့ဘူးမှတ်လား" ဟုပြော၏။ သူ့ထံမှ ဓားကို ရှာဖွေသော်လည်း မတွေ့ချေ။ ရွှေဒင်္ဂါးအပြည့်နှင့် ပိုက်ဆံအိတ်တစ်လုံးကိုသာ ရသည်။ ထိုနောက် အသေကောင်ကိုထမ်းကာ ဒီရေကျဆဲ မြစ်တက်သို့ လာခဲ့လေသည်။

ထိုနောက် သူသည် အိပ်ဇီတာမြို့ကိုဖြတ်၍ လာခဲ့သည်။ ထိုည အိပ်ရသည်၊ နောက်တစ်နေ့လုံး လျှောက်သွားသည်။ တတိယနေ့တွင် မိုးရွာ၍ လေပြင်းသည်။ ညနေတွင် ကောင်းကင်ကြည်လင်လာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အအေးလွန်ကဲလာ၏။ ကြမ်းလာ၏။ သွေးမခဲအောင် တစ်ညလုံးလျှောက်ပြီး ရေခဲနေသောမြစ်ကို ဖြတ်ခဲ့သော် နောက်ဆုံး ရွာတစ်ရွာသို့ရောက်၏။ မနက်ခင်းတွင် ထမင်းဆိုင်တံခါးကိုခေါက်မိသည်။ ကက်ပတိန်ဘတ်တလာ၏ ထမင်းဆိုင်ပေတည်း။

ရွှေဒင်္ဂါးများကို အကုန်လုံးလိုလိုပင် မြေကြီးထဲမှာမြှုပ်ထား၏။ နယူးဟမ့်ရှိုင်းယားနယ်တွင် ရွှေသည် ခြေထောက်မပေါက်ချေ။ ကက်ပတိန်လက်ထဲရောက်သည်ဆိုလျှင်လည်း ထိုရွှေသည် ပို၍ပင် နက်စွာတူးသည့်တွင်းတွင် အမြှုပ်ခံရသည်ပင်၊ ပြီးတော့ ဘာစကားမှလည်း ပွားမည်မဟုတ်။

မယ်လစ်ဆာက သူ့ကို မနှစ်သက်လည်း ကိစ္စမရှိ။ မယ်လစ်ဆာနှင့်ရလျှင်တော့ သည်ရွာအပေါ် စိတ်ကျေနိုင်မည်ဖြစ်လေ၏။ ဂျိုးသည် ပြူးရယ်မိရာ မေးရိုးက နာလှလေ၏။

ဂျိုးသည် ထမင်းဆိုင်သို့ ရောက်လာပြီး ကက်ပတိန်ထံ သမီးကို တောင်းသည်။

ကက်ပတိန်က "ဂျိုးရ ရူးများလာရော့သလား။ မင်းအရင် မယ်လစ်ဆာကို ပေးစံရာလူတွေ အပုံပါကွယ်။ အရက်ကလေးများသောက် လိုက်ဦး" ဟုဆိုသည်။

ဂျိုးက ပိုက်ဆံအိတ်ကိုထုတ်ကာ ရွှေဒင်္ဂါးများကို သွန်၍ချသည်။ မြင်လား အားလုံးရွှေတွေချည်းပဲ၊ ကိုင်မကြည့်ချင်ဘူးလား"

ကက်ပတိန်သည် တုန်တခိုက်ခိုက်နှင့် မကြည့်ရဲဘဲရှိလေ၏။ နောက်သို့တွန့်ကာ "မင်းဟာတွေ ယူသွား ယူသွား"ဟုအော်၏။ အသက်ရှူရပင် ကျပ်လျက်နေလေ၏။

"ကောင်မလေးကို နားချစမ်းပျာ၊ ကျုပ်ဟာ လင်ကောင်းတစ်ယောက်ဖြစ်နိုင်တယ်ဆိုတာ၊ ကျုပ်နဲ့ လက်ထပ်မယ်ဆိုရင် ဟောဒီရွှေဒင်္ဂါးတွေဟာ ခင်ဗျားဖို့ပေါ့။ စပိန်ရွှေဗျ၊ အကောင်းဆုံးပဲ"

ဂျိုးသည် ရွှေဒင်္ဂါးများကို ရှေ့သို့ထိုးပေးလေ၏။ စိတ်ချလက်ချ စောင့်၏။

ကက်ပတိန်လည်း မောဟိုက်နေလေ၏။ နောက်ဆုံးတော့ သူ့ရတနာတိုက်ခန်းဟုဆိုအပ်သော ရေပိုက်ခန်းတစ်ဖက်သို့ ဂျိုးကို ခေါ်သွားလေသည်။ ဂျိုးသည် သူတို့ဘာသာထဲသို့ ဝင်မည်ဟုလည်း ပြောသည်။ ဂျိုးကို လန့်



လည်းလန့်သည်။ ဂျိုးလည်း သူ့နောက်က လိုက်သွား၏။ သူ့ ရွှေဒင်္ဂါးများကို ကက်ပတိန်က ရေတွက်လိုသည်။

တစ်ပတ်မျှအကြာတွင် ဝုစ်သည် ဂိုဝင်ကြီးထံသို့ သွားသည်။ သို့သော် မတွေ့။ နောက်တစ်နေ့မှ ကွင်းထဲတွင်တွေ့၏။ သူတို့သည် မြက်ရိတ်သည့်ကိစ္စများကို ပြောကြသည်။ ဂိုဝင်သည် စကားပြောရင်း လက်က မပြတ်လုပ်သည်။ သူ့နှမက အိမ်တွင်းကိစ္စများ နိုင်နင်းသလောက် သူက အိမ်ပြင်မှာ နိုင်သည်။

ဂိုဝင်က ပြောသည်မှာ

"မြင်းဆိုတာက အမဲလည်းကောင်းကောင်းထွက်တာမှ မဟုတ်ဘဲ။ ခရီးသွားရာမှာတော့ အသုံးကျပါရဲ့၊ ဒါပေမယ့် နွားက နှစ်ဖက်လုံး သုံးရတယ်"

"ဟုတ်တယ်ဗျ၊ မြစ်ရေလိုပေါ့။ အစာရေစာလည်း ပေးတယ်။ သွားချင်ရာကိုလည်းပို့တယ်"

"ဆောင်းပေါက်ရင် မြောက်ဆီ သွားဦးမလား၊ တောကောင် ထောင်ဖမ်းဖို့လေ"

"သွားမယ်ကြံတာပဲ"

"ဘယ်တော့လောက်ထွက်မလဲ"

"ဆောင်းဦးပေါက်လောက်ပါပဲ၊ ဒါထက် စောပြီးသွားရင်လည်း သွားမယ်"

"မစောလွန်းဘူးလား။ သားမွေးရဖို့ဆိုရင်ပြောတာ"

"စောတာပေါ့၊ သားမွေးက နှင်းအတော်ကျမှကောင်းကောင်းရတာ၊ ဒါပေမယ့် နေရာကလေးလည်း ကြည့်ရင်းဆိုသလိုပေါ့လေ . . ."

"တယ်ဟုတ်ပါလား။ ဂရန့်တောင်ပေါ်မှာတော့ သားမွေးကောင်း မရဘူးထင်တယ်"

"တောင်ပေါ်က မျှော်ကြည့်ရတာ အရှည်သိပ်မြင်တယ်ဗျ" ဟု ဝုစ်က စိတ်အားထက်သန်စွာပြောလေ၏။

"မြေသစ်ရှာသမားတွေလိုပေါ့"

"ဘာဖြစ်သေးတုန်းဗျ၊ ဒီလူတွေကို ကျွန်တော်သဘောကျချင်တဲ့အခါလည်း ကျတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အမဲကောင်ထောင်ဖမ်းတဲ့ လူလောက်ပဲထင်တာ"

"ကျွန်တော်က ကွင်းထဲဆင်းတဲ့လူဗျ၊ ဆောင်းပေါက်ရင် ထောင်ချောက်ထောင်တယ်။ ဒါနဲ့ မြေသစ်ရှာတဲ့လူတွေကို မှန်းရရောလား"

"တခြားလူတွေကတော့ သူတို့အကြောင်း အကောင်းသိပ်မပြောဘူး"

"သူတို့ ဘာဖြစ်လို့ ကိုယ့်မြို့ကိုယ့်ရွာကို ပစ်ပြီးသွားတာလဲ၊ မြေသစ်ရှာရတာ ပျော်လို့လား"

"သူတို့မှာလည်း သူတို့အကြောင်းနဲ့ပေါ့ဗျ၊ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးပေါ့၊ သူတို့ဟာ ဆင်းရဲကြတာမှန်ပေမယ့် ဆင်းရဲလို့နေရာပြောင်းတာ မဟုတ်ဘူးဗျ၊ ဒါပေမယ့် ဆင်းရဲလို့ မြေရိုင်းကိုထွင်ယူကြတာတွေ မှန်တယ်။ ချမ်းသာရင်တော့ ထွင်ပြီးသားနေရာကို ပြောင်းရွှေ့ရုံပဲ ရှိမယ်၊ ကိုယ့်နေရာဟောင်းက ထွက်သွားတာကတော့ ထွက်သွားတာပဲ"

"အေးလေ... ဘာဖြစ်လို့ထွက်သွားရတာလဲ"

"ကျွန်တော် ပြောပြီးပြီကော၊ ကိုယ့်အကြောင်းနဲ့ကိုယ်ပါလို့၊ အိမ်တွင်းရေးကိစ္စကြောင့်ဖြစ်ဖြစ်၊ ပြစ်မှုကျူးလွန်မိလို့ဖြစ်ဖြစ်၊ ရွာသူ၊ ရွာသားတွေနဲ့ မတည့်လို့ဖြစ်ဖြစ် အဲဒီလိုပေါ့"

"အင်း... ဒါပေမယ့် မင်းမှာတော့ နေရာသစ်ရှာထွက်စရာ ဘာမှ အပြည့်အစုံ မရှိဘူးထင်တယ်"

"ဘာမှ သိပ်မလိုပါဘူးဗျာ"

"ဒါပေမယ့် တစ်သက်လုံး မြေသစ်ရှာပြီး မနေချင်ဘူးမှတ်လား။ မြေကလေးထွင်ပြီးနေမယ်ကြံကာမှ ဘုရင့်အမိန့်နဲ့ ထွက်စေဆိုဘယ်နဲ့လုပ်မလဲ။ ခုလို တိုက်ခိုက်နေကြပုံနဲ့ တစ်ဖက်က နိုင်သွားတယ်ဆိုရင်ကော၊ ဒီကိစ္စက အင်္ဂလန်ပြည်က ကြည့်ပြီး စီမံလိုက်မယ့်ကိစ္စကွ၊ ကိုယ်မပိုင်ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ပြီးတော့ မင်းမှာဘာမှလည်းမရှိဘူး"

"သေနတ်ရှိပါတယ်ဗျ"

"မယား မရှိသေးဘူး"

ဝှစ်သည် အမူအရာပျက်သွား၏။ ဂိုဝင်ကြီးကလည်း စောင့်နေ၏။ အချိန်တန်ပြီ။ ပြောလိုက်ဖို့ပင်ဖြစ်သည်။ "ဒီကိစ္စနဲ့... ကျွန်တော်လာခဲ့တာပဲ" ဟု ကြိုးစားပြီးပြောရသည်။



"ဘယ်သူတုန်း ဝှစ်"

သူငယ်လည်း လည်ချောင်းနှင်နေပြီးမှ

"မယ်လစ်ဆာ"

ဂိုဝင်က မေးသည်နှင့် ဝှစ်က လျှောက်ပြီးပြောပြသည်။ မြက်ရိတ်ပြိုင်ပွဲ၏ နောက်တစ်နေ့တွင် ကတိရှိခဲ့ကြကြောင်း၊ သူ့ခြေထောက်က ဒဏ်ရာ ပျောက်ကင်းသွားပြီဖြစ်သည့်အကြောင်း၊ ဝှစ်၏အဖေကြီးက ဘယ်လိုသဘောထားမည့်အကြောင်း။

"မင်းကတော့ နေရာသစ်ရှာမယ်ဆိုတာ ဆုံးဖြတ်ပြီးသားပေါ့နော်"

"ဒီလိုပဲ ဖြစ်နေတာပဲဗျ"

"မင်းအကြောင်းကကောကွာ၊ ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြတယ်ဆို၊ မင်း...ပြစ်မှုများ ကျူးလွန်မိသလား"

ဝှစ်က သွားဖြဲရယ်သည်။

"ကျွန်တော်တို့အိမ်နဲ့ မယ်လစ်ဆာနဲ့ မဖြစ်ပါဘူး။ တစ်အိမ်လုံး အပျင်းချည်းပဲ၊ ကျွန်တော့်မိထွေးနဲ့ မိထွေးကမွေးတဲ့ ညီလေးအတွက်လည်း စဉ်းစားရဦးမယ်။ အဖေ့မြေက ကွက်ကွက်ကလေးရယ်ဗျ"

"မယ်လစ်ဆာရဲ့ အဖေ့မြေကွက်ကောကွ၊ အကျယ်ကြီးပဲ၊ မြေကလည်း ကောင်းပါဘိနဲ့"

"သူကလည်း မပေးပါဘူး၊ ကျွန်တော်ကလည်း မလုပ်ချင်ပါဘူး"

"လူကြီးက ကပ်တစ်ရာ နိုင်ကနိုင်သနဲ့"

"မယ်လစ်ဆာက လိုက်ပါ့မလား"

"သေချာပါတယ်၊ သူက သူ့အဖေနဲ့ သူ့အဖေ့ထမင်းဆိုင်ကို အတော်စိတ်နာနေတာ၊ ခုလိုက်ဆိုရင်တောင် လိုက်သေးရဲ့၊ ကျွန်တော်က အရင်သွားပြီး ကြည့်ချေဦးမယ်လို့ ပြောထားရတယ်"

"မိန်းကလေးက ခံနိုင်ရည်ရှိပါ့မလား"

"ရှိပါလိမ့်မယ်။ သူက အကြမ်းလည်းခံနိုင်တယ်။ လိမ္မာသမှုကလေးလည်းရှိတယ်။ မြေသစ်ရှာတယ်ဆိုတာ ကံဆိုးမိုးမှောင်ကျပြီး ဖျားနာရုံသာ သက်လည်း ဖြစ်ချင်ဖြစ်သွားတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် တော်ပြီး တော့ဖြင့် မသေဘူးဗျ၊ ပြီးတော့ မြေရာသစ်ရှာတဲ့ လူမှန်သမျှ ညစ်နိုင်၊ တေနိုင်ရမယ်လို့ မဆိုလိုပါဘူး၊ လူကောင်း သူကောင်းတွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်ပါတယ်''

ဂိုဝင်ကြီးလည်း ဘာမှမပြောမိအောင် ချုပ်တည်းနေ၏။

''ကံမလိုက်လည်း မယ်လစ်ဆာက ဂရုစိုက်မယ် မထင်ပါဘူး။ ဖျားနာတာလည်း ခံနိုင်ပါလိမ့်မယ်။ တခြားမိန်းမတွေထက်တော့ သာမှာပါ''

''ကလေးတွေဘာတွေ ရရင်ကောကွာ''

''ကျွန်တော်တတ်နိုင်ပါတယ်၊ မိုင်ငါးဆယ်ကွာပါစေ၊ ဆရာမ ကောင်းကောင်းရအောင် ခေါ်ယူမယ်''

''အေးလေ ငါလည်းပြောစရာရှိတာ အကုန်ပြောပြီးပြီ'' ဟု ဂိုဝင်က ဆိုသည်။

''ဒါဖြင့် ကျွန်တော်တို့နှစ်ယောက်ကို လက်ထပ်ပေးနိုင်မလားဗျာ''

''မသိဘူးကွ'' မိဘသဘောတူချက်မရဘဲ လက်ထပ်ပေးဖို့ရာမှာ မဖြစ်နိုင်ချေ။

ဝုစ်လည်း ဖြုန်းခနဲ ထသည်။ သူထင်တာထက် ဆိုးသောအခြေအနေကို တွေ့သည်။ နှုတ်ခမ်းများကို ကိုက်မိသည်။

''ဟုတ်ပါတယ်။ လက်ထပ်ပေးခွင့်မရှိဘူးဆိုတာ သိပါတယ်''ဟု အသံကိုထိန်းရင်း

''နဂိုထဲက သိပါတယ်လေ'' ဟုပြော၏။

''ဘာသိတာတုန်း''

''သူ့အဖေရော၊ ကျွန်တော့်အဖေရော ဘယ်သူကမှ ခွင့်ပေးမယ် မဟုတ်ဘဲဟာ၊ ဘယ် လက်ထပ်ပေးရဲမှာတုန်း၊ ကျွန်တော်ကလည်း ကိုယ့်အတွက် မဆိုင်တဲ့လူကို ဒုက္ခမပေးချင်ပါဘူး''

''ဒီလိုဆို ဘယ့်နဲ့ လုပ်မလဲ''

''ကျွန်တော်တို့နှစ်ယောက်ကတော့ နေမှာမဟုတ်ဘူး။ ထွက်သွားမှာပဲ''

''ဒါဟာ ဒုစရိုက်ကြီးပဲဝုစ်၊ ဘုရားက ခွင့်မပြုဘူး။ လက်မထပ်ဘဲ အတူတူနေလို့ရှိရင် အပြစ်ဒဏ်ခတ်တာခံရလိမ့်မယ်။ မယ်လစ်ဆာပဲ ခံရမှာပဲ''

သူငယ်ကမူ မထုံတက်သေး နေ၏။



''ကောင်းပြီ၊ မိန်းကလေးကိုသာ ခေါ်ခဲ့။ ဘယ်အချိန်မဆို မင်းတို့ကို ငါလက်ထပ်ပေးမယ်ကွာ''

မယ်လစ်ဆာကို ပြောပြသော် မယ်လစ်ဆာက ဝုစ်နှင့်အတူ တစ်ပါတည်းလိုက်ချင်သည်။ ဝုစ်က ချော့ရသည်။ ခရီးသွားသည်ဆိုသည်မှာ တွေ့ကရာ အိပ်ရသည်၊ စားရသည်။ ဝုစ်က အရင်သွားပြီး နေရာကောင်းတစ်ခု ရအောင်ရှာပြီးမှ ပြန်လာခေါ်မည်။ အကြာဆုံး တစ်လပေါ့၊ ပြီးတော့ အိပ်မက်ထဲမှာ အလွန်ကြည်သောရေကို တွေ့ရသည်တဲ့၊ ဒါ အင်မတန် ကောင်းတဲ့ နိမိတ်ပဲ၊ ထိုအခါ မယ်လစ်ဆာက စောင်းမြောင်း၍ပြောသည်မှာ ထို ရေကြည်ကြည်ထဲတွင် ငါးလည်း တွေ့သည်မဟုတ်လား။ ဟုတ်တာပေါ့ ငါးကို တွေ့တုန်းကလည်း ချက်ချင်းအကျိုးပြုသည်မဟုတ်လား။ ထိုအခါ မယ်လစ်ဆာက ကံကောင်းသဖြင့် မတန်တဆ အကျိုးရတာသာဖြစ်သည်ဟု ဆိုသည်။ ဝုစ်က ယခုလည်း အကျိုးရဦးမည်၊ ဥပမာ ဂိုဝင်ကြီးက ဘယ်နည်းနှင့်မဆို လက်ထပ်ပေးမည်ဟု ဆိုသည်။ မယ်လစ်ဆာက ဒါနှင့်ပင် ကျိန်းကျေလောက်ပြီဟု ထင်သည်။ ဝုစ်ကမူ ယခုမှ အကျိုးပေးကာစ ကလေး ရှိသေး၍ အများကြီး မျှော်လင့်စရာကျန်သေးသည်။ နောက်ဆုံး ပြော၍ မရသော် မယ်လစ်ဆာလည်း နေခဲ့ရပြီး နောက်တစ်နေ့တွင်ဝင် ဝုစ် ခရီးထွက်လေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

မယ်ရီမက်အမည်ရှိ မြစ်၏ ညာဘက်ကမ်းတစ်လျှောက်မှ မြောက်ဘက်သို့ ထွက်ခဲ့သည်။ ပထမညတွင်ပင် အိမ်နှင့် ၂၈ မိုင်ကွာအရပ်သို့၊ ဒုတိယနေ့တွင် မြို့တစ်မြို့ကို ဖြတ်ရ၏။ တတိယနေ့တွင်လည်း မြောက်စူးစူးသို့ ဆက်လာရာ၊ တစ်ခါမှမရောက်ဘူးသော ဒေသသို့ရောက်၏။ လွန်ခဲ့သော ဆောင်းရာသီက သားကောင်ဖမ်းထောင်ချောက်နှင့်လာစဉ်က အရှေ့ဘက်သို့ ခပ်ကျကျ လာခဲ့သည်။ ယခုတော့ ကြီးမားကျယ်ပြန့်လှသော ရေကန်ကြီးဆီကို မှန်း၍လာသည်။ ရေကန်ကို ပတ်ပြီး ခရီးဆက်ခဲ့လျှင် ဆင်းဒွစ်အမည်ရှိ တည်ခါစ မြို့သို့ရောက်မည်။

နောက်တစ်နေ့တွင် ထင်သည်ထက်ပို၍ လျှောက်ပြီးမှရောက်သည်။ အိမ်ခေါင်ဝဲလင်းမှမီးခိုးငွေ့ တလူလူကိုမြင်ရသည်။ အိမ်ကို သေသေချာချာ မြင်ရသော် သဘောကျသွား၏။ အိမ်မှာ ကျကျနန ဆောက်ထားရာ အိမ်ရှင်ယောက်ျား၏ အရည်အချင်းကောင်းခြင်းကို ပြသည်။ ခြံဝင်းကလည်း သေသပ်စွာရှိ၍ အိမ်ရှင်မိန်းမ၏ စည်းစံနစ်ကျပုံကိုပြသည်။ သေနတ်ကို သစ်ပင်တစ်ပင်၌ မှီ၍ထောင်ထားခဲ့ပြီး ခပ်လှမ်းလှမ်းမှ အရိပ်အခြည်ကို အကဲခတ်ရင်း အော်ခေါ်သည်။

ခဏကြာမှ မိန်းမတစ်ယောက် သစ်သားဖွန်းကို ကိုင်၍ ထွက်လာသည်။ အလင်းရောင်ကို ကျောပေးပြီးလာသဖြင့် မိန်းမမျက်နှာ ဘယ်လိုနေသည် မသိရ၊ မိန်းမက စပြီးနှုတ်ဆက်၏။

''သေနတ်ယူခဲ့ပါလေ၊ ရှင့်ကြည့်ရတာ အင်ဒီယန်း လူရိုင်းနဲ့လည်း မတူပါဘူး။ ရှင်နာမည်ဘယ်နှယ်ခေါ်လဲ၊ ဇာတိကဘယ်ကလဲ။''



''ကက်တယ်ဖို့ကပါ၊ ဝှစ်လစ်ဗင်စတန်လို့ ခေါ်ပါတယ်''

မိန်းမ၏ မျက်နှာကိုမြင်ရပြီ၊ ရိုးသားပွင့်လင်းပုံရသည်။ ယုံကြည်တတ်သောဟန်ရှိသည်။ ထိုကြောင့် နေရေး ထိုင်ရေးသက်သာသည်။ မိန်းမသည် အလုပ်အကိုင် ကောင်းဟန်ရှိ၍ ပြုံးပြုံးရယ်ရယ်မဟုတ်သော်လည်း နှစ်လိုဖွယ်ရာမျက်လုံးများ ရှိပေ၏။

''ဩော်၊ ဒါဖြင့် ခရီးအတော်ရှည်တာပဲ၊ သားကောင်ထောင်ဖို့ လာတာလား''

''တကယ်တော့ နေစရာ ထိုင်စရာကလေးရမလားလို့ အရှာထွက်တာပဲ''

''ရတာပေါ့ပါတယ်လေ၊ အိမ်ထဲဝင်ပါဦးလား။ ညစာလည်း မစားရသေးဘူးထင်တယ်''

စားပြီးပြီ ဖြစ်ကြောင်းပြောသော်လည်း ထပ်၍ခေါ်သဖြင့် အိမ်ထဲလိုက်ခဲ့လေသည်။

အိမ်နံ့ကလေးက သင်းသည်ဟုထင်၏။ သန့်ရှင်းလိုက်တာ၊ ကျွဲနွားကျွေးစရာ မြက်ခြောက် နံ့ကိုပါ ရှူမိပြန်တော့ အတော့်ကိုကျေနပ်သည်။ အိမ်ထောင့်တွင် မနက်ကမှ ရိတ်ထားဟန်ရှိ၍ နေငွေ့မှ မပြယ်သေးသည့် မြက်ပုံကို တွေ့ရ၏။

သူတို့ထိုင်နေကြသည့် စားပွဲမှာ သစ်တုံးများမှဖြစ်အောင်ခုတ်ထားသည့် စားပွဲပင်။ သစ်သားပန်းကန်လုံးများ သုံးရသည်။ ကုလားထိုင် နှစ်လုံးအနက် တစ်လုံးသာ လက်သမားလုပ်ဟန် ကျနသည်။

သူတို့စကားစ၍ ပြောစဉ် အပြင်မှ ခွေးဟောင်သံကြားကာ ''ဒါ ကျွန်မယောက်ျား ဂျိုးနစ်ပဲ'' ဟု မိန်းမက ပြောသည်။

ဝှစ်လည်း မရေမရာနှင့် ရပ်သည်။ မိန်းမနှင့်တော့ လေပေးဖြောင့်ပြီ၊ ယောက်ျားနှင့် ဘယ်လိုနေမည်မသိ။

မိန်းမက သွားကြိုလာသည်။ သူတို့၏ ခွေးက ညွှဲသည် ဝှစ်ကို လာပြီးကြည့်၏။ ခွေးက ဟောင်ရုံသာတတ်သည့် ခွေးကြွားကလေးမျိုး မဟုတ်၊ ထည်ဝါလှသော အမဲလိုက်ခွေးကြီးပင်တည်း။ လင်မယားနှစ်ယောက်ရောက်လာသော် လင်သည် ဂျိုးနစ်ကိုကြည့်ရာ ခပ်ကျစ်ကျစ် ခပ်မြင့်မြင့်နှင့် မုတ်ဆိတ်နက်နက်ကြမ်းကြမ်း ပေါက်သည့်အဖြစ်ကို တွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်၏ အဝတ်အစားမျိုးပင် ဝတ်သည်။ ဖိနပ်မပါချေ။ ဖြူကြောင်စ ရှိသော ဆံပင်က ဇက်ပေါ်ဝဲနေသည်။ ပြောင်းတွင် ရွှေခွေးကွပ်သော သေနတ်ကို ထမ်းထား၏။

ယောက်ျားနှစ်ယောက်သည် ခပ်အေးအေး နှုတ်ဆက်ကြ၏။ ခွေးကြီးက အနှောင့်အယှက်ပြုပုံမရသဖြင့် အိမ်ထဲမှာနေနိုင်ပါသည်ဟု ဂျိုးနစ်က ပြောလေသည်။

ဂျိုးနစ်နှင့် ဝှစ်တို့သည် ညနေစောင်းသည့်အထိ စကားပြောကြသည်။ ဂျိုးနစ်က ပို၍ပြောသော်လည်း ဝှစ်လည်း သိပ်မဆိုးလှချေ။ တစ်မိမ်းတွေနှင့် ဆိုလျှင် ပို၍စကားပြောတတ်သည်။ တစ်ခုပဲပြောစရာရှိသည်မှာ ဝှစ်၏လက်များ အားနေခြင်းပေတည်း။ ဂျိုးနစ်က ပုဆိန်လက်ကိုင်ရိုး ခုတ်နေပြီး သူ့မိန်းမက ချားတစ်လုံး လှည့်နေသည်။

ဂျိုးနစ်သည် အမဲလိုက်သည့်အကြောင်းပြောပြပြီး အဝေမတဲ့သည့် ကိစ္စကို ဘယ်လို သဘောရပါသလဲဟု မေးလေ၏။ ထိုနောက် ဆင်းဒွစ်မြို့နယ်၏ မြေယာများအကြောင်းသို့ရောက်လေ၏။

မြေသည် မညီလှ၊ ကျောက်တောင်လည်း ရှိသည်။ တောရိုင်းလည်း ရှိသည်။ တောင်ကုန်းများလည်း ရှိသည်။ ကျောက်ပေါသောမြေ၊ ရွှံ့စေးမြေ၊ သဲမြေ၊ အစုံရှိသည်။ သင့်လျော်ရာ ရွေး၍စိုက်ပျိုးနိုင်၏။

“အမဲလည်း ပေါပါတယ်။ ချောင်းတွေထဲမှာလည်း ငါးတွေ ပေါလိုက်တာ တီကောင်ပြလိုက်ရင် အိမ်ရောက်အောင်တောင် လိုက်လာသေးရဲ့၊ မငတ်နိုင်ပါဘူး။ ဆောင်းပေါက်တော့ သားမွေးရှာနိုင်တယ်လေ”

ထိုနောက် ဝှစ်ကို နှစ်ရက်၊ သုံးရက်မျှ သူတို့အိမ်မှာတည်းပြီး ကြိုက်တဲ့နေရာ လျှောက်ကြည့်ဖို့ ပြောကြသည်။ ကြိုက်သည့်မြေတွေ့လျှင် ကိုယ်စားလှယ်နှင့် သွားတွေ့နိုင်သည်။ ဝှစ်သည် ကျေးဇူးတင်လွန်း၍ စကားပင် တော်တော်နှင့် မပြောနိုင်ချေ။

ဆင်းဒွစ်မြို့၏ မြေယာများကား အလုပ်လုပ်၍ရသည်။ အကောင်းစား ကြီးတော့မဟုတ်။ အကောင်းစားမြေကွက်ကိုလည်း မရနိုင်၊ ဝှစ်၌ ပိုက်ဆံမရှိ၊ ကိုယ်စားလှယ်ပေးသော မြေကွက်ကိုသာ လက်ခံရမည်။ သို့သော် ကိုယ်စားလှယ်သည် တင်းမာသလောက် တရားမျှတစွာ လုပ်တတ်သည်ဟု ဂျိုးနစ်က ပြောသည်။ သူ့မိန်းမကလည်း ထောက်ခံသည်။



ဆင်းဒွစ်မြို့ကို ပို၍ ကြိုက်နှစ်သက်စရာမရှိသော်လည်း ဂျိုးနစ်တို့ လင်မယားကို ဝှစ် အတော်သဘောကျလျက်ရှိ၏။ မယ်လစ်ဆာကို ခေါ်လာရလျှင် တခြားသူစိမ်းများဆီ ခေါ်သွားရမည့်ထက် သာ၍ကောင်းမည်။ ဝှစ်သည် ကြိုက်နိုင်သည့်မြေရာသုံး၊ လေးကွက်ကို ကြည့်ပြီးလေပြီ။ ထို မြေကွက်နှင့် နွားတစ်ကောင်လောက်များရနိုင်လျှင် အတော်ဟန်ကျပြီဟု ဆိုနိုင်သည်။

ဝှစ်သည် ကိုယ်စားလှယ်နှင့် သွားတွေ့မည်ဟု သိရသည်နှင့် ဂျိုးနစ်က ဖြုန်းခနဲ ပြောသည်မှာ သူနှင့်အမဲလိုက်ရာ၌ အဝေမတဲ့ဘူးသော ကိုယ်စားလှယ်ကို သွားတွေ့နှင့်မည်ဟူ၏။

နောက်တစ်နေ့ နေတက်သော် ဝှစ်သည် ဂျိုးနစ်တို့အိမ်နှင့် လေးမိုင်မျှကွာဝေးသော ကိုယ်စားလှယ်ရှိရာသို့ ရောက်နေသည်။ သို့သော် ဆင်းဒွစ်မြေများကို အလကား မရနိုင်ဟု သိရလေသည်။ ပိုက်ဆံရှိလျှင်တော့ ဝယ်နိုင်သည်။ ကိုယ်စားလှယ်က တမ်ဝေါ့အမည်ရှိ မြို့သစ်တည်နေရာ အရပ်ကိုလမ်းညွှန်သည်၊ တမ်ဝေါ့မှာ တည်စဖြစ်၍ ရပ်ရွာပစ်ပြီး နေရာသစ်ရှာလို သူများကိုစောင့်ပြီး လက်ခံနေသည်ဟုဆိုသည်။ မြေပုံပါပြသေးသည်။ ဝှစ်လည်း မြေပုံထဲမှာပါသော ကော်ရှူးဝေးတောင်ကို အခြေပြု၍ ထောင့်သုံးထောင့်၏ အနေထားကိုမှတ်သည်။ ကော်ရှူးဝေးတောင်ကိုသာ ရောက်အောင်သွားနိုင်လျှင် သူသည် ဘယ်နေရာမဆို ရှာတတ်ပြီ။

သို့လျှင် ဆင်းဒွစ်မှ ခွါရသည်။ ဂျိုးနစ်သည် အစောကြီးကတည်းက ငါးမျှားမည်ဆိုပြီး ထွက်သွားပြီတဲ့၊ ဂျိုးနစ်မိန်းမကို နှုတ်ဆက်သော ဝှစ်၏ ပြားချပ်သော အိတ်ကို အတင်းတောင်းပြီး အစာရေစာ ထည့်ပေးသည်။ ပါးစပ်ကလည်း မြည်တွန်တောက်တီးသည်။

တိမ်တိုက်သာ မထူထပ်လျှင် ကော်ရှူးဝေးတောင်ကို တွေ့ဖို့မခက်၊ သစ်ပင်တစ်ပင်ပေါ်တက်ပြီး ကြည့်လိုက်ရုံပင်ဖြစ်သည်။ ချောင်းရိုး၊ မြောင်းရိုးများကလည်း ဟိုသည်ယှက်သန်း၍ စီးဆင်းကြသည်။ မျက်စိလည်စရာပင် သို့သော် ကော်ရှူးဝေးတောင်ကို အမှတ်အသားပြု၍ လိုရာရောက်နိုင်သည်။

ကော်ရှူးဝေးတောင်သည် အောက်ခြေမှာတော့ တခြားတောင်များနှင့် ခြားနားသော အသွင်မရှိ။ သို့သော် တောင်ထွတ်သည် ခဲမှားထကာ တစ်ခါမြင်ရုံနှင့် တစ်သက်မမေ့နိုင်စရာပင် ဖြစ်လေသည်။ မမေ့နိုင်သော

www.burmeseclassic.com

www.burmeseclassic.com



လူ့မျက်နှာတစ်ခု ပမာပင်တည်း။ မိုးထိုးကာ ထုထည်ကြီးမားစွာ နေပုံက ရင်ထဲမှာ ထိနိုက်လောက်သည်။

ဝှစ်သည် ထင်းရှူးပင် တစ်ပင်ပေါ်တက်၏၊ သစ်ကိုင်းအချို့ကို ဖယ်ရှားပစ်ကာ ထိုင်၍စောင့်သည်။ တောင်သည် ရှေ့မှာလား၊ နောက်မှာလား မသိနိုင်ချေ။ ငေးမောနေရာမှ ထူးဆန်းစွာ အလင်းရောင်ကျလာသည်ကို ပြန်လည်တွေ့ရလေ၏။ ဖြတ်ခနဲနှင့် ပို၍လင်းလာလေ၏။ ဝှစ်လည်း မျက်လုံးများကျယ်ကာ ပင်စည်ကို ဖက်၍မတ်တတ်ရပ်လေ၏။

ရင်ထဲမှာ တဒုတ်ဒုတ်မြည်သည်။ ကြောက်လန့်သလိုရှိသည်၊ ဘာရယ်လို့လည်းမပြောတတ်၊ ပတ်လည်မှာတော့ ပို၍ လင်းချင်လာသေးသည်။ လက်ဖျား၊ ခြေဖျားများနှင့် အရေးကြီးအဖြစ်ကို စမ်းသပ်မိသလို ရှိလေသည်။

ထိုနောက် တောင်ကိုမြင်သည်၊ အဝေးရှိ ကောင်းကင်ပြင်မှ ပေါ်ထွက်လာသည့် ဖနရောင်ခသော ခဲသားထသည့် တောင်ထိပ်မျှသာပေါ်ကာ အောက်ပိုင်းကို တိမ်တိုက်များက ကွယ်နေရာ အကွယ်အကာမရှိ လဟာပြင်မှာ ခိုနေသလိုရှိလေ၏။

တဒင်္ဂပဟာန်မျှသာ မြင်ရ၏။ ထိုနောက် ပျောက်သွားသည်၊ ကိုယ်ယောင်ပြသလို တူတော့သည်။

ဝှစ်လည်း သစ်ပင်ပေါ်မှ ဖြေးညင်းစွာ ဆင်းလာခဲ့လေသည်၊ မြေပြင်သို့ ခြေထောက်မိသော် ဒူးများတုန်နေသည်။ ''ငါတွေ့လိုက်ရတာ နိမိတ်ပြတာကွ၊ ဘာအဓိပ္ပါယ်လည်းတော့ မသိဘူး။ ဒီလိုရာသီမှာ ကော်ရှူးဝေးတောင်ထိပ်ကို မြင်ရတယ်ဆိုတာ ဘာမှတ်လို့လဲ။ ဘုရားရေ လှလိုက်တာနော်'' ဟု တွေးကာ သေနတ်နှင့် အထုပ်အပိုးကို ကောက်လိုက်ကာ ခေါင်းငိုက်ဆိုက်နှင့် တောအုပ်ထဲဝင်လေ၏။

သို့နှင့် မြေညီတစ်ခင်းသို့ ရောက်ပြန်လေသည်၊ လေး၊ ငါး ဧကကျယ်ပြန့်မည်ထင်၏၊ ချောင်းတစ်ရိုးက ဖြတ်သွားသည်။ မြေဆီထူထပ်ပုံရသည်၊ တောင်ကုန်းနိမ့်နိမ့် တစ်ခုရှိသည်၊ ဘယ်ဘက်ရေကန်မှ ပေါက်ကျိုး၍ ထွက်လာသော ရေစီးကြောင်း တစ်ခုကိုတွေ့သည်။ ''ဒီနေရာရောက်ဖူးသားပဲ''ဟု တွေး၏။ မြက်ရိတ်လို့ရတဲ့ ကွင်းတစ်ကွက်တောင်ရှိသေး၊ ဟုတ်တယ်။ ရေလျှံပြီး ခမ်းသွားတဲ့အခါ မြက်တွေပေါက်လာတာလေ၊ သစ်ပင်တွေတော့ မပေါက်ရသေး။



သည်နေရာ တောထွင်ရလျှင် နှစ်ရက်အကြာဆုံးပေါ့။ အိမ်လည်းဆောက်ပြီး ထင်းလည်း လုံလောက်နိုင်သည်။ နွှန်လကျလျှင်ပင် ပျိုးတစ်သီးစိုက်နိုင်သည်။

သည်နေရာရလျှင် ဟန်ကျပြီ၊ တောင်ဆီသို့မျှော်၍ ကြည့်လိုက်ပြန်၏။ အိမ်ဆောက်ပြီး ဝဲလင်းလုပ်ရန် ခွဲ့စေးသာရလျှင်တော့ ဘာမှမလိုတော့သုံး၊ လေးမိုင်ခရီးမှာတော့ ခွဲ့စေးရနိုင်သည်ကို သတိရလေ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

မယ်လစ်ဆာသည် ဆောင်းဦးကို မျှော်နေလေသည်။ နွေရာသီတုန်းက မြူးထူးခြင်းသည် ပျောက်ပျက်လေပြီ။ ပျံလွှားငှက်များလည်း အရှုံးသဖွယ် ဒိုင်ဗင်ထိုးလျက် နေကြသည်။ စင်စစ် သူတို့ကို လက်ခံထားနိုင်သည့် ရာသီမဟုတ်ပြီ။ နွေနှောင်းမှာပေါ်သည့် နှံပေါင်များ၊ ပေါ်ဦးပေါ်ဖျား ပန်းသီးရနံ့များ၊ စသည်တို့ကို မယ်လစ်ဆာ ဂရုမစိုက်တော့ချေ။ သူတွေ့မြင်ချင်သည်မှာ နှင်းမှာပေါက်သည့် မေပယ်တောများ မီးလောင်နေသည်ကိုသာ ဖြစ်လေ၏။

လူဖြစ်ကတည်းက သည်တစ်ခါသာ ထမင်းဆိုင်မှာ ပြောကြသည့် စကားသောင်းပြောင်းကို နားထောင်ချင်စိတ် ရှိသည်။ ရာသီအကြောင်း၊ တောကောင်အကြောင်း၊ ဆောင်းကြမ်းလိမ့်မည်အကြောင်းကို ကြားရသည်။

ဆောင်းကြမ်းလည်း ကိစ္စမရှိ။ မယ်လစ်ဆာက သည်မှာ ရှိနေမှာ မို့လား။

ဒေးဗစ်နှင့်အင်ဆိုင်းတို့သည် စကားပြောနေကြရင်းက ဝုစ်အကြောင်းသို့ ဆိုက်သည်။ ဝုစ် ဘယ်ရောက်နေသလည်းမသိ၊ မတွေ့တာကြာပြီ။ ထိုအခါ မယ်လစ်ဆာကဝင်ပြီး ''မြောက်ဘက်သွားတယ်တော့၊ အဲဒီလို ပြောကြာတာပဲလေ''ဟု ပြောမိသည်။

မယ်လစ်ဆာ၏ အဖေဖြစ်သူကမူ ပန်းပဲဖိုသို့လျှောက်လာသည်။ စိတ်ကြည်နူးနေသည်မှာ မှန်သော်လည်း ငှက်ရယ်၊ ပန်းရယ်ဟု မြင်မိသောကြောင့် မဟုတ်ချေ။ ပိုက်ဆံအကြောင်း တွေးလာသောကြောင့်ပေတည်း။ ဂျိုးထံမှာ မြှုပ်ထားသော ရွှေတစ်အိတ်လောက်တော့ ရှိမည်ဟု



ထင်သည်။ ထို့ကြောင့် ဂျိုးကို အားပါးတရ နှုတ်ဆက်လေသည်။

ဂျိုးက စောစောကတည်းက သူ့ကို မြင်ကာ ယခုတော့ မော့မကြည့်ချေ။

''အလုပ်ကိစ္စနဲ့ လာသဗျ'' ဟု ကက်ပတိန်က ပြော၏။

''ပန်းပဲအလုပ်လား''

''တခြားကိစ္စပါ''

''အဲဒါလား။ ကောင်မလေးက အသင့်ပဲလား''

''မရှိပေါင်၊ ဘာဖြစ်လို့ရှိရမှာလဲ။ ငွေဘယ်လောက်ဆိုတာမှ သေသေချာချာမပြောရသေးဘဲ''

ဂျိုးက တူနှစ်ချက်၊ သုံးချက်ထုရင်း ''မနေ့ကပဲ ပြပြီးပြီကော ဘယ်လောက်လဲဆိုတာ''

ကက်ပတိန်က ပြုံးကာ ''သြော်. . . အဲဒါကလေးလား''

''အဲဒါကလေးက အကုန်ပဲဗျ''

ကက်ပတိန်က ''ဂျိုး အလုပ်ပြီးအောင် လုပ်ပြီးမှပဲ စကားပြောပါမည် ''ဟု ဆိုလေရာ ဂျိုးလည်း သံတစ်ချောင်းထပ်၍လုပ်ကာ မီးညှပ်များကိုချလေ၏။

ကက်ပတိန်က သူ့သမီးကို ဘယ်လောက်ချစ်ကြောင်း၊ စိတ်ချမ်းသာစေလိုကြောင်းကို ပြော၏။ ပိုက်ဆံ စကားပြောရသည်မှာတော့ သမီးဆုံးရသဖြင့် မခံသာသော ဝေဒနာကို သက်သာရာရအောင် တတ်အားသမျှ လုပ်ခြင်းသာဖြစ်လေ၏။ ငွေကို သိပ်ပြီးလည်း ပိုမလိုချင်ပါ။

''မနေ့ကပြတဲ့ဟာပဲရမယ်။ မယ်လစ်ဆာနဲ့လက်ထပ်တဲ့နေ့ကို လာယူလှည့်'' ဟု ဂျိုးကပြော၏။

''ဒီလိုစကားမပြောရဘူးလေ. . .ဂျိုး''

''စကားပြောနေတာက ခင်ဗျား၊ ကျုပ်က စကားပြောနေတာ မှုတ်ဘူး။ ဟုတ်တာကိုပြောနေတာ''

ကက်ပတိန်သည် ဂျိုးထံမှ ရွှေပို၍ ထွက်လာအောင် ခြောက်လှန့်သေးသော်လည်း ဂျိုးက မလှုပ်ချေ။

''ဂျိုးရ၊ မင်း ပေါဒီ ပေရိုက်တဲ့ ခုံအောက်မှာ ရွှေတွေအားလုံး မြှုပ်ထားတယ်ဆိုတာ ငါသိပါသကွ''

www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ဒီခုံရော၊ အဲဒီအောက်က ရွှေရော အရက်ဆယ်ဂါလန်နဲ့ လဲမလား''

''မင်းခုံ ဘာလုပ်ဖို့လဲကွ၊ ငါက တရားသဖြင့် ဖြစ်တာသာလိုချင်တာ''

''ကျုပ်ပြထားတဲ့ဟာပဲ ရမယ်''

ကက်ပတိန်လည်း နှုတ်ခမ်းကိုကိုက်ကာ အပေါက်ဝမှထွက်သည်။ သို့သော် ပြန်လှည့်လာပြီး ''မင်းရွှေဒင်္ဂါး ကြည့်ပါရစေဦးကွာ''

''ကြည့်ပြီးသားပဲဟာ၊ ဘာထူးဦးမှာလဲ''

''ငါ ရေမှ ရေမကြည့်ရသေးဘဲ''

''မသေမချင်း ရေနိုင်ပါသေးဗျာ၊ မလောပါနဲ့''

ကက်ပတိန်၏ ကိုယ်ဟန့်သေးကလေးသည် ပုံကျ သွားမတတ်ရှိလေ၏။ အရှုံးပေးလိုက်ပြီ။ ခေါင်းကို ငုံ့ကာ မော့မကြည့်ဘဲ လက်တစ်ဖက်ကို ဆန့်ပေးရင်း ''ကောင်းပြီ… ဂျိုး၊ ဈေးတည့်ပြီ'' ဟု ဆိုသည်။

ဂျိုးလည်း အရက်တစ်ပုလင်းကို ထုတ်ကာ ''ဒါဖြင့် သောက်ပွဲကျင်းပရအောင်''ဟု ဆိုသည်။

ကက်ပတိန်လည်း နေသာထိုင်သာရှိသွားကာ ပြောသည်။

''ဂျိုး ငါစိတ်ကူးထားတာကြာပြီ။ မင်းကိုပြောမလို့ပဲ၊ ကောင်မကလေး အနားကပ်နိုင်တာ တစ်ယောက်ပဲ ရှိတယ်။ အဲဒါ ခုတော့ အဝေးရောက်နေတယ်။ ဘာဖြစ်နေမှန်းတောင်မသိဘူး။ မင်းကို ငါက အခွင့်ကောင်းရှာပေးတာကွ၊ ကောင်မလေးတော့ ညင်ညင်သာသာရှိမှဖြစ်မယ်နော်…တခြား မိန်းမတွေနှင့်မတူတာ မင်းနဲ့ဆိုရင် နူးနူးညံ့ညံ့ ဆက်ဆံဖို့လိုတယ်။ ဆဲကြ၊ ရေးကြ၊ ထိုးကြ၊ သတ်ကြတဲ့ဟာမျိုးကို ကောင်မလေးက မြင်ဖူးလှပြီကော''

ကက်ပတိန်ပြန်သွားသော် ဂျိုးလည်း စဉ်းစား၍ကျန်ရစ်သည်။ ထိုင်ချပြီး ဆက်တွေးပြန်၏။ ကက်ပတိန်ပြောသည့်အတိုင်း မယ်လစ်ဆာ စောင့်စားနေသည်ဆိုသူမှာ မိမိလို၊ ဂျိုးလိုလူမျိုးသာဖြစ်သည်။ လူတွေကသာ မသိကြတာကိုး။ မိမိတောင် ခုမှ သိရသည်မဟုတ်လား။

ဂျိုးလည်း မယ်လစ်ဆာကို စိတ်ကူးနေလေ၏။

မယ်လစ်ဆာသည် တုန်နေသည်။ ရာသီက အေးစက်မှိုင်းပျ၏။ ထို့ကြောင့် အလုပ်ကိုပို၍လုပ်ရသည်။ အိမ်အဖီထဲ၌ ဒိန်ချဉ်ခေါက်၍



နေလေသည်။ သို့သော် ယခင်လိုမပျော်ချေ။ ဒလက်လှည့်ရသည်ကိုပင် လေးလှသည် ထင်သည်။ ဒိန်ခွက်ပက်များကို နေပူလှမ်းထားလေသည်။ နွေတုန်းကတော့ ကွင်းဆီသို့ မျှော်ကြည့်ခဲ့သည်။ ယခု အကျီရှေ့ဖုံးကို ဆွဲဆန့်ပြီး ဆံပင်ကိုလည်း မသပ်ရတော့ချေ။

မှုးလာသည်။ အားပျော့လှ၏။ မနက်စာ ကောင်းကောင်းမစားခဲ့။ ဆာလည်း မဆာချေ။ သို့ပေမည့် ဝုစ်ဆိုတာ မကြာခင် ပြန်လာမည် မဟုတ်လားကွယ်။ ထိုအခါကျလျှင် အားလုံးကောင်းသွားလိမ့်မည်။ သို့သော် ငိုချင်နေသည်။ လူသာမရှိဘူးဆိုလျှင် ခဏတွင်းချင်းမှာပင် ငိုမိတော့မည်။

ဝုစ်၏ နာမည်ကိုသာ တသ လျက်ရှိလေသည်။

သို့သော် တစ်စုံတစ်ယောက် ရောက်လာပြီး စကားပြော၏။ မယ်လစ်ဆာကမူ ဘာကြောင့်မှန်းမသိ မော့မကြည့်ဘဲ ဒလက်သာ လှည့်နေလေသည်။

''ဒီမှာ ငါကူပြီး လုပ်ပေးမယ်လေ''

ကြီးမားသော လက်တစ်ဖက်ရောက်လာပြီး ဒလက်တံကို ကိုင်သည်။ ဒလက်သည် အလျှင်အမြန် လည်လေသည်။ မယ်လစ်ဆာလည်း နောက်သို့ဆုတ်၍ မော့ကြည့်၏။

''ဂျိုး''

မယ်လစ်ဆာသည် လန့်ကာ၊ နံရံကိုမှီကာ ကိုယ်ကို ဟန်လိုက်ရ၏။

''အဘိုးကြီးက မင်း ဒီမှာရှိမယ်လို့ ပြောလိုက်တယ်။ အပြင်မှာ သွားထိုင်နေချေလေ၊ ငါ ပြီးအောင် လုပ်လိုက်ပါ့မယ်''

မယ်လစ်ဆာလည်း အပြင်ထွက်ပြီး ထိုင်နေရသည်၊ ဒူးများ မနိုင်တော့သည့်မို့ ရပ်ပြီးမနေနိုင်ချေ။

ဂျိုးကို ငေးကြည့်မိသည်။ ဂျိုးသည် ဒရောသောပါး လှည့်လေရာ ဒလက်သည် ထ၍ပင် ပျံတော့မည် ထင်ရလေ၏၊ ဒိန်နှစ်များထကာ ထောပတ်ပင် ဖြစ်လာပြီကို မြင်ရသည်။ ဂျိုး ဖဲကြိုးနီကလည်း ဒလက်လှည့်သည်နှင့်အမျှ ဘောက်ဆတ်၊ ဘောက်ဆတ်နှင့် ခုန်နေလေရာ မယ်လစ်ဆာသည် မရယ်ချင်သော်လည်း မတတ်နိုင်ဘဲ ရယ်မိလေ၏။

ဂျိုးက ရယ်သံကို ကြားဟန်ရှိပြီး လက်တစ်ဖက်ပဲလာရာ မယ်လစ်

www.burmeseclassic.com

www.burmeseclassic.com



ဆာသည် ချက်ချင်း အရယ်ရပ်ပစ်လေ၏။

သို့သော် သည်မှာပင် အကြာကြီးနေသည်။ ဂျိုးလည်း နောက်ဆုံးတော့ အနားရောက်လာ၏။ ဒိန်များ ထောပတ်ဖြစ်ပြီ။

''ပြီးပြီ'' ဟု သူက ဆိုသည်။

''ကျေးဇူးပဲ ဂျိုး''

''လုပ်ရတာက မဖြစ်စလောက်ပါ''

''ရှင်က အားကောင်းတာကိုး''

''ဂျိုးဆိုတဲ့ကောင်က သိပ်သန်တဲ့အကောင်ဗျ။ မင်းက မိန်းမလည်းဖြစ် လူကောင်လည်းသေးတယ်။ မင်းတို့အလုပ် လုပ်ပေးမယ့် လူတစ်ယောက် မလိုဘူးလားကွယ်''

မယ်လစ်ဆာက ဘာမှမပြောချေ။

သို့လျှင်, တစ်လကုန်၍ တစ်လဆန်းသည်။ ဝုစ်ကို မျှော်သည်။ သည်နေ့ မလာလျှင် မနက်ဖြန် လာလိမ့်မပေါ့ဟုလည်း စိတ်ဖြေသည်။ လူမတန်သဖြင့် ဘုရားကိုတာဝန်လွှဲသည်။ ဆောင်းပေါက်လေပြီ။ ဂျိုးကို တယ်ပြီး ဂရုမပြုဘဲ နေသည်။ ဂျိုး၏ ဖဲကြိုးနီကလေးကတော့ ဆောင်းဦးမှာ နီကျင်လာသည့် သစ်ရွက်များထက်ပင် ပို၍ အရောင်ပြောင်လေသည်။ နေ့စဉ်လို ရောက်လာပြီး ဟိုဟာ၊ သည်ဟာ ကောက်၍ လုပ်တတ်သည်။

ဂျိုးသည် ထင်းများခွေပြီးပုံရာ သူ့ရင်ဘတ်ထိအောင်ပင် မြင့်နေပြီ။ ထင်းများမှာ အလွန်မာ၍ ပိုးမဖောက်ချေ။ မီးတောက်မည့်ပုံဖြစ်သည်။ မယ်လစ်ဆာက စကားတစ်စ၊ နှစ်စပြောကာ ဝင်၍ကူလျှင် ဂျိုးသည် ကလေးသူငယ်လို သွားအဖြီးသားရှိသည်။

ဂျိုးသည် သူတို့အိမ်အလုပ်ကို ကြိုးစား၍ လုပ်သည်။ ဝက်သတ်ပေးမည့်အကြောင်းလည်း ပြောသည်။ မယ်လစ်ဆာက အတုံ့အလှည့် ဘာမှပြန်ပေးနိုင်မည် မဟုတ်ဟု ရှင်းရှင်းပြော၍ထားသော်လည်း ဂျိုးက ''သြော် တခြားလူကို ပေးဖို့ ရှိတာကိုနော်'ဟု ပြော၏။ မေးသော်လည်း မယ်လစ်ဆာက မပြောပြ။ ''ဘယ်သူလာတာမှလည်း မတွေ့''ဟု ဂျိုးက ပြောလျှင်တော့ ''ရှင့်ကို ကြောက်လို့လားမှမသိတာ'' ဟု ပြောလိုက်သည်။ ဂျိုးက ''ဟုတ်တယ်။ ကျုပ်ကို မကြောက်ဘဲ နေရရိုးလား'' ဟု ကြိမ်းသည်။

အပြင်မှ မြင်းခွာသံများ ကြားရကာ ထမင်းဆိုင်သို့ ခရီးသည်



တစ်ယောက် ရောက်လာပြီကို သိရသည်။ နှစ်ယောက်သား ပြတင်းမှ ထွက်ကြည့်၏။

'ဂျိုး . . . မြင်းသွားကိုင်ချေပါ'

မြင်းမှာ ရွာမှမြင်းဖြစ်၍ မြောက်အရပ်က လာခဲ့သည်ဆိုတာ သိရ၏။ ဝုစ်ဆီက စာကြုံများ ပါးလိုက်လေသလား။

ခရီးသည်မှာ သာသနာပြုသူများ အဝတ်ကိုဝတ်၍ အဆက်အပေါက်ကြီးပြီး ညစ်ထေးပေရေလှသည်။ လမ်းလျှောက်လျှင်လည်း ဆတ်တောက်တောက်နိုင်ကာ စကားပြောလည်း လမ်းလျှောက်သည့်နည်းတူ ဆတ်တောက်တောက်နိုင်သည်။ သူ့ကိုယ်သူ ဒါရဟာမ်မြို့မှ ဘုန်းတော်ကြီး (ပေါ့တာ) ဟု ကြေညာလေသည်။

မယ်လစ်ဆာကို သိမ်းရုံး၍ကြည့်သည်။ 'စိတ်နှလုံးကို လန်းသွားတာပဲ'ဟုလည်း ပြောသေးသည်၊ နမ်းရှုတ်နှုတ်ဆက်မည်ပြုသော် မယ်လစ်ဆာက ရှောင်သွားရာ ဘုန်းတော်ကြီးလည်း မသိမသာပင် နေပြန်လေသည်။ စားစရာတောင်းရာမှာလည်း ခွတိခွတနိုင်ပေရာ မယ်လစ်ဆာက လက်ပိုက်၍ ကြည့်ပြီး ရယ်မောလိုက်၏။ နောက် ထွက်သွားသောအခါမှ ဘုန်းတော်ကြီးလည်း မခံချင်သလိုဖြစ်ကျန်ရစ်၏။

ကက်ပတိန်ရောက်လာကာမှ ဘုန်းတော်ကြီးက စာတစ်စောင်ကို ထုတ်ပြလေ၏။ 'ခင်ဗျားသမီးကို စာကြုံပါးသဗျို့၊ ကျုပ်က အင်မတန်သစ္စာကြီးတဲ့လူစားမို့ မပျောက်မပျက်ယူခဲ့သဗျာ'

ကက်ပတိန်လည်း ညစ်ထေး စွန်းကွက်သော စာအိတ်ကို လှည့်ပတ်၍ ကြည့်ပြီးသော် သမီးဖို့ စာဖြစ်မှန်း သိလေ၏။ ပေါ်တာက ဂရုစိုက်ဟန်မရှိသော်လည်း 'မိန်းကလေးက စာမသွားလှဘူး'ဟု ဖြေရှင်းကာ ဖောက်ဖတ်လေ၏။

စင်စစ် ကိုယ်လည်း ဒေါက်ဒေါက်ပြေးအောင် စာဖတ်နိုင်သည် မဟုတ်ပေမင့် ရေကူးသလိုပေါ့၊ တစ်ခါ ကူးဖူးရင် နောက်လည်း ကူးတတ်တာပဲ။ ဖတ်သည့်အခါ အဓိပ္ပါယ်တော့ ပေါက်သည်။

ဝုစ်၏ စာမှာ တစ်လုံးကြီး၊ တစ်လုံးသေးနှင့် ပုဒ်မလည်းမဖြတ်ချေ။ သတ်ပုံကလည်း မှားသေး၏။ ဝုစ်၏ ခြေချင်းဝတ် တစ်ဖက်[illegible]နေသည့်တဲ့ ချောင်းကို ဖြတ်ရင်း ထိမိသည်။ ဘာမှမဖြစ်ပါ။ ဒဏ်ရာ[illegible] 'ပြင်ဆင်'ပြီး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟု စာသံပါပါ ရေးသည်။ မြေယာ ကေတစ်ရာခန့် ရပြီ။ နွားလည်း ရလိမ့်မည်။ သုံးပတ်မျှကြာလျှင် အရောက်လာခဲ့မည်။ ထိုနောက် ဝုစ်က လက်မှတ်ထိုးလိုက်သည်မှာ "ခုတော့ နယူးဟမ့်ရှိုင်းယားနယ်၊ ဆင်းဒွစ်မြို့နှင့် အနီးကလေးမှာ ရောက်နေသော ဝုစ်လစ်ဗင်စတန်"ဟူ၏။

"သတင်းဆိုးသလား" ဘုန်းတော်ကြီးပေါ့တာက မေး၏။

"သည့်ထက် ဆိုးနိုင်ဦးမလားဗျာ"

ဘုန်းတော်ကြီးပေါ့တာ ပန်းကန်လုံးကို စုတ်ရင်း "ဝင်တော့ မဖွက်ချင်ပါဘူး။ ဒါပေမယ့် အကူအညီလိုရင် ကူညီနိုင်ပါသဗျာ"

"ဒါဖြင့်ရင် ကောင်မလေးကို ခင်ဗျားပဲ သတင်းပေးပေတော့၊ ကျုပ်ကတော့ ပါးစပ်က မထွက်ရက်ဘူး၊ ပြီးတော့ ယုံမှာလည်းမှတ်ဘူး"

"ဘာသတင်းမို့တုန်းဗျ"

"ကောင်မလေးရဲ့ ရည်းစားက ကျောရရုံကြွသွားပြီကိုးဗျာ၊ အဲဒီစာကို ပေးလိုက်ပေါ့"

"သူ့အကောင်က သူဟိုမှာ နေရာကျလို့ မိန်းမတောင် ရနေပတဲ့"

"စာက ရက်ရက်စက်စက် ရေးလိုက်တာမို့ ပြောနေတာပေါ့"

"မြေယာသစ်ရှာတဲ့ အဖြစ်အပျက်ပေကိုး"

"ဒါပေါ့၊ ကျုပ်ပြောမယ်ဆိုလည်း ပြောလို့ဖြစ်ပါတယ်။ ဒါပေမယ့် ခင်ဗျားသာ ပြောပေးမယ်ဆိုရင် ထမင်းဖိုးရော၊ အိပ်ရာဖိုးရော ဘာမှ မယူဘူးဗျာ"

"ဟာ မလုပ်ပါနဲ့၊ မပြောချင်ပါဘူး"

"ဘုန်းတော်ကြီးဆိုတာ ဒီလို အလုပ်မျိုးလုပ်နေကျပဲဗျ။ သတင်းဆိုးပေးပြီး တရားချရတာပဲ"

"ကောင်မလေးနဲ့ နှစ်ယောက်တည်း ပြောရရင်တော့ ကောင်းသားပဲ"

"ဟာ ဒါတော့ မဖြစ်ဘူး။ ကောင်မကလေးက ခင်ဗျားကို လွှင့်သွားအောင်တောင် မှုတ်လိုက်ဦးမယ်။ ဒီလိုလုပ် ဧည့်သည်တွေ စုမိတော့မှ ဝုစ်လစ်ဗင်စတန်ဆိုတဲ့ သူငယ်တစ်ယောက် တွေ့ခဲ့သဟေ့ စသဖြင့်ပေါ့ဗျာ၊ စကား စပါ၊ ဒီလိုဆိုရင် ကောင်မလေးက နားရွက်ကလေး ထောင်လာလိမ့်မယ်"

"ဒါပေမယ့် ကျုပ်က မုသား ပြောရမှာဗျာ"



"စာထဲပါသမျှ ပြောတဲ့ဟာပဲဗျာ၊ စာဖတ်ကြည့်ချင်သေးတယ်ဆိုရင်လည်း... အေးလေ... ကျုပ်ပြလိုက်ပါ့မလား စဉ်းစားနေတယ်"

"ကျုပ်ဆိုလိုတာက သူငယ်နဲ့တွေ့မှ မတွေ့ခဲ့ဘဲ"

"ဒါဖြင့် သူငယ်နဲ့ တွေ့တာလောက်ကို သိစေမယ်ဗျာ"

"သူ့ရဲ့အကြောင်း ကျုပ်ပြောပြမယ်။ အရပ်ခပ်မြင့်မြင့်ဗျ၊ စကားလေးလေး တိုးတိုးပြောတတ်တယ်။ မျက်လုံး... မျက်လုံးက အပြာရောင်၊ အသားက ဖြူဖြူပဲ၊ ဆောင်းတွင်းဆိုရင်တော့ အသားမည်းလာရော"

"အေးလေ... သူနဲ့ မတွေ့ဖူးဘူး ဆိုပေမယ့် သူ့လိုသူငယ်မျိုးတော့ တွေ့ဖူးသားပဲ၊ အတူတူချည်း နေမှာပါ။ မထူးပါဘူး၊ ဟုတ်ပြီ။ သူငယ်က ဘယ်ရောက်နေသတဲ့လဲ"

"စာထဲမှာ မပါဘူးဗျာ"

ထိုနောက် ဘုန်းတော်ကြီးက ရွာထဲတွင် ဘယ်သူအချမ်းသာဆုံးလဲ ဟု မေးသည်။

ထမင်းဆိုင်တွင် လူစုံလာသည်။ လူတွေ မီးဖိုနားဝိုင်းပြီးနေကြသည်။ ဂျိုးတစ်ယောက်တည်းသာ မီးဖိုနှင့် ဝေးရာမှာ အဖော်မရှိဘဲ ထိုင်နေသည်။ ဘယ်သူကမှ သူ့ကို မခေါ်ငင်ကြ၊ သို့သော် မယ်လစ်ဆာကို ကြည့်နေရသဖြင့် ဂျိုးက ကျေနပ်၏။

"အေးကအေးနဲ့ ဂျိုး မီးဖိုနား တိုးပါလား" ဟု မယ်လစ်ဆာက ပြောသော် ဘယ်လိုမီးဖိုမျိုးမှ မတတ်နိုင်သော နွေးခြင်းဖြင့် နွေးသွားသည်။

စကားဝိုင်းမှာ မြို့ရွာသစ်များအကြောင်းလည်းပါသည်။ မြေသစ်ထွင်သူများသည် မြေကောင်းကို ဘယ်တော့မှမရနိုင်ဟု ပေါ့တာက ပြော၏။ မြေကောင်းဆိုသည်မှာ ပိုက်ဆံပေးနိုင်သူများအတွက်သာဖြစ်သည်။

ပေါ့တာသည် မယ်လစ်ဆာဆီ မျက်စိရောက်သွားကာ..

"စကားမစပ်၊ ဒီမြို့သားတစ်ယောက် ကျုပ်တွေ့ခဲ့ပါကလားဗျာ"

"ဘယ်သူပါလိမ့်၊ နာမည် မမှတ်မိဘူးလား" ဟု ကက်ပတိန်က မေးသည်။

မယ်လစ်ဆာက ထွက်သွားတော့မည့်ပြင်နေပြီ၊

"နေပါဦး၊ အင်... သိပြီ သိပြီ၊ ဝုစ်လစ်ဗင်စတန်လို့ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ရဲ့လားဗျာ"

"အင်ဆိုင်းကဝင်ပြီး ဟာ... ဝုစ်သာ မြေယာ တစ်ကွက်ရတယ် ဆိုရင်တော့ မြေယာကောင်းဖြစ်မှာပဲ၊ ဒီကောင်က သိပ်နားလည်တာ"

မယ်လစ်ဆာကို သူ့အဖေတစ်ယောက်သာ သတိထားပြီးကြည့်နေသည်။ မယ်လစ်ဆာသည် မလှုပ်မယှက်ရပ်လျက်ရှိသည်။

ပေါ်တာက မှတ်ချက် ချသည်မှာမူ 'ဒါပေမယ့် မိန်းမ ရွေးတဲ့နေရာတော့ သည်အတိုင်း မဟုတ်ပါကလားဗျာ'

ခဏမျှတိတ်နေပြီး အင်ဆိုင်းက "ဘာရယ်ဗျာ..."

"အဟုတ်ပါဗျ၊ မိန်းမက အပျက်မပဲ"

ကက်ပတိန်ကမူ သူ့သမီး၏ မျက်နှာချင်းဆိုင်မှာ မရောက်နေသဖြင့် ဝမ်းနည်းသည်။

ဘုန်းတော်ကြီးလည်း မိန်းကလေးကို တစ်စေ့တစ်စောင်းကြည့်ရင်း စကားဆက်ပြန်၏၊ မိန်းကလေးက တိတ်ဆိတ်ငြိမ်သက်စွာနေသည်ကို မြင်သော် အသေးစိတ်ပင် ပြောနေသေး၏။

မယ်လစ်ဆာသည် တစ်လုံးမကျန်ကြားရလေသည်၊ ဝုစ်၏ နာမည်ကို ကြားစက အားအရှိကြီး ရှိသွား၏၊ သို့သော် အသံဗလံများကို စကားလုံးအဖြစ် နားလည်ရသော် မယုံနိုင်အောင် ဖြစ်လေ၏၊ ဝုစ်ကိုသာ မြင်ယောင်သည်။ စကားလုံးများသည် ဝုစ်ကို မထိနိုင်ကြချေ။ သည်နေရာသည် စက်ဆုပ်စရာကောင်းလှသည်။ ညစ်ညမ်းလှပါတကား၊ အသက်ရှူရကျပ်လာကာ ဖျားချင်၊ နာချင် ဖြစ်လာလေ၏၊ လက်နှစ်ဖက်ကို ရှေ့သို့တန်းပြီး တိတ်ဆိတ်မှောင်မည်းရာ အပြင်သို့ထွက်လာ၏။ လေရှူချင်သည်။

ကက်ပတိန်ကမူ သမီး၏ကိုယ်ခန္ဓာကလေး လွတ်မြောက်ရာသို့ ထွက်ပြေးသည်ကို ကြည့်နေ၏၊ မကြာခင်ပင် 'ဘယ်သွားမလို့လည်း မိန်းကလေး' ဟု အော်လိုက်တော့သည်။ သို့သော် အခါကောင်းကို စောင့်ဆိုင်းနေစဉ် ဂျိုးက မယ်လစ်ဆာကို တစ်စေ ကြည့်နေသည်။

ဂျိုးသည်၊ ဖျတ်လတ်စွာ ထပြီး မိန်းကလေးအတွက် တံခါးဖွင့်ပေးလေသည်။

မယ်လစ်ဆာက တံခါးပေါက်မှ ထွက်သည်။

ဂျိုးသည် မယ်လစ်ဆာ၏ခြုံစောင်ကလေးကို ချိတ်မှ လှမ်းပြီး



ဖြုတ်ယူသည်။ ထိုနောက် မယ်လစ်ဆာနောက်သို့ လိုက်ကာ တံခါးကို ပြန်စေ့ခဲ့သည်။ ကက်ပတိန်လည်း ဝမ်းသာလုံးဆို့၍ နေသတည်း။

ထမင်းဆိုင် အပြင်ဘက်ဝင်းခြံထဲတွင်ကား ဂျိုးသည် 'မယ်လစ်ဆာ' ဟု ခေါ်နေ၏၊ မယ်လစ်ဆာက ပြန်၍ မထူးချေ။

"ရော့... ဒါလေး ခြုံထားပါလားကွယ်။ အေးလိုက်တာနော်"

မယ်လစ်ဆာသည် ခြုံစောင်ကို ကိုယ်မှာပတ်သည်။

ခေါင်းကိုတော့ မအုပ်၊ ထိုနောက် လေလာရာသို့ မျက်နှာမော့သည်။

"လေကြောင်း ပြောင်းသွားပြန်ပြီ၊ အေးလိုက်တာကလည်း ငရဲခံနေရတာလိုပဲ" မိုးပေါ်သို့ မော့ကြည့်လေ၏။ "တော်တော်ကြာ တိမ်တွေစင်သွားမှာပဲ၊ ဒီည ရာသီတော့ သိပ်သာမှာ"

မယ်လစ်ဆာကို ကြည့်သော် လေတိုးသဖြင့် ဆံပင်များ လွင့်နေသည်ကို မြင်ရ၏။ 'မယ်လစ်ဆာ' ဂျိုး၏ အသံသည် ထက်မြက်သော်လည်း ကရုဏာပိုဟန်ရှိသည်။

"ခုန အဘိုးကြီးက အလကားပြောနေတာပါ၊ ပါးစပ်က ယုတ်မာတာမှန်ပေမယ့် တချို့ဘုန်းကြီးတွေဟာ ဒီလိုပြောတတ်တာပဲ။ သူတို့ ဒါက လွဲရင် ဘာမှတတ်တာ မှုတ်ဘူး။ ငါတော့ ဘယ်တော့မှ အဖက်မလုပ်ပါဘူး"

မယ်လစ်ဆာ ခေါင်းညိတ်သည် ထင်ပါရဲ့။

"အမှတ်မထားနဲ့ သိလား။ ကိုယ်က အင်မတန် လိမ္မာတဲ့ မိန်းကလေးပဲဟာ၊ ကိုယ့်လို မိန်းကလေးမျိုးဟာ ဒီလိုစကားမျိုးကို နားထောင်တာ မှုတ်ဘူး"

မယ်လစ်ဆာက မလှုပ်ဘဲနေသည်။ "ဒါပေမယ့် မင်း ခုလိုထွက်လာတာတော့ ငါကြိုက်လှသကွယ်" ဂျိုးသည် ပတ်လည်ကိုလှည့်၍ ကြည့်လေ၏။ "ဘုရားရေ ပျော်စရာကြီးပါကလား။ လမ်းမမှာ လျှောက်ရအောင်၊ မင်းလည်း ဒီအကြောင်းမေ့သွားမှာပဲ" မယ်လစ်ဆာ၏ လက်မောင်းကို ကိုင်ပြီးလာရာ မယ်လစ်ဆာသည် ဂျိုးနှင့်လိုက်လာသည်။

အမယ်မင်း၊ ဂျိုး ဘာလုပ်ရမှာတုန်း။

ဂျိုးလည်း ဖြန်းခနဲရပ်ကာ ပေါ်တူဂီလို စကားသုံးလေးလုံးမျှ ထွက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် "အောင်မယ်လေး၊ မင်းကို သိပ်ချစ်တာပဲလားဟာ၊ မယ်လစ်ဆာရဲ့ ငါ့ကို ယူပါကွယ်။ ဘုရားရှေ့ ဒါဖြစ်နိုင်ပါတယ်နော်"ဟု ပြောလေ၏။

"ဂျိုး"ဟု မယ်လစ်ဆာက တည်ကြည်သည်သာစွာ ခေါ်လေ၏။

"ဂျိုး... ရှင်အိမ်ပြန်ပါတော့"

ဂျိုးသည် ကာလသားဘဝက ပေါ်တူဂီလိုပြောရသဖြင့်တစ်ကြောင်း၊ စကားသွက်သွက် ပြောခဲ့ဖူး၏။ ယခုတော့ စကားတစ်လုံးမျှ စိတ်ထဲမှာ စီ၍မရ၊ မေးရိုး လေးလံကာ ပါးစပ် ဟသွားပြီး တောင့်တောင့်မရပ်နိုင်ဖြစ်လာ၏။ သေးသွယ်၍ ဆံပင်တလွင့်လွင့်နှင့် အေးချမ်းတည်ငြိမ်သော အသံရှင် မိန်းကလေးသည် မိမိထက် စွမ်းအားကြီးမားသည်ကို သိမြင်လေ၏။

"ကောင်းပါပြီကွာ" ဟု ဂျိုးနွံ့စွာ ဖြေသည်။

"သွားတော့ ဂျိုး"

ဂျိုးသည် ပုန်ကန်ဦးမည်ကြံသော်လည်း မတတ်နိုင်ဘဲ မယ်လစ်ဆာ၏ စကားသံအညို့ဓာတ်မှာ မိနေလေ၏။

မယ်လစ်ဆာနှင့်ဝေးစွာသော နေရာသို့ မရောက်မီပင် သတိလည်လာသလိုဖြစ်ပြီး မယ်လစ်ဆာက ဘာမှ မငြင်းဆန်ခဲ့သည်ကို တွေးမိ၏။ ဘာပဲဖြစ်ဖြစ် ဂျိုး၏ သဘောထားကိုတော့ မယ်လစ်ဆာ သိလေပြီ။ ပန်းပဲဖိုသို့ပြန်ရင်း မိန်းကလေးတော့ ကိုယ့်ဆီကလွတ်အောင် မရုန်းနိုင်ပါဘူးဟု ထင်ထား၏။ တစ်ခါထက်တစ်ခါတော့ ပို၍အခွင့်ကောင်းကြုံလာပြီ၊ ဂျိုးသည် လက်သီးဆုပ်ကို မိုးပေါ်သို့မြှောက်ယမ်းပြပြီး ပျော်ရွှင်စိတ် သက်သက်ဖြင့် ဆဲရေး တိုင်းထွာမိလေသည်။

မယ်လစ်ဆာကမူကား မျက်စိထဲမှာ ဂျိုးကို မြင်လျက် လမ်းမမှာ ရပ်ကျန်ရစ်သည်။ သူတို့ပြောသလိုများ ဟုတ်နေမလား။ မဟုတ်နိုင်ပါ။ ဝုစ်ကို သူနှင့်အမူအရာအတိုင်း မြင်သည်။ ဝုစ်ကို ယုံသည်။

လေလာရာကို ကျောပေး၍ ခြုံစောင်ကိုခေါင်းရောက်အောင် ဆွဲခြုံကာ ပြတင်းမှ ထိုးကျလာသည့် အလင်းရောင်များကို ဖြတ်ခဲ့၏။ လူတွေပြန်ကုန်လျှင် အဖေနှင့်ဖြစ်စေ၊ ပေါ်ဗ်တာနှင့်ဖြစ်စေ သည်အကြောင်းကို ထပ်ပြောနေရမည်။ ထိုကြောင့် တင်းကုပ်ဆီသို့ လာခဲ့၏။ မြက်ခြောက်များသည်လည်း ထူထပ်လှ၍ အခန်းထဲမှာ အိပ်ရသည်လောက်ပင် အေးလိမ့်



ဦးမည်မဟုတ်၊ သူ့အဖေ စိတ်ပူနေလျှင်လည်း ပူချင်သလောက်ပူပါစေ။

မြက်ခြောက်တစ်ဆုပ်ကို ဆုပ်ကာ "ဝုစ် ပြန်လာမှာပါ၊ ငါသိပါတယ်" ဟု ဆိုမိလေသည်။

သို့သော် စင်စစ် သူဘာမှ မသိပါကလား။ ဘာပဲဖြစ်ဖြစ် စိတ်တော့ သက်သာသည်။ ကိုယ့်ကိုယ်ကို လိမ်၍မရတော့သည့်အခါ ဘာမှမသိ၊ ဟုတ်ချင်လည်းဟုတ်မှာပဲဟု ဝန်ခံလိုက်ရသည်။ ဘယ်တတ်နိုင်မလဲ၊ သူလာချင်လည်း လာမယ်။ မလာချင်လည်း မလာဘူး။ ဒါပေမယ့် သည်အတိုင်းတော့ မနေပါဘူး။ တစ်ခုခုဖြစ်လာဦးမှာပဲ၊ ဂိုဝင်ကြီးဆီ သွားရမလား၊ မိန်းမဖော်လည်း ပြောစရာမရှိ။

"အို... ဘုရားသခင် ဝုစ်ကိုခေါ်တော်မူပါဘုရား" မယ်လစ်ဆာသည် ငိုယိုလေ၏။

ထိုနောက် အိပ်ပျော်သွား၏။ နိုးလာပြီး လွန့်မိ၏။ ထမင်းဆိုင်ပေါ် ပြန်မတက်ချင်သည်နှင့် ဆက်ပြီးအိပ်ပြန်၏။ မယ်လစ်ဆာသည် သူ့အဖေထက် အိပ်ရတာ ပို၍ နှစ်နှစ်ချိုက်ချိုက်ရှိသည်။

ကက်ပတိန် ကမူ သူ့သမီးသည် တစ်ညလုံး ပေါ်တူဂီနှင့်နေသည်ဆိုလျှင် ပူစရာကုန်ပြီဟု ထင်သည်။ ဂိုဝင်ကြီးထံသွားပြီး ပြောနိုင်ပြီ၊ လက်ထပ်ပေးခိုင်းမည်။ သမီး၏အခန်းသို့ သွားကြည့်သော် ဟင်းလင်းဖြစ်နေသည်ကို မြင်၏။ မငြိမ်သက်လွန်း၍ အိပ်မပျော်ချေ။ ခြေဖဝါး၊ လက်ဖဝါးများ ချွေးစီးပြန်ကာ အိပ်ရာထဲတွင် တုန်တခိုက်ခိုက်ဖြစ်နေလေ၏။ တစ်သက်နှင့်တစ်ကိုယ် သည်တစ်ခါ နေလို့ထိုင်လို့ အကောင်းဆုံးပဲဟု သူထင်မြင်သည်။

မယ်လစ်ဆာသည် တစ်ညလုံး မြက်ခြောက်များပေါ်အိပ်သည်။ မိုးလင်းလုမှာ နိုးလာပြီး မြက်ခြောက်များကို ခါချ၏။ သို့သော် မစင်ချေ။ ဂရုလည်း သိပ်မစိုက်ခဲ့၊ ကွင်းထဲသို့ ထွက်ခဲ့၏။ မကြာခင် နေရောင်ဖြာလာတော့မည်။ ယခုတော့ မှောင်ရီသေး၏။ အရိပ်မှာလည်း မကျသေး၊ ပတ်လည်တွင် သစ်ပင်များက နံရံကို ဝိုင်းပြီးပေါက်နေလေသည်။ နေဝန်းပေါ်လာမည့် သစ်နှစ်ပင်ကြားကို မျှော်၍ကြည့်လေ၏။ မကြာခင်ပင် မယ်လစ်ဆာ၏ မျက်နှာပေါ်သို့ မနက်ခင်းသည် လင်း၍ ကျလာလေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

ဝုစ်သည် ခြေချင်းဝတ်က နာလျက်ဖြင့်ပင် တစ်ညလုံး ခရီးသွားလျက်ရှိ၏။ တောင်တက်ရသည်ထက် ဆင်းရသည်က ပို၍ ခက်နေသည်။ ဝေဒနာ မပြင်းထန်လှသော်လည်း စိတ်မချရသေး။ လမ်းမှာ သူလျှောက်ဖူးသောနေရာ မြင်ဖူးသော သစ်ပင်များကို မှတ်မိသည်။ မျက်နှာထားတင်းတင်းနှင့် "မိုးမလင်းမချင်း မယ်လစ်ဆာအကြောင်း စဉ်းစားလို့မဖြစ်ချေဘူး" ဟု ဆုံးဖြတ်သည်။ ရောက်သည့်အခါတွင် ထမင်းဆိုင်ကို ကွင်းထဲက ဖြတ်၍သွားမည်။ သို့လျှင် တင်းကုပ်သို့ အရင်ရောက်ပြီး အဲသည်မှာ မယ်လစ်ဆာနှင့် တွေ့ချင်တွေ့မည်။ သူ့ကိုသူ သပ်ရပ်အောင် ပြင်သည်။ ပြီးစီးသော် နေရောင် ဖြာလာလေပြီ၊ သူသည် ခါတိုင်းနှင့်မတူဘဲ တစ်မျိုးဖြစ်နေလေ၏။ "ငါ ဘာဖြစ်နေတာပါလိမ့်၊ အောင်မယ် ခုနေများ ဒရယ်တွေ့လို့တောင် ယမ်းမှုန့်ကုန်ရုံပဲရှိမှာ၊ တည့်အောင်ပစ်နိုင်မယ်မထင်ဘူး"

ထိုနောက် ကွင်းပြင်ဆီရောက်သည်။ မယ်လစ်ဆာကို မြင်သည်။ မယ်လစ်ဆာ၏ မျက်နှာပေါ်တွင် မနက်ခင်းသည် လင်း၍ ကျနေလေသည်။

မယ်လစ်ဆာသည် အရိပ်တွေကြားမှ တစ်ခုခုလှုပ်ရှားနေသည်ကို မြင်ရ ၏။ သို့သော် မျက်စိထဲ၌ နေရောင်စူးလှသဖြင့် ဝုစ် မှန်းမသိ၊ လူဖြစ်မှန်းပင် ပထမ မသိချေ။ နေရောင်ကို လက်ဖြင့်ကာ၍ကြည့်မှ လူမှန်းသိသည်။ ထိုနောက် ဘာမြင်ရသည်ဆိုတာသိသည်။ ဝုစ် ပြန်လာပြီလေ။

မယ်လစ်ဆာသည် ပြေးဆင်းလာသည်။ ကွင်းကိုဖြတ်၍ ပြေးလေသည်။ ဝုစ်ကလည်း သူ့သေနတ်ကိုချကာ လက်များဆန့်၍ ကြိုသည်။



အားရပါးရ ရှိသည်။ သူ့လက်များသည် မာကျောသန်စွမ်းလှသည်။

သို့လျှင် အတန်ကြာ ပွေ့ဖက်မိပြီးမှ မယ်လစ်ဆာမော့၍ကြည့်သော် ငုံ့ကြည့်နေသော ဝုစ်၏ မျက်နှာကို မြင်လေ၏။

သူတို့ စကားပြောနိုင်သည့်အခြေရောက်သော် ဝုစ်က မေး၏။

"မင်းဘာဖြစ်လို့ ကွင်းထဲ အစောကြီးရောက်နေတာလဲ မယ်လစ်ဆာ၊ ငါလာနေပြီဆိုတာ သိသလိုပဲ"

"ဟုတ်တယ်။ သိသလိုပဲ၊ ဒီကိုလာရရင် ကောင်းမှာပဲလို့ အောက်မေ့နေတာနဲ့"

"ဘာမှ မစားခဲ့ရသေးဘူးပေါ့"ဟု ဝုစ်က နားလည်စွာ မေး၏။

"အင်း. . . မသိဘူး။ မစားရသေးဘူး ထင်ပါရဲ့"

သူတို့ရယ်မောကြပြီး ဝုစ်က ပြောသည်။ "မင်းတစ်ကိုယ်လုံးလည်း မြက်ခြောက်တွေချည်းပဲ၊ တင်းကုပ်ထဲ သွားအိပ်နေလားဟင်. . ."

"ဟုတ်တယ်" သည့်အကြောင်းကို မယ်လစ်ဆာ မေ့နေသည်။

"မင်းက ကိုယ့်ထက်အများကြီးတော်တာပေါ့၊ ကိုယ်တော့ တစ်မှေးမှ မအိပ်ရပါဘူး။ ဘာဖြစ်သေးသလဲ၊ ဒုက္ခအတော်ရောက်နေလား မယ်လစ်ဆာ"

မယ်လစ်ဆာသည် မျက်နှာထားကြီးလာ၏။

"ဘာဖြစ်ကုန်သလဲ မယ်လစ်ဆာ"

မယ်လစ်ဆာက ပေါ်တာအကြောင်း ပြောပြသည်။

ဝုစ်သည် စဉ်းစားနေပြီး ပထမဆုံးပြောသည့်စကားမှာ "ကိုယ်နားမလည်ဘူးကွ" ထိုနောက် ကျယ်လောင်စွာပြောသည်မှာ "ပေါ်တာဆိုတဲ့နာမည်နဲ့လည်း အသိမရှိပါဘူး။ တစ်ခါမှမကြားဖူးဘူး။ ကိုယ်တော့ တစ်ချိန်လုံး ဂရန့်တောင်ခြေမှာရှိနေတာပဲ၊ ပေါ်တာဆိုတာက ဘုန်းကြီးဝတ်နဲ့ မျက်နှာ ပြုံပြုံဟုတ်လား။ သူက ဘာကိစ္စ ဒါမျိုးပြောရတာလဲ"

မယ်လစ်ဆာက ဘာမှမပြောချေ။

"ဒီကောင် ထမင်းဆိုင်မှာ ရှိသေးလား"

"ရှိသေးတယ် ထင်ပါရဲ့"

"ကိုယ်ပေးလိုက်တဲ့စာ ရရဲ့လား"

"စာ. . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မယ်လစ်ဆာသည် သူ့စာများ ဖတ်ရလျှင် ဘယ်လိုများနေလိုက်မလဲကွယ်ဟု တွေးမိလေသည်။

"ကိုယ်လည်း မသေချာလှပေမယ့် ရောက်ချင်ရောက်မယ်လေဆိုပြီး ရေးလိုက်တာပဲ၊ လူကြုံကြည့်ရတာလည်း ရှိုးပုံရတာနဲ့ စာထဲမှာ ဘာမှတော့ အထွေအထူးမပါဘူး။ တော်တော်နဲ့ ပြန်ရောက်မှာ မဟုတ်ဘူးဆိုတဲ့ အကြောင်းလောက်ပဲ မင်းကိုတော့ ဖတ်သချင်သား၊ ကိုယ်က အင်မတန်အားထုတ်ပြီး ရေးလိုက်တာကွ၊ ဖတ်လို့သိပ်ကောင်းမှာ"

ထိုနောက် ဝုစ်သည် သူ့ခြေချင်းဝတ်ကို ဘယ်လိုခိုက်မိသည့် အကြောင်း ပြောပြသည်။ သူဖြတ်ခဲ့သည့် ချောင်းရေထဲမှာ ငါးများ လက်မောင်းလောက် ကြီးကြောင်းလည်း ပါသည်။ အဖြစ်ဟောင်းအောက်မေ့စရာမို့ ရယ်ကြရပြန်သည်။

"ဂျိုးက နှောင့်ယှက်သေးသလား" ဟု ဝုစ်က မေး၏။ ဟင့်အင်း၊ ဒါပေမယ့် အရင်နဲ့ မတူတော့ဘူး။ ကျွန်မကို လက်ထပ်ချင်သတဲ့'

"မဟုတ်တာ၊ ဖြစ်မှဖြစ်ရသလေ"

"ဒါက သူ့ သဘောပဲဟာ"

"သူ့ သဘောကိုက ဒီလိုမရှိရဘူး။ မင်းနားကို ဂျိုးဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် ဘယ်အကပ်ခံနိုင်မှာတုန်းကွ"

"ကျွန်မတို့နှစ်ယောက် စကားရှိထားတာ သူဘယ်သိမှာတုန်း ဝုစ်ရဲ့၊ ရှင်က ဘယ်သူ့မှ မပြောရဘူးဆို"

"ဒါပေမယ့် သူ့ကိုတော့ တင်းတင်းဆက်ဆံမှပေါ့၊ ဘယ်တုန်းက သူဖွင့်ပြောတာလဲ"

"ညက"

"ညက၊ ဟုတ်လား။ တင်းကုပ်ထဲသွားအိပ်တော့ သူနဲ့တော့ မှတ်ပါဘူးနော် . . ."

"ဟုတ်ပါဘူး"ဟု မယ်လစ်ဆာက ခပ်အေးအေးဖြေသည်။

မယ်လစ်ဆာက ပြောပြသည်။ မျက်ရည်များ လည့်လာသည်ကို ချုပ်ထိန်းထားသည်။ ထိုနောက် ဝုစ်ကို ရယ်ပြလေသည်။ ဝုစ်လည်း အကြောင်းစုံသိရသော် တုန်လှုပ်သွားလေ၏။ နဂိုတည်းက စဉ်းစားမိဖို့ကောင်းလေ၏။ ဝုစ်သည် မျက်နှာထား တင်းမာလှသော်လည်း သူ့ကို



စိတ်ဆိုးနေခြင်း မဟုတ်သည်ကို မယ်လစ်ဆာ သိရလေ၏။

သူတို့သည် စကားပြောလာကြရင်း ဝုစ်က သူ တစ်ဖက်ရပ်အိမ်တစ်လုံးပင် ဆောက်ပြီးပြီဖြစ်ကြောင်းကို ပြောပြသည်။ "စာထဲ ထည့်ရေးလိုက်ပါပဲကွာ၊ ဒါပေမယ့် မရေးဝံ့သလောက်ကို ဖြစ်နေတာနဲ့ ကိုယ်တို့ ဆောင်းတွင်းမှာ အဲဒီရောက်နေမှာပဲ၊ မင်း တကယ်သွားချင်တယ်နော်"

"သွားချင်တာပေါ့၊ ဝုစ် ကျွန်မက အဆင်သင့်ပဲ"

"မင်း ခရီးသွားနိုင်ပါ့မလား၊ မင်းကိစ္စက ဘယ်တော့လဲကွာ"

"မေလလောက်မှာပေါ့၊ ဝုစ်ရယ် . . . ဒီလောက်တော့ ရှင်သိဖို့ကောင်းတယ်"

"မေလဆိုတော့ မှက်၊ ခြင်တော့ထူမယ်။ ဒါပေမယ့် ရာသီကတော့ အတော်နွေးလာပြီ၊ ကောင်းတယ်"

ထိုနောက် သူတို့သည် နေရေး ထိုင်ရေး ဆက်၍ ဆွေးနွေးကြလေသည်။ ထမင်းဆိုင်သို့ လာခဲ့ကြရင်း တံခါးပေါ်ရောက်သော် မယ်လစ်ဆာက မေးသည်။

"ဝုစ် . . . ကျွန်မအမေကို မှတ်မိလား"

"မှတ်မိပါတယ်"

"ကျွန် . . . ကျွန်မလည်း မှတ်မိတယ်"

ဝုစ်က မယ်လစ်ဆာ၏ လက်ကို ဆုပ်ကိုင်လိုက်ရာ မယ်လစ်ဆာလည်း တင်းကျပ်စွာ ပြန်၍ ဆုပ်မိလေသည်။

မယ်လစ်ဆာသည် တင်းကုပ်ထဲ ဝင်ကျန်ရစ်သည်။ နွားများကို အစာကျွေးရဦးမည်။ ဝုစ်က မယ်လစ်ဆာအစား လုပ်ပေးချင်သော်လည်း ထမင်းဆိုင်ကို ဝင်နှင့်ပါဟုဆိုသဖြင့် မလုပ်ရ။

ဝုစ်သည် အိမ်ရှေ့တံခါးမှ ဝင်လာသော် ကက်ပတိန်၏ ကျောကို ပထမ မြင်ရသည်။ ကက်ပတိန်က လှည့်မကြည့်အားဘဲ နှုတ်ဆက်ပြီး "ဘယ်သူဖြစ်ဖြစ် ကြွပါဗျား၊ ခဏစောင့်ပါဦး၊ ဟော ဒါက ညှော်သည့် ဒိန့်ပ်စီးတဲ့အသံ၊ အိပ်ပေါ်က ညှော်သည်လေ" ထိုနောက် ကိစ္စပြီး၍ လှည့်ကြည့်လျှင် ဝုစ်က "ကောင်းသော မနက်ခင်းပါခင်ဗျား"ဟု နှုတ်ဆက်သည်။

ကက်ပတိန်လည်း လက်များ ဆတ်ဆတ်တုန်သွားလျှ ကိုင်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အရက်များ ဖိတ်မည်စိုးရ၍ စားပွဲပေါ် ချလိုက်၏။ ပါးစပ်က အသံထွက်သွားပြီးမှ၊ "ဘယ်ငရဲက လာသလဲကွာ" ဟု ဆိုလေ၏။

"ဆင်းဒွစ်တစ်ဝိုက်ကပဲဗျ"

"ဘယ်တုန်းက ဒီကိုရောက်တုန်း"

"တံခါးပေါက် ကျော်လိုက်တုန်းကပေါ့"

"ရှာထဲ ပြန်ရောက်တာပြောတာ"

"နေထွက်စကပဲဗျ။ မနေ့ နေ့လည်ကစပြီး ခုအထိ ခင်ဗျားတစ်ယောက်ပဲ အရင်ဆုံး တွေ့ရသေးတယ်"

ကက်ပတိန်လည်း အသက်ရှူရ ချောင်သွား၏။ ကိုယ်က မသံမာသမှု ပြုထားသည့် လူတစ်ယောက်ကို ဖြုန်းခနဲ ရင်ဆိုင်တွေ့ရသဖြင့် ထိတ်လန့်စိတ် တဖြည်းဖြည်းပျောက်သွား၏။ ပြီးတော့ မယ်လစ်ဆာ အကြောင်းကို ပြောပြစရာ တကယ်ကောင်းသူ ရှေ့မှာရောက်နေပြီကော၊ ကက်ပတိန်သည် နှုတ်ခမ်းကို တံတွေးဆွတ်ရင်း "ထိုင်လေကွယ်။ မင်းကြည့်ရတာ ခရီးပမ်းလာပုံပဲ"ဟု ပြောသည်။

"ခရီးသွားနေတာပဲကို"

ကက်ပတိန်က စားသောက်ဖွယ်ဖြင့် ဧည့်ဝတ်ပြုမည်ကြံသော်လည်း ဝုစ်က လက်မခံချေ။

"ကျွန်တော် ဒီကိုလာတာက ပြောစရာကလေးရှိလို့ဗျ"

"တယ်ဟုတ်ပါကလား။ ငါ့မှာလည်း မင်းနားထောင်ချင်မယ့် သတင်းကလေးတစ်ခု ရှိပါ့မောင်" ကက်ပတိန်က ဟန်ပါပါပြုံးသည်။ သို့သော် သိပ်ပြုံး၍မရ၊ ဝုစ်ကို ကြည့်ရသည်မှာ ပို၍ ကြီးမားထွားကြိုင်းလာသည် ထင်ရ၏။ ဝုစ်ပေးလိုက်သည့် စာအကြောင်းကိုလည်း မသက်မသာ တွေးမိပြန်သည်။

"ဆိုစမ်းပါဦး"ဟု ဝုစ်က ပြောသည်။

"မင်း အရင်ပြောကွာ"

ထိုခဏ၌ ဘုန်းတော်ကြီးပေါ့တာသည် ဖိနပ်စီးပြီးပြီဖြစ်၍ အိမ်ပေါ်ထပ်မှ ဆင်းသက်လာသတည်း။ ညစ်ပတ်ပေရေစွာ အိပ်ချင်မူးတူးနှင့် ရောက်လာပြီး "ရမ် ဘယ်မတုန်း"ဟု မေး၏။ ထိုနောက် ဝုစ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး "မေးပါရစေ မင်းက ဘယ်သူတုန်း"ဟု ဆိုသည်။



"မေးနိုင်ပါတယ်၊ ကျုပ်ကတော့ ဝုစ်လစ်ဗင်စတန်ပါပဲ"

"သြော်၊ သြော် . . ." ဟု အလွယ်တကူဆိုပြီးမှ "ဟင် . . . ဘယ်သူတဲ့" ဟုမေးရင်း ကက်ပတိန်မျက်နှာ သနားစရာ ဖြစ်ပျက်နေပုံ မအံ့သြသာဘဲ မြင်ရ၏။

"ဒါပေမယ့် မင်းကတော့ ငါသိတဲ့ ဝုစ်လစ်ဗင်စတန် မဟုတ်ပါကလား"

"မဟုတ်ပါဘူး၊ ခင်ဗျားကို ကျုပ်လည်း တစ်ခါမှ မမြင်ဘူးဘဲ"

ဝုစ်၏လေသံမှာ အားလုံးကိုကြားပြီးပုံ ပေါ်လေ၏။

ဘုန်းကြီးက ပြောလေသည်မှာ "ကက်ပတိန် ကျုပ်ဘယ်သူလည်းဆိုတာ ပြောဦးမှပေါ့"

"အဲဒါက မစ္စတာပေါ့တာပါ ခင်ဗျား"ဟု ကက်ပတိန်က စိတ်အပျက်ကြီးပျက်ကာ ပြောရသည်။

ဝုစ်က "ဆိုစမ်းပါဦး၊ ခင်ဗျားသိတဲ့ ဝုစ်လစ်ဗင်စတန်က ဘယ်ဟာတုန်း"

ပေါ့တာက ကက်ပတိန်ကဲ့သို့ အံ့သြခြင်းဖြင့် အချိန်ဖြုန်းမနေအားဘဲ ကြံသလို လုပ်တတ်သောသတ္တိဖြင့် ဆိုသည်မှာ "တကယ်တော့ ကျုပ်သိတဲ့ ဝုစ်လစ်ဗင်စတန်က ရှိကိုမရှိဘူးဗျ။ မြေရောင်းချင်တာနဲ့ ဒီနာမည်ကို ထည့်သုံးတာပဲ၊ မင်းကို ထိခိုက်တယ်ဆိုရင် ဝမ်းနည်းပါသဗျား"

ထိုနောက် ဘုန်းတော်ကြီးက ရှင်းလင်းပြသည်မှာ "ဒီလိုပါ၊ မင်းက မြေရာကောင်းတစ်ခု ရထားတယ်ဆိုတာနဲ့ ကျုပ်ကလည်း ငွေလိုချင်နေတော့ ကျုပ်မြေကွက်ဟာ မင်းမြေကွက်နဲ့ ကပ်လျက်ပဲလို့ ပြောတယ်။ ဒါတွင်မကဘူး မင်းမှာ မိန်းမတွေ၊ ဘာတွေတောင်ရလို့ ပြောမိတယ်လေ"

ထိုနောက် ပေါ့တာက ကက်ပတိန်ဘက်လှည့်လာပြီး "ခင်ဗျားကို ရောင်းစရာရှိတယ်ဆိုတာ အဲဒါပဲ၊ ကဲ ငွေပေး"ဟု တောင်း၏။

ဝုစ်က သေနတ်တကိုင်ကိုင်နှင့်နေသည်ကို ကြည့်ကာ ကက်ပတိန်လည်း တောင်းသမျှပေးပြီး လွှတ်လိုက်ရသည်။ ငွေလေးဆယ့်ငါးဖေါင်ဆိုသည်မှာ နှမြောလောက်ပါသော်လည်း စာအကြောင်းများ ပြောလိုက်လျှင် ဒုက္ခဟု တွေးရ၏။

ကက်ပတိန်လည်း ပါးစပ်မှ မြည်တွန်တောက်တီးပြီး ဝုစ်ကို လှည့်ပြောပြန်သည်မှာ "ကဲ ပြောစရာရှိတယ်ဆို၊ တို့နှစ်ယောက် ပြောနိုင်ပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်သည် ပြောရသည့်စကားများထက် ပြောနေရသည့်လူက ကက်ပတိန်ကိုယ်တိုင်ဖြစ်နေသဖြင့် ပို၍ စိတ်မငြိမ်မသက်ဖြစ်ကာ ''ကျွန်တော် ပြောချင်တာကတော့ မယ်လစ်ဆာနဲ့ ကျွန်တော်တို့ လက်ထပ်တော့မလို့ ဆိုတာပါပဲ'' ဟု ပြောသည်။

''အင်း သတင်းက ထူးတယ်လို့တော့ ဆိုနိုင်ပါတယ်။ ဟုတ်ပါတယ်''

''ဆိုနိုင်တာပေါ့ဗျာ''

''မင်းလည်း သိပ်တော်တဲ့သူငယ်ပါပဲ၊ ခုလို မိကောင်းဖခင် သားသမီးပီပီ ငါ့ဆီ သမီးလာတောင်းတာ''

''ကျွန်တော် မတောင်းရပါကလား။ သတင်းပေးရုံပေးတာပဲ''

''ဒါပေမယ့် ငါ့အခွင့်မရဘဲ ဘယ်သူက လက်ထပ်ပေးမှာတုန်းကွ၊ ပြီးတော့ မယ်လစ်ဆာကို ဘယ်လိုကျွေးမှာတုန်း။ မင့်အဖေက ဘယ်လောက်တင်ပြီး တောင်းပေးမတဲ့လဲ။ မြက်ရိတ်မယ်ပေါ့လေ၊ အောင်မယ် ကြွက်သားရေများတောင် စုပြီးဆောင်းပြီး ရှိထင်ပါရဲ့၊ မရှူးစမ်းပါနဲ့ကွာ''

ထိုနောက် စိတ်အားထက်သန်စွာ ကိုယ်ကိုရှေ့သို့ ကိုင်းပြီး ''ခု မင်း ပြောနေပုံမျိုးကို တစ်နေ့ ကြားရမယ်လို့ ငါတစ်သက်မှာ တစ်ခါမှ မထင်ခဲ့ဘူးပေါင်ကွာ''

''ဒါပေမယ့် ကျွန်တော်ပြောတာကို ခင်ဗျားသဘောတော့ ပေါက်သားပဲ၊ အစက ဒီလောက်တောင် မထင်ဘူး''

ကက်ပတိန်က ကျိန်ဆဲပြီး ''နေဦးကွ၊ ငါပြောစရာရှိသေးတယ်။ မင်းက ငါ့မျက်ကွယ်မှာ ငါ့သမီးကို ခေါ်ရင် ရမယ်ထင်သလား''

''ခင်ဗျား မျက်စိရှေ့တွင် ခေါ်ပြပါ့မဗျာ၊ ကြည့်ချင်ရင်''

ဝှစ်သည် လှေကားဆီသို့မျှော်ကာ ''မယ်လစ်ဆာ''ဟု အော်ခေါ်သည်။

မယ်လစ်ဆာ၏ အသံခပ်သဲ့သဲ့ပြန်လာသည်။ ''လာပါပြီ၊ ခဏနေပါဦး''

သူတို့ နှစ်ယောက်စလုံး စကားပြောဖို့ရာ အလျင်မလိုကြဘဲ ရှိသည်။ ဘုန်းတော်ကြီးပေ့ါတာ မြင်းစီး၍ထွက်သွားသံ ကြားရ၏။ မြင်းခွာသံများကြားမှ ပေ့ါတာက ''ဂျိုး ပါလား ဟေ့''ဟု နှုတ်ဆက်သံကို ကြားရပြန်သည်။

ကက်ပတိန်က ဂျိုးဘယ်လိုပြန်ဖြေသည်ကို ဂရုမစိုက်၊ ဝှစ်ကသာ



ကြားလိုက်သည်။ ဂျိုး၏အသံမှာ ဘာမှမထူးခြား၊ ခါတိုင်းလိုပင် ရှိသည်။ ခဖြစ်စလောက် မြူးထူးသံပါသည်ဟုတော့ ဆိုနိုင်၏။ ဂျိုး တက်လာသည့် ခြေသံကို ကြားရသည်။

ကက်ပတိန်ကမူ ကောင်မလေး အိမ်ပေါ် ဘယ်လိုရောက်နေပါလိမ့်ဟု တွေး၏။ ပြီးတော့ ဝှစ်က ဘယ်နဲ့လုပ်ပြီးသိသလဲ။ ဩော်... သိပြီ၊ ညက ဂျိုးနဲ့ ဘယ်သွားသလဲမသိ၊ သွားပြီး မနက်ကျမှ နံဘေးတံခါးပေါက်ကတက်ပြီး အခန်းထဲဝင်နေတာပဲ၊ ဝှစ်ကတော့ အောက်ထပ်မှာမမြင်သည့်အတွက် အိမ်ပေါ်မှာရှိသည်ဟု ထင်တာဖြစ်မည်။

ဂျိုးက တံခါးကို တအားတွန်းဖွင့်ပြီး ဝင်လာသည်။ ဘယ်သူရှိရှိ ရှိရာလူကို နှုတ်ဆက်ချင်သည်နှင့် အော်ပြီး နှုတ်ဆက်သည်။ ဝှစ်ကို မြင်သော်လည်း မိတ်ဆွေ သဘောမျိုးထားနိုင်ကာ ''အလို၊ ဘယ်ရောက်ခဲ့သလဲဟေ့''ဟု ဆိုသည်။

''ခင်ဗျားကြည့်ရတာ နေလို့ထိုင်လို့ သိပ်ကောင်းပုံပဲ''ဟု ဝှစ်က ပြောသည်။

''ကောင်းလှပေါ့ဗျာ၊ ဒီနေ့များ မြက်ရိတ်ပြိုင်ရမယ်ဆိုရင် မင်းငါ့မမီဘူးဟေ့''

''တကယ်တော့ ခင်ဗျားက မိလုမီခင် ရှိတာမှုတ်လား''

''အင်ဆိုင်း ဝင်ရှုပ်လို့ပေါ့ကွာ၊ နို့မို့ရင် မင်းခြေတစ်ဖက်တော့ ငါမီအောင် ခုတ်နိုင်ပါရဲ့'' ဂျိုးသည် သူ့မေးရိုးကို သူစမ်းမိလေ၏။

''အေးလေ အဲဒီနေ့ကတော့ အပျော်သက်သက်ပါပဲဗျို့၊ ကက်ပတိန် ဘရန်ဒီနဲ့ရေစပ်ပါဗျ၊ မယ်လစ်ဆာကော ဘယ်မလဲ''

ကက်ပတိန်က ဖြည်းဆေးစွာပြုံးကာ

''မင်းဟာ အတော်လယ်တဲ့ကောင်ကွ ဂျိုးရ။ ဒီမေးခွန်းကို အမေးခံရမှာက မင်းကိုယ်တိုင်မို့လား''

ဝှစ် မလှုပ်မယှက် ဖြစ်သွားသည်ကို ကက်ပတိန်မြင်ရသည်။

ဂျိုးကတော့ ဘာမှမဖြစ်ချေ။ ရယ်မောကာပင် ''မယ်လစ်ဆာ ဘယ်မှာလဲဗျ''ဟု မေးနေသေးသည်။

ကက်ပတိန်က ရှောင်သွားရာ ဂျိုးသည် ဝှစ်မျက်နှာထားကို မြင်၏။ ရယ်စရာမဟုတ်သည်ကို သိလေ၏။ ကက်ပတိန်ကို ဆောင့်ဆွဲကာ

www.burmeseclassic.com

www.burmeseclassic.com



''မယ်လစ်ဆာ ဘယ်မလဲ''ဟု မေး၏။

''အိမ်ပေါ်မှာ၊ လွှတ်ပါကွ. . . ဂျိုး''

''သေချာရဲ့လား။ ဒါဖြင့် ဘရန်ဒီပေး၊ ရေမရောဘဲ သောက်မယ်'' အရက်ကို တစ်ကြိုက်တည်းသောက်ချပြီး ''ကျုပ်က မယ်လစ်ဆာ ဘယ်မလဲဆိုတဲ့ စကားမျိုးကို ကြိုက်တာမှုတ်ဘူးဗျ၊ မြင်တဲ့အတိုင်းပဲ''ဟု ပြောသည်။

''ဂျိုး၊ မယ်လစ်ဆာ ဘယ်မလဲဆိုတာက မင်းကို သူများပြောင်စရာ စကားမှုတ်ဘူး၊ မင်းက စောင့်ဖြေနေရမယ့် မေးခွန်းကွ၊ ဝှစ်က မယ်လစ်ဆာကို လက်ထပ်ချင်သတဲ့၊ ကဲ. . . တစ်ညလုံး မယ်လစ်ဆာ ဘယ်ပျောက်နေလဲ ဂျိုး''

ဂျိုးသည် ဝှစ်ဆီလှည့်လာ၏။ သူ့လက်များသည် လေးလံစွာ တွဲလွဲကျနေလေ၏။ ဖက်ကို ပုထား၏။ ဝှစ်ကမူ ဂျိုး၏မျက်နှာကိုကြည့်နေရာက ဂျိုး၏လက်များဆီ ရောက်သွား၏။ ဂျိုးသာ လှုပ်လိုက်လျှင်၊ ဂျိုးသာ စားမြှောင်ဆီ လက်ရောက်သွားလျှင်၊ သို့မဟုတ် ပူးသတ်မည်ကြံလျှင်၊ ဝှစ်သည် သေနတ်မောင်းကို ဆွဲလိုက်တော့မည် ဖြစ်လေ၏။ သို့သော် သူက စ၍တော့ မလှုပ်ရှားချေ။ ဂျိုးကမူ ပူးသတ်မည် ကြံသည်။ မိမိက လက်မြန်သည်။

ကက်ပတိန်က တစ်ယောက်တည်းသာ သက်သေရှိသည်ဖြစ်၍ ဝှစ်က စပြီး ရန်မူပါသည်ဟု ပြောနိုင်လျှင် ပြီးသည်။ ဂျိုး၏ လက်ချောင်းများသည် ကုပ်၍လာရာ ဝှစ်၏လက်သည်လည်း သေနတ်မောင်းဆီ ရွေ့လာ၏။ ''လာဟေ့ ဂျိုး''ဟုပင် ခေါ်လိုက်ချင်သည်။

ကက်ပတိန်ကမူ ''တစ်ညလုံး သူဘယ်ရောက်နေသလဲ''ဟု မေးနေ၏။ သို့သော် အရာမထင်၊ ထို့ကြောင့် ဒေါသဖြစ်လာကာ ''ဟေ့ ဂျိုးရ မင်းနဲ့ ညကထွက်သွားတယ်မှုတ်လားကွ၊ ပြောလိုက် ပြောလိုက်''ဟု ဆိုရာသည်တစ်ခါတော့ ဂျိုးရော ဝှစ်ရော ကြားကြလေ၏။

ဂျိုး၏ဒူးများ ညွတ်ကျသွားစဉ် မယ်လစ်ဆာ၏ အသံပေါ်လာလေ၏။

''ဒါ ဟုတ်သလား ဂျိုး''

မယ်လစ်ဆာသည် လှေကားထိပ်တွင် ရပ်လျက်ရှိ၏။ လက်ထပ်ပွဲအတွက် ဝတ်ကောင်းစားလှများ ဝတ်ထားလေ၏။ ဝှစ်က လှမ်းခေါ်သည့်



အခါက မယ်လစ်ဆာသည် ဇာခေါင်းစည်းထဲတွင် ဆံပင်သွင်း၍ မရနိုင်သည့်အတွက် ငိုလုငိုချင်ဖြစ်နေသည့် အခါပေတည်း။ လက်ဝတ်လက်စားကလေးများ ဝတ်ချင်သေးသော်လည်း သူ့အမေထားခဲ့သမျှကို အဖေက အကုန်ရောင်းပစ်သဖြင့် မရှိတော့ချေ။

ယခုတော့ကြည့်ပါဦး၊ သတို့သားဝှစ်သည် ဂျိုးနှင့် ရန်ပင်ဖြစ်နေသေး၏။ ဒေါသ ဖြစ်လှသည်။ ယခုနေ သတ်ကြလျှင် ဝှစ်သာ နာပေမည်။ ပြီးတော့ မယ်လစ်ဆာ၏ လက်ထပ်ပွဲ ဘာဖြစ်သွားမလဲ။ သူ့အဖေကိုလည်း အားကိုး၍မရ၊ အဖေ့ပြောစကားများကို လုံးစေ့ပတ်စေ့ ကြားလိုက်ရ၏။ ဂျိုးကိုမူ အထင်ကြီးသေး၏။ အကြောင်းကား ဂျိုးသည် ဉာဏ်ထိုင်း၏။ ဂျိုးကို ဖြောင့်မှန်သောစကားဆိုနိုင်းလျှင် ရကောင်း၏။ ထို့ကြောင့် ''ဒါ ဟုတ်သလား ဂျိုး''ဟု မေးလိုက်ခြင်းဖြစ်လေသည်။

ဂျိုးသည် သမီးနှင့်ဖအေ့မျက်နှာကို တစ်လှည့်စီကြည့်လေ၏။ မိမိ၏ အဖြေ အရေးကြီးမှန်း သိလေ၏။ မယ်လစ်ဆာသည် သူ့ထံမှ အမှန်စကားကို ခေါ်ထုတ်လေပြီ၊ ပေးလိုက်ချင်လှပါ၏။ သို့သော် မယ်လစ်ဆာကို ကြာရှည်ကြီး ကြည့်နေပြီး သူ့အသံကို သူမထုတ်နိုင်ခင် သူမခုခံနိုင်သော တောင့်တခြင်းကြီး တစ်ခုဝင်လာလေ၏။ မယ်လစ်ဆာ၊ မယ်လစ်ဆာ၊ သူနှင့် နီးဖို့ ခြေတစ်လှမ်း တိုးချင်ခြင်းသာ ရှိလေသည်။ ''ဟုတ်တယ်။ မင်းပါနဲ့ ရှိနေတာပဲ၊ တစ်ညလုံး''ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလေ၏။

ထိုတဒင်္ဂ၌ မယ်လစ်ဆာသည် မျက်လုံးများ ကြောက်လန့်ပြူးကျယ်လျက် ကြက်သေ သေကာ ကြည့်နေလေသည်။

ပထမဆုံး လှုပ်နိုင်သူမှာ ဝှစ်ဖြစ်လေ၏။ ဝှစ်သည် မယ်လစ်ဆာဆီသို့ လျှောက်သွားပြီး ''အသင့်ရှိပြီလား မယ်လစ်ဆာ''ဟု နူးနူးညံ့ညံ့မေးပြီး လက်တစ်ဖက် ကမ်းပေးလေ၏။

မယ်လစ်ဆာသည် ဝှစ်ကို ဝိုးတဝါးမျှသာမြင်ကာ လက်တစ်ဖက် လှမ်းကြိုယူကာ ''ဟုတ်တယ်၊ ကျွန်မ အသင့်ရှိပြီ''ဟု ပြောသည်။

မယ်လစ်ဆာက လှေကားမှ ဆင်းလာသည်။ ဝှစ်၏ညာဘက်ကို ကပ်ပြီး ကြောက်ရွံ့နေသော ကလေးငယ်သဖွယ် ခိုတွယ်၍လိုက်ခဲ့လေသည်။ ဝှစ် အဖို့လည်း လှေကားမှ တံခါးပေါက်သို့လာရသည်မှာ အင်မတန်ရှည်လျားလှသော ခရီးဖြစ်လေ၏။ ဂျိုးကို ကျောပေးလိုက်သည့်အခါမှကား

www.burmeseclassic.com

www.burmeseclassic.com



ယခုလို မစွန့်စားမိလျှင် ဘယ်လောက်ကောင်းမလဲဟု နောင်တရလေ၏။ ဂျိုး၏ ဓားမြှောင်မြှမြ ထက်ထက်သည် ဝှစ်၏လက်ပြင်အောက်ကို ယားကျိကျိ ရှိနေစေသည်။ သို့သော် ခေါင်းကိုမတ်မတ်ထားပြီး လှည့်၍မျှ မကြည့်ချေ။ မယ်လစ်ဆာ၏လက်ကို လွှတ်လိုက်ပြီး တံခါးဖွင့်ပေးသော် သူတို့ရန်မမူတော့ပြီဟု ထင်သည်။ မယ်လစ်ဆာလည်း တံခါးပေါက်မှ ဆင်းလေ၏။

မယ်လစ်ဆာလည်း ဂျိုး၏မျက်စိအောက်က ပျောက်လျှင်ပျောက်ချင်း ဂျိုးသည် သဘော်သားလက်ဖြင့် ဓားမြှောင်နှင့်ပေါက်လိုက်၏။ ချိန်တာထက် ပိုမြင့်သွားသည်ကို မြင်ရ၍ လွှတ်ခနဲအော်လိုက်မိသည်။ ဂျိုး၏ဒါးသည် တံခါးပေါင်မှာ သွား၍စိုက်ကာ တုန်နေပြီး တွဲလွဲဆွဲနေလေ၏။

ဝှစ်သည် တံခါးကို သူ့နောက်မှာပိတ်ခဲ့ပြီး မယ်လစ်ဆာကို မီအောင် လိုက်လာသည်။ သူတို့သည် ခြံကိုဖြတ်ကာ လမ်းမပေါ်သို့ပင် ရောက်လာသည်။ ရသေ့ရဟန်းတို့၏ လေးနက်တိတ်ဆိတ်ခြင်းဖြင့် လာခဲ့သည်။ မယ်လစ်ဆာကမော့ပြီး "ကျွန်မကို ဝှစ်ယုံတယ်နော်"ဟု ပြော၏။

ဝှစ်သည် ငုံ့၍မကြည့်ချေ။ ထိုအတွေးဖြင့် နှုတ်ခမ်းများကို တွန့်ပြီး ပြုံးဖြစ်အောင်ပြုံး၏။ "အေးလေ သူ့ကိုယ်ပေါ်မှာ မြက်ခြောက်မှ မရှိဘဲ"

မယ်လစ်ဆာလည်း ကောင်းစွာနားလည်သည်။ သူတို့သည် ဂိုဝင်ကြီး၏နေရာသို့ရောက်သော် မယ်လစ်ဆာအဖို့ မြေကြီးကို ခြေချရမှန်းပင် မသိတော့ချေ။

သို့သော် ထမင်းဆိုင်တွင်း၌ကား ဂျိုးသည် လက်မောင်းကို ခေါင်းဆိုက်ကာ စားပွဲပေါ်မှောက်လျက် ရှိုက်သည်။ ကက်ပတိန်က အရက်သောက်သည်။ ဂျိုး၏ဓားမြှောင်သည် တံခါးပေါင်မှ ကြမ်းပေါ် ဒေါက်ဒေါက်မြည်၍ ကျသော် လန့်သွား၏။ အရက်ကို ထပ်သောက်သေးသော်လည်း ဂျိုး၏ ရှိုက်သံများကို ခံနိုင်ရည်မရှိဘဲ "ဟေ့ ဂျိုးရ၊ တော်ပါတော့၊ ဘာကိစ္စ ငိုနေရတာတုန်း။ မင်းပိုက်ဆံလည်း မဆုံးသေးပါဘူးကွာ"ဟု ပြောမိသည်။

သို့သော် ဂျိုးသည် ဘာမျှပြန်မပြောဘဲ ခဏကြာမှ သက်ပြင်းရှူသွင်းကာ ယိုင်တီယိုင်တိုင်နှင့် ထွက်သွားသည်။

"ဟေ့ မင်းဓား ယူသွားဦးလေ၊ မထားရစ်ခဲ့နဲ့လေကွာ၊ ဟေ့ ဂျိုး" ဟု ကက်ပတိန်သည် ခေါ်ပြီး တစ်ယောက်တည်း ကျန်ရစ်လေ၏။

ဝှစ်နှင့် မယ်လစ်ဆာတို့သည် ဂိုဝင်ကြီး၏အိမ်သို့ရောက်သော် မိဘ၏



အခွင့်မရသေးသဖြင့် ရုတ်တရက် လက်ထပ်ပေးဖို့ရာ မဖြစ်နိုင်ချေ။ ဂိုဝင်သည် ရွာထဲသို့ နှီးဆော်၍ လူစုဝေးစေသည်။ ဖြစ်ပျက်ပုံကို ပြောပြသည်။ လူပရိသတ်က ငယ်ရွယ်သောသူများဘက်မှ နေသည်။ ဂျိုးကမူ ရောက်မလာချေ။ အဘိုးကြီး ဒေးဗစ်ကမူ မယ်လစ်ဆာ၏အဖေ ခွင့်ပေးမှ ဖြစ်နိုင်မည်ဟု ပြောသည်။

ဂိုဝင်လည်း ကက်ပတိန်ကို လှည့်၍မေးသည်မှာ "ကက်ပတိန် ဘတ်တလား၊ ခင်ဗျားရဲ့သမီးနဲ့ ဒီရွာသား ဝှစ်လစ်ဗင်စတန်တို့ လက်ထပ်ဖို့ သဘောတူပါသလား"

ဝှစ်နှင့် မယ်လစ်ဆာကလွဲ၍ လူတိုင်းသည် ကက်ပတိန်ကို ဝိုင်းကြည့်နေကြသည်။ ကက်ပတိန်ကမူ ဂိုဝင်ကိုသာ ကြည့်နေသည်။

"ဒါမှမဟုတ်. . ."

"တူပါတယ်"ဟု ကက်ပတိန်က ဖြေ၏။

ဝှစ်၏အဖေကိုတော့ ဘယ်သူမှ ထည့်မတွက်ကြချေ။

ဝှစ်ကို မြောက်အရပ်မှာ မိန်းမရနေတာ တွေ့ခဲ့သည်ဆိုသော သတင်းကတော့ လေထဲမှာ ဆိုင်းလျက်နေ၏။ ဘယ်သူကမှ ထုတ်မပြောသော်လည်း ကျေနပ်ခြင်းမရှိကြ။

လူတစ်ယောက်က ထ မေးသည်မှာ. . .

"ဒုက္ခဖြစ်လွန်းလို့ဆိုပြီး ရွာပြင်ထွက်တာက ဘာသဘောလဲဗျာ"

ဝှစ်က ထပြီးဖြေသည်။

"ဆင်းဒွစ်မြို့ပြင်မှာ နေရာတစ်ကွက်ရတယ်ဗျ။ သိချင်ရင် လှေတစ်စင်းနဲ့ ဆန်ပေတော့၊ ကျွန်တော်ကတော့ ကိုယ့်လှေထဲမယ် မိန်းမတစ်ယောက်ပါတယ်ဆိုရင် အလုပ်စချင်တာပဲ၊ ရေကလည်း ခဲတော့မယ်။ မစ္စတာဂိုဝင်ပြောတဲ့ ဒုက္ခဆိုတာတော့ ကျွန်တော် နားမလည်ဘူး။ ဒါပေမယ့် ကျွန်တော်ခုပြောတဲ့ အဖြစ်မျိုးကတော့ တကယ့်ဒုက္ခပဲ၊ ဒါနဲ့တောင် ကျွန်တော် မြေရာသစ်ဆီတော့ ရောက်အောင်သွားမှာပဲ၊ ကဲ. . . ကျေနပ်ပြီလား"

ဝှစ်သည် စကားထ၍ ပြောကာစကထက် ဒေါသပို၍ကြီးလာလေ၏။ မေးခွန်းမေးသူကတော့ ကျေနပ်လည်း ဝှစ်သည် ထင်သည်ထက်ပို၍ လျှောက်လဲတတ်သည်တကား။

ဝှစ်က ပြောသေးသည်မှာ "မနက်တုန်းက ထမင်းဆိုင်မှာ ပေါ့တာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဘုန်းကြီးကို ကျုပ်က လူလိမ်ကြီးလို့ခေါ်ခဲ့တာ သိကြတယ်မှုတ်လား၊ ဒါလောက်သိရင် လုံလောက်ပြီထင်ပါတယ်''

ဝုစ်နှင့် မယ်လစ်ဆာကို လက်ထပ်ပေးဖို့ရာ တော်ပြီဖြစ်သော်လည်း ဂိုဝင်ကြီးသည် ယီးတီးယားတားလုပ်နေရာ နှမအပျိုကြီးပင် မခံနိုင်တော့ဘဲ ''ဂိုဝင်ရဲ့၊ ဘာကိုစောင့်နေတာလဲ''ဟု အော်သည်။

လူတွေ ပိုင်းရယ်ကြ၏။ တစ်စုံတစ်ယောက်က ''ဟုတ်တယ်၊ အချိန်တော်ပြီဗျို့''ဟု အော်၏။ လူအများ ပိုင်း၍အော်ကြပြန်သည်။

သို့လျှင် ဂိုဝင်သည် အကျဉ်းချုံး၍ လက်ထပ်ပွဲ ကျင်းပ၏။ ထုံးစံရှိသည့်အတိုင်း မေးခွန်းမေးခြင်း၊ ဖြေခြင်းကို အရှည်ကြီးမလုပ်ချေ။ ဝုစ်နှင့် မယ်လစ်ဆာတို့သည် တစ်ယောက်ကိုတစ်ယောက် လင်ရယ်၊ မယားရယ်ဟု အသိအမှတ်ပြုလေသည်။ ဂိုဝင်လည်း သူတို့လင်မယားအတွက် ဆုမွန်တောင်းပြီး အာမဘန္တေခံရာ ပရိသတ်ကလည်း လိုက်၍ဆိုသည်။

မယ်လစ်ဆာသည် ဝုစ်ကိုဆွဲလှည့်၍ ခေါ်ခဲ့ပြီး နှစ်ယောက်သား ထွက်လာကြ၏။ တံခါးပွင့်လာ၏။ အပြင်မှ ညည့်ယံက သူတို့ကို ဆီးကြိုသည်။

သူတို့ကို တံခါးဖွင့်ပေးသူ အင်ဆိုင်းက ဝုစ်ဆီရောက်လာပြီး ''ဂိုဝင်ကြီးကပြောတယ်၊ သူ့အိမ်မှာအိပ်ကြတဲ့၊ ထမင်းဆိုင်ကို လူတွေအကုန်သွားကြပြီ၊ ဒါပေမယ့် မင်းသဘောအတိုင်းပဲ လုပ်ပါတဲ့၊ ဒါပေမယ့် မင်းလည်း သိသားပဲ၊ လက်ထပ်ပွဲတစ်ခုပြုရင် ထမင်းဆိုင်မှာ ဘယ်လိုသောင်းကျန်းတယ်ဆိုတာ...''ဟု ပြော၏။

''ဘယ်နှယ်လဲ မယ်လစ်ဆာ''

''မသွားချင်ပါဘူး ဝုစ်၊ မနက်ကပဲ အဲဒီနေရာက ထွက်ပြီး ရှင့်နောက်လိုက်လာတယ်မဟုတ်လား''

''အေးလေ ကိုယ်လည်း ဒီလိုပဲ အောက်မေ့တာပါပဲကွာ၊ အင်ဆိုင်းတို့ ဂိုဝင်ကြီးအိမ်ပဲသွားမယ်ကွာ၊ ကျေးဇူးပဲလို့ပြောနှင့်ပါ။ သွားစို့လား မယ်လစ်ဆာ''

အင်ဆိုင်းလည်း ထမင်းဆိုင်သို့ အရက်မကုန်မီ ရောက်အောင်ပြေး၏။ ကက်ပတိန်က အခမဲ့ တိုက်လိမ့်မည်။

ဝုစ်နှင့် မယ်လစ်ဆာတို့ကား လမ်းတစ်လျှောက်ကို ဆင်းခဲ့၏။ ပရိသတ်



၏အသံက အနောက်မှာ ကျန်ခဲ့သည်။ သူတို့သည် မီးလင်းနေသော အိမ်ပြတင်းပေါက်များကို ကျော်ခဲ့လေသည်။ အိမ်များသည် ခေါင်းပေါ်မှာရှိကာ ရေးရေးထင်၍ တကယ့်အစစ်အမှန်နှင့် မတူချေ။ ဝဲလင်းတိုင်မှ မီးခိုးများ လူ နေသည်။ ရိုးသားလှသော ရွာသူရွာသားတို့၏ နွေးထွေးသော အိမ်များပေတည်း။

ဝုစ်သည် ကြိုးစား၍ စကားပြောသည်။

''မယ်လစ်ဆာ... မင်းကို ခေါ်သွားစရာ နေရာတောင် ငါ့မှာမရှိတာ စိတ်မကောင်းပါဘူးကွာ''

''ဒါပေမယ့် တော်ကြာ ရှိလာမှာပဲ''

''ဟုတ်တယ်။ ရှိလာမှာပဲ''

ထိုနောက် လမ်းပေါ်တွင် ဖြုန်းခနဲရပ်ကာ ''ဝုစ် ကျွန်မကတော့ ရှင်ခေါ်ရာသာ လိုက်နေရမယ်ဆိုရင် ဘာမှ ဂရုမစိုက်ပါဘူး''ဟု ပြောသည်။

ဝုစ်သည် စကားပင် မပြန်နိုင်ဘဲ မယ်လစ်ဆာကို အနားသို့ဆွဲယူ၏။

''ဝုစ်၊ မနက်ဖြန် မထွက်နိုင်ဘူးလားဟင်... ''

''မနက်ဖြန် မဟုတ်လည်း သန်ဘက်ခါ နောက်အကျဆုံးပါပဲ''

ထိုနောက် လမ်းတစ်လျှောက်လုံး တိတ်ဆိတ်စွာ လာခဲ့ကြသည်။ ဝုစ်က မယ်လစ်ဆာ၏လက်ကို ကိုင်ခဲ့လေသည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

# မြစ်နဒီ

"ကဲ၊ တို့ခရီးစထွက်ပြီဟေ့၊ လိုက်ဖို့သာ လိုတော့တယ်" ဟုဝုစ်က မယ်လစ်ဆာကိုပြောလိုက်လေ၏။

သူတို့သည် မြစ်ပြင်မှာ ရောက်နေကြပေ၏။ ထိုနေရာမှမြစ်ပြင်သည် ရေတံခွန်အဖြစ်စီးဆင်းကျလာဖို့ ခရီးဝေးလှသေးကာကျယ်ပြန့်လှသည်။ ရေပြင်နှင့်ကပ်နေသော နှင်းမြူငွေ့သည် နံနက်ဦးဝယ်မှုံနေကာ နေရောင်ခြည်ကလည်း မြစ်၏အရှေ့ဘက် ကမ်းခြေပေါ်မှ အရိပ်များကို သေးမျှင်စေလေ၏။ လေပင်မရှိတော့သလောက်ပင်၊ ရှိသမျှလေမှာအနောက်တောင်လေဖြစ်၏။ မိုးသောက်ယံသည် သူရောက်လာပြီဖြစ်ကြောင်း ကြွေးကြော်ဖို့ စောလွန်းသော်လည်း သာယာသောနေ့ ဖြစ်လိမ့်မည်ဆိုတာကိုတော့ ရိပ်မိစရာအကြောင်းများ ရှိလေသည်။

ဝုစ်သည် မယ်လစ်ဆာအနားမှာပါလာသည်နှင့် အားတက်နေလေသည်။

ခရီးရှည်မို့ တဖြည်းဖြည်းနှင့်လှော်လေ၏။ လှော်တက်ရွက်သည် ရေနှင့်ဆက်စပ်ကာ မခွဲမခွာ ခဏနေပြီးနောက် ကွေကွင်း၍သွားပြန်၏။ မိန်းမနှင့်ယောက်ျားကဲ့သို့ပင် တစ်ယောက်နှင့်တစ်ယောက်တွေ့ကြုံကာ အတူတွဲဖက်နေပြီး နောက်ဆုံးတော့လည်း မမြဲသောတရားနှင့် ညားရသည်။ သို့သော်အတူ တွဲဖက်မိစဉ်မှာတော့ ပေါ်ထွက် ကွန့်မြူးလာသော ဂီတသံမှာ နစ်မျောရ၏။

ဝုစ်သည်မျှော်လင့်ချက်အပြည့်နှင့် ရှိသည်။ ကံကောင်းသည်



ဟုကိုယ့်ကိုယ်ကို ထင်၏။ တောအုပ်ဆီသို့သူသွားနေခြင်းဖြစ်ကာ မယ်လစ်ဆာက အနောက်မှပါသည်။ ချမ်းသာသုခဖြစ်နေသည်ကို ကိုယ့်ဘာသာသိ၏။ ပျော်ရွှင်ခြင်းနှင့် ကျွမ်းဝင်ရပြီးရယ်မောခြင်းကိုလည်း မကြာခဏပြုရ၏။

ဆင်းရဲဒုက္ခနှင့် တွေ့ချင်လည်းတွေ့မည်။ ဘေးအန္တရာယ်လည်း ထူပြောနိုင်သည်။ သို့သော်ကြုံတင်၍မှုဝန်မနေကြည့်ဘဲ စီမံသွားရမည်။ မယ်လစ်ဆာကို အကူအညီသဘောထား၍လည်းမရ၊ မယ်လစ်ဆာသည် မိမိလောက် အလုပ်မလုပ်နိုင် မလုပ်တတ်ဟူ၍ ယုံကြည်ခြင်း မရှိသော်လည်း မယ်လစ်ဆာကို ဆင်းဒွစ်မြို့သို့ ခေါ်သွားချင်ခြင်းသာရှိ၏။ ရေတံခွန်သံကို ကြားရ၏။ သဲ့သဲ့ပင်၊ သို့သော် မှေးမှေးပျောက်ပျောက်ရှိ၏။ ရေတံခွန်များကို ထပ်၍တွေ့ဦးမည်တည်း။ အသံမကြားရသေးတာ တစ်ခုပဲရှိသည်။

မယ်လစ်ဆာကို စိတ်ကြည်နူးစေချင်သည်။ သမင်ကလေးတစ်ကောင်လောက် တောစပ်ဆင်းလာရင် ကောင်းမှာပဲ ခုတော့ သားကောင်ကလေးများကိုသာ မြင်ရသေးသည်။

မြစ်ပြင်သည် ကျယ်ပြန့်လှ၍ တောတောင်ရေမြေကို ဝေးလံစွာသောအရပ်အထိ မြင်ရ၏။ မယ်လစ်ဆာ မျှော်မှန်းကြည့်ရှုသည့်အရာများမှာ ဝုစ် မျှော်မှန်းတာထက် ပို၍ကြီးကျယ်သည်။

"ဘယ်လောက်ခရီးပေါက်ပြီလဲ ဝုစ်"

ဝုစ်သည် ဖြည်းဖြည်းစဉ်းစားပြီးမှ ဖြေနိုင်တတ်သည်၊ "ဆယ့်လေးမိုင်လောက်ပါပဲ"

သူ့အသံက တိုးလိုက်တာဟုထင်၏။ စိတ်ကောက်သလိုဖြစ်ကာ ဘာမှမပြောဘဲနေ၏။ ဝုစ်ကမူကား မယ်လစ်ဆာက စကားများများ ပြောစေချင်သလားဆိုတာကိုမတွေးမိချေ။ တောအုပ်ထဲဝင်သည့်အခါမျိုး၊ မြစ်ပြင်ထဲ ရောခဲနေသည့်အခါမျိုးမှာ နေ့လည်ကြောင်တောင်လို စကားထွေရာ များခြင်းမှာ ဝုစ်အဖို့ ပြုမြဲကိစ္စသဘာဝကျသည်မဟုတ်ချေ။ ဝုစ်သည် အလုပ်များလှသည်မဟုတ်လား။

သို့သော် နှစ်မိနစ်၊ သုံးမိနစ်ကြာသော် ဝုစ်သည် မိမိအပြော တိုတောင်း လှသလားဟု သတိရလာ၏။ ထိုကြောင့် "ကိုယ်တို့ညအိပ်တဲ့နေရာက ဆယ်မိုင်ကျော်ကျော်ပဲရှိတယ်လေ။ ခုမနက်တော့ သုံးမိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



ခရီးပေါက်ပြီထင်တယ်။ ကိုယ်က သိပ်ပြီးတိတိကျကျသိတာမှ မဟုတ်ဘဲ။ ဒါပေမယ့် ဆယ့်သုံးလေးမိုင်ဆို မများလှပါဘူး။ မှတ်လား''ဟု ပြောပြန်သည်။

မယ်လစ်ဆာက ခွင့်လွှတ်နိုင်ပြီ ဖြစ်လေ၏။ ''ကောင်းပါတယ်။ ဒါပေမယ့် ၁၅ မိုင်ဆိုရင် ပိုကောင်းမယ်။ တစ်မိုင်ပိုပြီးဝေးလာလေ ဟစ်မျိုး ပိုကောင်းလေပဲ''

ဝုစ်က ထင်သည်မှာ မယ်လစ်ဆာသည် ခုလိုနှစ်ယောက်တည်း ခရီးသွားနေသည့်အဖြစ်ကို မစုံမက်ဘူး၊ ထိုကြောင့် သူသည် စိတ်မကောင်း ဖြစ်သွားသည်။ သို့သော် မယ်လစ်ဆာက ရှင်းသည်။

''ခရီးပိုပေါက်တာဟာ ကျွန်မတို့ တူတူနေရတာ ကြာပြီလို့ ဆိုတာနဲ့ အတူတူပေါ့ ဝုစ်ရဲ့''

''အေးလေ ခရီးအရှည်ကြီး ကျန်ပါသေးတယ်ကွာ''

''ဒါပေမယ့် ကျွန်မအဖို့ သိပ်မကောင်းတော့ဘူး ထင်တယ်''

''ဒီလိုချည်းပဲလည်း ဘယ်ဟုတ်မလဲ''

''ဒီထက် ဘယ်လို ပိုပြီးကောင်းနိုင်ဦးမှာလဲ''

''မဟုတ်သေးဘူးလေ၊ ဟောဒီတစ်လျှောက်ဆန်သွားရင် မင်းအနားဖြေစရာ နေရာတစ်ခုတော့တွေ့မှာပဲ၊ မယ်လစ်ဆာ နေရတာသက်သာရဲ့လား၊ ခေါက်တီခေါက်ကွေး ဖြစ်နေသလား''

''မဖြစ်ပါဘူး။ ခြေထောက်ဆန့်ချင်တာ တစ်ခုပဲ''

သူတို့သည် စကားပြော၍ကောင်းလာကြသည်။ သူတို့၏ ဇနီးမောင်နှံအဖြစ် ရောက်ရခြင်းကို ကြွားဝါပြီး ပြောလာကြသည်။ မယ်လစ်ဆာကမူ ထမင်းဆိုင်ရှင် အဘိုးကြီး၏သမီးဆိုတာ ဘယ်လိုပါလိမ့်ဟုပင် ပြောနေဦးမည်။ မိမိကတော့ ဝုစ်လစ်ဗင်စတန်၏ မိန်းမပေတည်း။

ဝုစ်က ပြောသေးသည်မှာ

''ကိုယ် မင်းကိုပြောမပြရသေးဘူးနော်၊ ကိုယ် ဂျိုးနစ်ရဲ့အိမ်မှာ ရောက်နေတုန်းပေါ့၊ တမ်ပေါ့မြို့ပိုင် မြေတစ်ကွက်ရတာ၊ မြေဝေတဲ့ကိုယ်စားလှယ်က လက်ရေး လက်သား တယ်ကောင်းကွာ၊ ကိုယ့်ဖို့ ဒါနဲ့ စာချုပ် ချုပ်ရတာပေါ့။ ဆင်းဒွစ်ရောက်မှ မင်းကိုပြရဦးမယ်။ လုံခြုံအောင်ဆိုပြီး ဂျိုးနစ်လက်ထဲအပ်ခဲ့တယ်။ ဂျိုးနစ်ရဲ့ မီးဖိုအောက်မှာ အံဝှက်ကလေးတစ်ခုရှိသကွာ၊ ဘယ်လောက်များ လုံလိုက်သလဲဆို၊ အဲဒီအထဲ ရေခဲတုံးဘစ်တုံးထည့်ပြီး တစ်အိမ်လုံးမီးရှို့ရင်တောင် အရည်ပျော်မယ် မထင်ပေါင်ကွာ၊ အေးလေ . . . အတုံးသေးသေးဖြစ်ဖြစ်တော့ ကျန်ဦးမှာပဲလို့ ဆိုတာပါ''



''စာချုပ်ရဲ့အဆိုက ဘယ်လိုတဲ့လဲ''

''ဒီလိုကွယ့်၊ ကိုယ့်ခြေချင်းဝတ်နာသွားတဲ့နေ့ကပေါ့၊ အဲဒီမြေကွက်ကိုတွေ့တာ။ ကိုယ်က ဧက ၁၀၀ လောက်ရှိမယ် မှန်းတယ်။ ကိုယ်စားလှယ်ကတော့ မကဘူးတဲ့။ မြေနဲ့ အသက်မွေးတဲ့လူပဲ၊ ဧက ၁၀၀ ဆိုတာ ဘယ်လောက်ကျယ်သလဲဆိုတာ ကျွမ်းသိပါတယ် ဆိုပေမယ့် ကိုယ်စားလှယ်က တောအုပ်ထဲကမြေဖြစ်နေရင် ဧက ၁၀၀ ဆိုတာ ကျဉ်းကျဉ်းကလေးလို့ ထင်ရသတဲ့၊ ပြီးတော့ ငါ့ခြေတံတွေကလည်း ရှည်လေတော့ ဧက ၁၀၀ ကို တခြားလူ ပတ်ပြီးလျှောက်တာထက် ပိုပြီးမြန်မြန်ပတ်မိမတဲ့၊ ဒါနဲ့ ဒီလိုလုပ်စို့လို့ သူကပြောတယ်။ ဒီမြေကွက်ကိုယူ၊ ဒါပေမယ့် ဧက ၁၀၀ မက ကျယ်နေရင် နောက်ရောက်လာတဲ့လူတွေကို ပိုတဲ့မြေကိုပေးရမယ်။ လျော့နေရင်လည်း ကပ်နေတဲ့မြေထဲကဖြည့်ယူ ဒီလိုတော့ တရားမျှတသားပဲကွ၊ ဟင်း တောင်ကုန်းတစ်ဖက်က မြေကို ပေးလိုက်မှာပေါ့၊ မကောင်းလား''

''ဒါပဲလား''

''သုံးနှစ်အတွင်း မြေခုနစ်ဧက ပြီးအောင်ထွင်မယ်လို့တော့ ပြောထားတာပဲ၊ ဂျိုးနစ်သာ ကူပြီးမီးရှို့ပေးရင်လေ၊ သစ်ပင်လဲ့ရုံနဲ့ မီးရှို့ရုံပဲကိုးကွယ်''

''ပြီးတော့ကော''

''အိမ်တစ်လုံးဆောက်ခွင့်လည်းပေးတယ်။ နွားမတစ်ကောင်လည်း ရမယ်''

''တကယ်လား ဝုစ်''

''ဂျိုးနစ် အပြောကောင်းတာနဲ့ ဆဲဆဲဆိုဆိုနဲ့ ပေးတာပဲလေ၊ ဂျိုးနစ်ရဲ့ အရက်ချိုင့်လည်း ဖဲပြောင်တာပါပဲ။ စာရေးပေးခလည်း သုံး သျှီလင်ပေးလိုက်ရသေးတယ်။ စာရေးစာသားကတော့ ရှင်းပါပေ့ကွာ။ စာတစ်လုံးတစ်လုံးရေးလိုက်တာများ ငါအခု လှော်တက်နဲ့ တစ်ချက်ခတ်သလောက်ပဲ မြန်တယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ဒီမြေကို ဘယ်သူပိုင်တယ်ခေါ်မလဲ''

''ကိုယ်ပိုင်တာပေါ့၊ မယ်လစ်ဆာရ၊ ဒီမြေကွက်မှာ တို့အခြေမတည်ဘူး။ အိမ်တွေဘာတွေ မဆောက်ဘူး။ တောမထွင်ဘူး ဆိုရင်တော့ သူတို့ ပြန်ယူသွားမှာပေါ့၊ တမ်ဝေါ့မြို့အတိုင်းပေါ့ကွာ၊ လူတွေ အိမ်ခြေတည်ရင်တည်၊ မတည်ရင် မြို့မဖြစ်နိုင်တဲ့ အတူတူဆိုပြီး မြေတွေ ပြန်ယူကုန်မှာပေါ့''

''ဒါဖြင့် တမ်ဝေါ့မြို့တည်လို့မရရင် ဘယ်နှယ်လုပ်ပါ့မယ်''

''ဘယ်နှယ်မှ လုပ်စရာမလိုဘူး။ မြေကို သူတို့ ပိုင်တာတော့ဟုတ်တယ်။ ဒါပေမယ့် မထွင်ဘဲနေတဲ့ မြေကို ပြန်ယူပါစေပေါ့၊ ငါကတော့ ထွင်လည်းထားရတယ်။ အိမ်လည်းဆောက်ထားတယ်။ ကိုယ်လည်းနေနေတဲ့နေရာကို ပြန်တောင်းမယ်ကြဲရင် မခံနိုင်ဘူးထင်တယ်။ ခက်တာတစ်ခုကတော့ ပိုက်ဆံကိစ္စပဲ၊ ပိုက်ဆံတတ်နိုင်တဲ့ ယောက်နယ်သားတွေက ဒီနယ်ထဲဝင်လာပြီး တို့လို အရင်ဦးပြီးသား ပိုက်ဆံမရှိတဲ့ လူတွေကို နှင်ထုတ်ချင်တယ်။ ဘယ်ခံနိုင်မလဲ၊ ဒီတော့ ဒုက္ခဖြစ်ကုန်တာပေါ့''

မယ်လစ်ဆာသည် ရေစပ်မှ ငှက်များကို ကြည့်နေသည်။ ခဏကြာသော် ''ဝှစ် ဂျိုးဖိလစ်က ဘယ်ကို သွားသတဲ့လဲ''

''မသိဘူးကွယ့်'

''ဘာဖြစ်လို့ပါလိမ့်''

''မပြောတတ်ဘူး''

''၂ ရက်နှင့် ၂ ညရှိပြီ၊ ပျောက်နေတာ၊ သနားစရာတော့ ကောင်းပါတယ်နော်''

''ငါလည်း အစတုန်းကတော့ ဒီလိုပဲ၊ မင်းသတိပေးတုန်းကလေ၊ အဲဒီတုန်းက သူက ရန်မမူသေးဘဲကို၊ ခုတော့ အရင်နဲ့မှ မတူတော့ဘဲ''

ထိုနောက် သူတို့သည် ရေတံခွန် စီးဆင်းသံများကို ကြားကြရလေရာ စကားမပြောဘဲနေသော်လည်း ဆိတ်ငြိမ်ခြင်း မရှိတော့ချေ။

မွန်းစောင်းစတွင် မြစ်ကျဉ်း၍ သွားသည့်နေရာသို့ ရောက်ကြ၏။ မြစ် ကမ်းတဖက်ဖက်သို့ ကပ်မိလျှင် မယ်လစ်ဆာသည် သစ်ပင်ထိပ်များမှာ ကပ်ငြိသော နေရောင်ကို မော်၍ကြည့်နိုင်သည်။ သို့သော် မတ်စောက်သော ကမ်းနှစ်ဖက်ကြားတွင်မူ မှိုင်းပျလှ၏။ ရေသည် ကြည်လင်သလောက်



နက်မှောင်လေ၏။ အပေါ်ယံမှာ လေတိုး၍ထသော ဂယက်များမရှိ၊ သို့သော် ရေစီးကြောင်းပြင်းထန်ကာ ရေပလုံကြီးများ စီးနေလေ၏။ ကျောက်ကမ်းပါးကို ကြည့်လျှင် ကျောက်တုံးတိုင်း၏အလည်တွင် ရေစား၍ ခွက်ဝင်နေသော ချိုင့်ကြီးများရှိကာ ရေသည် ချိုင့်ခွက်ကို ရိုက်ခတ်ပြီး လည်နေ၏။ ကျောက်တုံးနှင့် သစ်ပင်ဆွေးများငြိကာ ဒိုက်ပုံဖြစ်၍ သူတို့လှေနံဘေးမှာ မကြာခဏ မျောပါသွားသည်။ မယ်လစ်ဆာသည် ငြိမ်ငြိမ်ထိုင်နေသော်လည်း စိတ်မသက်သာလှ၊ ကြောက်လည်းမကြောက်၊ သို့သော် ကမ်းနားကပ်မိသည့်အခါမျိုးကို ပို၍ကြိုက်သည်။

ဝှစ်ကမူ စကားတစ်လုံးမှမပြောဘဲ လှေလှော်လျက်ရှိသည်။ ရေစီးကြောင်းကိုကြည့်၍ စနစ်တကျ လမ်းကြောင်းကောင်းကောင်းရှာသည်။ စွန့်စားရန်ကား မရှိ၊ အန္တရာယ်မရှိသလောက်ပင်။ ရေစီးကြမ်းသည့်နေရာကို သိသည်။ အိနေသော ရေကြောင်းနှင့် တတ်နိုင်သမျှလိုက်သည်။ မရှောင်သာသည့်အခါမျိုးသာ မကောင်းလှသော နေရာမျိုးကိုဖြတ်သည်။ သူတို့၏ ပိန်းကောလှေမှာ ပေါ့ပါး၍ ခြောက်သွေ့သဖြင့် လက်နိုင်၊ ခြေနိုင်ရှိသည်။ ယခုထက်ပို၍ ဝမ်းကျဉ်းလျှင် ပို၍ကောင်းမည်ဖြစ်သော်လည်း ကိစ္စမရှိ။

သူတို့သည် ညအိပ်ဖို့နေရာ ရှာကြသည်။ ကမ်းပေါ်တွင် မီးမှို့၍ ချက်ပြုတ်စားစရာ နေရာတစ်ကွက်တော့ တွေ့ရမည်။ သို့သော် ရေစီးကြောင်းကို ဖြတ်ရဖို့ဖြစ်လေ၏။ ကျောက်တုံးနှင့်သစ်ပင်ဒိုက်များ ထူလှ၍ ဝှစ်သည် သတိကြီးစွာ ထားရလေသည်။ အင်တိုက်အားတိုက် ခတ်ရလေသည်။ တစ်ချက်ခတ်တိုင်း 'အီး'' ခနဲ အသံထွက်သည်။ မယ်လစ်ဆာက အားလုံးကို မြင်၏။ သူ၏ ခြေချောင်းကလေးများကို ဖိနပ်ထဲတွင် ကွေးကုပ်ထားပါသည်။ သို့လျှင် ရေစီးကြောင်းထဲဝင်မိရာ တစ်ခါခတ်လျှင် တစ်မိုက်မျှသာ ရွေ့နိုင်လေ၏။ သို့သော် ရေစီးထဲဝင်မိသည့် အချင်းအရာသည် ရေစီးထဲမှ ထွက်ဖို့သာ ဖြစ်ပေ၏။

မယ်လစ်ဆာကမူ သည်အတိုင်း ထိုင်နေရတာကို မကျေနပ်နိုင်၊ ငှင်အဖို့ အလေးချိန်ပိုသည်ဟု ထင်သည်။ လှေသည် မရွေ့ဘူးဟုထင်မိ ရာ သစ်ကိုင်းတစ်ကိုင်းကိုဆွဲပြီး လှေငင်မည်ကြံကာ လက်ကမ်းလိုက်ရာ ''မလုပ်နဲ့''ဟု ဝှစ်က တအားအော်လိုက်၏။ မယ်လစ်ဆာသည် အလွန်ပင် လန့်သွားသဖြင့် လှေသည်ပင် စောင်းသွားရာ ဝှစ်သည် လှေငြိမ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရပြန်၏။ "မင်းလိမ့်ကျသွားမှာကွ၊ ဒါကြောင့် အော်လိုက်ရတာ"ဟု ဝှစ်က ဖြေရှင်းသော်လည်း စေတနာကောင်းနှင့်လုပ်မိသူက မကျေနိုင်ချေ။ "ကိစ္စမရှိပါဘူး"ဟုသာ ပြောသည်။

"တို့ အထက်က ရေတံခွန်ရောက်တဲ့အထိတော့ ခုလိုမဖြစ်တော့ပါဘူး။ ဟာ... ရေတံခွန်သံကြားတယ် မဟုတ်လား"

ထိုခဏ၌ မြစ်သည် ရုတ်ချည်းကွေ့သွားသည်။ အရှေ့တည့်တည့်တွင်တော့ ရေတံခွန်ကို နံရံဖြူကြီးပမာ တွေ့ရသည်။ လှေသည် ခလောက်ဆန်ပမာ လှုပ်နေလေ၏။ မယ်လစ်ဆာက မျက်စိမှိတ်ထားသည်။ ဝှစ်က "ဘယ်နှယ်သဘောရသလဲ"ဟု အော်မေးရာ မယ်လစ်ဆာက ခေါင်းသာ ညိတ်ပြလေ၏။ အသံဗလံကြားထဲမှ မျက်နှာပေါ် ပေါက်စဉ်၍ကျလာသော ရေစက်များအထိအတွေ့ကို ခံစားရလေ၏။ လှိုင်းတစ်ပွေ့နှင့်လိုက်သွားရာ သူတို့လိုက်မည့်နေရာသို့ ရောက်လေသည်။ လှော်တက်ကို ဟကွဲနေသော ကျောက်ကြားထိုးညှပ်ကာ ကန့်ကျောက်၍ ဆိုက်ရသည်။ "အဲဒီ ကျောက်ချပ်ပေါ်ကို ဆင်းပေတော့"ဟု မယ်လစ်ဆာကြားအောင် အော်ပြောရပြန်သည်။

ထိုညတွင် မယ်လစ်ဆာသည် ချမ်းလှသည့်အကြောင်းကို ထုတ်ပြီး ပြောလေရာ ဝှစ်သည် အတော်အံ့သြသွားလေ၏။ သူတို့သည် ငါးကို ညစာအဖြစ် စားရသည်။

ဝှစ်က လှော်တက်ကို ဂရုတစိုက် သိမ်းလေရာ

"ဒါက ဘာလုပ်တာလဲ"

"ဖြူကောင်လာစားမှာစိုးလို့"

"ဖြူကောင်က ဘာလုပ်မှာလဲ"

"ဆားနံ့ကလေးရရင် အကုန်စားတော့တာခင်ဗျ"

"ဒီမြစ်ရေက ရေချိုမဟုတ်လား"

"ဒါပေမယ့် ကိုယ်က ချွေးအတော်ထုတ်လိုက်ရတော့ လှော်တက်လက်ကိုင်က ဆားတမြမြနဲ့နေတာ၊ မင်းတို့အဖေ ထမင်းဆိုင်က အမဲသားခြောက်ကျနေတာပဲ၊ အောင်မယ် ငါ့လှော်တက်က ပိုပြီး နူးညံ့ဦးမယ် ထင်တယ်"

နောက်တစ်နေ့ လင်းသော် ခရီးဆက်ကြပြန်၏။ နှင်းလည်းမကျ၊ မိုးလည်းမရွာသဖြင့် ခရီးတွင်လေ၏။ စောစောလည်း ထ၍ နေလည်စာ



မချက်ပြုတ်သဖြင့် ပထမနေ့ကထက်ပို၍ ဆန်နိုင်ခဲ့လေသည်။ ဝှစ်က ရေတံခွန်များကို တစ်ခုပြီးတစ်ခု ကျော်ခဲ့ချင်သည်။ မုန်တိုင်းများကျလျှင် ဒုက္ခမရောက်အောင် နေရာကောင်းတစ်ခုတော့ ကြည့်ထားရမည်ဖြစ်လေ၏။

မယ်လစ်ဆာသည် ဝက်သားခြောက်ကို အစိမ်းအတိုင်း မစားဘူးသဖြင့် ညနေစာကို မြိန်ယှက်စွာ မစားနိုင်ဖြစ်ရ၏။ ဝှစ်ကလည်း ဟုတ်ပါပေသည်ဟု ထင်သော်လည်း မယ်လစ်ဆာက ရယ်မဆုံးတော့မှ ပျက်လုံးကို နားလည်သလိုလိုရှိသည်။

သူတို့သည် ရွာတစ်ရွာသို့ဆိုက်သည်။ မယ်လစ်ဆာသည် ကမ်းပါးပေါ်တက်ချင်စိတ် ရှိသဖြင့် ဝှစ်ကို ပြောကာ တစ်ယောက်တည်းလာခဲ့၏။ ရွာထဲမှ ထမင်းဆိုင်တစ်ဆိုင်သို့ ရောက်လျှင်ပင် စိတ်ထဲမသက်မသာ ဖြစ်လာလေသည်။ တံခါးခေါက်ရသော်လည်း "မလာမိရင်ကောင်းမှာ"ဟု တွေးနေလေ၏။

လူနှစ်ယောက်ကို တွေ့သည်။ မယ်လစ်ဆာက "မစ္စစ်လစ်ဗင်စတန်နာမည်နဲ့ စာများမရောက်ဘူးလား"ဟု မေး၏။ "မရောက်ဘူးဗျ"ဟု အဖြေရသည်။ ထိုမျှအမေးအဖြေနှင့်ပင် မယ်လစ်ဆာသည် ထွက်တော့မည်ပြုလေရာ "ဘယ်ရွာက ထည့်လိုက်မယ့်စာလဲ"ဟု မေးပြန်၏။

"ကက်တယ်ဖို့က ဆိုပါတော့"

"ကက်တယ်ဖို့က တစ်ယောက်မှတောင် မလာသေးဘူး"

"တစ်ယောက်လာပါတယ်လေ"

မယ်လစ်ဆာသည် နှုတ်လက်ပေါ့ပါးပြီးသာနေလျှင် လှည့်၍ပင် ကြည့်မိမည်မဟုတ်၊ ယခုတော့ လူနှစ်ယောက်မျက်နှာကို တစ်လှည့်စီကြည့်မိလေသည်။

"စာမဟုတ်ပါဘူး။ သူပြောတာက ကက်တယ်ဖို့က လူပါ"

မယ်လစ်ဆာက သိလိုသည်နှင့်ကြည့်သော်... ဘယ်သူလဲဆိုတာကို သိရလေ၏။ လက်မောင်းများကြားတွင် မျက်နှာနှစ်လျက် ကုန်းကုန်းကြီး အိပ်ပျော်နေသူ၏ ခေါင်းသည် လေးလံစွာလည်လာရာ ဆံပင်ချည်သည့် ဖဲကြိုးနီနီကို မြင်ရသည်။

မယ်လစ်ဆာလည်း တံခါးပေါက်မှ ပြန်ပြီးထွက်လာခဲ့၏။ ထိုအခါ လူနှစ်ယောက်သည် မယ်လစ်ဆာအကြောင်းကို ပြောကျန်ရစ်သည်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ကက်ပတိန်သမီးမှန်းသိသည်။ နောက် ဂျိုးအတင်းကို ချကြ ပြန်သည်။ ထိုင်နေသည့် စားပွဲမှ ခဏာမျှပင်မထဘဲ သောက်ကာစားကာ သာ နေသည်။ စကားလည်း တစ်လုံးမျှမပြော၊ ပိုက်ဆံလည်းမရှင်း၊ သုံးရက် ရှိပြီ။ ပြီးတော့ သူက ထိုးလား၊ ကြိတ်လားလုပ်ချင်သေးရာ သူ့ဗလကြီးကို ကြောက်သည်နှင့် သည်အတိုင်းပင် လွှတ်ထားရလေသည်။

မယ်လစ်ဆာသည် ဂျိုး ဘာကိစ္စ ဒီရောက်နေပါလိမ့်ဟု တွေးကာ လျှောက်လာသည်။ ဂျိုးများ လိုက်လာလေမလားဟု ကြောက်လန့်တကြား အပြေးလာရပြန်သည်။ ဝှစ်နှင့်နီးလာသည့်အခါ အော်ခေါ်သည်။ လှေပေါ် ခုန်တက်သော် ရယ်မောပြီးလာရာက ချက်ချင်း ငိုမိခြင်းသို့ ပြောင်းသွား သည်။

''ဘာဖြစ်တာလဲ မယ်လစ်ဆာ''ဟု ဝှစ်က မေးသည်။

''မြန်မြန်ထွက်ပါ ဝှစ်၊ မြန်မြန်''

''ဘာဖြစ်တာလဲ ပြောပါဦး''

''ဂျိုး ဒီမှာရောက်နေတယ်''

''သူက ဘာပြောသလဲ''

''ဘာမှ မပြောဘူး။ မူးပြီးအိပ်နေတယ်''

မယ်လစ်ဆာက ပြောပြရာ ဝှစ်သည် အချိန်ယူ စဉ်းစားကြံဆရလေ၏။ နောက်ဆုံး၌ လှော်တက်ကိုကိုင်သည်။

''ဘယ်သွားမှာလဲ ဝှစ်''

''ဆင်းဒွစ်ကိုလေ. . . ''

ထိုနေ့ ရေတံခွန်တစ်ခုကို ကျော်ခဲ့ပြန်သည်။

ထိုညတွင် မယ်လစ်ဆာသည် ၅ ခါမျှ ထ၍ မီးဖိုကို ထင်းစာကျွေး သည်။ ဝှစ်ကတော့ တုတ်တုတ်မျှမလှုပ်ချေ။ ထိုကြောင့် ပို၍သဘောကျ မိသော်လည်း မယ်လစ်ဆာသည် အားငယ်လှသည်။

ပြန်၍အိပ်သော် မျက်လုံးများကြောင်လှသည်။ မိုးလင်းပါစေဟု ဆု တောင်းသည်။ ဂျိုးအကြောင်းလည်း တွေးမိသည်။ ဆင်းဒွစ်ကို ရောက်ချင် လှပြီ။ မွေးဖွားရမည့် ကလေး၏ပြုံးမည့်ဟန်ကို မြင်ယောင်သည်။

ဆာလောင်လှ၍ ဝှစ်နိုးလာသော် မယ်လစ်ဆာက အိပ်ပျော်လေပြီ။ မီးပုံကို ကြည့်ခြင်းအားဖြင့် မယ်လစ်ဆာသည် ညက ခဏခဏထ၍



ထင်းထည့်သည်ကို သိရလေသည်။ သူကတော့ ဘာမှမသိ။ မိုးလင်းတော့ မည်ဆိုတာသာ သိသည်။

ကောင်းကင်ကို ကြည့်သော် ကြယ်တွေဝင်ကုန်ပြီ။ လေကလည်းသာ လှ၍ အနောက်ဘက်မှ ဖြောင့်ဖြောင့်တိုက်ခတ်သည်။

ဝှစ်သည် ဘယ်လမ်းက လှည့်သွားရမည်ကို စဉ်းစား၏။ လမ်း ၃ လမ်းရှိသည်။ တစ်လမ်းမှာ ကုန်းကြောင်းလည်းသွားရမည်ဖြစ်ရာ မယ်လစ် ဆာ လျှောက်နိုင်ပါ့မလားဟု တွေးပြီး တည့်ကြည့်လေးနက်စွာ ပြောသည်မှာ

''မယ်လစ်ဆာ မင်းခြေထောက်တွေ ငါကြည့်ချင်တယ်''

မယ်လစ်ဆာက ခြေအိတ်စွပ်ထားသည့် ခြေထောက်ကိုပြလေရာ

''မဟုတ်ဘူး၊ ခြေဖဝါးတွေပြောတာ''

''ဘာလုပ်ဖို့လည်း ဝှစ်''

''ကွဲနေသလားလို့၊ ဆောင်းတွင်းဆို ကွဲတတ်တာပဲ၊ ပြောစမ်း၊ ဆောင်းတွင်းမှာ ဘယ်အချိန်လောက်ဆိုရင် ခြေထောက်ချည်းပဲ မလျှောက် တော့သလဲ''

''အစောကြီးကတည်းကပဲ၊ စက်တင်ဘာလလောက်''

''ဒါဖြင့် ရေလမ်းကိုလိုက်မှ''

''နေလို့ကောင်းပါတယ်နော်''ဟု မယ်လစ်ဆာက မေး၏။

''ကျောတောင့်နေတာတစ်ခုပဲ၊ သိပ်အိပ်ထားလို့၊ ဒါပေမယ့် အလုပ် လုပ်လိုက်ရင် ကောင်းသွားမှာပဲ''

''ဒါဖြင့် . . .''

ထိုကြောင့် ပြောပြရသည်။ ရေခဲနေတဲ့ လမ်းကလည်း မသွားချင်ဘူး။ ပင်လယ်လောက်ကျယ်တဲ့ ရေကန်ကြီးကိုလည်း မဖြတ်ချင်ဘူး။ တစ်လမ်းပဲ ကျန်တာက တောထဲဖြတ်ရဦးမယ်။ အစကတော့ မင်းခြေထောက်တွေ နာမှန်းမသိလို့''

''ကျွန်မ လျှောက်နိုင်ပါတယ် ဝှစ်ရဲ့''

''မင်းဖိနပ်တွေက တစ်ရက်နဲ့ကုန်သွားမှာ။ မြေကြီးက ဘယ်လောက် အေးမယ်ထင်လဲ၊ နှင်းကလည်း နည်းနည်းနောနောကျမှာမှုတ်ဘူး။ ငှက်တွေ မှာ၊ ချော်လဲဦးမှာကလည်းရှိသေး''

''ကျွန်မ လျှောက်နိုင်လွန်းလို့ ဝှစ်ရယ်''

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးခင်ဗျ။ မြစ်ကြောင်းကပဲ သွားမှဖြစ်မယ်။ ခရီးဘယ်လောက်ထောက်ထောက် တော်ကြာဟန်ကျသွားမှာပါ"

"ကျွန်မ ဘာမှလည်း မကူနိုင်ဘူးနော်"

"မင်းပါလာတာက မင်းငါ့ကို ကူတာပေါ့ကွ။ နို့မဟုတ်ရင် ငါခုလိုရွာက ထွက်ဖြစ်မှာ မဟုတ်ဘူး။ ဒီမြစ်ကြောင်း ခရီးသွားရတာတင်ပြောတာမှုတ်ဘူး။ ဘယ်ကိုမှ ရောက်မှာမဟုတ်တာကိုပြောတာ"

မြစ်သည် ကျဉ်းမြောင်းလာပြန်၏။ အန္တရာယ်လည်း လျော့ပါးသွားသည်။

မယ်လစ်ဆာသည် ယခုတော့ ဝှစ်အမြင်မျိုးနှင့် မြစ်ရေကိုကြည့်တတ်ပြီ။ ဝှစ်က မြစ်ရေကို အသုံးဝင်သောအရာလို သဘောထားသည်။ ကိုယ့်ပခုံးပေါ်က ဝန်ကို မြစ်ရေက ထမ်းသည်။ သုံးပြန်မျှ သယ်ရသောပစ္စည်းကို မြစ်ရေက တစ်ပါတည်းသယ်သည်။ ဝှစ်က တွန်းပေးရုံမျှသာတည်း။

သည်လိုဆိုတော့ မယ်လစ်ဆာလည်း သဘောကျသည်။

သူတို့သည် မြစ်ရိုးမှ လမ်းကြောင်းပြောင်း၍ ချောင်းတစ်ခုသို့ ရောက်လာသည်။ ချောင်းသည် ကျဉ်းမြောင်းလှ၏။ ရေစီးသန်လှလေရာ သည်တစ်ခါတော့ ရေစီးနှင့်မျောပါတော့မည်ဟု မတွေးစဘူး တွေးလေ၏။

သူသည် ကမ်းဘက်သို့ ကပ်ခဲ့သည်။ ရေစီးသည် ပို၍ပင်သန်နေလေသည်။ ထိုခဏ၌ လှေဦးက ရေအောက်ရှိ သစ်တုံးတစ်တုံးကို သွား၍ဆောင့်မိလေရာ လှေသည် မြောက်တက်သွားပြီး ညာဘက်သို့ စောင်းလျက်ပြန်ကျ၏။ မယ်လစ်ဆာက လှေနံကိုဆွဲလိုက်ရာက ရေထဲကျသွား၏။

ဝှစ်သည် ရေထဲ ထိုးချပြီး လိုက်ရှာသော်လည်း မတွေ့ချေ။ သစ်တုံးများအောက် ရောက်နေသလားဟု စမ်းပြန်သော်လည်းမရ။ ခေါင်းပြန်ဖော်လိုက်မှ ပေနှစ်ဆယ်အကွာ ချောင်းအောက်ဘက်၌ မယ်လစ်ဆာပေါ်လာသည်ကို တွေ့ရ၏။ မယ်လစ်ဆာသည် ဂယက်က ပက်ထုတ်သဖြင့် ကမ်းဘက်သို့ရောက်သွားလေ၏။ ချောင်းဆိုးနေပြီး မောပန်းလှဟန်ရှိသည်။ ပါးမှာလည်း ခြစ်မိသည့်အတွက် သွေးထွက်နေသေးသည်။ မယ်လစ်ဆာကို ပွေ့ပြီး ကျောက်ကမ်းပါးပေါ် လက်သည်းများနှင့် ကုတ်ခြစ်၍ တက်ခဲ့ရ၏။ သူတစ်ယောက်တည်းသာဆိုလျှင် အပေါ်ရောက်အောင်တက်နိုင်မည် မဟုတ်ဟု



ထင်လေ၏။ မယ်လစ်ဆာကို မှောက်ပြီး ရေများကို အန်အောင်လုပ်၏။ သတိရလာလာချင်း "နေလို့ကောင်းပြီ"ဟု မယ်လစ်ဆာက ပြောသည်။

ဝှစ်သည် မယ်လစ်ဆာကို ထားခဲ့ပြီး သေနတ်ပြန်၍ ယူလေ၏။ ယမ်းမှုန့်ထည့်သည့် ကျွဲချိုကိုပါယူလေ၏။ မယ်လစ်ဆာရှိရာသို့ ရေစီးကြောင်းနှင့် နပန်းလုံးပြီး ပြန်ရောက်လာသော် မယ်လစ်ဆာသည် အေးစက်လျက်ပုံလျက်သားရှိသည်ကို တွေ့ရ၏။ ဆတ်ဆတ်တုန်သော လက်များနှင့် မီးဖိုရာ ခါတိုင်းလောက် မမြန်သော်လည်း ဖို၍တော့ ရလေ၏။

မယ်လစ်ဆာသာ ယောကျ်ားဖြစ်လျှင် အဝတ်များကိုချွတ်ကာ တစ်ကိုယ်လုံးရဲအောင် လက်ဝါးနှင့်ရိုက်ပေးမည်ဖြစ်၏။ ယခုတော့ ကြည့်ရသည်မှာ လုပ်ရက်စရာမရှိ နုနယ်လှသည်။ သို့သော် ကျောကုန်းကိုတော့ လက်ဝါးများနှင့် ပွတ်ပေးသည်။ ကြမ်းကြမ်းတော့မပွတ်ရဲ၊ မိမိ၏လက်ဝါးများကကြမ်းလှလေရာ ကျောမှ အရေကွာသွားမည်ကိုပင် စိုးရိမ်ရသည်။

မယ်လစ်ဆာလည်း အတော်ထူထူထောင်ထောင် ဖြစ်လာလေ၏။

"နွေးသွားပြီလား"

မယ်လစ်ဆာက ခေါင်းညိတ်သည်။

ဝှစ်ကမူကား ရေထဲ ထပ်ဆင်းရဦးမည်။ ပုဆိန်မရှိဘဲ မီးပုံကို ကြာကြာခံအောင် ဘယ်နှယ်လုပ်ပါမည်လဲ။ အင်္ကျီများကိုချွတ်ပြီး ရေညှစ်ရလေသမ်းရ၏။ ရေထဲဆင်းလိုက်ရမှာလား စဉ်းစားသော်လည်း လက်များပျော့လှသည်။ တတ်နိုင်လျှင်တော့ သစ်တုံးနှင့်ချိတ်နေသော လှေကိုပင် ဆွဲတင်ထားချင်သည်။ ပုဆိန်ကို ဆင်းပြီးစမ်းကာ ပြန်တက်လာဖို့ပင် ဖြစ်နိုင်ပါ့မလားဟု သံသယဖြစ်လေ၏။

သို့သော်လည်း လုပ်ချင်သမျှကိစ္စကို ပြီးအောင်လုပ်ရ၏။ ဘာမှမလုပ်ဖြစ်ဘဲ မယ်လစ်ဆာဆီ လက်ချည်းပြန်သွားလို့တော့ မဖြစ်ချေ။

ကမ်းပေါ်သို့ ပြန်တက်လာလျှင်မူကား ဘယ်လိုနည်းနှင့် တက်ခဲ့သည်ဆိုတာကို မသိတော့ချေ။ ခြေကုန်လက်ပမ်းကျနေပြီး ကိုယ့်အောင်မြင်ခြင်းကို ကိုယ်ကျေနပ်ကာ ကမ်းပါးစွန်းမှာ ခြေတွဲလွဲချပြီး ထိုင်နေလိုက်သေး၏။

မယ်လစ်ဆာဆီပြန်ရောက်သော် မီးဖိုသည် ကောင်းစွာတောက်ပဆဲပင်တည်း။ ဝှစ်ကို မြင်သဖြင့် ထထိုင်မည်ကြိုးစား၏။ ဝှစ်ကား အားရှိလှ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဝှစ် အင်္ကျီချွတ်ကြီးနဲ့ပါလား"

"ကိစ္စမရှိပါဘူး ရပါတယ်"

"သိပ်အေးတယ် ဝှစ်၊ ဝတ်ထားပါ"

ဝှစ်သည် အင်္ကျီကို ဝတ်ပြီးသော် မီးစာထပ်၍ကျွေးပြီး

"လုံနေလေ မယ်လစ်ဆာ"ဟု ပြောလေသည်။

"ဟုတ်ကဲ့"ဟုဆိုကာ မယ်လစ်ဆာလည်း လှဲအိပ်လေသည်။

ဝှစ်သည် ပုဆိန်ကိုကောက်ကာ ထင်းခွေမည်ကြံ၍ ထွက်လာပြန်သည်။ တစ်နာရီခန့်ကြာအောင် ခုတ်ထစ်ဖြတ်တောက်ကာ ဆွဲငင်ယူလာသော် တစ်ညစာတော့ အလုံအလောက်ရလေ၏။ ရေနွေးအိုးဆူသည်ကိုချပြီး မယ်လစ်ဆာကို သောက်နိုင်းရပြန်သည်။

သို့လျှင် မိုးချုပ်လာသည်။

တစ်ညလုံး ဝှစ် မအိပ်ချေ။ မီးစာစောင့်၍ ကျွေးသည်။ မယ်လစ်ဆာကို ပြုစုသည်။ မယ်လစ်ဆာအနားသို့ ချမ်းအေးခြင်းဟူသမျှ မသိရအောင် ဉာဏ်နီ၊ ဉာဏ်နက်ထုတ်တတ်သလောက် ထုတ်၍ လုပ်သည်။ အချိန်ပို ကလေးများရလျှင် သူ့သေနတ်ကို တိုက်ချွတ်သည်။ အအေးဓာတ်သည် ရေစီးကြောင်းထက်ပင် ကြမ်းတမ်းလေရာ ပုန်းရှောင်နေ၍မရ၊ ခုခံတိုက်ခိုက် ရုံသာ ရှိလေ၏။

ထို့ကြောင့် ကျောက်တုံးများကိုပင် ရှာဖွေမီးဖုတ်ကာ မီးပုံနှင့်ဝေးသော မယ်လစ်ဆာ၏ ကိုယ်တစ်ခြမ်းနှင့်ကပ်ကာ စီ၍ထားလေသည်။

မယ်လစ်ဆာလည်း ရေနွေးကိုသောက်ရင်း အိပ်ပျော်သွားရင်းနှင့် ရှိသည်။ တော်တော်ညဉ့်နက်သော် မယ်လစ်ဆာ၏ကိုယ်ငွေ့သည် အနည်း ငယ် နွေး၍လာပြီ၊ သန်းခေါင်မတိုင်ခင်ပင် ချွေးကလေးစို့ချင်လာသည်။ သည်တော့ ဖျားမည်လားဟု စိုးရိမ်ဖို့မလိုတော့ချေ။

သို့သော် နှစ်ခါ၊ သုံးခါမျှကျွေးသော်လည်း အစာမစားနိုင်သေးချေ။

တစ်ညလုံးနေလာကြပြီး လင်းခါနီး အမှောင်ဆုံးသော အချိန်များတွင် မယ်လစ်ဆာအိပ်၍ နှစ်ချိုက်လာဟန် ရှိလေသည်။ ဝှစ်ကိုယ်တိုင်ကလည်း သေမတတ် အိပ်ချင်လျက်က မအိပ်ရဲချေ။

မယ်လစ်ဆာ နိုး၍လာသော် ဝှစ် လှုပ်လှုပ်ရွရွလုပ်နေသည့် အသံ



ကြားရ၏။ အိပ်ချင်မူးတူးနှင့် ခါတိုင်းလိုပင် စကားလှမ်းပြီးပြောလိုက်၏။ ထိုနောက် ငယ်သံပါအောင် အော်လိုက်သည်။

ဝှစ်သည် အကြောက်ကြီး ကြောက်သွားလေသည်၊ မယ်လစ်ဆာတော့ ဘယ်တော့မှ ပြန်၍ကောင်းတော့မည်မဟုတ်ဟု ထင်သည်။ သို့သော် မယ်လစ်ဆာသည် တစ်မိနစ်အတွင်းပင် အကောင်းအတိုင်း ဖြစ်သွား၏။ ဘာဖြစ်လို့အော်လိုက်မှန်း သူ့ဘာသာလည်း မသိ။

နောက်တစ်နေ့လုံးလည်း သည်မှာပင် နေကြသည်။ ဝှစ်က လှေကို ပြင်ဆင်သည်။ မယ်လစ်ဆာကိုမူ အနားယူခိုင်းထား၏။ အချိန်လိုချင် သလောက်ယူကာ သေနတ်ကို အကုန်ဖြုတ်ပြီး တိုက်ချွတ်ပြန်သည်။

မယ်လစ်ဆာက ဝှစ်၏ သေနတ်ကို ရိုင်ဖယ်သေနတ်ဟုခေါ်မှန်းပင် မသိချေ။ ဝှစ်က သေနတ်ကို ပန်းပဲသမားကြီး သေ၍ အမွေရပုံကို ပြောပြလေသည်။

"အဲဒီတုန်းက ကိုယ်က ၁၁ နှစ်သားလောက်ပဲ ရှိသေးတာကွ၊ အိမ်မှာ မနေချင်ဘူးဆိုရင် အဘိုးကြီးဆီသွားနေတာပဲ၊ ဒီတော့ ကိုယ့်အဖေ က ဘာလုပ်တယ်မှတ်လဲ၊ လူကို ကြိုးနဲ့ လေးရက်လုံးလုံးတုပ်ထားသဗျ ပြီးတော့ ကြည့်ရယ်ပြီး "ကဲ သွားဦးလေ ပန်းပဲဖိုကို"တဲ့ ပြောတယ်။ ငါမှတ်မိတာပေါ့။ အဲဒီ ကြိုးဖြည်လိုက်တဲ့နေ့က သိပ်အေးတာကို ညနေ စောင်း တော်တော်စောင်းနေပြီ။ အဘိုးကြီးကတော့ ပေပေါ် တူနဲ့ရိုက်နေ တာပဲ။ ငါက ပန်းပဲဖိုပြန်ရောက်တာ အတော်ပျော်နေတာနဲ့ ဟိုလှည့် သည်လှည့်နဲ့ လည့်ကြည့်တော့ အဲဒီသေနတ်ကို နံရံပေါ်မှာမြင်တာကိုးကွ။ အဲဒီ သေနတ်လောက်လှတာ တစ်ခါမှ မမြင်ဖူးပါဘူး။ တူက တစ်ချက် မိုက်လိုက်ရင် မီးတစ်ချက်ပွင့်သွားတဲ့အရောင်နဲ့ တလက်လက်ကို တောက် နေတာပဲ၊ သူ့ အသိတစ်ယောက် ကိုးရက်ကြာအောင် လုပ်ယူတဲ့သေနတ် တဲ့ကွ၊ သေနတ်က ဖြောင့်လည်း ဖြောင့်တယ်။ အဝေးကြီးလည်း ရောက် တယ်။ အဲ . . . အဘိုးကြီးလည်းသေရော သူ့သေတမ်းစာထဲမှာ ငါ့ကို ပေးခဲ့တယ်ဆိုတာ သိရတော့တာပဲ။ ပြီးတော့ ဟိုတံစဉ်ဟာကော"

ဝှစ်သည် စကား အရှည်အဝေးကြီး ပြောသွားပြီး စကားဆုံးသွား သော် မယ်လစ်ဆာကို ကြည့်လိုက်ရာ အိပ်ပျော်နေပြီကိုသိရသည်။ တာပဲဖြစ် ဖြစ် ကျေနပ်၏။ အိပ်မှအားရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှ ခရီးဆက်သည်။

နေဝင်လုတွင် မြောက်ဆီမှ မီးခိုးများလူနေသည်ကို တွေ့ရ၏။ ဆင်းဒွစ်မြို့၏ အိမ်ခေါင် ဝဲလင်းတိုင်မှ မီးခိုးပေတည်း။ ဝုစ်သည် လည် ချောင်းထဲဆို့ကာ စကားပင်မပြောနိုင်ချေ။

''အဲဒီမီးခိုးက ကျွန်မတို့ သွားမယ့်နေရာလား''

''ဟုတ်တယ်။ အဲဒီကပဲ''

• • •

ဂျိုးနစ်၏အိမ်မှာ ရေကန်နှင့်ကပ်လျက်ရှိ၍ သူတို့ရောက်သွားသော် ဂျိုးနစ်ကြီး ရပ်လျက်စောင့်နေသည်ကို တွေ့ရလေသည်။ သူတို့၏ လှေသည် ကိုက်သုံးရာခန့်အကွာသို့ ရောက်လာလျှင်ပင် ဂျိုးနစ်က လှမ်းပြီးအော်သည်။ ဝုစ်ကလည်း ဟေးခနဲ ပြန်အော်သည်။

သို့သော် လှော်တက်ကိုလက်က အပြီးမချရသေးသမျှ စကားတစ် လုံးမျှ ထပ်မပြောကြချေ။

ဂျိုးနစ်ကပြောသည်မှာ ''ဩော်. . . မင်း ကောင်မကလေး ခေါ် လာသကိုး''

ဂျိုးနစ်က ခရီးလမ်းပန်းအကြောင်း မေးပြီး မယ်လစ်ဆာကို ကုန်းပေါ် ဆွဲတင်သည်။ လက်မောင်းကြီးများက သန်စွမ်း၍ အားကိုးလောက်သည်။ မယ်လစ်ဆာသည် သူ့ကို သဘောကျသည်။

ဂျိုးနစ်က ''မင်းကောင်မကလေးက သိပ်တော့မထွားလှဘူး''

''ဒါပေမယ့် အကြမ်းခံနိုင်ပါတယ်ဗျ''

သူတို့သုံးယောက် လျှောက်လာကြသော် ဂျိုးနစ်က ရှေ့ဆုံးက သွား၏။ မယ်လစ်ဆာက အလယ်မှနေပြီး လှည့်၍ကြည့်သော် ဝုစ်ကမီလာပြီး နှစ် ယောက်သား နမ်းရှုပ်ကြလေ၏။ ဘာမှမပြော၊ ထိုနောက် ဂျိုးနစ်၏ နောက် သို့ လိုက်ကြသည်။

အကယ်၍သာ ခရီးစစချင်း ဂျိုးနစ်၏ အိမ်မျိုးကို ဝင်ရလျှင် မယ်လစ် ဆာသည် ယခုလောက် ကျေနပ်နှစ်သိမ့်နေမည်မဟုတ်၊ ယခုတော့ အိမ် သည် နိုင်ခန့်၍ အချိုးကျလှသည်ဟု ထင်သည်။ မီးခိုးလူလူ တက်

www.burmeseclassic.com

www.burmeseclassic.com



သော ဝဲလင်းတိုင်လည်း ရှိသည်။ နံရံက တောင့်တင်းသည်။ အိမ်အမိုးမှာ မိုးပြီးစ သစ်ခေါက်များဖြစ်၏။ အိမ်အတွင်းမှာ ညနေစာချက်ပြုတ်နေသည်။ အိမ်အတွင်းမှာ မိန်းမတစ်ယောက် ရှိနေသည်။

ဂျိုးနစ်က တံခါးဖွင့်ပေးလျှင် မယ်လစ်ဆာသည် အိမ်ထဲဝင်သွားပြီး မှောင်သည်နှင့် ဝှစ်ကို လှည့်၍ကြည့်မိ၊ ရှာဖွေမိသေး၏။ ဝှစ်သည် သူ့ဘေးတွင်ပင် ရပ်ကာ မီးဖိုနား၌ ရပ်နေသော မိန်းမတစ်ယောက်နှင့် စကားပြောနေသည်၊

ဝှစ်က ခပ်ရှက်ရှက်နှင့် ကြွားလည်းကြွားလိုဟန်ဖြင့် ပြောသေးသည်မှာ

''ဟောဒီမှာ ကျွန်တော့်သူငယ်မလေး. . . ''

''အေးပါ၊ ငါလည်း နဂိုက ထင်သားပဲ၊ လာစမ်း မိန်းကလေး ကြည့်ရအောင် . . .''

မယ်လစ်ဆာသည် မီးရောင်ထဲရောက်အောင် ရှေ့တစ်လှမ်းတိုးသည်။

ဂျိုးနစ်၏မိန်းမသည် ယောက်ျားနှစ်ယောက်ကို နှင်ထုတ်လိုက်ပြီး မယ်လစ်ဆာကို ရေမိုးချိုးပေးသည်။ အဝတ်ဟောင်းများကို ကြမ်းပေါ်ပုံသည်။ သူ့အင်္ကျီတွေကို ထုတ်ပြီးဝတ်ပေးသည်။ ဆံပင်ကအစ ဖြီးပေးသည်။ မယ်လစ်ဆာ ဘယ်လောက် ပင်ပန်းခဲ့သည်ကို သူမှန်းဆမိလေ၏။ ဘယ်လို ဆင်းရဲဒုက္ခဖြစ်သော်လည်း ခံစားရသမျှကို ဖုံးကွယ်တတ်သည့် သတ္တိကို မြင်သည်။ သို့သော် မယ်လစ်ဆာက ဝှစ်ကို အပြစ်ဆိုခွင့် မပေးချေ။ ဂျိုးနစ်၏မိန်းမကလည်း ဝှစ်သည် အင်မတန်ကောင်းသည့် သူငယ်ဖြစ်ပါသည်ဟု ဝန်ခံ၏။ မယ်လစ်ဆာကမူကား သေပြီဖြစ်သော အမေကို သတိတရရ ရှိသည်။ သူ့ကို ယာဂုပူပူ တစ်ခွက် လာပေးလျှင်မူ ငိုမိတော့မတတ်ဖြစ်လေ၏။

ဝှစ်နှင့် ဂျိုးနစ်တို့ပြန်လာကြသော် ညနေစာ အသင့်ရှိပြီ၊ ဝှစ်က မယ်လစ်ဆာကို လှပါပေရဲ့ဟု ထင်သော်လည်း သူ့များအဝတ်အစား ဝတ်သည်ကို မကြိုက်ချေ။ ဂျိုးနစ်၏မိန်းမက ဝင်ပြီးပြောရသည်။ ''အောင်မယ်၊ ကျုပ်သဘောနဲ့ ကျုပ်လုပ်တာ၊ ဘယ်သူက ပိတ်ပင်ချင်သေးသလဲ။ ရမတဲ့လား။ စမ်းကြည့်စမ်း'' သို့လျှင် အားလုံး ရယ်မောကြရလေသည်။

ဂျိုးနစ်၏မိန်းမသည် ဝှစ် ညစာစားပြီးသည့်အထိ စောင့်၏။ ထိုနောက် ဝှစ်ကို အိမ်ပြင်သို့ထုတ်ပြီး ဥပဒေတစ်ရပ် ထုတ်လေ၏။ ဘယ်လို လူစား



ကမှ မိန်းကလေးကို မနက်ဖြန် ခေါ်သွားခွင့်မရှိ၊ ရှင်းရှင်းပဲ၊ ကျုပ်က ပြောနေသည်ဆိုတာ မင်းတို့ထက် ကျုပ်နားလည်တယ်။ မိန်းကလေးသည် အခု ဘာမှမဖြစ်၊ နေကောင်းနေတာတော့ မှန်သည်။ သို့သော် မနက်ဖြန်ကို မိုင်နှစ်ဆယ်ကွာဝေးသည့် မင်းတို့နေရာကိုသွားဖို့၊ ဟိုရောက်တော့ တစ်ဖက်ရပ် တဲကလေးနှင့် နေဖို့ဟာမှာ မဖြစ်နိုင်ချေ။ မင်းကတော့ ဂျိုးနစ်လို တိရစ္ဆာန်သာသာ လူစားမဟုတ်တူးဟု ထင်သည်။ ထို့ကြောင့် မယ်လစ်ဆာကို သည်မှာထားခဲ့၊ ကိုယ့်ဘာသာသွားနှင့်။ မနက်ဖြန် မပြောနှင့် နောက်တစ်ပတ်ကျလျှင်တောင် မိန်းကလေးကို ခရီးသွားခွင့်ပေးချင်မှ ပေးနိုင်မည်။

ထိုနောက် သတိပေးသေးသည်မှာ ''ဂျိုးနစ်ကိုလည်း ညကျရင် တောကောင်ဖမ်းတဲ့အကြောင်း ဆူညံဆူညံ ပြောမနေစေနဲ့ဦး။ နားထောင်နေရတာနဲ့ မိန်းကလေး မအိပ်နိုင်ဘဲ နေမယ်။ ဂျိုးနစ်က ဧည့်သည်ကို ဖျော်ဖြေတတ်ပေမယ့် ဘယ်ဖြစ်မလဲ''

နောက်တစ်နေ့တွင် နေရောင်ဝင်းပသော နံနက်စောစောမှာ ဝှစ် ထွက်ခွာခဲ့သည်။ ဂျိုးနစ်၏အိမ်မှ ခွါကတည်းက ဘာမှ စဉ်းစားကြံဆစရာ မလို၊ ဘယ်ရောက်နေသည်၊ ဘယ်ကိုသွားမည်ဆိုတာသာ သိသည်။ လမ်းစရှာစရာမလို၊ တောင်တွေကို ဘယ်လိုအခြေတည်၍ သွားရမည် ဆိုတာ သိသည်။ မြစ်ချောင်းတို့၏ စီးဆင်းရာအရပ်ကို သိသည်။ ရေအိုင်ကြီးများ ဘယ်မှာရှိသည်ဆိုတာ သိသည်။

ဝှစ်သည် မြောက်ဘက်သို့ လာဆဲပင်တည်း။ ကော်ရှူးဝေးတောင်ထိပ်ကို လမ်းကြောင်းတည်ပြီး တည့်တည့်ကြီးခရီးသွားရုံပင် ဖြစ်လေ၏။ မကြာခဏပင် လဲကျနေသော သစ်ပင်ကြီးများကိုတွေ့လျှင် တက်ပြီး တောင်ထိပ်ကို မျှော်ကြည့်မြဲပင်၊ ပြာမှိုင်းသော ခဲသားထသည့် တောင်ထိပ်ကို မြင်သည်။ မြင်တိုင်းပင် နဂိုက ထင်ထားသည်ထက်ပို၍ မြင့်ပါသည်တကားဟု သိရမြဲ ဖြစ်လေသည်။

သို့သော် မြင်ရ၊ သိရသည့်အတွက် ပြုံးမိမြဲပင်။

ချောင်းတစ်ရိုးကို ဖြတ်ရပြီး အရှေ့ဘက် ကမ်းနဖူးမှ လျှောက်သည်။ တစ်မိုင်မျှလျှောက်ပြီး လမ်းခွဲများကို တွေ့သည်။ အရှေ့ဘက်သို့ ချိုးသော လမ်းကို ကောက်လေသည်။ တစ်မိုင်မျှ ဆက်လျှောက်ပြီး အနောက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ထောင့်အတိုင်း အလျားလိုက် တန်းသည်။ တောင်ခါးပန်းကို ရောက်ကာ စုံရပ်လျက်နေ၏။

သူ့အထုပ်အပိုးမှာ မလေးလှချေ။ ထိုကြောင့် ရောက်လွယ်သည်။

တောင်ခါးပန်းမှ တောင်ခြေအထိ လျှောဆင်း၍ မြေပြန့်ဖြစ်သွားသည့်နေရာတွင် ရောမ မေပယ်ပင်ကြီးကို တွေ့လိုက်ရသေးသည်။ ထိုအပင်ကြီးမှာ ခရီးသွားတို့၏ အမှတ်အသားပြုရာဖြစ်၍ နံဘေးနှစ်ဖက်လုံးမှာ ခြစ်ရာအပြည့်ရှိသည်။ ပင်စည်ကို လှမ်း၍ကိုင်မိပြီးမှ သူ့မြေပေါ်နှင်းမိလေ၏။

တစ်ဖက်ရပ်တဲ ရှေ့ဘက်သို့ လှည့်လာသော် ဘယ်သူမှ ဝင်ရောက်မိဟန်မရှိသည်ကို သိရ၏။ ပုဆိန်ကို ထောင့်ရှေ့သစ်ပင်၌ ပေါက်၍စိုက်ခဲ့၏။ သေနတ်ကိုလည်း သေချာစွာချိတ်၏။ သူ့အထုပ်အပိုးကိုချကာ အိမ်ထဲသွင်းလေ၏။ ပြီးလျှင် အိမ်ပြင်သို့ထွက်ပြီး တောင်ထိပ်ကို ကြည့်သည်။

တောင်သည် ဘာမှ ပြောင်းလဲထူးခြားနေခြင်း မရှိချေ။

၁၂ ရက်မျှနေသည်။ မိုးရွာလိုက်၊ စဲလိုက်နေသည်။ ရာသီသည် တစ်ရက်မျှတော့ အလွန်ကြမ်းတမ်းလိုက်ကာ ဝှစ်ကို ဆင်းရဲခြင်းကြီးစွာ ပေးသည်။

တစ်နံနက်မှာ နှင်းထူထပ်စွာကျပြီးသား မြေပြင်ကိုတွေ့ရ၏။ နှင်းထပ်၍ ကျတော့မည်မဟုတ်၊ လေကလည်း ငြိမ်သွားပြီ။ ယခုလိုနေ့မျိုးမှာ အမဲလိုက်ဖို့ ဘုရားသခင်က တမင်စီမံပေးလိုက်သော နေ့ဖြစ်လေ၏။ ခြေရာကို အလွယ်နှင့်ကောက်နိုင်၏။ ဝှစ်သည် သွားအသွားကို စမ်းမိလေသည်။

"ငါ ငါးချည်းပဲ စားနေရတာ ဘယ်လောက်ကြာပလဲ။ ခုလို မနက်ခင်းမှာ နှင်းခုလိုကျပုံမျိုးနှင့် သမင်လိုက်ရရင် အလွယ်ကလေးနဲ့ရမှာ၊ နောက်လိုက်ချင်ပါတယ်ဆိုလို့ကော ခုလို နှင်းမျိုးမကျရင် ဘယ်နရက် ဆက်လိုက်ဦးတော့ ဘယ်လိုလုပ်ပြီး တွေ့နိုင်မှာလဲ. . ."

သူသည် အမြဲတမ်း အလုပ်များနေသည်။ အိမ်ဆောက်ဖို့ရာ သစ်တုံး ၄၀ လိုသည်။ သမင်တစ်ကောင်လောက် လိုက်ချင်သည်။ အသားလည်း စားရ၊ အရေလည်းဆုတ်ရအောင် သမင်ရေကို မယ်လစ်ဆာဖို့ မှန်းထားသည်။

သို့သော် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သစ်ပင်များ လှဲလေသည်။



သစ်ပင်စည်ကို ရန်သူလိုသဘောထားသည့်ပမာ ပုဆိန်နှင့် အင်တိုက်အားတိုက် ပေါက်လေ၏။

သို့သော် လက်ချော်ပြီး မြေကြီးကို ပေါက်မိသေး၏။ ခြေထောက်ကို ချပ်ထိသွားရာ မျက်လုံးအပြူးသားနှင့် ရှိရလေသည်။ အရှိန်ကြီးလှသဖြင့် မြေကြီးထဲ နစ်မဝင်သွားသည်မှာ ကျောက်တုံးခံနေ၍လား၊ မြေကြီးပင်ခဲ၍နေသလားဟု စဉ်းစားစရာပေတည်း။ ပုဆိန်သမားမှန်သမျှ ကိုယ့်ခြေထောက် ကိုယ်ပေါက်မိတာပဲ၊ ခု ကံအင်မတန်ကောင်းတယ်ဆိုရမယ်ဟု တွေး၏။ ဒါဟာ စင်စစ် သမင်လိုက်ဖို့ဖြစ်ရက်နှင့် မလိုက်ဘဲနေလို့ သတိပေးတာပဲ၊ အပြစ်မပေးတာ ကံကောင်းဟု တွေးပြန်၏။

ဝှစ်ဆောက်ချင်သည့်အိမ်မှာ သူ့ပုဆိန်အရှိး၏ ၆ ပြန်မျှသော အကျယ်အဝန်းရှိရမည်ဖြစ်ကာ၊ ပုဆိန်ရိုး ၃ ပြန်မျှမြင့်ရမည် ဖြစ်လေ၏။ သည်ထက်ကြီးသော အိမ်တော့ ဆောက်လို့မဖြစ်။ ကူမည့်သူမရှိချေ။ ဂျုံးနှစ်တစ်ယောက်တည်း ကူရုံနှင့်လည်းမဖြစ်၊ ယခုတော့ တိုင်လုံးသေးသေးကို ထူရမည်။ တိုင်လုံးရေများများ ထူရုံရှိလေသည်။ အချိန်တော့ ပို၍ယူရမည်။ ကိစ္စမရှိ၊ အိမ်ကို စိတ်ကြိုက်ဆောက်ရလျှင် ကျေနပ်ပြီ။ ပြီးတော့ အိမ်ဆောက်သည့်နေရာတွင် နံရံဘယ်လောက် ထူထဲသည်ဆိုတာထက် နံရံစပ် ဘယ်လောက်ခိုင်သည်ဆိုတာက ပို၍ အရေးကြီးသည်။

မယ်လစ်ဆာကိုတော့ ဘာတစ်ခုမှ မပြောပြရသေး။ ဝဲလင်းတိုင်တစ်တိုင် ထူဖို့တောင် စိတ်ထဲမှာ လျာထား၏။ ဘယ်လောက်ကြာမည်တော့ သိ။ ပြီးလျှင် မစ္စတာဂိုဝင်ကြီးဆီ သတင်းကောင်းရောက်သွားမှာပဲ။

သို့သော် လောလောဆယ်အရေးက သစ်ပင်များ လှဲရန်ပင်တည်း။ ထိုင်ပြီး ကြိုတင်တွေးနေ၍ မဖြစ်။

သို့သော် သစ်ဖြောင့်ဖြောင့်က ရှာတော့ တကယ်ရှားသည်။ တောထဲလျှောက်သွားသည့်အခါမျိုးမှာတော့ နာရီဝက်မှာ တစ်လုံးလောက် တွေ့တတ်သည်။ အသုံးမရှိသေးသည့် အချိန်မို့ ထင်ရဲ့၊ တကယ်လိုချင်၍ ရှာမည် ပြုသည့် အခါမျိုးမှုကား တစ်တောလုံး အပြည့်ရှိမည်ထင်ရသော်လည်း တကယ်တော့မရှိ။

သစ်ပင်လှဲခြင်းနှင့် အကိုင်းအခက်ရှင်းခြင်းမှာ လွယ်သောအလုပ်ဟု ဆိုနိုင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သစ်လုံးများကို ဆွဲယူရဦးမည်။ လှည်းကြမ်းတစ်ခုကို အသော့လုပ်ရပြန်၏။

သစ်တုံးများဆွဲရင်း အပြေးမှားသော သားကောင်ကို ပုဆိန်နှင့် ထုလိုက်ရသေးကာ ၆ ပေါင်မျှလေးသော အမဲသားကို ဝမ်းသာအားရ ပေါ်လိုက်သည်။

သစ်လုံးဆွဲရသည်မှာ နောက်ပြန်သွားရသည်ဖြစ်၍ သစ်ပင်တစ်ပင်ကို ဝင်တိုက်မိသေး၏။ ဖြုတ်ခနဲ ထိုင်ချလိုက်သော်လည်း သစ်တုံးများသည် သူ့ကိုယ်ပေါ် ပြိုကျလာသည်။ ဂျိုးနစ်များရှိလျှင် သစ်တုံးများကို ယူပြီး ထိန်းပေးနိုင်မှာပဲဟု တွေး၏။ သစ်တုံးများကို အရှိန်နှင့်ဆွဲရရာ တစ်ခါတစ်ရံ ကိုယ့်ဘာသာ မဟန်နိုင်ဘဲ ခြေသွက်သွက်နှင့် အမီလိုက်ပြီး ပြေးရချေ၏။

အိပ်ရာထဲတွင် လှဲသည့်အခါ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ ခြေချင်းဝတ်ကလည်း အနာပြန်ထလျက်၊ ရှပ်အင်္ကျီချွေးစက်စက် ရှိတတ်လေသည်။ သစ်လုံး ၂၆ လုံး သယ်ခဲ့ပြီးပြီ။ နှစ်သိမ့်မိသည်မှာ ထိုသစ်တုံးများသည် အဝေးဆုံးနေရာမှဖြစ်၍ နောက်နေ့တွေမှာ သက်သာဖို့ ဖြစ်၏။

မိုးလင်း၍ နိုးလာလျှင်လည်း အသားစိုင်မှန်သမျှသည် တောင့်တင်းနေရာ တံတွေးထွေးရတာပင် ဝေဒနာပေါ်သည်။ မျက်လုံးအိမ်လှည့်ရလျှင်ပင် နာကျင်သည်။ ဘာရယ်လို့မသိသော်လည်း ဖျားတာ ထင်ပါရဲ့။

သို့သော် အစာစား၍ ဆက်ပြီးလုပ်ရသည်။

"ဂျိုးရဲ့ ပခုံးအားကြီးမျိုးနဲ့ အလုပ်လုပ်ရရင်ကွာ... သူ့ခြေသလုံးတွေကလည်း တုတ်ပုံ၊ နိုင်ပါဘိသနဲ့။ ဒီကောင် ခုနေရင် ရွာပြန်ရောက်နေရောပေါ့" ဟူ၍လည်း တွေးမိသေး၏။

နောက်ဆုံးကျန်သော သစ်တုံးကို သစ်လုံးပုံပေါ်တင်မိသော် ဝှစ်သည် လက်ဖဝါးများနှင့် ထောက်၍ မှီနေမိသည်။

ထိုနောက် ပြန်လှည့်လာပြီး ထိုင်ချလေ၏။

မိုးပေါ်ကို ကြည့်ပြန်တော့ တစ်နာရီမျှ နေ၏အလင်းရောင် ကျန်ရှိဦးမည်ဟု သိရသည်မို့ သေနတ်ယူပြီး ရေအိုင်ဆီသွားရလျှင် ကောင်းမည်ဟု ထင်သည်။

သူ့ ထောင်ချောက်ကလည်း တောကောင်တစ်ကောင်ကို မိထား

သည်။ အားရစရာလည်း မကောင်းလှ၊ စိတ်ပျက်စရာလည်း မဟုတ်လှ၊ အရေဆုတ်သော်လည်း အဖိုးတော့မတန်ချေ။ အသုံးချစရာလမ်း ပေါ်ချင် ပေါ်လာမည်။

တစ်ညလုံး အိပ်ရုံမက နေ့လည်ပါ ကျူးလိုက်သေး၏။ နိုးလာသော် [illegible]လောင်လျက်ရှိကာ အားလည်းပြည့်နေပြီ။

ထိုနောက် ဂျိုးနစ်၏ အိမ်ဘက်သို့ ပြန်လာလျက်ရှိ၏။ နီးလာလာ ချင်း အသံပေးလိုက်၏။ မယ်လစ်ဆာ ထွက်လာသည်။ နေကောင်းနေပုံရ ၏။ သူ့ဆီလျှောက်သွားပြီး စကားတော့လည်း တစ်လုံးမှမထွက်။

ဂျိုးနစ်က တောအုပ်ထဲသွားသည်။ သူ့မိန်းမက ကိုယ်စားလှယ် အိမ် ကို သွားသည်။ တစ်နာရီအတွင်းတော့ ပြန်လာဦးမည် မဟုတ်။

သူတို့နှစ်ယောက်လည်း အိမ်ထဲသို့ ဝင်လာကြသည်။

ထိုည ညစာစားပြီးသော် ဂျိုးနစ်သည် နောက်တစ်နေ့ မနက်တွင် ဝှစ်နှင့်လိုက်၍ အိမ်ကူဆောက်မည်ဟု သဘောတူစကားပြောသည်။ လေး ယောက်သား မီးလှုံရင်း ထိုင်ပြီး ရောက်တတ်ရာရာစကား ပြောကြလေ၏။

ဂျိုးနစ်က ပြောသည်မှာ...

"ကျုပ်ကတော့ တွေ့ဖူးလှပကောဗျာ၊ လင်မယားနှစ်ယောက် တစ်ဖက်ရပ်တဲကလေးနဲ့ နေကြပါရော၊ ယောကျ်ားကတော့ ဝှစ်ရာ၊ မင်း လိုပါလိုပေါ့၊ တေပေပြီး နေနိုင်တာပဲ။ အမိုးလုံရင်ကို အတော်ကျေနပ် နေတာ၊ ဝဲလင်းတိုင်ဆိုတာကို သတိတောင်မရဘူး။ သူ့ဘာသာ တစ်ဖက်ရပ် တဲကနေပြီး အိမ်ကြီးအိမ်ကောင်းဖြစ်ဖို့ပဲ စိတ်ကူးနေတာပဲ၊ ဒါပေမယ့် ဝဲလင်းတိုင်ဆိုတာတော့ ခုထက်ထိ သတိမရပါဘူးဗျာ၊ ဘာကြောင့် သတိ ရမှာတုန်းလို့။ တစ်ယောက်တည်းသမားဆိုရင်တော့ အဲဒီကိစ္စဟာ ဒီ [illegible]တိုင်းပဲ ပြီးသွားတာပဲ၊ ဒါပေမယ့် မိန်းမတစ်ယောက်လောက်များ ယူပြီးသား ဆိုရင်တော့ အဲ... မီးဖိုတစ်ဖိုတော့ လိုချင်လိမ့်မဗျ။ သတိသာထားပေ [illegible] နှင်းကလေးဖြုတ်ဖြုတ်ကျပြီဆိုရင်ကို မနေနိုင်တော့ဘူး။ ရေတစ်ပေါက် ယိုတဲ့ အိမ်ခေါင်မိုးကို အပေါက်ကြီးဖောက်ပြီး မီးခိုးတွေ ထုတ်တော့တာပဲ ဗျို့။ မယုံမရှိနဲ့၊ မိန်းမတွေဟာ ဒီလိုချည်းပဲ။

ဂျိုးနစ်က ခဏနားပြီး ပြောပြန်၏။ "ဒီလိုလုပ်ပုံမျိုးက လေသိပ် မပြင်းရင်၊ မီးဖို သိပ်မကြီးရင် ကိစ္စမရှိလှဘူး။ ကျုပ် [illegible]မီးလောက်

www.burmeseclassic.com

www.burmeseclassic.com

ဆိုပါတော့လေ...''

ဂျိုးနစ်၏ မိန်းမက အေးစက်စက်နှင့်ပင် မသိလိုက်မသိဘာသာ သိုးမွှေး ထိုးမြဲထိုးနေသည်။ မယ်လစ်ဆာက စိတ်ဝင်စားသော်လည်း ယိုးတိုးယားတား ဖြစ်နေသည်။ ဝှစ်က မျက်နှာသေကြီးဖြင့် မီးဖိုကို မျက်စိ ပုတ်ခတ် ပုတ်ခတ်လုပ်၍ ကြည့်သည်။

ဂျိုးက စကားဆက်ပြန်သည်။

''ယောက်ျားဆိုတဲ့လူမျိုးက မီးပုံကလေးတစ်ပုံရရင် ချက်ပြုတ်ပြီး နေတတ်တာပဲ။ နေ့စဉ် ဝတ်မပျက် ချက်ရပြုတ်ရပါသကောလို့လည်း မြည်တမ်းမနေဘူး။ မိန်းမဆိုတဲ့ဟာမျိုးကတော့ ဆောင်းကလေး ပေါက်လာ ပြီဆိုရင်ပဲ လေပြင်းပြင်း၊ မပြင်းပြင်း မီးဖိုကြီး ဖိုတော့တာပဲဗျ။ ဒီတော့ ထင်းလိုလာပါရော။ ပြီးတော့ ကျပ်ခိုးတွေကလည်း သူဖောက်ထားတဲ့ အပေါက်နဲ့ မဆံ့ဘူးဗျ။ ဟိုတွယ်၊ သည်တွယ် တွယ်ကပ်ပါလေရော၊ ဒီတော့ အသက်ရှူလို့ မဝတဲ့အဖြစ်ရောက်ပြန်သဗျ၊ ဒါနဲ့ တစ်အိမ်လုံး လျှောက်ပြီး ဆွဲတော့တာပါပဲ၊ ရေညှိတို့၊ ရွှံ့ခြောက်တို့ပေါ့ဗျာ... ''

''ကျပ်ခိုးတော့ စင်သွားတာပေါ့လေ''

''ဒါပေမယ့် လေက မနေဘူးဗျ၊ အိမ်ထဲ ဝင်ဝင်လာတာ၊ အဲ... နှင်းရော၊ မိုးရောပါ ဝင်လာပြန်ပါရော၊ ဒါနဲ့ မချောလည်း ရေညှိတက်တာကို ကြည့်နေ လိုက်ရပြန်တယ်လေ၊ ကျပ်ခိုး သိပ်မထူသေးသမျှ ကာလပတ်လုံး ပေါ့ဗျာ၊ သိပ်ထူလာတော့ ခွာရပြန်ရော၊ ကြာတော့ မောလာတာပေါ့၊ ကျုပ်ဖြင့် လူတစ်ယောက်ပြောတဲ့စကား မှတ်မိနေသေးရဲ့၊ မိန်းမတစ်ယောက် ယူချင်ယူ၊ ဝဲလင်းဖိုတစ်ခု ဆောက်ချင်ဆောက်တဲ့၊ ကြိုက်တာလုပ်တဲ့''

ဂျိုးနစ်သည် မီးဖိုကို ဆွနေပြီး ''ဝဲလင်းဖိုသာ ဆောက်တာကောင်း ပါတယ်ကွာ'' ဟု အကြံပေးလေ၏။

သူတို့သည် ဝှစ် နွားမမွေးမည့်အကြောင်း ရောက်သွားပြန်ရာ ဂျိုးနစ်က ပြောပြန်သည်မှာ ''ခွေးတစ်ကောင် မွေးရတာက ပိုပြီးမြတ်သဗျ၊ ကိုယ်က ဘာမှအရင်မကျွေးရဘူး။ ခွေးဆိုတာက ဆာလေလေ အမဲလိုက်လို့ ကောင်း လေလေပဲ၊ နွားတော့ အစာအရင်ကျွေးပြီးမှ ခိုင်းလို့ရတာမျိုးကလား''

''ဒါပေမယ့် ခွေးမွေးပြီး သတ်စားလို့ရတာ မဟုတ်ဘူး''

''ဒါက ကိုယ့်ခွေးမို့လို့ပါ၊ အင်ဒီယန်းလူရိုင်းကောင်တွေ၊ ပြင်သစ်လူမျိုး



တွေဆိုရင် အသီးအရွက်စားမယ့်အစားတော့ ခွေးသားပဲ ကြိုက်မှာ မောင်ရေ''

''အင်ဒီယန်းလူရိုင်းတွေကတော့ ပြောလို့ မဖြစ်ပါဘူး။ ဗိုက်ချင်းမတူ ဘဲ၊ ခင်ဗျားက ခွေးသားစားဖူးလို့လား''

''ဘယ်ပြောနိုင်မှာလဲ၊ လူရိုင်းကျွေးတဲ့ အသားစားရတဲ့အခါ ဘာမှ မေးမြန်းမနေတာ အကောင်းဆုံးပဲလို့ အောက်မေ့တာပဲ၊ အောင်မယ် အုခြောက်လိုက်တာ'' ဟု ဆိုပြီး ရမ်အရက်ကို ထသောက်လေ၏။

ဝှစ်က ပွဲတောင်းသဖြင့် ဂျိုးနစ်က 'စားပြကြီး' ဟူသော သီချင်းကို ဆိုရလေသည်။

မယ်လစ်ဆာက ခိုးမွှမ်းပြီးသော သီချင်းတစ်ပုဒ် ထပ်ဆိုရန် ပွဲတောင်း ပြန်သည်။

ဂျိုးနစ်က ပိုဒ်ရေ(၂၆)ပိုဒ် ရှိသော သီချင်းကိုဆိုသည်။ မယ်လစ်ဆာ တို့ ''မှားရင်ထောက်နော်'' ဟု ပြောသည်။ ဝှစ်က မူကား ထိုသီချင်းကို တစ်ခါမှ မကြားဘူးချေ။

ဂျိုးနစ်က သီချင်းမဆိုခင် အဓိပ္ပါယ်ပြန်သေး၏။

''သီချင်းထဲပါတဲ့ သူငယ်ကလေးက စင်စစ် အပြစ်မရှိသော်လည်းဘဲ လူတွေက အထင်လွဲတာကိုးဗျ၊ ဒါနဲ့ လည်ပင်းကြိုးစွပ်ပြီး သတ်ပါရော၊ အဲဒီအချိန်မှာ မိန်းမတစ်ယောက်ရောက်လာပြီး သူငယ်မှာ အပြစ်မရှိတဲ့ အကြောင်း ရှင်းလင်းတာကိုး၊ သီချင်းအဆုံးသတ် သုံးပုဒ်လောက်အကျန်မှာ မိန်းမက ရောက်လာတာဗျ၊ ဒါပေမယ့် ဘယ်မီတော့မလဲ။ မိန်းမ ပေါင်ပေါ် ခေါင်းအုံးပြီး သေရှာတာပေါ့၊ မိန်းမလည်း တစ်ခါတည်း ထွက်သွားပြီး ရေနစ်တော့တာပဲ၊ တမင်သေတာလေ၊ သီချင်းအသွားက တယ်ကောင်းဗျာ''

ဂျိုးနစ်သည် ခေါင်းငိုက်ကာ စဉ်းစားနေပြီးမှ ရိုးရိုးပြောသည်မှာ၊ ''ငါ့မှာ သွားတွေအပြည့်အစုံရှိတုန်းလောက်တော့ ကောင်းကောင်းဆိုနိုင် မှာ မှုတ်ဘူးနော်'' ထိုနောက် မယ်လစ်ဆာကို မော့ကြည့်ကာ၊ ''မင်းပဲ ဆိုလိုက်ပါ တော့ကွယ်'' ဟု ပြောသည်။

မယ်လစ်ဆာက ငြင်းဆန်သည်နှင့် ဂျိုးနစ်သည် ခေါင်းငိုက်ဆိုက် နှင့်နေပြီး အားလုံးငြိမ်နေကြသည်။ တစ်ဖန် ခေါင်းပြန်ထောင်လာပြီး ငေးငေးစင်းစင်းရှိလှသော မျက်လုံးများနှင့် ''လူချောကလေးမာကင်ဆိုရုံ'' ဟု သီချင်းနာမည်ကို ထပ်၍ကြေညာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးနစ်သည် သီချင်းတစ်ပိုဒ်ကျန်ခဲ့၏။ သို့သော် မယ်လစ်ဆာက ဝင်မထောက်ချေ။ နှစ်ခါ၊ သုံးခါမျှသာ ဂျိုးနစ်၏ အသံဝင်သွားသည်။ သို့သော် ချောင်းဟန့်၍ ပြန်ဆိုသော်ကောင်းသွားသည်။

ထိုနောက် မယ်လစ်ဆာဆိုရမည့် အလှည့်သို့ ရောက်သည်။ သီချင်းဆိုလို့ကောင်းသည့် အသံပေတည်း။ အေးသည်။ ငြိမ်သည်။ လှသည်။ တစ်သံက တစ်သံကို ကူးသည့်အခါ ပြတ်၍မသွားချေ။

ဝုစ်က အတော် မာနတက်မိသည်။

ဂျိုးနစ်၏ မိန်းမကလည်း သီချင်းဆိုရသေး၏။ သူ့သီချင်းမှာ အတော်ဟောင်းနေရာ

''အေးလေ . . . ဂျိုးနစ်ဆိုတဲ့ 'မားပြကြီး' သီချင်းထက်တော့ ပိုမဟောင်းပါဘူး'' ဟုပြောသည်။

နောက်နှစ်ရက်ကြာမှ ဂျိုးနစ်နှင့်ဝုစ်တို့ ထွက်ဖြစ်သည်။ ဝုစ်၏မြေကွက်မှာ အကောင်းစားကြီး မဟုတ်သော်လည်း ကျေနပ်ဖွယ်ပင်ဖြစ်သည်။ ဝုစ်၏ တစ်ဖက်ရပ်တဲကိုမူ ဂျိုးနစ် အင်မတန် သဘောကျနေ၏။ ''တစ်ယောက်တည်း သမားဆို ကောင်းကောင်းနေနိုင်တာပေါ့ဗျ။ နွေရော၊ ဆောင်းရော''

ဝုစ်၏ သစ်လုံးများကို တွေ့ရသော် . . .

''ကောင်းတယ်ကွ၊ မင်းက အရွေးသိပ်တော်တာပဲ၊ မနက်ဖြန်ကျရင် သူတို့ကို ကိုင်ရမယ်''

''ခု စပြီး ကိုင်နိုင်သားပဲ၊ နောက် သုံးနာရီလောက်တော့ အလင်းရောင်ရနေဦးမှာပဲ''

''နှစ်နာရီလောက်ပဲ ကျန်တော့တာပါကွာ၊ မထူးပါဘူး။ တို့ ရေအိုင်ကြီးဘက်သွားပြီး ညစာရအောင် ရှာဦးစို့၊ သမင်တစ်ကောင်လောက် ရထားရင် မနက်ကျ အလုပ်သိပ်တွင်မှာမောင်ရဲ့''

ဝုစ်က ငြင်းချက် ထုတ်သေးသော်လည်း မရချေ။ ရေအိုင်သို့ပင် သွားကြရသည်။

သို့သော် သမင်တစ်ကောင်မျှ မတွေ့ချေ။ ရှဉ့်ကလေးတစ်ကောင်ကို တွေ့သော်လည်း ယမ်းမှုန့်ဖိုးမျှ ကာမိမည် မဟုတ်ချေ။ ဂျိုးနစ်သည် သူ့ခွေးကို လွှတ်၏၊ ရှဉ့်များထွက်လာပြီး သူ့ပတ်ပတ်လည်တွင် ရောက်ကုန်သော် ဂျိုးနစ်သည် သစ်ပင်ကိုတည့်တည့်ချိန်၍ပစ်၏။ ရှဉ့်ကိုကောက်သော်



ခေါင်းပြုတ်လျက်ရှိသည်ကို တွေ့ရ၏။

ညစာအဖြစ် ရှဉ့်သားစားကြရလေသည်။ စားရင်း၊ သောက်ရင်း ဝုစ်က ပြောသည်မှာ ရှဉ့်မည်း၏အူသည် ရှဉ့်ညို၏ အူလောက်ပင် ထောင်ချောက်ထောင်လို့ကောင်းသည်။ ဂျိုးနစ်က မပြောတတ်ဘူးဟု ဆိုသည်။ သူ့အမြဲတမ်း ပင်ရှဉ့်ညိုကို ရွေးလေ့ရှိသည်။ ဝုစ်ကမူ လုပ်ကြည့်ဖူးပြီးဟု ဆိုသည်။ သို့လျှင် အငြင်းပွားကြရာ အဆုံးမသတ်နိုင်ချေ။ သို့သော် ထိုကိစ္စမှာ ရှဉ့်အူ၏ အနံ့ပြင်းခြင်းနှင့် ပို၍ဆိုင်လေရာ ဂျိုးနစ်က အနံ့ခံတဲ့ ပညာက လူနားလည်နိုင်တာမှုတ်ဘူး။ ဘယ်အူက ကောင်းပါ့မလဲဆိုတာ စမ်းကြည့်ရုံ အပြင် ဘာမှတတ်နိုင်တာမှုတ်ဘူး''

''ဒီအူတွေတော့ စမ်းလို့မရတော့ပါဘူး။ ခွေးစားလို့ပဲကုန်ပါပြီ''

''အချိန်ကလည်း နောက်ကျနေပြီကွ၊ ရှဉ့်အူကို သိပ်ပြီး မအေးခင် မှုပ်ရတယ်။ နို့မှုတ်ရင် မပုပ်တော့ဘူး။ ငါတော့ စက်တင်ဘာလလောက်ကတည်းက မှုပ်တာပဲ၊ ငါ မှုပ်ထားတာတောင် တစ်ချိုင့်လောက်ရှိသေးတယ်။ တစ်လလောက်ကြာရင် နပ်တာပဲ''

''ဒီတစ်ဆောင်းတော့ ကောင်းကောင်းခံတာပဲပေါ့ဗျာ . . . နော် . . .''

''ဒါပေါ့ခင်ဗျာ၊ သိပ်ဆန်းကျယ်တဲ့ဟာတွေပဲ''

နောက်တစ်နေ့တွင် အလွန်အမင်း အေးမြလေ၏။ ဆောင်းလာတော့မည့်အကြောင်း ခြိမ်းခြောက်ခြင်းမျှမဟုတ်တော့ဘဲ အနားရောက်နေသော ဆောင်း၏ တကုပ်ကုပ် နင်းလာသည့် ခြေသံပေတည်း။ အနားရောက်နေဆို တောင်၏ ဟိုတစ်ဖက်မှာပင် ရှိနေချေပြီ။

အိမ်ဆောက်ခြင်းဟူသည်မှာ ယောကျ်ားတစ်ယောက်အဖို့ မထူးဆန်းလှသော အလုပ်ဖြစ်၏။ ကောင်းကင်၏ အဆင်အပြင်၊ လေ၏ အတွေ့အထိတို့ဖြင့် သူတို့မှာ အချိန်သိပ်မကျန်တော့ပြီကိုသိရ၏။ ဝုစ်အဖို့မူကား အိမ်ဆောက်ခြင်းသက်သက်မက မယ်လစ်ဆာနေဖို့ပါ ဖြစ်သဖြင့် အေးအေးပင် မနေနိုင်သလောက် ဖြစ်ရ၏။ ထိုအတွင်း တောင်ဆီမှ လိမ့်ဆင်းလာသော ဆောင်းက တွန်းပြန်ရာ သူတို့၏ အလုပ်သည် အမဲလိုက်ရသလောက်ပင် ပျော်စရာကောင်းလေ၏။ ဝုစ်သည် စကားပြောရာ၌ အလွန်နှုးညံ့နူးတီးနေကာ အသေးအဖွဲ့ကအစ ကြည်လင်စွာ မြင်တတ်လေ၏။ လှုပ်ရှားရာ၌ပင် သတိကြီးစွာထားသည်။ သူ့အင်အားသည် အတိုင်းအဆမရှိ ကြီးမားသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်လေ၏။

ဂျိုးနှစ်ကလည်း လျင်မြန်စွာ အလုပ်လုပ်သည်။ ဝှစ်က ဆောက်သွား အပြားသေးကလေးနှင့်လုပ်သလောက် ကောင်းအောင်၊ မှန်အောင် သူက ပုဆိန်နှင့် လုပ်နိုင်လေ၏။

ထိုနောက် သူတို့သည် ဝက်ဝံအကြောင်း ပြောကြသည်။

"ဝက်ဝံဖိုနှင့် ဝက်ဝံမ ဆောင်းတွင်းမှာ အတူတူစခန်းချတာ တွေ့ဖူးလား ဝှစ်"

"မကြားဖူးပါဘူး"

"ငါလည်း မကြားဖူးပါဘူး"

ထိုနောက် ဆက်ပြီးပြောသည်မှာ

"ပြီးတော့ ဝက်ဝံတွေက ဝဲလင်းဖို မဆောက်ဘူးကွ"

ဝှစ်က သီခနဲ အသံပြုပြီး သွားဖြဲသည်။

ဝှစ်ကမူ သစ်လုံးများကို ညှိနေသည်။ တိုင်အဖြစ်သုံးနိုင်သည်အထိ ခုတ်သည်။ ထွင်းသည်။ မြေဖြူနှင့် မှတ်သည်။ သူတို့နှစ်ယောက်သည် အလုပ်ပြိုင်တွူပင် ပြီးကြသည်။

ဝှစ်သည် ကြမ်းခင်းဖို့ စိတ်မကူးလေရာ သစ်လုံးများကိုစီပြီး မြေကြီးပေါ်ချသည်။ ကြာကြာတော့ ခံမည်မဟုတ်၊ သို့သော် နှစ်နှစ်၊ သုံးနှစ်အတွင်း သူတို့နားတွင် လွှစက်ထောင်သူ ရောက်ချင်ရောက်လာမည်။ သည်တော့မှ စက်ထွက်ပျဉ်ချပ်ကို ခင်းဖို့၊ မိုးဖို့၊ နံရံချုပ်ဖို့ ရှိသည်။

ယခုတော့ သစ်လုံးနှင့်ဆောက်သော အိမ်ကောင်းတစ်ခု ပြီးရမည်။ ခိုင်ခိုင်စေ့စေ့ ရှိရမည်ဖြစ်၍ ဝဲလင်းဖိုလည်း ဆောက်ရမည်။

တစ်နေကုန်ပင် အလုပ်မအားကြဘဲ အမဲလိုက်ပင် မသွားကြရချေ။ သူတို့သည် နံရံလည်း ကာပြီး၊ ထုပ်များ၊ တန်းများလည်းဆင်ပြီးသော် ဂျိုးနှစ် ရုတ်ချည်းသတိရလာသည်မှာ ၅ ရက်မျှ ဆက်ပြီး အလုပ်ချည်း လုပ်နေခဲ့သည့်အကြောင်း ဖြစ်လေ၏။ မနက်ဖြန်တော့ အမဲလိုက်မှ ဖြစ်မည် ဟု သူက ဆိုသည်။

ဝှစ်က ကောင်းပြီလေဟု ပြောသည်။

ထိုကြောင့် နောက်တစ်နေ့သော် ဝှစ်တစ်ယောက်တည်း အလုပ်လုပ်မည့်သူ ရှိသည်။ ဂျိုးနှစ်ကြီးကို စိတ်မပျက်သော်လည်း တစ်ယောက်



တည်း နေရသည်ကို အတော်ကြိုက်သည်။ ဂျိုးနှစ်အသံကြားသော် သူ့အိမ်မိုး ၂ ပျစ်ပြီးလေပြီ။ ထိုအခါမှ မနက်စာကလွဲ၍ ဘာမှ မစားရသေးပါတကား ဟု သတိရသည်။ ဂျိုးနှစ်လည်း မစားရသေးလျှင် ကောင်းမည်။ နှစ်ယောက် အတူစားကြရအောင်၊ ဂျိုးနှစ်၏ ပခုံးပေါ်တွင် ပေါင်လေးဆယ်မျှလေးသော အမဲ ထမ်းလျက်ပါလာသည်။ သူ သမင်ကို ရဖို့ရာ အတော်ကြိုးပမ်းခဲ့ရသည်ဟု ဆိုသည်။ တောင်ပေါ်သို့ လေးနာရီကြာအောင် ခြေရာကောက်လိုက်ရပြီး နှစ်မိုင်မျှ ထပ်လျှောက်ပြီးမှ သေနတ်တစ်ချက် ပစ်နိုင်သည်။ သမင်၏ ရှေ့လက်ကို ထိသွားပြီး နောက်တစ်ချက်ကျမှ မိမိရရရှိသည်။

"ကောင်းလိုက်တဲ့အသားဗျာ"ဟု ဝှစ်က ဆိုသည်။

"မီးဖိုက မီးကောင်းရဲ့လား"

"ကောင်းပါ့ဗျား"

"ဒါပေမယ့် ဝံပုလွေတွေ သတိထားနော်၊ ဒီမှာ ဝံပုလွေတွေ ပေါလိုက်တာ၊ တင်းကုပ်ထဲက ယင်ကောင်တွေကျနေတာပဲ"

"လေး၊ ငါးည ရှိပြီပဲ၊ ဝံပုလွေအသံ မကြားပါဘူး"

"ဒါပေမယ့် ရှိနေတာပဲဗျ"

ထိုနောက် ဂျိုးနှစ်က အာမခံသည်မှာ

"မင်းမိန်းမကို ဒီအကြောင်း ငါမပြောပါဘူးကွာ။ စိတ်ချပါ"

"သူက ဝံပုလွေများ ကြောက်မယ်မှတ်လို့လား"

"အကောင်နှစ်ဆယ်လောက်နဲ့ တွေ့ရင်တော့ ကြောက်ပေလိမ့်မယ်ကွ"

ဂျိုးနှစ်က အမျိုးမျိုးတားသည်ကို ကြည့်ပြီး အလုပ်နှေးကွေးသည် ထင်သော်လည်း ကောင်းမွန်သပ်ရပ်သည်ဟု ယုံကြည်၏။

"ဝှစ်ရေ၊ မင်းက သမင်သားချက်ကွာ။ ပြီးတော့ ဒီဘက်က အခန်းပြီးသွားအောင် မိုးလိုက်ဦးစို့"

နောက်တစ်နေ့အထိ ဂျိုးနှစ်နေသေးသည်။ ထိုအတွင်း အိမ်မိုး၍ ပြီးသွားသည်။ ဂျိုးနှစ်လည်း သမင်သားအားလုံးလိုလိုကို သယ်ကာ ခွေးနောက်ပါးမှ ပါလျက် အိမ်သို့ပြန်၏။

ဝှစ်သည် ချောင်းထဲသို့သွား၍ ကျောက်တုံးသယ်သည်။ သယ်လို့ရသည်ထက် လွယ်သည်။ ပြားပြားရှိသည့် ကျောက်တုံးများကို ရွေးသည်။ နောက်တစ်နေ့လည်း ကျောက်တုံးသယ်တာနှင့် အချိန်ကုန်သည်။ သို့လျှင်

www.burmeseclassic.com

www.burmeseclassic.com



အပုံကြီးကြီးနှစ်ပုံ ရ၏။ မနက်ဖြန်ကျလျှင် ရွံ့စေးပဲ ရှာရတော့မည်ထင်သည်။

ဝဲလင်းဖိုကို ဆောက်သော် ကျောက်နှင့် ရွံ့စေးအလုပ်ကို မိမိဘာမှ မသိသည့်အကြောင်း တွေးမိ၏။ ကျိုးနစ်ကို မေးမြန်းကြည့်စရာတွေ ရှိသည်။ အများတွေမလုပ်မိခင် မနက်ဖြန်ထွက်သွားပြီး မေးမြန်းစုံစမ်းရ ကောင်းလေမလား။

မီးဖိုလုပ်၍ ပြီးသွား၏။ လုပ်ရင်းကိုင်ရင်းနှင့် ကျောက်တုံးသေးကလေးများ ကြားစပ်ဖို့လိုသည်ဆိုတာကို သိရ၏။ သို့မှသာ ကျောက်တုံးကြီးများ ငြိမ်အောင် တည်နိုင်မည်။ ထိုကြောင့် ချောင်းသို့သွားပြီး ရေအောက်မှ ကျောက်ခဲများကို သယ်ရ၏။ ဒါနှင့်ပင် မိုးချုပ်သွားပေတော့သည်။

နောက်တစ်နေ့မှကား မီးဖိုပေါင်ကို နှစ်ပေခွဲမျှမြင့်အောင် အပြီးသတ်လိုက်နိုင်၏။ နိုင်လည်းနိုင်၏။ ထူလည်းထူ၏။ နောက်သို့ တစ်လှမ်းဆုတ်ပြီး ကိုယ်လုပ်ထားတာ အကဲခတ်နိုင်ပြီ။ .

ဖြေးညှင်းစွာစဉ်းစားရင်း ညစာကို စား၏။ ''ခုလုပ်နေရတဲ့ အလုပ်လောက် အနှောင့်အယှက်များတာ ဘယ်ရှိမလဲ''ဟု တွေးမိလေ၏။

ထိုနောက် မီးဖိုပြီး လှဲအိပ်သည်။ ဟောဒီ အထက်ကျကျ တိုက်တဲ့လေသံက အိမ်တိုင်ခုတ်တဲ့ သစ်ပင်တွေကြား တိုက်တဲ့လေသံပဲ၊ အောက်ကျကျ အသံကတော့ ထင်းရှူးပင်ကြား ဖြတ်တိုက်တဲ့လေသံပဲ။

ထိုနောက် အိပ်ပျော်သွား၏။ မယ်လစ်ဆာ သူ့အနားမှာ ရှိသည်။

သို့လျှင် ဝှစ်သည် မီးဖိုခေါင်းတိုင်ပြီးသည်အထိ ဒရောသောပါး လုပ်သည်။ အလင်းရောင် မပျောက်မချင်း တစ်နေကုန်လုပ်သည်။ ညအိပ်ပြန်တော့ အိပ်မက်မက်သည်။ ဝဲလင်းမီးဖိုကို အသဲအမဲကြီးစွာ လုပ်ကိုင်သည်။ အစားလည်း မစားနိုင်တော့ချေ။ နောက်ဆုံးတော့ အိမ်မိုးက ဖောက်ပြီး ခေါင်မိုးပေါ် တက်လုပ်ရလေ၏။ နောက်ဆုံးစီရသည့် ကျောက်တုံး ကို လက်မှချလိုက်သော် 'ပြီးပြီ'ဟု သိ၏။ အလျားမှောက်ပြီး ခေါင်မိုးစွန်းမှ လျှောချ၏။ မြေပေါ်ကိုရောက်သော် ခြေထောက်များ ပျော့လှ၍ နောက်ဆုတ် နောက်ဆုတ်နှင့် ယိမ်းယိုင်ကာ သူချန်ပစ်ထားသည့် ကျောက်တုံးများ အလယ်မှာ ကျနေသည့် ဆီးနှင်းပေါ် နင်းမိ၏။ ခြေတစ်ဖက်က ကျောက်တုံးတစ်တုံးကို တိုက်မိလိုက်ပြီးလျှင်ကား ပက်လက်လန်ကျသွားကာ



နောက်စေ့နှင့် ကျောက်တုံးကို ရိုက်ပြီး သတိမေ့လဲလေ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ မနက်စောစောမှာ ဂျိုးနစ်အိမ်က ထွက်လာသည်။ "ငါ အမဲလိုက်သွားဦးမဟေ့"ဟု ပြောသည်။ စင်စစ် ဝှစ် ရောက်လာချိန်တန် လျက် မရောက်သည့်အတွက်ပင်တည်း။

ဂျိုးနစ် ထွက်သွားလျှင် မယ်လစ်ဆာက မေးသည်။

"ဝှစ် ဘာဖြစ်နေပြီလဲဆိုတာ သွားကြည့်တာ မှတ်လားဟင်"

"ဟုတ်တယ်"

ဝှစ်၏နေရာနှင့် တစ်မိုင်ခန့်အကွာတွင် သူ့ခွေးကို ကြည့်ရခြင်းအား ဖြင့် ဝှစ် ရှိနေသည်ကို သိရသည်။ ခွေးသည် နားရွက်များထောင်ကာ အမြီးနှံ့၍ တွေ့ရမည့်သူထံ သွားလေသည်။

ဂျိုးနစ်က နားစွင့်ရင်း အနောက်ကလိုက်၏။ သို့သော် ခွေးကို နှုတ်ဆက်စကားပြောသံ မကြားရ။ ခဏကြာမှ ဝှစ် လမ်းလျှောက်လာသည် ကို တွေ့ရ၏။ ခွေးက ဘေးမှ ဝှစ် မျက်နှာကို မော့ကြည့်ရင်း လိုက်လာသည်။

ဂျိုးနစ်က ခြေလှမ်းနှေးသွားပြီးမှ ရပ်၍စောင့်သော် ဝှစ်သည် ဂျိုးနစ် စကားမပြောမချင်းပင် ရှေ့တိုး၍လာသည်။

"ဟေး... ဝှစ်"

သည်တော့မှ ဝှစ် ရပ်လိုက်၏။

"မင်း ဘယ့်နှဲ့ နေသလဲ ဝှစ်"

ဝှစ်သည် မမြင်ဘူးသလို ကြည့်နေသည်။

"မယ်လစ်ဆာကော"ဟု လေးလေးပင်ပင် မေး၏။

"အိမ်မှာ ရှိတယ်လေကွာ"



သို့သော် ဝှစ် နားလည်သည်။ မလည်သည်ဆိုတာ မပြောတတ်ချေ။

လူတစ်ယောက် သည်လိုဖြစ်ဖို့ရာ အကြောင်းနှစ်ခုသာ ရှိသည်။ ခေါင်းမှာ ဒဏ်ရာရသည်ဖြစ်စေ၊ အရက် တစ်ဝကြီး သောက်ထားသည်ဖြစ်စေ သည်လိုဖြစ်နိုင်၏။ ဝှစ်အဖို့တော့ ခေါင်းတစ်နေရာမှာ ထိသွားတာဖြစ်သည်။

"မင်း သေနတ်ကော ဝှစ်"

ဝှစ်က မဖြေဘဲ စောစောက အသံနေအသံထားနှင့်ပင် ပြောသေး၏။

"ဝဲလင်းမီးဖို လုပ်လို့ပြီးသွားပြီဗျ"

"ကောင်းတာပေါ့ကွ"

"မယ်လစ်ဆာကော"

"ငါ့အိမ်မှာ ရှိတယ်ကော၊ တို့အိမ်ရောက်မှ မင်းအလုပ်ပြီးတဲ့အ ကြောင်း ပြောရအောင် ဟုတ်လား"

ဂျိုးနစ်က ကျယ်လောင်စွာပြော၏။ သို့သော် ဝှစ်က မှကား သူ့မီးဖို ပြီးသွားသည့်အကြောင်းသာ ထပ်၍ပြောသည်။

"အေး မင်းမီးဖိုက မင်းကိုပါ အပြီးဆော်သွားတာပဲလား။ ဝှစ် ဘာဖြစ်သလဲ။ မင်းခေါင်းပေါ် ကျောက်တုံးကျလာလို့လား" သူ့ကိုယ်မှာ သွေးစသွေးနလည်းမရှိ။ သို့သော် ကြည့်ရသည်မှာ ပင်ပန်းစရာ ဖြစ်၏။ ဆာလောင်နေပုံလည်း ရသည်။

ဝှစ် စကားပြောမည်ဟု စ ပြန်သေးရာ ဂျိုးနစ်က လက်မခံဘဲ "လာဟေ့ မယ်လစ်ဆာဆီ သွားရအောင်" ဟု ခေါ်သည်။

ဝှစ်ကို တစ်ဖက်ရပ်တဲ့သို့ ပြန်၍ ခေါ်လာရ၏။ ဝှစ်က စကားပြော ရပ်သွားပြီး လိုက်လာသည်။ ဘယ်ကိုခေါ်လာသည်ဆိုတာကို ရိပ်မိပုံလည်း မရ၊ စင်စစ် သူ့ဝဲလင်းမီးဖိုကို မြင်လျှင် စိတ်ပြန်၍ ထွေသွားဦးမည်ကို ဂျိုးနစ် ကြောက်၏။ သို့သော် ဝှစ်ကို ခေါ်ခဲ့ပြီး လှဲနေစေသည်။ သည်တော့ မှ ဝှစ်၏ ခေါင်းမှ အဖုကြီးကို စမ်းမိသည်။ တို့ ဒီညတော့ ဒီမှာ နားဦးစို့ ဟု ပြောလိုက်ရသော်လည်း၊ ဝှစ်သည် သူဘယ်နေရာရောက်နေသည်ကို မသိမှန်း ရိပ်မိသည်။ "မနက်ကျတော့မှ မယ်လစ်ဆာဆီ ရောက်အောင် သွားမှာပေါ့ကွာ၊ နော်"

ဂျိုးနစ်သည် မီးသေနေသော မီးဖို၌ မီးမွှေး၏။ ထင်းလည်း တစ်စုမှ မရှိပေရာ၊ သုံးရက်လောက်ရှိပြီဟု တွေးဆ၏။ သူ့မှာပါလာသည့် ဝက်

www.burmeseclassic.com

www.burmeseclassic.com



သားခြောက်နှင့် ပြောင်းဆန်အနည်းငယ်ကို ပြုတ်သည်။ အိမ်ထဲတွင်ကား စားစရာဘာတစ်ခုမျှ မရှိချေ။ သေနတ်ကလည်း သည်အတိုင်းရှိသည်။ ယမ်းမှုန့်အပြည့်ပင် ဘာဖြစ်ထားပါလိမ့်ဟု တွေးသော်လည်း ခေါင်းထဲ မရှင်း ချေ။

ခြေရာကောက်အတတ်၌ ဂျိုးနစ်သည် သာမန်လူစား မဟုတ်လေရာ၊ အိမ်ထဲသို့ ဝင်ပြီး ကြည့်ရှု ဆင်ခြင်သည်။ အိမ့်အပြင်သို့ ရောက်လာပြီး ဝှစ်၏ ခေါင်းမှ ဆံပင်များပြုတ်ပြီး ကပ်နေသည့် ကျောက်တုံးကို ငုံ့ကြည့် မိလျက်သားရှိသည်။

"ဒါပေမယ့် ဒါက သူရှာနေတဲ့ အကြောင်းရင်း မဟုတ်ဘူး။ ခေါင်းကို ခိုက်မိတာ မနက်ကမှ ခိုက်မိတာပဲ၊ နှင်းစက်ကလေးတွေ ကြည့်လေ၊ သူမတ်တတ်ရပ်မယ်ကြံတော့၊ သည်အစွန်းများ လာတင်နေတာ အသစ် စက်စက် ရှိသေးတယ်။ ဖွေးလို့"

ဂျိုးနစ်သည် ခေါင်းတညိတ်ညိတ်နှင့် ရှိသည်။ အိမ်ရိပ်ကျနေပုံကို ကြည့်ပြန်သည်။

"နာရီဝက်အတွင်းမှာ နှင်းတွေ အရေပျော်သွားတော့မှာကွ၊ ဒါပေမယ့် ညက ထတာတော့ မှုတ်ဘူး။ ဟုတ်ရင် တုတ်ဖြစ်ဖြစ်၊ သေနတ်ဖြစ်ဖြစ် ပါမှာပေါ့၊ ည ထတယ်ဆိုကတည်းက တစ်ခုခုအသံကြားလို့ ထတာကပဲ၊ လက်ချည်းပဲ လဲကျတာမို့ ဘာမှ ဒီနားမှာ မရှိတာပေါ့။ ဒါပဲ ဖြစ်စရာ အကြောင်းရှိတယ်လေ။ ဟုတ်တယ်လေ။ ဟုတ်ပါတယ်။ မနက်ကမှ ဖြစ် တာပါ"

"ပြီးတော့ သူအကြာကြီးလည်း လဲမနေဘူး။ ဘာကြောင့်လဲ ဆိုတော့ သူဖိမိထားတဲ့ နှင်းတွေ အရေမှ မပျော်ဘဲ၊ ဟုတ်ပါပြီ။ ဒီမနက်မှ ဖြစ်တာ တော့ သေချာပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ဒီလောက် အငမ်းမရ ဆာ နေရတာတုန်း။ သူ့ပါးစပ်က အနံ့ရှုကြည့်တော့ ဘာမှ မစားဘဲ နေရတာ တစ်နေ့ကတည်းကပဲ၊ ဘယ်နဲ့ပါလိမ့်"

အဖြေမရသော်လည်း ဆာနေသူကို ကျွေးမွေးရဦးမည်။ အရည်ကျဲ ကျဲပင် တိုက်သည်။ ဝှစ်သည် လောဘတကြီး သောက်လေ၏။ သို့သော် အများကြီး မတိုက်ဘဲ ပြန်ပြီး လှဲနေစေသေး၏။ ဂျိုးနစ်သည် ဆက်လက် စုံထောက်ပြန်သည်။



"သူ့အိမ်မိုးပေါ်တက်ပြီး မီးဖိုခေါင်းတိုင် လုပ်တယ်ကွ။ ဒါပေမယ့် ဘာဖြစ်လို့ စားစရာ ထွက်မရှာသလဲ။ လွန်ခဲ့တဲ့ လေးရက်လောက်တည်းက သူ့မှာ စားစရာ ကုန်နေပြီဆိုတာ သေချာတယ်"

ဂျိုးနစ်သည် တစ်ဖက်ရပ်တဲသို့ ပြန်လာပြီး ခေါင်းခါနေမိ၏။ ဝှစ်ကို အစာထပ်ကျွေးပြီး ဝဲလင်းတိုင်သို့ လာပြန်၏။ တိုင်ကို လက်နှင့်ထောက်၍ မိုကာ မြေကြီးကို ငုံ့ကြည့်နေ၏။ "ဟုတ်ပြီ၊ ဒီအကောင် လေးရက်လုံး အလုပ်လုပ်နေတာ အမှန်ပဲ၊ ဒီအတွင်း ဆာလာပေမယ့် အလုပ်ပျက်မှာ စိုးတာနဲ့ အပြင်ထွက်ပြီး စားစရာ မရှာဘူး။ ဒါပဲ၊ ဘာသဘောလဲကွယ်ရို့ အေးလေ... သူ့မီးဖိုခေါင်းတိုင်ကတော့ ကောင်းပါတယ်"

ဝဲလင်းဖိုနှင့် ခေါင်းတိုင်ကို သေသေချာချာ ကြည့်ရှုပြီး "ဒီကောင် တော်တော်ပြတ်ပြတ်နဲ့ လုပ်တဲ့အလုပ်က တခြားလူတွေ ဝဝစားပြီး လုပ်တာ ထက်တောင် ပိုပြီး ကောင်းသေးသဗျာ" ဟု တွေးပြန်၏။

နောက်တစ်နေ့ ညနေတွင် ဝှစ်သည် ပို၍ နှစ်ချိုက်စွာ အိပ်သည်။ ဂျိုးနစ်သည် ကူပြီး အိပ်မည်။ "မနက်မိုးလင်း၍ ဝှစ်ခေါင်းပြန်ကောင်းသွား လျှင် ချက်ချင်း ထသွားချင်လိမ့်မည်။ ပုံမှန်စိတ် မရှိခါမှ လူကောင်းတွေ လုပ်တဲ့ အလုပ်မျိုး သူလုပ်နိုင်တော့တယ်။ အိမ်ရာထဲလှဲပြီး နားဖို့လေ၊ ဝှစ်ဟာ အတော် တော်တဲ့လူပဲ၊ တစ်ခုမဟုတ် တစ်ခုလုပ်နေရမှ ကျေနပ်တာ၊ သူက မယ်လစ်ဆာ ဘယ်မလဲလို့ မေးပြန်သေးဗျာ။ သူ့မီးဖိုရော ခေါင်းတိုင် ရော အပြီးသတ်ပြီးပြီတဲ့။ ကဲ... စင်စစ်တော့ ကောင်မလေးကလည်း မီးဖိုနှင့် ခေါင်းတိုင် အသင့်ရှိမှလို့ မဆိုရှာပါဘူး။ ဝှစ်ကလည်း လုပ်ပေးမယ် လို့ ပြောထားတာမဟုတ်၊ ဝှစ်ဆိုတဲ့ကောင်က မပြီးခင် ဘာမှ မပြောတတ် ဘူး။ အလုပ်နဲ့ လုပ်ပြတာ၊ ပြီးပြန်တော့လည်း သောက်ပွဲတောင် မကျင်းပဘူး ဆရာရေ... ငါတော့ ဒီလိုမနေနိုင်ပေါင်ကွာ"

နိုးလာသော် ဝှစ် ပထမဆုံးသိချင်သည်မှာ ခေါင်းက ဝေဒနာပင် တည်း။ ဝေဒနာသည် လိုင်းပမာ နောက်စေ့မှထပြီး နားထင်ကို ရိုက်လေသ သူ့ကို ဘာနှင့် ထိမိသည်ဆိုတာ မှတ်မိ၏။ သူ့သတိမေ့သွားသည်ဆိုတာ လည်း မှတ်မိသည်။

မျက်လုံးဖွင့်လိုက်သော် မီးရောင်ကို မြင်သည်။ ဘယ်လိုပါလိမ့်ဟု ငုံ့စားခဲ ချောင်းဆိုးသံကြီးက ပတ်ဝန်းကျင်ကို တုန်သွားမတတ် ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝုစ်သည် မလှုပ်လည်း မလှုပ်နိုင်၊ ကြောက်လည်း ကြောက်လှသည်နှင့် ငြိမ်ပြီးနေ၏။ ခေါင်းထဲမှာတော့ ကြည်လင်လာပြီ။ သူ့နံဘေးမှ အသံသည်လည်း ပြတ်သွားကာ လုံးထွေးသွားပြီး မှုန်းကျသွား၏။ သိပ်ပြီ ကြားဖူးလှပြီပဲ၊ ဂျိုးနစ်၏ ဟောက်သံမဟုတ်လား။ ဝုစ်သည် နှာခေါင်း ရှုံ့၍ အနံ့ခံကြည့်ရာ ဂျိုးနစ်၏ စောင်မှ အနံ့ကို ရသည်။

သည်တော့မှ စိတ်လျှော့လိုက်ရာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သည်။ မျက်နှာ အမှုအရာလည်း စိတ်သက်သာ သွားဟန်ဖြင့် ဖြီးစပ်စပ် ဖြစ်လာပြီး ငိုချင်ချင် ကြီးလည်း ဖြစ်ရလေသည်။

ဂျိုးနစ်ကမူကား အသံကြီးပေါ်လာ၊ ပြတ်သွား၊ လုံးထွေးသွားပြီးတော့ မှုန်းကျသွားသည့် အဟောက်သံသရာမှာ မှန်မှန်လည်နေလေ၏။

ဂျိုးနစ် အိပ်ပုံထောက်တော့ ဘာမှ သိပ်ပြီး စိုးရိမ်စရာ ပေါ်ပေါက်ခြင်း ရှိပုံမရ၊ ခေါင်းက အဖုကြီးမှာ ကြီးမားလှတာတော့ မှန်သည်။ သို့သော် ကံကောင်းနှင့် ကံဆိုးမျှ သွားခြင်းဟုသာ သဘောထားရမည်။ အနာ နာသည့်အတွက် မျက်လုံးတော့ မဖွင့်ချင်ပေ၊ လက်ထဲမှာ ချွေးစေးများပင် ပြန်နေသည်။ တစ်ကိုယ်လုံးကား အေးစက်နေ၏။ သူ့ကိုယ်ပေါ်မှာ သူ့စောင်နှင့် ဂျိုးနစ်၏ စောင်နှစ်ထည်ထပ်လျက် ခြုံထားပေးသည်ကိုတော့ သိရှာသည်။

'ဒါနှင့်ပင် ချမ်းအေးလှသေးသော်လည်း ဂျိုးနစ်မှာ စောင်ခြုံစရာ မရှိသည်ကို မကြိုက်နိုင်ချေ၊ ကိုယ်က ဖျားနာနေတာကျနေတာပဲ၊ စင်စစ် ခေါင်းကိုက်ရုံတစ်ခုပဲဟာ။

ဖျားနေသည်ကို သိလေလေ မကြိုက်နိုင်လေ ဖြစ်ရကား မဖျားပါဘူးဟု ဆိုချင်သည်နှင့် ဂျိုးနစ်ကို စောင်တစ်ထည် ခွဲပေးမည်ကြံ၏။ ခေါင်းကို ထူသော် ကြွလာရုံထက် မပိုချေ။ ပြန်လှဲချသော် တိုး၍ နာလေ၏။ ဆိုးလိုက်တဲ့ ဝေဒနာနော်။ ခေါင်းတစ်ခုလုံးသည် နာကျင်ကိုက်ခဲနေသော သွားတစ်ချောင်းနှင့် တူလှသည်ဟု ဆိုချင်သည်။ စောင်ခေါက်တစ်ခေါက်ကို လက်ထဲမှာ ဖျစ်ညှစ်ပြီး ကိုင်ထားမိလေ၏။

ခဏကြာသော် အနည်းငယ်သက်သာ၏။ "အောင်မယ် ဒါ အပြင်းဆုံးနာတာဆိုရင် တော်ပါသေးရဲ့" ဟု တွေးသေးသည်။ သူသည် ဂျိုးနစ်၏ စောင်ကို ခွါသည်။ ပြီးမှ ကိုယ့်စောင်ကို ခွါပြန်သည်။ တစောင်း



အိပ်နေရာမှ ဒူးနှင့်ထောက်၊ တံတောင်နှင့်ထောက်ကာ တဖြုတ်နားပြီး ထသည်။ ဂျိုးနစ်ကို စောင်ခြုံပေးသည်။ နှလုံးသွေး တဒိတ်ဒိတ်တိုးသည် ဘာများ ဖြစ်သွားမလဲဟု စိုးရိမ်ရသည်။ သို့သော် ခေါင်းကိုက်ခြင်းက အဆိုးရွားဆုံးဖြစ်သည်။ ခြေဆုံး ခေါင်းဆုံးကို ထိရောက်အောင် ကိုက်သည် ထင်၏။ မိုးလင်း၍မျှား သည့်ထက်မသက်သာဘူးဆိုလျှင် လမ်းလျှောက်နိုင်မည်မဟုတ်။

စောင်ပြန်ခြုံပြီး မီးဖိုနားတိုးကာ ငြိမ်ငြိမ်ကလေး လှဲနေလေ၏။ ဝေဒနာ အနည်းငယ် လျော့သွားပြီး အကျင့်လည်း ပါသွားသည်။ တွေးတော စိတ်ကူးဖို့ရာ မကြိုးစားဘဲနေသည်တွင် ဦးနှောက်ထဲ၌ အရိပ်များပေါ်သည်။ မယ်လစ်ဆာ၊ ကိုယ့်ရွာ၊ ဝဲလင်းမီးဖို။ သို့သော် ဘာတစ်ခုမျှ အရေးမကြီးသလို ရှိသည်။ အသက်ရှူရလည်း ချောင်လာလေပြီ။

သို့လျှင် ဖျတ်ခနဲ အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့ နိုးလာလျှင်မူကား သူ့ကိုယ်ပေါ်၌ စောင်နှစ်ထပ် ခြုံလျက်သား ရှိပြန်လေသည်။

ဂျိုးနစ် မီးပုံဆွနေသည်ကို မြင်သည်။ ထထိုင်သော် ခေါင်းထဲ တဒုတ်ဒုတ်မြည်သော်လည်း ညကနှင့် မတူတော့ချေ၊ စောင်ကို ခွါချပြီး ထ ရပ်သော် မူးတူးဝေဝေ ရှိလှသည်။

"မီးပုံကြီးက ဟိန်းလို့ပါကလား" ဟု ပြောလိုက်၏။

ဂျိုးနစ်ဖုတ်ထားသည့် ကိတ်မုန့်ကြမ်း ပူပူနွေးနွေးကို စားရသော် အူတကြုတ်ကြုတ်မြည်ခြင်း ပျောက်သွား၏။ အရသာလည်း ရှိလှသည်။

ဝုစ်သည် တစ်ဖက်ရပ်တဲရှေ့၌ မတ်တတ်ရပ်ကာ "ကျွန်တော် သွားရမယ်ဗျ" ဟု ခေါင်းမာမာ ဆိုလေရာ၊ ဂျိုးနစ်သည် ထိုင်ရာမှထပြီး တစ်ဖန် မီးဖိုကို လှည့်ကြည့်လေ၏။ မီးဖိုကို ခြေနှင့် ကန်ပြီး ချပစ်လိုက်ပြီး "ကောင်းပြီ၊ ကျုပ်ပါ လိုက်ရတော့မပေါ့" ဟု ဆိုသည်။

ထိုနေ့ညနေစောင်းတွင် ဂျိုးနစ်၏ မိန်းမနှင့် မယ်လစ်ဆာတို့သည် ထိုင်လျက် အချုပ်၊ အလုပ်ကိုယ်စီ လုပ်နေကြလေသည်။ တောတိရစ္ဆာန် အော်သံများ ကြားရသည်။ အတော်မိုးချုပ်ပြီဖြစ်၍ သူတို့ ရောက်အောင် လာနိုင်တော့မည်မဟုတ်ဟု ထင်သည်။ အပြင်မှာ လေကလည်း အသံပြု၍ တိုက်ခတ်သည်။ သို့သော် ခွေးက ရောက်နှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော... အသံကြားတယ်" ဟု မယ်လစ်ဆာက ပြော၏။

"ဂျိုးနစ်ရဲ့ အသံပဲ၊ အိမ်နဲ့ နီးလာရင် ဒီလိုပဲ အသံပြုတတ်တာကို"

ဘာပဲဖြစ်ဖြစ် ဂျိုးနစ်၏ အသံပေးနိုင်သေးပုံထောက်တော့ ဝှစ် မသေမပျောက်ရှိသေးတာ သေချာသည်။

မယ်လစ်ဆာသည် မှောင်ထဲကို တိုး၍ ကြည့်၏။ ဂျိုးနစ်၏ နှုတ်ဆက်သံကို ကြားရလေ၏။ မျက်စိကတော့ ဘာမှ မမြင်ရ၊ "ဝှစ် ပါလား။ ဝှစ် ဘယ်မလဲ"

ဝှစ်က ပြန်ထူးသော်လည်း ဝှစ်အသံနှင့် မတူချေ။ ထို့ပြင် သုံးယောက်သား နီးနီးကပ်ကပ် ရပ်မိသော်လည်း ဝှစ်က ခေါင်းမတ်ထားကာ စကားတစ်လုံးမျှ မပြော။

"ဘာဖြစ်နေတာလဲ ဝှစ်"

"အို... သူ မူးမနေပါဘူးဗျ၊ ကျုပ်လည်း မမူးပါဘူး။ ဒါပေမယ့် သူ့အားလုံး ပြောပြပါလိမ့်မယ်"

ဂျိုးနစ်သည် သူ့မိန်းမ စောစောက ဝင်သွားသော အိမ်ထဲခန်းသို့ လိုက်သွား၏။

ဂျိုးနစ်က သူ့မိန်းမကို အကြောင်းစုံ ပြောပြနေခိုက် ဝှစ်က ပြောသည်မှာ "တို့ မြေကွက်ထဲမှာ မင်းသွားချင်တဲ့ အချိန်သွားပြီး နေလို့ရပြီကွ"

ဒီဇင်ဘာလ၏ သာယာသော နေ့တစ်နေ့တွင် ဝှစ်တို့ လင်မယားသည် ဂျိုးနစ်တို့ အိမ်မှ အပြီးအပိုင်ထွက်သည်။

သူတို့ ခွဲခွါကြသည့် ကိစ္စအတွက် စိတ်အထိခိုက်ဆုံးမှာ ဂျိုးနစ်၏ မိန်းမဖြစ်သည်။ မိန်းမဖော်ချင်း စကားပြောချင်လျှင် နှင်းတောထဲ တိုး၍ အသွားအပြန် ရမိုင်ရှည် ခရီးကို လျှောက်ရမည်မှာ လွမ်းစရာပင်တည်း။ ဂျိုးနစ်အဖို့မူကား ဝှစ်တို့ နေရာကိုလည်း သိသည်။ ဆောင်းပေါက်၍ ထိုနေရာသို့ ရောက်လျှင် ဝင်နိုင်သည်။ တစ်ညာ နှစ်ညာ အိပ်ချင် အိပ်နိုင်သေးသည်။

သို့သော် ဂျိုးနစ်၏မိန်းမသည် ဘာမှမဖြစ်သလိုပင် လုပ်စရာရှိသည်ကိုသာ လုပ်ကိုင်သွားလေရာ ဘာမှပြောစရာ မရှိတော့ချေ။



ဂျိုးနစ်ကမူကား ခါတိုင်းထက်ပို၍ ဆေးလိပ်သောက်သည်။

ဝှစ်လည်း အတော်စိတ်အားငယ်နေသည်။ ရွာက ထွက်ညော့ပြီးသည့်က ခရီးပင် မစရသေးသော်လည်း မှန်းရာရောက်ဖို့ပင် အန္တရာယ်မကင်းသော်လည်း အားရှိသည်။ စိတ်အေးသည်။ ယခုတော့ အဆုံးစခန်း ရောက်ခါနီးလေလေ၊ စိတ်မငြိမ်မသက် ဖြစ်လေလေပင်။ ဘာမှ အမှားမဖြစ်နိုင်ပါဘူးဟု၍ ယုံကြည်မထားနိုင်ချေ။

သွားခါနီးတွင် ဂျိုးနစ်၏ မိန်းမက မယ်လစ်ဆာနားကပ်ပြီး

"ကိစ္စကြီးငယ်ပေါ်ရင် ခေါ်သာနိုင်းလိုက်နော်"

"ဟုတ်ကဲ့"

သူတို့ နှုတ်ဆက်ပြီး ထွက်ခဲ့ကြ၏။

• • •

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ဂျိုးနစ်၏ တောမြက်ခြောက် ပုံနှင့် ဂျူခင်းကို ဖြတ်ခဲ့၏။

ကွင်းထဲရှိ နှင်းခဲမှုန်သမျှကို နေရောင်က ရွှံ့ပေါက်အောင် ပျော်စေပြီ ဖြစ်၏။ အရိပ်ကျရာမှာသာ ဖြူဖြူဖွေးဖွေး ကျန်ရှိသည်။ အတော်ခရီး ရောက်လာသော် ဝုစ်က လမ်းဘေးဖဲ့ထွက်ပြီး "ကဲ... မယ်လစ်ဆာ၊ မင်းက ရှေ့ကသွား၊ ဒါမှ မင်းအလိုကျ နားနားနေနေ သွားဖြစ်မယ်"ဟု ဆို၏။

"ကျွန်မ စိတ်ထင်သလိုများ မြန်မြန်ကြီး သွားရရင် ရှင်တောင် မီအောင် လိုက်နိုင်မှာ မှတ်ဘူး။ ရောက်ချင်လှပြီရှင့်"

"မပူပါနဲ့ကွာ၊ ရောက်တော့ ရောက်မှာပဲ"

တောထဲတွင် နေရောင်ခြည်ယှက်ကျနေကာ မမှောင်မိုက်လှချေ၊ သစ်မျိုးစုံ ပေါက်သည်။ ဝက်သစ်ချပင်များလည်းရှိကာ ဝက်သစ်ချရွက် များသည် ညိုမှောင်နေကြပြီ ဖြစ်၏။ အကိုင်းအခက်ပေါ်မှာ နည်းနည်း သာ ကျန်တော့သည်။ သစ်ပင်များသည် အားလုံး မြင့်မားလှချေ၏။ သစ်ခက်တစ်ခက်မျှ ပင်စည်မှ ပြူမထွက်ခင် ပေ ခုနစ်ဆယ်မြင့်အောင် တက်သော အပင်လည်း ရှိလေ၏။ အဖျားရှူးသွားသော ဖယောင်းတိုင်များ နှင့် တူလေ၏။ မြေပေါ်မှာတော့ အနီးဆုံး သစ်တစ်ပင်နှင့်တစ်ပင်သည် ၇ လှမ်း၊ ၈လှမ်းမျှ ဝေးလေ၏။

ဝုစ်က "တို့... ဒီတောင်ကုန်းထိပ်ကို ရောက်ရင် ဘယ်ကို ခြေဦး လှည့်နေတယ်ဆိုတာ သိရမယ်"

"ဟုတ်လား။ ဒါဖြင့် မြန်မြန်ရောက်အောင် သွားရအောင် ဝုစ်"



"ဖြည်းဖြည်းပေါ့၊ ရောက်တော့မှာပဲဟာ၊ တောင်တန်းကိုလည်း မြင် နိုင်တယ်ဗျ၊ တောင်ကုန်းတစ်ဖက်မှာ အိုင်ကလေးတစ်ခု ရှိသေးတယ်။ အဲဒီမှာ သစ်ပင်က ရှင်းသွားတော့ ဘာမဆို ကောင်းကောင်းမြင်နိုင်တာပေါ့"

"ကျွန်မတော့ မြန်မြန်ရောက်ချင်တာပါပဲ၊ ခုထက်ထိ တစ်နေ့တည်း နဲ့ အရောက်လျှောက်နိုင်တယ် ထင်တာ"

"အေးလေ . . . တောင်ကုန်းထိပ်ရောက်အောင် ဂျိုးနစ်အိမ်က လျှောက်ရတာက ၃မိုင်၊ တောင်ကုန်းထိပ်ကနေပြီး 'ပူး'ရဲ့ အိမ်အထိက ၃မိုင် ခင်ဗျ၊ တောင်ကုန်းထိပ်ပေါ်ရောက်လို့မှ နောက် ၁၅မိုင် ထပ်လျှောက် ချင်သေးတယ်ဆိုရင်တော့ ကိုယ်အထင်မှားတာပဲပေါ့ကွာ"

တောင်ကုန်းထိပ်ပေါ်ရောက်သော် မယ်လစ်ဆာသည် အသက်ရှူများ များကာ မျက်နှာမှာ သွေးလျှမ်းနေသော်လည်း အလွန်ပျော်ရွှင်နေရကာ ကြည့်ရတာပင် သဘောကျလို့ မဆုံးချေ။

ဝုစ်က ပြောသည်။ "ဟောဒီနေရာက လှမ်းကြည့်စမ်း။ အစွန်းထိ အောင် ဆင်းသွားရင် သစ်ပင်တွေက ခေါင်းပေါ်ရောက်အောင် မြင့်သွား ပြီ ထင်ရတယ်။ လှမ်းကြည့်စမ်း"

မယ်လစ်ဆာသည် တောင်များကို မြင်လေ၏။

တောင်များသည် မယ်လစ်ဆာ၏ ဘယ်ဘက်က စပြီး ညာဘက် စီနေလေ၏။ တောင်တန်းများနှင့် သည်လောက် နီးနီးကလေးမျှ ရောက်နေပြီး တောင်တွေ ရှိနေသည်ကို ခုမှ သိရသည့်အတွက် တုန်လှုပ်သွားသေး၏။ ယခုတော့ တောင်များနှင့် သူသည် တစ်ပြေးတည်း ရှိနေသည်ဟု ထင်ရ သည်။ နေရောင်သည်လည်း တောင်များပေါ်မှာ ကျနေရာ နေရောင်နှင့် တောင်များအကြားတွင်လည်း ဘာမှ မရှိချေ။

မယ်လစ်ဆာလည်း ဝုစ်ကို လှည့်ကြည့်၏။ ဝုစ်ကလည်း ပြန်ကြည့်၏။ နှစ်ယောက်သား ခရီးဆက်ကြပြန်လေ၏။

နေသည် လင်းချင်းဖြူစင်လာပြီး တောက်ပြောင်သော အဝါရောင် သည် ပျောက်ပြယ်သွားလေ၏။ အေးစိမ့်စိမ့်နှင့် မကြာခင် မှုန်ရီရီ ဖြစ်လာ ဖို့ရှိလေ၏။ သို့နှင့် "ပူး"၏ အိမ်ဆီ ရောက်လာသည်။ သူတို့သည်မှာ တစ်ည နားရမည်ဖြစ်ကာ မယ်လစ်ဆာကလည်း ဝမ်းမြောက်ဝမ်းသာ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်ကမူကား အိမ့်ရှင်ယောက်ျား ပူးနှင့် မီးဖိုဘေးမှာ ထိုင်၍ စကား စမြည်ပြောသည်။ သူတို့သည် မြေယာသစ် ရှာခြင်းအကြောင်းမှာပဲ ဝေ့လည်နေသည်။ ဝှစ်က သူ ရွာကိုစွန့်ခွာခဲ့သည့်အကြောင်းရင်းမှာ ရွာမှာ မနေပျော်သည့်အတွက်ဟု ဆို၏။ ကွင်းပြင်မှာထက် သစ်တောထဲမှာ အခြေတည်ရခြင်းက ပိုခက်တာမှန်၏။ ပြီးတော့ အင်ဒီယန်း လူရိုင်းတို့၏ အသတ်ခံရသည့် အဖြစ်ကိုလည်း မြေယာသစ်ရှာသူအပေါင်းတို့ တစ်နှစ်တစ်ခါ၊ ၂ နှစ်တစ်ခါတော့ ကြုံရမည်မှာ မှန်၏။ မှက်နှင့် မြွေကင်း၊ ဝံပုလွေနှင့် လူရိုင်း၊ ရာသီနှင့် ယှဉ်ဖြစ်သော အနာရောဂါများလည်း ပေါများသည် မှန်၏။ သို့သော် လူကို ဘာကမျှ မတားမြစ်နိုင်။ လူသည် ရောက်လိုသည့်နေရာကို ရောက်အောင်လာ၍ နေလိုသည့်နေရာမှာ ရအောင်နေမည်ပင်တည်း။

ညဉ့်အတော်နက်သည့်အထိ အဘိုးကြီးက စကားပြောသည်။ သူသည် တစ်ယောက်တည်း နေခဲ့ရလွန်းကာ စကားပြော၍ မဝနိုင်အောင် ရှိသည်။ မြေယာသစ်ရှာသူများ ငွေမရှိ၍ မြေကွက်မရပုံ၊ မြို့သစ်တည်ရန် ဘုရင်က တာဝန်လွှဲအပ်ထားသည့် လူကြီးများ ငွေစားပုံ၊ ဘာတစ်ခုမျှ မကျန်အောင် ပြောသည်။

သူတို့ အိပ်ရာဝင်ကြသော် ဝှစ်သည် နားထောင်ရသည့် ကိစ္စရပ်များကို တွေးတောမနေအားချေ။ မနက်ဖြန် သည်အချိန်မှာဆိုလျှင် သူတို့ လင်မယားပိုင်သော အိမ်သို့ ရောက်နေကြတော့မည်။

မိုးလင်းသော် မှိုင်းပျသောနေ့ ဖြစ်မည့် လက္ခဏာကို တွေ့၏။ မှန်တိုင်းကျလိမ့်မည်။ ပူးက သူတို့လင်မယားကို မသွားစေချင်သေးသော်လည်း သူတို့သည် အိမ်ရောက်ချင်လှပြီ ဖြစ်၍ ကြည့်ပြီး စီမံလုပ်ကိုင် သွားနိုင်ပါသည်ဟု ထင်ကြသည်။

ညကတည်းက လေသည် တောင်မှ အရှေ့သို့ တိုက်လာသည်။ ၂နာရီအတွင်းမှာ အရှေ့မြောက်ဆီက လှည့်ပြီး တိုက်ခတ်မည်မှာ သေချာသည်။ လေအဆင်ကတော့ တစ်ပတ်လုံး သည်အတိုင်းနေမည် ထင်၏။ သစ်ကိုင်းများမယှက်သည့် သစ်ပင်များအကြားမှ မော်ကြည့်လျှင် ခဲပျစ်ညို့ရှိသော မိုးမျက်နှာပြင်ကို မြင်သည်။ မွမွရွရွနေသော မီးခိုးသွေးတိမ်တိုက်များ လျင်မြန်တည်ငြိမ်စွာ ဖြတ်သန်းသွားနေသည်ကို မြင်သည်။



ယနေ့တော့ မယ်လစ်ဆာကို ပြစရာတောင်တန်းများ မရှိပြီ။ မယ်လစ်ဆာ ခမျာ မစိုမစွဲခင်ကို၊ အအေးမပတ်ခင်ကို အမိုးအောက် ရောက်အောင် ခေါ်နိုင်သည့်အတွက်သာ ကံကို ကျေးဇူးတင်လှလေ၏။

မယ်လစ်ဆာကို အလျင်စလိုတော့ မသွားစေချင်၊ နားခွင့်ကို တတ်နိုင်သလောက်ပေး၏။ "တို့ တစ်နေ့လုံး အချိန်ရပါသေးတယ်ကွာ" ဟု ပြောကာ ပြောသည့်အတိုင်းမှန်ပါစေဟု ကိုယ့်ဘာသာ ဆုတောင်းသည်။

"မိုးက ရွာတော့မှာ ဝှစ်ရဲ့"

"မိုးမချုပ်ခင်တော့ မရွာသေးပါဘူး"

"နှင်းကော မကျဘူးတဲ့လား"

"မပြောတတ်ဘူး။ နှင်းတော့ ကျချင်ကျမှာပဲ"

"ကျပါစေလေ... လေမုန်တိုင်း လာချင်တောင်လာပါစေ၊ ကျွန်မတို့ အိမ်ကို ရောက်တော့မယ့်ဟာပဲ"

ထိုခဏမှာတော့ မိုင်ပေါင်းများစွာပင် ကျန်သေးသည်ဆိုလည်း မယ်လစ်ဆာ အဖက်မလုပ်၊ ကိုယ့်အိမ်ထဲ ကိုယ်ရောက်နေပြီ၊ အပြင်မှာ သောင်းကျန်းသည့် မုန်တိုင်း၏ အသံကို နားထောင်ရမှာ ကောင်းတောင် ကောင်းလှသေး၏။ အဲသည်တော့မှ ဝှစ်လည်း အိမ်မြဲနေမည်။

ဝှစ်ကလည်း ဒါကို သိသည်။ မယ်လစ်ဆာ၏ မျက်နှာကလေး ထိန်နေသည်ကို မီးရောင်နှင့် မြင်ရသည်။

"အေးကွ၊ တို့အိမ် တို့ရောက်တော့မှာပဲ" ဟု ရွှင်ရွှင်လန်းလန်း ရှိချင်စိတ်နှင့် ပြောသည်။ မယ်လစ်ဆာက ဘာမှမပြောချေ။ မကြားဘူး ထင်၏။ အကြောင်းကား သစ်ပင်များအကြားတွင် လေက ဆူညံ အသံပြုနေသည်။ သို့သော် မယ်လစ်ဆာက ကြားပေသည်။

"ဟောဒါက မြစ်ရိုးပျ" ဟု ဝှစ်က ပြလေ၏။

မြစ်သည် အရုပ်ဆိုး၍ အေးစက်လှဟန်ရှိ၏။

ဝှစ်က အဝတ်များကို ချွတ်သည်။ မယ်လစ်ဆာ သဘောတူမည် ဆိုလျှင် သူ့ဘောင်းဘီများပါ ချွတ်ချင်သည်ဟု ခွင့်တောင်းသေး၏။ ဝှစ်သည် ရေခဲလို အေးစိမ့်စွဲသော တောကို ဖြတ်ကာ မြစ်လယ်ရှိ ရေနက်ထဲသို့ ရောက်သော် ခဏရပ်၍ စဉ်းစားလေ၏။ လမ်းကို ရွေးချယ်ပြီး ရေတိုးသွားသော် သူ့ခါးအထိသာ ရေနက်တော့သည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com


''နွေဦးမှာလောက်တော့ ရေက မအေးလှပါဘူး'' ဟုသာ သူက ပြော၏။

''အခုပဲ အေးလှပါပြီ။ ရှင် ကြည့်ရတာလောက်ကို တကယ်များ အေးရင်တော့ ရေခဲအတိုင်ပဲ နေမှာနော်''

ဝိုစ်သည် အထုပ်အပိုးများ သယ်သည်။ သို့သော် စိတ်ပြောင်း သွားပြီး မယ်လစ်ဆာကို ကလေးငယ်ပမာ ပွေ့ချီပြီး မြစ်ကို ဖြတ်လာ၏။ ''ကြောက်ရင် မျက်စိမှိတ်ထား'' ဟု ဝိုစ်က ပြောသော်လည်း မယ်လစ် ဆာသည် မျက်စိဖွင့်ထား၏။ ရေနက်နားရောက်လျှင်တော့ အသက်ပင် မရှူရဲချေ၊ သူ့လက်မောင်းများ ပခုံးများကတော့ ကျစ်လျစ်မာကျောပေ၏။ သူ့အင်အားမှာ ယုံကြည်စိတ် ထားလေ၏။ ရေကို ငုံ့ကြည့်သော် မလိုမုန်း ထားစိတ် ပေါ်မိ၏။ ချက်ချင်းပင် တုန်လှုပ်သွားပြီး မျက်စိစုံမှိတ်ထား၏။

ကမ်းပေါ်ရောက်သော် ဝိုစ်က မေးသည်မှာ ''ဘာဖြစ်လို့လဲ၊ မင်းကို ရေထဲပစ်ချလိုက်တော့မယ်ထင်လို့လား''

မယ်လစ်ဆာက ပျော်ရွှင်စွာ

''ဟင်အင်း၊ ရှင် မလွှတ်ပါဘူးဆိုတာ သိသားပဲ။ ဒါပေမယ့် မြစ်ရေ က သည်အတိုင်းနေပါ့မလားလို့''

''ရေအောက်က သဲပြင်ပါကွ။ တချို့နေရာများ ထင်တာထက်တောင် ပျော့ပျောင်းသေးရဲ့၊ ကဲ. . .သယ်စရာရှိတာ သွားသယ်လိုက်ဦးမယ်။ ပြီး တော့မှ ဆက်ကြတာပေါ့၊ ခရီးသိပ်မဝေးတော့ပါဘူး''

ဝိုစ်သည် ရေထဲသို့ အလွယ်တကူပင် ပြန်၍ဆင်းသွားလေရာ မယ်လစ်ဆာသည် သူ့အစား ကြက်သီးများ ထအောင် ချမ်းလေ၏။ သူပြန် ရောက်လာသော် ကြာလိုက်တာဟု ထင်သည်။

မြစ်ကို ဖြတ်ခဲ့၍ ဆယ်မိနစ်မျှ မကြာခင် နှင်းကျလာသည့် တရှဲ ရှဲ မြည်သံကို ဝိုစ်ကြားရလေသည်၊ လေအတိုက်တော့ လျော့သွားပြီ ဖြစ်၏။ နှင်းခဲ၊ နှင်းဖတ်များအကြားမှ ရေပေါက်ပမာ စစ်ချလိုက်သည့်အခါလို အေးအေးဆေးဆေး ကျလာပေ၏။

''ဟောဗျို၊ မင်းရဲ့နှင်းတွေ'' ဟု ဝိုစ်က ရင်ကော့ပြောသည်။

''အချိန်မီပဲရှင့်၊ သိပ်မဝေးတော့ဘူး မှတ်လားလို့''

''မောပြီလား''




ဝိုစ်သည် သူမှတ်သားထားသည့် သစ်ပင်ကို တွေ့၏။ ထို့ကြောင့် နောက်ထပ်ထိုင်ရပြီး ချောင်းရိုး၊ တောင်ကုန်းအစုံပါသော မြေပုံကလေးတစ်ခု ကို ဆွဲပြလေ၏။

သူတို့ ဆက်ပြီး လျှောက်ကျပြန်စဉ် မယ်လစ်ဆာက ပြောသည်။

''နှင်းကျပေမယ့် ကိုယ်ဘယ်ရောက်နေတယ်ဆိုတာသိရင် မကြောက် ပါဘူး။ နှင်းက အတော်ထူလာပြီနော်''

''ဒီလောက် နှင်းနဲ့တော့ မရွှံပါဘူးကွာ။ ဆောင်းတွင်းမှာ ကျစမြဲ နှင်းရိုးနှင်းမျိုး ရှိပါသေးတယ်''

အားလုံးဝေမှောင်လာပြီ။ လမ်းတစ်လျှောက်တွင် နဂိုက မှတ်သား မထားမိသည့်အတွက် စိတ်အနည်းငယ် ရှုပ်၏။ အရိပ်များလည်း မကျ တော့ဘဲ မြေပြင်သည် ညီပြန့်၏။ တောထဲမှာဆိုလျှင် နှင်း စောင်း ရှပြီး ကျလာပုံကိုကြည့်ခြင်းအားဖြင့် လေ ဘယ်အရပ်က တိုက်နေသည် ကို သိနိုင်၏။ ယခုတော့ နှင်းသည် ရောထွေးကာ ကျချင်သလို ကျနေရာ ခက်လှသည်။

တည့်တည့်သွားနိုင်အောင် သစ်ပင်များကို တန်းစီ၍ မှတ်သားနေ သော်လည်း အားကိုးစရာတော့ မကောင်းလှ။ မြစ်ရိုးတစ်လျှောက်က သွား လျှင် ကောင်းလေမလားဟု တွေး၏။ သည်လိုဆိုလျှင် ဗြမိုင်မျှ ခရီး ပိုရှည်မည်။ သို့သော် လမ်းမှားဖို့တော့ အကြောင်းမရှိ၊ ပြန်လှည့်ရမလား ဟုလည်း စဉ်းစားသည်။ ဝေခွဲမရချေ။

သူတစ်ယောက်တည်းသာဆိုလျှင် ယခုလို ခွကျကျ လုပ်တတ်ပုံမျိုး နှင့် မှတ်သွားအောင် ဘာပဲဖြစ်ဖြစ် လိုက်ရသော်လည်း ဝမ်းနည်းစရာ မဟုတ်ချေ။ ယခုတော့ လမ်းပျောက်သွားပြီဆိုလျှင် ရယ်စရာ ကိစ္စမဟုတ် တော့။ မယ်လစ်ဆာကတော့ သူ့တာဝန်ရှိသည့်အတိုင်း လျှောက်သွား နေရမည်ပင်။ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ဖို့ ဝိုစ်က လမ်းပြမည် ကိုသာ အားကိုးသည်။

နှင်းသည် ထူပိန်းအောင် ကျလာပြီ။ ပို၍လည်း အေးလာပြီ ထင်ရ သည်။ ညာဘက်ကိုသာ ဆိုင်းပြီးနေရသည်။ ဒါမှ လမ်းမှားခြင်းမှ ကင်းလွတ် မည်။ သို့သော် ညာဘက်ကို သိပ်မကျွံအောင်တော့ ဂရုစိုက်ရသည်။

နှင်းကျနေဆဲပင်၊ ဘာကိုမှ မမြင်ရ။ သို့သော် စိတ်ထဲမှာ အစိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com


ဆုံးကတော့ ရှေ့မှာ ချောင်းတစ်ခုရှိသည်ဆိုတာပင်တည်း။

မယ်လစ်ဆာက ''ဝှစ်... ကျွန်မ မမီတော့ဘူး။ မြန်လိုက်တာ'' ဟု အော်သည်။

ဝှစ်သည် ရပ်လိုက်သော်လည်း လှည့်မကြည့်ဘဲ ''အေးကွာ၊ ဒါ စိတ်ကူးလွန်သွားလို့၊ နားချင်သလား'' ဟု မေး၏။

''မနားချင်ပါဘူး။ အေးကအေးနဲ့၊ သိပ်မြန်မြန်ကြီးသာ မသွားပါနဲ့''

''နေကောင်းတယ်နော်'''

မယ်လစ်ဆာ၏ ခေါင်းမြီးခြုံမှာ နှင်းများ ဖွေးဖွေးလှုပ်နေသော်လည်း မြင်ရသည့် မျက်နှာကလေးမှာ ပြုံးရွှင်လှလေ၏။

''သွားသာ သွားစမ်းပါ၊ အိမ်ရောက်ချင်လှပါပြီ'' ဟု မယ်လစ်ဆာက ရယ်မောပြော၏။

ဝှစ်သည် ခေါင်းညိတ်ပြီး ရှေ့ဆက်သွားမည်ပြုဆဲ ညာဘက်တွင် သစ်ပင်များ ပါးသွားသည်ကို မြင်ရ၏။ ''ခဏနေဦးနော်''ဟု မှာပြီး ခဏ တွင်းမှာပင် ချောင်ရိုးနံဘေးမှာ ရပ်မိလျက်သားရှိလေသည်။

ဝှစ်သည် မယုံနိုင်သလောက် ရှိလေ၏။ အံ့အားကြီးသင့် နေရာက ကြိုးစား၍ သတိဆောင်းပြီး မယ်လစ်ဆာဆီ ပြန်လာသည်။

''ချောင်းကို ရောက်ပြီသိလား'' ဟု ပြောလိုက်ရာ မယ်လစ်ဆာက ကောင်းကောင်းနားမလည်ချေ။

ဝှစ်က ပြုံးဖြီးဖြီးကြီး ဖြစ်နေကာ ''တို့ နည်းနည်း လမ်းကျော်သွားတာ ဆရာရေ့... ဘယ်ဘက်ကို အချိုးလွန်သွားတာ၊ ခုတော့ တို့နေရာက လေ ဖမ်းလို့မိပြီ။ လေးမိုင်လောက်တော့ ကျန်သေးတယ်။ မင်းဆက်သွားချင် သလား။ ဒီမှာ နားချင်သလား။ ဒီမှာ လေကွယ်အောင် ငါလုပ်ပေးနိုင်တယ်။ မီးလည်း ဖိုနိုင်တယ်။ စားစရာလည်းရမယ်။ ဘာကြိုက်သလဲ''

မယ်လစ်ဆာက မပြောခင် စဉ်းစား၏။ ဝှစ်က သူ့မျက်နှာကို သေသေ ချာချာ ကြည့်နေလေ၏။

''ဆက်သွားချင်တယ် ဝှစ်''

''ကောင်းပြီ။ ဒါပေမယ့် မင်းဆက်ပြီး မသွားနိုင်တော့ဘူးဆိုရင် ထုတ် ပြောရမယ်နော်၊ ဒီကနေ သွားရင် တို့လမ်းမှားချင်လို့တောင် မမှားတော့ ဘူး။ ချောင်းရိုးတစ်လျှောက်လိုက်သွားရုံပဲ၊ တောင်ကုန်းတစ်ကုန်းပဲ တွေ့




ရမယ်''

သူတို့သည် ချောင်းကို ဖြတ်သော် စောစောက နည်းအတိုင်းပင် ဖြတ်ရသည်။

နှင်းသည် အလျှင်စလို ကျလာလေရာ၊ တစ်နာရီအတွင်း နေရာတိုင်း တွင် လက်နှစ်သစ်မျှ ထူထပ်နေပြီဖြစ်၏။ မယ်လစ်ဆာအဖို့ကား အဆိုး ဆုံးသော ခရီးစဉ်ဖြစ်၏။ ဝှစ်၏ ကျောကုန်းကလွဲ၍ ဘာမှမမြင်ရ၊ အဝေး အနီးလည်း မသိ၊ အချိန်ကုန်သွားသည်ကိုသာ သိသည်။ ဝှစ်က ပြောသည် မှာတော့ မယ်လစ်ဆာသာ လျှောက်နိုင်ဖို့ လိုသည်တဲ့ လျှောက်နိုင်ခြင်း၏ အဆုံးမှာ အိမ်ကို ရောက်မည်။

နှင်းအောက်မှ ကျောက်ခဲများ စူးသဖြင့် ခြေဖဝါး နာသည်။ ဝှစ်က တော့ နာလည်းမနာဘူး ထင်သည်။ ဝှစ် အင်မတန်အကြမ်းခံနိုင်သည်။ မယ်လစ်ဆာလည်း ခြေနာတာကလွဲလျှင် ဘာမှ ပြောစရာမရှိ။ ဝှစ်၏ ကျောကုန်းကို ကြည့်ပြီး ဆက်လျှောက်နိုင်ပါသေး၏။ ပြီးတော့ ငေးမော လာပြီး ခလုတ်တိုက်မိမှ သတိရ ရလာတတ်သေးသည်။

ခဏကြာလျှင် သူတို့သည် တောင်ကုန်းပေါ် တက်လျက်ရှိ၏။ နှင်းအောက်တွင် သစ်ရွက်ခြောက်များရှိလေရာ ချောက်ချက်ချက်နှင့်မို့ ဒူးထောက် လျက် ကျရတတ်သည်။ ပြန်ထပြီး ဝှစ်ကို မီအောင် လိုက်ရပြန်၏။ အား အတော်နွဲ့နေစဉ် ဝှစ်က မြင်သွားလေရာ လဲကျသည်ကို ထူမ ပေးပြီး ''နာသလား'' ဟု မေး၏။

''မနာပါဘူး''

''သိပ်တော့ မဝေးတော့ဘူးကွယ့်။ တို့ တောင်ကုန်းကို ပတ်မိတော့မှာ ပဲ ဆက်သွားချင်သေးလား။ ရောက်တော့ရောက်ခါနီးပြီ''

မယ်လစ်ဆာကမူ ဆက်သွားရမည့်ဆိုတာသာ သိသည်။

သို့သော် ဝှစ်က ဘေးမှတွဲမှ ရတော့သည်။ ချိုးပုံး၍ မသွားရုံတစ်မည် တည်း။ မယ်လစ်ဆာသည် ခြေထောက်များကို ယက်ကန်ရုံမျှသာ လုပ်နိုင် ကာ ဝှစ်ကသာ လွှတ်ချလျှင် ပုံလျက်သားကျတော့မည်တည်း။ သည်နည်း အတိုင်း တစ်မိုင်မျှ လျှောက်ခဲ့ရသေး၏။

ဝှစ် စိတ်ထဲတွင် မီးဖိုပေါ်မှ ထင်းခြောက်များနှင့် မီးမွှေးရန် အသင့် ခွဲထားသော ထင်းပုံကို သတိရ၏။ နှင်းကျပြီး စိုထိုင်းမှာစိုး၍ မီးဖို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတိုင်ကိုပင် ဖုံးအုပ်ထားခဲ့သေး၏။

အိမ်တံခါးဝ ရောက်လျှင်တော့ ဝှစ်သည် သေနတ်ကိုလွှတ်ချပြီး မယ်လစ်ဆာကို ချီပွေ့ကာ အိမ်ထဲသို့ သွင်းရလေသည်။

''တို့ ရောက်လာပြီဟေ့''

မယ်လစ်ဆာက သူ၏ လက်မောင်းများထဲတွင် လှုးလွန့်ကာ

''ချပါ၊ ကျွန်မ လျှောက်နိုင်ပါတယ်'' ဟု ဆိုသည်။

''လျှောက်ဖို့ မလိုတော့ဘူး။ ရောက်ပြီ''

''ကျွန်မတို့ ဘယ်ရောက်နေပြီလဲ ဝှစ်၊ အို . . . အိမ်ထဲမှာပါလား''

''ဟုတ်တယ်'' ဟု ဆိုကာ မီးဖိုဘေးနား ချပေးသည်။

• • •

ဝှစ်သည် သူ့ကိုယ်မှ နှင်းများကို ခါချလေ၏၊ ထိုနောက် ယမ်းမှုန့်များကို မီးဖိုပေါ် ဖြူး၏။ သေနတ်ထဲလည်း ယမ်းမှုန့်ထည့်ကာ မီးဖိုထဲပြောင်းထိုး၍ ခလုတ်ဆွဲလိုက်ရာ မှောင်းခနဲ မီးတောက်ပြီး မီးဖို၌ မီးစွဲလေ၏။ ဝှစ်သည် မယ်လစ်ဆာကို ဘေးမှာထားကာ အအေးနှင့် အမှောင်ကို ကျောပေးပြီး သူ့မီးဖို၌ မီးတောက်ကြီးကြီးလာသည်ကို စောင့်ကြည့်နေလေ၏။

မီးခိုးများသည် ခေါင်းတိုင်တစ်လျှောက် တက်သွားပြီး ပြန်ဆင်းလာကြရာ တစ်ခန်းလုံး မီးခိုးများ ဝေနေ၏။ ခေါင်းတိုင်က အေးလွန်းလို့ဟု ဝှစ်က အကြောင်းပြသော်လည်း မီးခိုးများသည် မှောင်လာရာ ဖြုန်းခနဲ သတိရ၏။ မီးခိုးတိုင်ကို ဖုံးထားတာ မခွါရသေး။ ခဏတွင်းပင် ခေါင်မိုးပေါ် ရောက်သွား၏။ ခေါင်းတိုင်ပေါက်မှ နှင်းတစ်ဖုတ် ကျလာသည်ကို မယ်လစ်ဆာ မြင်ရ၏။ ဝှစ် ပြန်ရောက်လာလျှင်တော့ မယ်လစ်ဆာသည် ခေါင်းမီးခြုံကို ဖွင့်ကာ ဆံပင်ပင် ဖြေလျှော်၍ ပြီးလေပြီ။

ထိုညအဖို့ မယ်လစ်ဆာသည် တစ်ဖက်ကမီးဖို၊ တစ်ဖက်က ဝှစ်ရှိသည်မို့ နွေးထွေးစွာ အိပ်ရသည်။ ဝှစ်ကမူ မီးဖိုထဲမှ မီးကို တစ်ညလုံး တောက်စေသည်။ သူသည် မကြာခဏ နိုးလေ့ရှိသည်။

ညလယ်တွင် တံခါးပေါက်မှ ထွက်ကြည့်သော် နှင်းစဲသွားပြီဟု သိရ၏။ နောက်တစ်ခါ ကြည့်ပြန်တော့ ကြယ်များပင် ပြူလာသည်။ လေသည်လည်း ငြိမ်သက်လုပြီး နောက်တစ်ခါ နိုးလာပြန်တော့ နေတိုင်းရောက်သွားပြီကို သိရ၏။ နေတက်လာပြီး နေရောင်ကို ခံယူရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

မယ်လစ်ဆာနှင့်အတူ အပြင်ထွက်နိုင်တော့မည်။

ဝှစ်သည် မယ်လစ်ဆာ နိုးလာလျှင် အသင့်စားသောက်ဖို့ မီးဖို အနားကပ်လာ၏။ နောက်နေ့ရက်များမှ သူတို့သည် အလုပ်ခွဲဝေ လုပ်ကိုင်ကြမည်။

မယ်လစ်ဆာ နိုးလာပြီး အစာစားပြီးကြလျှင် သူတို့ အပြင်ထွက်မည်။ လျှောက်ကြည့်မည်။ မယ်လစ်ဆာကို နူးပွကောင်းမွန်လှသော မြေကွက်ကိုပြပြီး မြက်ရိတ်သွားရမည့် လမ်းကိုလည်း ပြမည်။ သို့သော် မယ်လစ်ဆာကတော့ သည်နေရာကို ကိုယ် ဘာကြောင့် ရွေးချယ်သည် ဆိုတာကို မြင်နိုင်မှာပါပဲ။

မယ်လစ်ဆာ နိုးလာသော် ဘယ်ရောက်နေသည်ကို ရုတ်တရက် နားမလည်ချေ။ ပြီးတော့ သူတို့သည် ပြုံးရွှင်စွာ နှုတ်ဆက်ကြလေသည်။ ဝှစ်က စားစရာများ ပြင်သော် မယ်လစ်ဆာက "ဒါ သူ့အလုပ်ပါ" ဟု ဆိုသည်။ "နောက်မှ" ဟု ဝှစ်က ဖြေသည်။ မယ်လစ်ဆာသည် ညက လမ်းပင် မလျှောက်နိုင်တော့သည့် အဖြစ်ကို မမှတ်မိ။ မယ်လစ်ဆာက အစာ မစားချင်သေး။ အပြင်တစ်ခေါက် ထွက်ကြည့်ချင်သေးသည်။ ထို့ကြောင့် ဝှစ်က ပြရမည်။ မယ်လစ်ဆာသည် တောင်ဆီကို မမျှော်ဘဲနှင့် တောင် အံ့ဩ၍ မကုန်နိုင်ရှိသည်။

သို့သော် တောင်ကိုလည်း ကြည့်မည်။

ထို့ကြောင့် နှင်းထူသော မြေပေါ်က ဝှစ်၏ ခြေရာများအတိုင်း လိုက်၍ နင်း၏။ မျက်လွှာကို လှည့်ကြည့်လိုက်သော် ရှင်းလင်းကြည်လင်စွာ မြင်ရသည်။ ခဲပုပ်ရောင် ထသည်။ တချို့နေရာမှာ အဖြူပျောက်သည်။ တောင်ထိပ်ကား သစ်ပင်ချုံနွယ်ရှိ မရှိ၊ ကျောက်စင်စစ်ဖြစ်၍ မာကျစ်လှလေသည်။

"ဒါဟာ သူ့တောင်ပဲ" ဟု မယ်လစ်ဆာက သူ့ဘာသာ ဆိုမိသည်။ သည်တောင်ကို ဝှစ်ချစ်သည်တဲ့၊ မယ်လစ်ဆာကတော့ မချစ်ချေ။ တောင်ကို ကြည့်ရသည်မှာ စိတ်ချောက်ချားစရာ ကောင်းလှပေ၏။ ထို့ကြောင့် ဒေါသလည်း မဖြစ်နိုင်။ စိတ်လည်း မနာကျည်း။

ဝှစ်က ဘာလုပ်ရမှန်းမသိဘဲ ရပ်ပြီးသာ စောင့်နေလေ၏။ မယ်လစ်ဆာ သိမြင်သည့်အကြောင်းကို သူသိလေ၏။ ဒါကြောင့်ပင် မယ်လစ်



ဆာ စကားတစ်လုံးမျှ မပြောနိုင်တာကို သိ၏။ တောင်တစ်လုံးရှေ့တွင် မယ်လစ်ဆာ ပထမဆုံးအကြိမ် ရပ်မိခြင်းပင်တည်း။

သူတို့ အိမ်ပြန်ရောက်သော် မယ်လစ်ဆာသည် အတော်စားချင်၊ သောက်ချင်ရှိနေသည့်အတွက် သူ့ဘာသာ အံ့ဩ၏။

ရက်များကို ရေတွက်နေသူကတော့ မယ်လစ်ဆာ ပင်တည်း။ ဝှစ်ကသာ ဆောင်းကုန်သွားသည်ကို သည်တိုင်းကြည့်နေလိုက်လေ၏။ နေလုံးသည် မြောက်ဘက်ကို စောင်းစောင်းသွားသည်ကို၊ ညတိုင်းပို၍ ချမ်းလာသလောက် နေ့လည်များ ပူနွေးလာသည်ကို သူ့ပုဆိန်ကို သရဲလို ချောက်ပြဟန် ရှိသည်။ သံလိုမာသော သစ်ပင်များပေါ်က နှင်းမှုန်များကို ကြည့်၍ သိလိုက်၏။

လဆုတ်၊ လဆန်းကို ကြည့်နေခဲ့သည်။ သမင်များလည်း မထွက်ကြသေး။ ဝက်ဝံများလည်း မလှုပ်ရှားသေး။ မြောက်လေပြန်သော ညများမှာကား ကြယ်များစုံနေအောင် ထွက်ကာ ဝံပုလွေများလည်း ရှူရှူတက်မတတ် ထွက်တတ်ကြ၏။ ရေအိုင်မှ ရေခဲများကလည်း အကျယ်လောင်ဆုံး အသံပြုတတ်သည်။

တစ်မနက်တွင် နေသာ၍ နွေးလှသည်။ နှင်းများ အရေပျော်၍ ကျသံကို ကြားရသည်။ အိမ်ထဲမှာထက်ပင် အပြင်က နွေးနေသေး၍ မယ်လစ်ဆာသည် တံခါးပေါက်ဟသမျှ ထ၍ ဖွင့်သည်။

ဝှစ်ကား မနက်ကတည်းက သစ်ခုတ်နေရာ ညနေစာ စားမည် အကြံနှင့် တက်လာသော ရှပ်အင်္ကျီတစ်ထည်လုံး ချွေးစက်စက် ကျနေလေ၏။

မယ်လစ်ဆာက သူ့ယောက်ျားကို ပြောသည်မှာ

"အဲဒီအင်္ကျီ ချွတ်လိုက်စမ်းပါ။ ညှစ်ပစ်ရအောင်၊ ဟောဟိုအင်္ကျီအသွေ့ကို ဝတ်"

သူတို့ဆီကို ဂျိုးနစ် တစ်နေ့လာလည်သည်။ သူသည် အဝေးက အသံပေးလာရာ ပထမတော့ မယ်လစ်ဆာသည် အတော်လန့်ဖျပ်သွားလေသည်။ ထို့နောက်ကား အပြင်လောကမှ လူတစ်ယောက် ရောက်လာမည်ကို သဘောကျလှသည်။ မယ်လစ်ဆာက ဝမ်းသာအားရနှင့် ချက်ပြုတ်ကျွေးမွေးသည်။ ယောက်ျားနှစ်ယောက်သည် အဝစားကြပြီး မယ်လစ်ဆာကို တစ်ယောက်က ချီးမွမ်းစဉ် တစ်ယောက်က မာနတက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အနီးအနားတွင် မြေတွင်မည့်သူများ ရောက်မည့်သတင်းကို မရေမရာ ကြားရပြန်သည်။

ကျိုးနစ်က ''တောကောင်ကို ထောင်တာက ငွေလည်း အရမြန်ပါရဲ့ ဒါပေမယ့် ကြာရှည်လုပ်လို့ရတဲ့ အလုပ်မှတ်ဘူး ဝှစ်ရာ၊ မင်းအရွယ်များ ငါ ပြန်ရောက်ပြီး ခုလို သေနတ် မကိုင်ဘဲ ပုဆိန်ကိုင်မယ်ဆိုရင် မကြောက်ပါဘူးကွ'' :

ဝှစ်က ''ကျုပ်လည်း ပုဆိန်ကို တစ်ခါမှ အနားမပေးသေးပါဘူးဗျာ''

ကျိုးနစ်က မယ်လစ်ဆာဘက်လှည့်ပြီး ''မင်းကတော့ ဘာလုပ်နေသလဲ မီးလှုံရင်း ရွာကို အောက်မေ့နေသလား''

ဝှစ်က အစားဝင်ဖြေသည်။

''အောင်မယ်၊ သူက ကျုပ်ထက် အလုပ်ပိုလုပ်နိုင်သေးဗျား။ ရေတက်ပေါက် မယိုအောင်၊ လေတစ်သုတ်မဝင်အောင် စောင့်ဖာနေတာဗျ။ ကျုပ်တစ်သက်လုံး စားခဲ့ဖူးသမျှထက် ကောင်းကောင်း စားရအောင်လည်း ချက်ပြုတ်တတ်သဗျ။ ခြေစွပ်လည်း ချုပ်တယ်။ ရုပ်လည်း ချုပ်တယ်။ အဲ . . . ရုပ်က ခုတော့ တစ်ပတ်တောင် မပြီးသေးဘူးပေါ့'

''အာ . . . ကျုပ်မိန်းမတော့ ဘာမှ သိပ်မလုပ်ဖြစ်ပါဘူး။ ဟုတ်ပါတယ်'' ဟု ကျိုးနစ်က ဝန်ခံလေ၏။

ကျိုးနစ်နှင့် ဝှစ်တို့သည် အတော်ပျော်ကြသည်။ ရေခဲနေသော ချောင်းသို့ သွားပြီး အပေါက်ဖောက်ကာ ငါးများကြသေးသည်။ ကျိုးနစ်က ငါးကြီးကြီး တစ်ကောင်ရလေသည်။ အိမ်ပြန်လာသော် ကျိုးနစ်က မေးသည်မှာ

''မင်းမိန်းမက စကားပြောဖော် မရှိပေမယ့် စိတ်မကောက်ဘူးနော် မိန်းမဖော်ပြောတာ''

''စိတ်မကောက်ပါဘူး။ ပြီးတော့ ကျွန်တော်လည်း ညတိုင်း ရှိနေတာပဲ''

''ကဲကောင်းတာပေါ့ကွာ''

''ဘာဖြစ်လို့တုန်းဗျ''

''ငါတော့ အံ့သြတာတစ်ခုပါပဲကွာ''

''သူက ဘယ်တော့မှ မညည်းတတ်ဘူး''

''ငါ့မိန်းမကတော့ ညည်းပေ့ဗျား။ ကိုယ်စားလှယ် အိမ်က ကောင်



လေးတစ်ယောက် အဖော်ရှိတာတောင် မကျေနပ်ဘူးဗျာ။ 'မင်းမှာလည်း ဘာဖြစ်ရပြန်သလဲကွာ မိန်းမဖော်တစ်ယောက်ရပြီပဲ' လို့မေးရင် 'ကျွန်မ သိပါသတော်' တဲ့၊ 'ဒါပေမယ့် ဘယ်မိန်းမအကြောင်း သွားပြောရမလဲ' တဲ့၊ တစ်ယောက်လိုသေးတာပေါ့တဲ့''

ဝှစ်ကမူ ပျက်လုံးကို နားမလည်ချေ။

ကျိုးနစ် ပြန်သွားပြီ နှစ်ရက်၊ သုံးရက်မျှ ကြာအောင်ပင် ဝှစ်သည် သူ့ ပြောစကားကို ကြားယောင်ကာ စိတ်မသက်မသာ ဖြစ်၏။ မယ်လစ်ဆာက စကားပြောဖော်များ လိုချင်လေမလား။

ထို့ကြောင့် မေးရသည်။ ''မယ်လစ်ဆာရေ၊ မင်းတစ်ယောက်တည်း မို့ သိပ်ပြီး ငြီးငွေ့နေသလား။ ပျင်းနေသလား။ ကျိုးနစ်က အဲဒီလို မေးတုန်းကတော့ ငါက မထင်ပါဘူးလို့ ပြောလိုက်တာပဲ''

မယ်လစ်ဆာက ချက်ချင်းမဖြေချေ။ လှည့်ကြည့်သော် မီးဖိုရှေ့မှာ ဒူးထောက်ထိုင်ကာ အလုပ်များနေသည်ကို တွေ့ရသည်။

''ဟင့် အင်း'' ဟု ဖြေသည်။

''ဟုတ်မှာပါပဲ'' ဟု ဆိုတာ ဝှစ်လည်း တစ်နေကုန် လုပ်စရာရှိသည့်အတိုင်းပင် ပုဆိန်ကို ထမ်း၍ ထွက်ခဲ့သည်။ သစ်ပင်များ လှဲရမည်ပင်၊ သို့သော် လမ်းခုလတ်တွင် ဓားသွေးကျောက် မေ့ကျန်လာသည်ကို သိရ၍ အိမ်ပြန်လာသော် မယ်လစ်ဆာ ငိုနေသည်ကို တွေ့၏။

ဘာကြောင့်လဲဆိုတာကို မယ်လစ်ဆာက အဖြေမပေးနိုင်ချေ။ ကိုယ့်ဘာသာကိုယ် သိဖို့ကောင်းသည်ဟု ဝှစ်က ထပ်မေးသော် အော်ထုတ်ခြင်းခံရရုံသာ ဖြစ်လေ၏။ ထို့ကြောင့် မရေမရာနှင့် စိတ်လည်း မချမ်းသာဘဲထွက်ရာ ဓားသွေးကျောက် မေ့ခဲ့ပြန်ပြီး ပုဆိန်သွား ခပ်တုံးတုံးနှင့်ပင် သစ်ပင်ခုတ်ရလေ၏။

ညနေအိမ်ပြန်သွားသော် မယ်လစ်ဆာသည် ဘာမှမဖြစ်သလိုပင် ကြည်လင်ရွှင်ပြုံးလျက်ရှိသည်။ ဝှစ်မှာ နားမလည်နိုင်အောင် ဖြစ်ရလေ၏။ စိတ်ထဲ၌ မရှင်းလင်းလှသည်နှင့် ကျိုးနစ်၏ မိန်းမထံသွားပြီး အကြောင်း ပြောပြရသည်။ မေးမြန်းရသည်။

''တစ်ယောက်တည်းချည်း နေရလွန်းလို့ ဖြစ်မှာပဲ'' ဟု မိန်းမကြီးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်သည် မိန်းမကြီးကျွေးသော ညနေစာကိုလည်း ကောင်းစွာ မစား နိုင်ချေ။ ဂျုံးနစ်၏မိန်းမက မယ်လစ်ဆာ ကလေးမျက်နှာမြင်မည့် မေလ ပထမပတ်ကို အရောက်လာခဲ့မည်ဆိုသည်။ ဝှစ် ပြန်ခါနီးတွင် မယားနှင့် ပြုံးရယ်၍ချင်ပျ နေထိုက်လှသည်ဟုလည်း ဩဝါဒပေး၏။

ဝှစ်သည် မြေကိုယ်စားလှယ်နှင့် တွေ့ပြန်သော် စကားပြောရင်း သူ့ ၌ ခွေးမရှိသည့်အကြောင်းသို့ ရောက်၏။ ကိုယ်စားလှယ်က ခွေးမတစ် ကောင် လက်ဆောင်ပေးသည်။ သူ့ခွေးမမှာ ခွေးသွေးမျိုးစုံ စပ်လျက်ရှိ သည့်အတွက် အင်မတန်အဖိုးတန်သည် ဆို၏။ ကော်လီခွေးမျိုး ပါသော ကြောင့် ဉာဏ်လည်း ကောင်းသည်တဲ့၊ နွေဦးမပေါက်ခင်ကို အမဲလိုက် တတ်လိမ့်မည်။ သို့သော် ဝှစ်က မလိုချင်ပေ။ လက်မခိုင်ချေ၊ သူ့မှာ အထုပ်အပိုးလည်း သယ်ရဦးမည်။ အကျီအိတ်များပင် ပြည့်ဖောင်းနေသည်။ သို့သော် ကိုယ်စားလှယ်က

"ခင်ဗျားမိန်းမလည်း အဖော်ရတာပေါ့" ဟု ပြောလိုက်လျှင်မူ ဝှစ် သည် "ပေးလေ ရှပ်အကျီရင်ဘတ်ကြားထဲ ထည့်သွားပါတော့မယ်"ဟု ဆိုလေ၏။

မိုးမချုပ်ခင် တစ်နာရီအလိုမှာ ဝှစ်သည် အိမ်ရှိ ဖနီးသည်ကို အသံ ပေးနိုင်သောနေရာသို့ ရောက်လေ၏။ မယ်လစ်ဆာက ပြန်၍ အသံပြုလေ ရာ သူ့မိန်းမ ကောင်းမွန်စွာရှိသည်ကို သိရလေသည်၊ အိမ်မှ မီးဖိုထားသည့် အရောင်ကိုလည်း မြင်ရသည်။ အိမ်တံခါးဝသို့ ဖြေးညှင်းစွာ ရောက်လာ သည်အထိ စကားမပြောမိကြချေ။ သူ့အသက်ရှူသံမှာ ပြင်းလှလေရာ မယ်လစ်ဆာက "ဝှစ် ထိမိ၊ နိုက်မိသေးသလား"ဟု မေးလေ၏။

"ဟင့်အင်း၊ မောတာတစ်ခုပါပဲ၊ သယ်လာတဲ့ပစ္စည်းက များလို့"

ဝှစ်သည် သူ့အကျီရင်ဘတ်ထဲ လက်နှိုက်ပြီး "ကိုယ်စားလှယ်ကြီး ချမ်းသာပါစေဗျာ၊ ဟောဒီမှာ မင်းဖို့တဲ့" ဟု ခွေးမကလေးကို ထုတ်ပေး လေ၏။

ဝှစ်သည် ညစာ စားပြီးသည့်အခါ၌ သူ ပင်ပန်းခံရကျိုးနပ်သည်ကို သိရ၏။ အကြောင်းကား ထိုညတွင် မယ်လစ်ဆာ ကျေနပ်နေပုံကို မကြုံ စဖူး တွေ့ရသောကြောင့်ပေတည်း။

လေး၊ ငါးပတ်မျှ ဘာမှ ထူးခြားခြင်းမရှိဘဲ ကုန်သွားပြန်သည်။



သူတို့၏ ခွေးကလေးသည် နှင်းတောထဲ ကောင်းကောင်းသွားတတ်၊ လာတတ်သည်။ သူ့ကို ဂိုဝင်ကြီး၏နှမကို သတိရသောအားဖြင့် 'ဂျင်'ဟု ခေါ်ကြသည်။ ထိုနောက်တော့ သူတို့ ဘယ်လိုရည်ရွယ်ချက်နှင့် နာမည် ပေးခဲ့သည်ဆိုတာကို မေ့သွားပြီး ခွေးမကလေးကို 'ဂျင်'ဟု ခေါ်ကြသည် မှာ သူ့နာမည်က 'ဂျင်' မို့ 'ဂျင်' ခေါ်ခြင်းဖြစ်သည် ထင်ကြသည်။

မယ်လစ်ဆာလည်း အတော်နေသားကျသွားချေပြီ။

သူ့မှာ မပြည့်စုံသော အချက်တွေလည်း အများကြီးရှိတာ အမှန်ပင် တည်း။ ဥပမာ ရွာမှာဆိုလျှင် မယ်လစ်ဆာ ရွေးပြီးသုံးနိုင်အောင် အားနှစ်ချောင်းတောင် ရှိသည်။ သည့်မှာတော့ တစ်ချောင်းတည်းသော အားသာ ရှိသည်။ ရွာမှာတုန်းက ဘယ်ဟာကို စားရကောင်းမလဲဟု စဉ်းစား ရသည်။ သည်မှာတော့ စားမလား၊ မစားဘဲနေမလားဟုသာ စဉ်းစား ရသည်။ စားသည့်အခါ မယ်လစ်ဆာသည် အသားကိုသာ စားတော့သည်။

ဝှစ်သည် အိမ်မှာ အမဲ မပြတ်ရအောင်တော့ ထားနိုင်သည်။ တစ်ခါ တစ်ရံ ရေအိုင်မှ ငါးများပင် ဖမ်းမိလာတတ်၏ သူတို့သည် ဆူသော ငါး များတော့ သိပ်မရ။ ငါးဆီ မလုံလောက်သဖြင့် မယ်လစ်ဆာ ဆပ်ပြာမချက် ရချေ။ သို့သော် ဖြစ်သလို နေသွားကြသည်။ မဖျားမနာကြ။ ဝှစ် ခြေ ထောက်ကို ပုဆိန်နှင့်ပေါက်မိတာ တစ်ခုရှိပြီး မယ်လစ်ဆာပေးသော ဆေး နည်း ၂ နည်းနှင့် ဝှစ်သိသော ဆေးနည်းတစ်နည်း၊ ပေါင်း ၃ နည်းဖြင့် ကုလိုက်ရာ ဘယ်ဆေးနည်းက အစွမ်းထက်သည်ဆိုတာကို မပြောနိုင်သော် လည်း ပျောက်သွားတာက အမှန်ပင်ဖြစ်လေ၏။

တစ်ညတော့ ဝှစ်သည် တောကောင်ခြေရာကို နှင်းထူသောမြေပေါ် မှာ မြင်ရလေရာ သေနတ်ပြန်ယူပြီး လိုက်သည်။ မယ်လစ်ဆာသည် ခွေးကလေးကို အဖော်ပြု၍ တစ်ညလုံး အိမ်မှာနေရသည်။ ဝှစ်၏အသံ ပေးသံကို ကြားရသော် နောက်တစ်နေ့ညနေ မှောင်ရီရီမှာ ဖြစ်လေ၏။ ဝှစ်သည် မောလည်းမော၊ ပျော်လည်းပျော်စွာ အမဲကောင်ကို ထမ်းပြီး ပြန်လာသည်။ သူ့ခြေထောက်ပေါ်မှ အမဲကောင်၏သွေးကို ခွေးကလေးက လျက်သည်။

ပြေလဆန်းပြီဟု မယ်လစ်ဆာက ကြေညာလိုက်သည့် ထိုမနက် တွင် ဝှစ်သည် အပြင်တစ်ခေါက်ထွက်ရဦးမည်ဟု သိရှိလိုက်သည်။ ဝှစ်၌

www.burmeseclassic.com

www.burmeseclassic.com

သားမွေးများ စုပြီးသားလည်း ရှိသည်။ မယ်လစ်ဆာနှင့် မိမိလိုချင်တာ ကလေးများနှင့် ဖလှယ်လောက်သည်။

တစ်ပတ်အတွင်းမှာ ဇုစ် အိမ်ပြန်လာသည်။ ဇုစ်လိုချင်သမျှ၏ လေးပုံသုံးပုံမျှ အပြည့်အစုံရသည်။ ယမ်းမှုန့်နှင့်ပေါက်တူးလည်း ရသည်။ မယ်လစ်ဆာလိုချင်သည့်ဟာများတော့ အစုံအစေ့မရှိ။ သို့သော် ကိုယ်စားလှယ်က အပ်နှစ်ချောင်းနှင့် လက်ဖက်ခြောက်ပေါင်ဝက် ပေးလိုက်သည်။ ဇုစ်ကလည်း သူ့မိန်းမဖို့ တစ်ကိုက်ပတ်လည်ရှိသော အရောင်စုံ ကြောင်ကျားသည့် လက်ကိုင်ပဝါတစ်ထည် ဝယ်သေးသည်။

ဂျိုးနှစ်တို့ အိမ်လည်း ဝင်ရသေး၏။ ဂျိုးနှစ်၏မိန်းမက မယ်လစ်ဆာအဖို့ မုန့်လာထုပ်တစ်ထုပ် ပေးပြန်သည်။

ဇုစ် အိမ်ပြန်လာသော် သန်းခေါင်တိုင်ပြီ။

မယ်လစ်ဆာသည် လက်ကိုင်ပဝါကို ခေါင်းမှာစည်းသည်။ လက်ဖက်ရည်ကို ကျိုသည်။ ထိုနောက် ပျော်ပျော်ပါးပါး စားကြ၊ သောက်ကြလေ၏။

ညဉ့်နက်ပြီဖြစ်ကာ ဇုစ်လည်း ပန်းလှပြီ ဖြစ်သော်လည်း ယူလာသမျှပစ္စည်းများကို မယ်လစ်ဆာက ကြည့်ချင်သေးသည်။ ဒါကြောင့် ဇုစ်က အားလုံးထုတ်ပြပြီး အစားတစ်ခါ ထပ်စားပြန်ကာ အိပ်ရာဝင်ကြလေ၏။

အပြင်၌ကား မိုးရွာ၍ မိုးကြိုးထစ်နေသည်။

ဇုစ်က ပြော၏။ "အဲဒါ ဆောင်းကုန်တဲ့လက္ခဏာပဲ၊ နွေပေါက်ဖို့ရာ သိပ်မလိုတော့ဘူးလေ"

• • •

မေလဆန်း ၁ ရက်နေ့ညနေတွင် ဂျိုးနှစ်၏မိန်းမသည် သူပြောခဲ့သည့် စကားနှင့်ညီစွာ ရောက်လာသည်။ သူ့ယောက်ျားက လိုက်ပို့သည်။ မယ်လစ်ဆာကား မီးဖွားရန်ကိစ္စအတွက် ဘာမှ ပြည့်ပြည့်စုံစုံ မရှိသဖြင့် စိတ်မချမ်းမသာဖြစ်သည်။ ဂျိုးနှစ်၏မိန်းမကလည်း ကိုယ်ချင်းစာပါသည်။ သို့သော် လင်သည်နှစ်ယောက်ကမူ ဘာထူးလို့လဲဟုသာ သဘောထားတန်ရှိလေသည်။

ဇုစ်နှင့် ဂျိုးနှစ်တို့သည် မိန်းမနှစ်ယောက်ကို အိမ်ထဲမှာ ထားခဲ့ကာ အပြင်ထွက်ပြီး စကားပြောကြသည်။ သူတို့သည် တစ်ဖက်ရပ် တဲရှေ့တွင် ထိုင်ကာ ဝင်တော့မည့်နေခြည်ကို ခံစားကြ၏။ လေတိုက်သဖြင့် အေးစိမ့်စိမ့် ရှိသော်လည်း နေရောင်ကနွေးသဖြင့် တော်သေး၏။

"မင်း ငါးများသေးလား ဇုစ်"

"မများရပါဘူးဗျာ။ မြစ်ရိုး၊ ချောင်းရိုးကတော့ ရေအပြည့်ပဲ၊ မျှားကြည့်ရအောင်လား။ ငါး ခပ်သေးသေးတော့ ရမှာသေချာတယ်"

"တီကောင် ရှိလို့လား"

"အချိုပေါက်အောင် သိပ်ထားတယ်ဗျ၊ ရှိတယ်"

"ငါ့မှာလည်း ပါပါတယ်ကွာ"ဟု ဂျိုးနှစ်က ဖြောင့်ချက်ပေးလေသည်။

နောက်တစ်နေ့ နံနက်တွင် ဇုစ် ရေခပ်သွားဆဲ ဂျိုးနှစ်၏မိန်းမက ဂျိုးနှစ်ကို နှိုးသည်။

"ဂျိုးနှစ်၊ ဇုစ်ကို အပြင်ခေါ်ထုတ်သွားစမ်းပါ၊ ကြားရဲ့လား"

"ဇုစ်လား၊ ဪ... မယ်လစ်ဆာ မွေးတော့မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"သူဘာသာတော့ ထင်သတဲ့၊ အဝေးကြီးတော့ မသွားကြနဲ့။ သေနတ်လည်း ထားခဲ့။ ရှင်တို့ကို ခေါ်ချင်ရင် သေနတ်ပစ်ပြီး အချက်ပေးလိုက်မယ်၊ ဝှစ်ကိုတော့ ဘာမှသွားမပြောနဲ့၊ ပြောလိုက်ရင် ခေါ်ထုတ်လို့ရတော့မှာမှုတ်ဘူး"

"ကောင်းပြီလေ၊ တို့ ဘယ်တော့ပြန်လာရမလဲ"

"ညစာမတိုင်ခင် ပြန်မလာနဲ့"

"ဘုရားရေ၊ ဒီလိုဆိုရင် ဝှစ်ကို သစ်ပင်မှာကပ်ပြီး ကြိုးနဲ့ချည်ထားမှဖြစ်တော့မှာပေ့။ အေး တကယ်လို့ အဲဒီလိုများ ငါလုပ်ရင်၊ တကယ်လို့ ဝှစ်ကများ သက်မကင်းဖြစ်လာရင်၊ နောက်ပြီး တကယ်လို့ ငါ့ကို ပြောင်ဖွင့်ပြီး ဘာဖြစ်နေသလဲလို့မေးရင် ငါက ဘာပြန်ပြောရမှာတုန်း"

သို့သော် ဂျိုးနစ်၏မိန်းမသည် အိမ်ထဲရောက်သွားပြီ ဖြစ်လေ၏။

ဂျိုးနစ်သည် မိန်းမက ပြောလိုက်သည့်အတိုင်း လုပ်သည်။ ဝှစ်ကို ခေါ်ထုတ်သွားကာ ရေအိုင်မှာ ရေခဲများ ပျော်ပြီလားဟု ကြည့်ကြ၏။ ရေခဲများပျော်နေပြီ။ ဂျိုးနစ်သည် သူ့အိတ်ထဲမှ ဝက်သားရေကို ထုတ်လေ၏။ ဝှစ်က တစ်ကိုက်နီးပါးရှည်သော ငါးတစ်ကောင်မိသည်။

ညနေစာစားရန် အချိန်ရောက်သော် ဝှစ်က အိမ်ပြန်ချင်သည်။

ဂျိုးနစ်က မပြန်ဖြစ်အောင် ပြောဟောသည်။ ဝှစ်က ပြန်ချင်သည်။ မိန်းမနှစ်ယောက် စားသောက်ပြီးကြပြီဆိုလျှင်လည်း သူ့ဘာသာ ချက်ပြုတ်မည်။

"အေးလေ မင်းကတော့ လုပ်နိုင်မှာပေ့။ ငါတော့ ငါးလည်းတစ်ကောင်မှ မရသေး၊ မင်း ဒီမှာလုပ်ပါကွာ၊ ငါပါကူစားပါ့မယ်"

"ဆားလည်း မပါခဲ့ဘူးခင်ဗျ"

"ငါ့မှာ ပါပါတယ်။ အကျႌအိတ်ထဲမှာ၊ မီးသာဖိုပါ"

"ခင်ဗျားဖို့ ငါးထားခဲ့မယ်"

"ဘာဖြစ်လို့ ဒီလောက်သွားချင်နေတာတုန်းကွ၊ ခြေအေးလို့လား။ ဒါနဲ့များ တံငါသည်လုပ်မယ်ဆို၊ မီးဖိုပါကွ"

"မီးဖိုပြီးရင်သွားမယ်"

ဝှစ်ကို ဘယ်လိုပြော၍မှ မရချေ။ ဂျိုးနစ်သည် ညှို့ဝတ်မကျေဘူးဟုပင် ဝှစ်ကို စွပ်စွဲသည်။ ညှို့သည်နှင့်မှ ငါးတစ်ကောင် ချက်ပြုတ်မစား



ချင်ဘဲ၊ ဝှစ်က စိတ်ဝေခွဲမရနိုင်ဖြစ်ပြီးမှ တစ်ဖန် သွားမည်ပြင်ပြန်သည်။ နောက်ဆုံးတော့ ဂျိုးနစ်သည် မှသာဝါဒ အကြီးအကျယ်ဆိုသော် ဝှစ်က စေ့စေ့ပါအောင်ကြည့်လေရာ ဂျိုးနစ်သည် မျက်လွှာချ၍ နေလေ၏။

"ဒီနေ့လား၊ ဒီနေ့လား"ဟု ဝှစ်က နားလည်သွားပြီး မေး၏။

"ဘာ...ဒီနေ့လား၊ ဘာလဲ"

ဝှစ်သည် "ခင်ဗျားကြီး..."ဟု ဆိုပြီးမှ ဂျိုးနစ်ကို တအားတွန်းဖယ်ကာ အိမ်သို့ ပြန်ပြေးလေ၏။

ဂျိုးနစ်လည်း ဝှစ်၏သေနတ်နှင့် ငါးကိုကောက်ကာ တောအုပ်ထဲမှ ပြန်ခဲ့လေ၏။ သူ့အတော် ဝမ်းနည်းသည်။ "ငါ့ကို ကံကောင်းလို့ မဆဲဖြစ်ပါတကား"ဟု တွေး၏။

ဝှစ် အိမ်ပြန်ရောက်သော် ဘာမှပြောင်းလဲခြင်း မဖြစ်ချေ။

"ဂျိုးနစ်ကော၊ ဝှစ် ဘာဖြစ်လာသလဲ"

"ဂျိုးနစ်လား... ရေအိုင်နားမှာ ညစားစားနေတယ်"ဟု ပြောနိုင်၏။

မေလ ၁၅ ရက်နေ့ဖြစ်သည်။ ဝှစ် ဝန်ခံထားသည့်အတိုင်းပင် သာယာသော နွေဦးပေါက်နေ့ တစ်နေ့ပင်တည်း။ ထိုနေ့တွင် ဝှစ်သည် တောလည်သွားချင်လှသည်။ မယ်လစ်ဆာကလည်း နေလို့ကောင်းသည်တဲ့၊ ထို့ကြောင့် "ညနေစာ ပြန်စားချင်မှစားမယ်"ဟု မှာခဲ့ကာ တစ်နေ့လုံး လည်သည်။

ညနေပြန်လာသော် ဂျိုးနစ်ကို ရေပုံးနှစ်ပုံး၊ ထမ်းပိုးတစ်ခုနှင့် တွေ့သည်။ အလို... ဘယ်လိုအဖြစ်နဲ့များ ရေထမ်းနေရပါလိမ့်ဟု တွေးသည်။

"ဂျိုးနစ်ရ၊ အိမ်မီးလောင်နေလို့လား" ဟု မေးရ၏။

"ဖယ်စမ်းပါသူငယ်ရာ၊ ငါက အလုပ်နဲ့ပါ"ဟု ဂျိုးနစ်က ပြောလေ၏၊ သူသည် ချောင်းရေထဲကို ရေပုံးတစ်ခုနှစ်ကာ ပြည့်သည် မပြည့်သည်ကို ငုံ့ကြည့်လေ၏။ ထိုနောက် ရေတစ်စက်စက်နှင့် ရေပုံးကိုဆွဲယူပြီး ကမ်းပေါ်မှာ ချလေ၏။

"မင်းသိချင်နေတယ် ထင်တယ်။ မင်းမိန်းမ ကလေးမွေးပြီကွ"

ဂျိုးနစ်သည် ကျန် ရေပုံးတစ်ပုံးကို ချောင်းရေထဲနှစ်ပြန်၏။ "မင်းသိတယ်မှုတ်လား၊ မယ်လစ်ဆာ ကလေးမွေးတော့မယ် ဆိုတာ"

မော့ကြည့်သည့်အခါ ဝှစ်သည် အိမ်သွားလမ်းကို [illegible]ဝက်မျှ ပြေးပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးနစ်၏မိန်းမသည် ကလေးမျက်နှာမြင်ပြီး ကိုးရက်မျှ ဆက်နေသေး၏။ သူပြန်ချင်သော် ဝှစ်က အိမ်လိုက်ပို့ပေး၏။ အိမ်ပြန်လာသော် မယ်လစ်ဆာက သားကလေးကိုပိုက်ကာ အိမ်ပေါက်ဝမှ ဆီးကြိုသည်။

''အိမ်ကို ချောချောမောမော ရောက်သွားပြီနော်၊ သိပ်သနားတတ်တဲ့ မိန်းမကြီးပါ ဝှစ်ရယ်။ ကျွန်မ အမေလိုပါပဲ''

''ခရီးသွားလို့တော့ သိပ်ကောင်းတဲ့အဖော်ပဲဗျ''

မယ်လစ်ဆာသည် ကလေးကို မီးဖိုနား သူ့နေရာ၌ချပြီး မိုးကြည့်လေ၏။ မာန ခပ်ကြီးကြီးနှင့် ပြောသေးသည်မှာ ''အေးလေ.. .ကျွန်မတို့ချည်းပဲ ကျန်တော့လည်း တစ်နည်းအားဖြင့် ကောင်းတာပါပဲ''

ဝှစ်ကတော့ စိတ်ထဲမှာ သိပ်မသေချာချေ။

• • •

# တော

တစ်နွေကုန်၌ တစ်ဆောင်းပေါက်သော်လည်း ဘယ်သူမှ အိမ်သစ်လာမဆောက်၊ သူတို့၏အိမ်တစ်လုံးတည်းသာ ထီးတည်းရှိသည်။ ဆောင်းရာသီ၏ရက်များ၊ လများသာကုန်ဆုံးသွားတော့လေသည်။ သစ်ပင်များတောဖြစ်အောင် ထူထပ်ပေါက်ရောက်သည့်မြေပြင်မှ မီးခိုးတလူလူတက်လာသည်ကို မမြင်သာ၊ တောင်တန်းများကြားမှ လူတစ်ယောက်မှ လျှောက်၍မလာ။

သို့သော် ဝှစ်ရော၊ မယ်လစ်ဆာရော သောကမရောက်ကြချေ။ သူတို့မှာ လုပ်စရာ ကိစ္စမျိုးစုံနှင့် မအားအောင်ပင်ရှိသည်။

မယ်လစ်ဆာအဖို့ကား မနှစ်က ဆောင်းတွင်းတုန်းကထက် ပို၍နေသာကျသည်။ သည်နှစ်ဆောင်းတွင်းမှာ တိတ်ဆိတ်ခြင်းကလွဲ၍ သားကောင်အရေခွံမှ ဆီကိုခြစ်ခြင်း၊ ဝှစ်ကို မျှော်ရခြင်းသာ မကတော့ချေ။ ထို့ကြောင့် မခံမရပ်နိုင်လည်းမဖြစ်၊ ရောင့်ရဲကျေနပ်ပြီးသာနေ၏။ အိမ်နီးချင်းများ အလည်လာမည်ဆိုလျှင် သဘောကျသည်။ သို့သော် ဘာမှတော့ ပါးစပ်က မညည်းညူတော့၊

သူ့သားကလေးသည် ဖျားနာခြင်းမရှိ၊ ထို့ကြောင့် ကံကောင်းလှပါတကားဟု လင်မယားနှစ်ယောက်က ထင်ကြသည်။ စင်စစ်တော့ မယ်လစ်ဆာလည်း သူ့တာဝန်ကျေပွန်အောင် ဘုရားရှိခိုးဆုတောင်းသည်။ ကလေးကို အတတ်နိုင်ဆုံး ဂရုစိုက်သည်။ ဝှစ်ကလည်း ဆေးမြီးတိုအမျိုးစုံကို အသုံးချလျက်ရှိသည်။ ဝှစ်သည် မယ်လစ်ဆာထက်ပင် ဆေးမြီးတိုများကို ပို၍သိနားလည်ကာ တစ်ခါတစ်ရံ မိန်းမဖြစ်သူကိုပင် အသိမပေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်သလိုလုပ်သည်။ ဘာပဲဖြစ်ဖြစ် ကလေးကျန်းမာဖို့ရာမှာ ကုသိုလ်ကလည်း လိုပေသေး၏။ ကလေးသည် တေတေပေပေနှင့် ဝဖြိုးလှသည်။ အားတိုင်းပင် ပျော်ရွှင်မြူးထူးနေသည်။ နှစ်ဟောင်းကိုပြန်ပြောင်း၍ကြည့်သော် ပူပင်ကြောင့်ကျနေရသည့် အချိန်တို့သည်လည်း အမြဲမတည်နေကြဘူးဆိုတာကို မယ်လစ်ဆာသိရ၏။ အနာရောဂါလည်း ကပ်ရောက်တတ်ပေ၏။ သို့သော် ခဏချင်းပင် ပျောက်ကင်းကုန်ကာ ဆိုးဆိုးရွားရွား ဘာမှမဖြစ်ရချေ။ ခု ပြန်ကြည့်လျှင် မဆိုးပါတော့ဘူးဟု ဆိုနိုင်တာဖြစ်ချင်လည်း ဖြစ်မည်။

သည်ရောက်မှ ပထမဆုံးတွေ့ရသည့် နွေရာသီသည် မှက်၊ ခြင်၊ ယင်များ အကျဆုံးရာသီပင်တည်း။ ကလေးက လသား ရပြီးသော အချိန်ပင်တည်း။ တွေ့ကြုံရသမျှ ဒုက္ခအရောက်ဆုံးသော အချိန်ပင်တည်း။ သည်အကောင်များကို နိုင်သည့်နည်းတော့ ရှာ၍မတွေ့ပါဟု ဝှစ်က ဝန်ခံလေ၏။ တစ်နေ့လုံး ကျလာသော မှက်များသည် နေလုံးပျောက်ချိန်မှာ ပုံထွက်သွားကြပြီဆိုလျှင် ခြင်များပို၍ ထူလာလေတော့သည်။ နှစ်ပတ်လုံးလုံး ပြေးလို့မှမလွတ်နိုင်၊ အငြိမ်မနေနိုင်အောင်ဖြစ်လေ၏။ မယ်လစ်ဆာသည် တဲကို မီးမလောင်ရုံတမည်သာချန်ကာ မီးခိုးမှိုင်းတိုက်သည်၊ ဒါနှင့် ကလေးက မီးခိုးသီးပြန်တော့သည်။ ကလေးကို ဆီသုတ်၍ အပြင်သို့ထုတ်ရ၏။ သို့သော် မျက်နှာကလေးတစ်ခုလုံး ရောင်အမ်းကာ သွေးချင်းချင်းနီလျက်ရှိလေသည်။ မျက်စိတောင် မဖွင့်နိုင်ဘဲရှိသည်။ ကလေးသည် ငိုရလွန်း၍မောကာ အစာပင် မဝင်တော့ချေ။

ဝှစ်ကတော့ ဘာမှမဖြစ်ချေ။

သို့သော် နောက်ဆုံးတော့ သူတို့သည် ထိုအချိန်ကို ကျော်လွှန်နိုင်ခဲ့ကြ၏။ ဇူလိုင်လ အလယ်သို့ ရောက်လျှင်ပင် ဝှစ်က ကြေညာချက်ထုတ်နိုင်သည်မှာ တောထဲတွင် မှက်တစ်ကောင်၊ ခြင်တစ်ကောင်မှ မရှိတော့ပြီဟူ၏။

သူတို့၏သားကလေးကို ဂျူးနစ်ဟုပင် ဂုဏ်ပြုခေါ်ဝေါ်ကြ၏။ သို့သော် နာမည်ကိုခေါ်ပြီး စကားပြောဆိုစရာ အကြောင်းလည်းမပေါ်ချေ။ အားလုံးပေါင်းမှ လူသုံးယောက်တည်း ရှိလေရာ နာမည်နှင့် မပညတ်သော်လည်း ဘယ်သူ့ကိုဆိုလိုမှန်း သိသာလွယ်လှသည်။



သို့သော်လည်း ကလေးဂျူးနစ်ကလေးဟုပင် ခေါ်တွင်ကာ ဂျူးနစ်ကလေးသည် တစောင်းလှဲ၍ လျှော်ဖျင်ဟောင်း အစွန်းတစ်ဖက်ကို ဝါးနေရလျှင် ကျေနပ်၍မဆုံးတော့ချေ။

ဝှစ်က ပြောသည်မှာ

"ဒီနေ့ နိမိတ်တစ်ခု ပြတယ် ဆရာရေ၊ ကွင်းထဲမှာ။ အဓိပ္ပါယ်ကတော့ နောက်ခုနစ်ရက်အတွင်း နှင်းကျလိမ့်မယ်တဲ့"

"ဘယ်လိုနိမိတ်မို့လဲ"

"တို့ထွက်တဲ့ ချုံပင်က အသီးတွေ တွေ့တယ်ကွ"

ဝှစ်သည် ဆောင်းလည်းပြန်ဦးတော့မည်ဖြစ်၍ အခက်အခဲတော့ တွေ့ကြဦးမည်ကို ဝန်ခံရလေ၏။ သူတို့သည် အတော်ကြီးပွားနေကြတာတော့အမှန်ပင်။ သူတို့မှာ နွားတစ်ကောင်ရှိသည်။ ဝက်တစ်ကောင်ရှိသည်။ တင်းကုပ်ကိုယ်စီ ဆောက်ပေးထားသည်။ ကုန်ခဲ့သည့်ဆောင်းတွင်းက ယုံထားသည့် သစ်ပင်အရေအတွက်လည်း အတော်များပြီး ဂျူးနစ်သာလာ၍ ကူလျှင်တော့ သူတို့သည် မီးရှို့၍ ခုနစ်ဧကခန့် မြေရှင်းနိုင်မည်ဖြစ်သည်။ သို့လျှင် ကိုယ်စားလှယ်က ကျေနပ်လာရမည်။ လုပ်ခဲ့သမျှမှာ နွားလည်းမကူ၊ လူလည်းမပါ၊ ဂျူးနစ်တစ်ယောက်သာ ကူညီခြင်းဖြင့် ပြီးခဲ့ရလေရာ အလုပ်ပြီးသားပဲဟု ထင်၏။

ဝှစ်သည် မြေဝေပေးသူ လူကြီးများထက် စကားတည်သည်။ သူတို့နေရာဆီကို ဘယ်သူမှလာပြီး မြေမတွင်ချေ။ လမ်းတစ်လမ်းမျှလည်း မဖောက်ရသေး။ မြို့ကွက်ချဖို့ရာမှာ ဝေးလှပါသေး၏။ သည်ကိစ္စများမှာ စာချုပ်ထဲ မပါသော်လည်း ပါသကဲ့သို့ဖြစ်ရကား ဝှစ်က မျှော်မှန်းမိသည်။ ယခုတော့ သူသည် ဂျူးနစ်တို့အိမ်သို့ ရောက်သည့်တစ်ညနေက စ၍ ရေလျှင် ၂နှစ်ပင်ပြည့်ပြီ။ ကိုယ်စားလှယ်ဆိုသူ တစ်ယောက်မျှ အရိပ်အယောင် လာ၍မပြ။ စာချုပ်စာတမ်းထဲပါသည့် နွားမလည်း ဘယ်တော့ရမည် မသိချေ။

ဆောင်းတွင်းမှာတော့ နွားမ မလိုချင်ချေ။ ကျွေးစရာအစာ ရှာရမည်ဖြစ်သည်။ ဖွန်လလောက်မှာ ရမည်ဆိုလျှင်တော့ နောက်ဆက်လာ၍ တစ်နွေလုံး မွေးသွားနိုင်သည်။ ဝှစ်သည် စာနှစ်စောင်ရေး၍ ပို့ပေးပါဟုပင် ဝိုက်ဆံပေး၍ ခိုင်းထားသေးသည်။ သို့သော် စာပြန်၍မလာသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလ ရောက်သော် နွေလည်းကုန် ကွင်းပြင်လည်း ညိုးခြောက်လေသည်။ နွားမလည်း ပေးစရာမရှိသလိုလို ကြားရသည်။

"နွားမ ရောင်းမယ့်လူကော မရှိဘူးလားဗျာ"ဟု ကိုယ်စားလှယ်ကို မေးသော်...

"ဈေးတည့်မှာ မှတ်ပါဘူးဗျာ၊ နွားမဆိုတာမျိုးက ဒီနေရာဆီမှာ သာပြီး အဖိုးတန်တာကလား၊ ခင်ဗျားတို့ရွာမှာဆိုရင် နွားမတစ်ကောင် ဘယ်လောက်ဈေးရှိလဲ"

"နွားလိုက်လို့ပေါ့ဗျာ"

"အလယ်အလတ်တန်းစားထဲက ဆိုပါတော့"

"မပြောတတ်ဘူးဗျ။ အေးလေ ငွေခုနစ်ပေါင်ကျော်ကျော်တော့ ပေးရမယ်ထင်တယ်"

"ဟာ ပေါ်တာပေါ့ဗျ။ ကျုပ် နွားမတွေကတော့ သားဖောက်လို့မရတဲ့ နွားမအိုတောင် ဆယ်ပေါင်ထက်မလျှော့နိုင်ဘူး"

"ကျွန်တော်ကလည်း ဝယ်မယ်စိတ်မကူးပေါင်ဗျာ၊ သူတို့ နွားမတစ်ကောင် ပေးမယ်ပြောထားတာပဲ"

"ကျုပ်နားလည်ပါတယ်။ ကျုပ်ကိုယ်တိုင်ရေးပြီး အသိသက်သေအဖြစ်တောင် လက်မှတ်ထိုးတာပဲ၊ နွားမဆိုတာက ဘယ်လောက်အိုအို အသုံးချလို့တော့ ရတာပဲဗျ၊ ခင်ဗျားလိုချင်ရင် ကျုပ် စာထပ်ရေးပေးမယ်။ ဟော... စာရေးခတောင်မပေးနဲ့ဗျာ၊ ကိုင်း... ကျုပ်က အဲဒီနွားမကိုပေးမယ်။ ကိုယ်စားလှယ်တွေဆီက ကျုပ်ဘာသာ ငွေခုနစ်ပေါင်တောင်းယူမယ်၊ ကဲ ... သူ့ကိုလည်း စကားတည်ရာ ရောက်လာရော၊ ခင်ဗျားလည်း ဟန်ကျရော"

"နွေတုန်းက မိတ်လိုက်ရဲ့လား"

"လိုက်ပါသော်ကောဗျာ"

"အကျိုးကောရှိရဲ့လား"

"တစ်စက်မှမရှိဘူး"

"ဒါဖြင့် အလကားပေါ့ဗျ"

"အေးဗျ၊ ကွင်းထဲက ကျောက်တုံးကြီးလိုပဲ၊ ခြောက်လရှိပြီ၊ ပွားကို မပွားဘူး"

"အမဲသားပေါ်လိုက်ပါလားဗျ"

"ဒီနွားမကို ချလာတုန်းကတည်းက ပေါ်ဖို့ပဲ၊ ညှံ့လိုက်တဲ့နွားမဗျာ၊ ရေနစ်မယ်လို့လုပ်တာကနှစ်ခါ၊ နွံထဲနစ်တာကတစ်ခါ၊ သူ့ဗိုက်ကို တစ်နေ့ သုံးခါလောက်ကန်ရတယ်။ အဲဒီတုန်းက အမဲသားပေါ်လိုက်ရင် အကျိုးရှိဦးမယ်၊ ဒါပေမယ့် သူ့လောက် ကျုပ်လည်း ခေါင်းမာတယ်ဆိုတာ ပြချင်တာနဲ့ ရအောင်ခေါ်လာတာပဲ၊ နောက်ဆုံး ခြံစည်းရိုးပေါက်ထဲ သူ့ဘာသာ ခေါင်းထည့်ပြီး လှုပ်လိုက်ရော တစ်ခါတည်းအဝကို ဆောင့်ကန်လိုက်တော့ တာပဲ၊ ကိုင်း... မချော၊ ဘယ်သူကမိုက်လဲ လို့တောင် ပြောမိသေး၊ အဲဒီကတည်းက ကျုပ်က အတော်သဘောကျ သွားတာနဲ့ အလှမွေးထားလိုက်တော့တာပဲ၊ မစားရက်တော့ဘူး"

"ကျုပ်ကို နွားမတစ်ကောင်ပေးမယ်လို့ ပြောထားတာဗျ"

"ကိုင်း... ဒါဖြင့် အလုပ်စကားပြောရအောင်၊ ကျုပ်တောင်းမယ်ဆိုရင် တရုက်စာတမ်းနဲ့ လုပ်မှာဆိုတော့ ခုနစ်ပေါင်ရမှာတော့ မလွဲပါဘူး။ ဒါပေမယ့် ခင်ဗျားငွေလက်ငင်းချေမယ်၊ နည်းနည်းလည်း ပိုပေးမယ်ဆိုရင် နွားမကောင်းကောင်းတစ်ကောင် ကျုပ်က ပေးမယ်ဗျာ"

"ဘယ်နွားမ လဲ"

"သားပေါက်တဲ့နွားမပေါ့ဗျာ"

"ဘယ်လောက်လိုချင်မလဲဗျာ"

"နောက်ထပ်ခုနစ်ပေါင် ပို လိုချင်တယ်"

"တော်တော်အိုပလား"

"လေးနှစ်သမီး ရှိပါသေးသဗျာ"

"ကျွန်တော်က နို့ညှစ်လို့ရတဲ့အချိန် သားပေါက်ပြီးသားမှ လိုချင်တာဗျ ဈေးမကြိုက်လို့တော့ မှတ်ပါဘူး"

"အေးလေ... ကျုပ်ကလည်း ခင်ဗျားဆီက ဆယ့်လေးပေါင် လုံးခန့် ရမှာမှမှတ်ဘဲ၊ ခုနစ်ပေါင်ပဲခင်ဗျားကပေးရမှာ၊ ခုမပေးနိုင်သော်လည်း နွေပေါက်တော့မှ သားမွေးနဲ့ ချေချင်ရင်လည်းချေဗျာ"

သို့လျှင် နွားမတစ်ကောင် ဝယ်ဖြစ်သည်။ ကိုယ်စားလှယ်များထံမှ တတိကိုအမှီပြု၍ နှစ်ပေါင်ခွဲဖိုးသော သားမွေး၊ ဒိန်ခဲပေါင်ချိန် ငါးဆယ်နှင့် အလုပ်သုံးရက် လုပ်ပေးခြင်းဖြင့် ပြေငြိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com

နွားရောင်းသူကလည်း ကိုယ်စားလှယ်များထံမှ ငွေဘယ်လောက်ထပ်ရသည်ဆိုတာကို ပြောမပြလေရာ၊ ရမှရရဲ့လားဟု ဝုစ်က ယုံမှားမိသည်။ ထို့ကြောင့် စိတ်အတော် အေးချမ်းမိပေတော့၏။

● ● ●

၁၇၇၇ ခု၊ ဧပြီလ ၂၉ ရက်နေ့တွင် နွားမသည် သားတစ်ကောင်ကျသည်။ နွားထီးကလေးပင်တည်း။ အထီးကလေးကို မလိုချင်လှသော်လည်း ကျေနပ်၏။ နွား၏ တတ်သိနားလည်သော သဘောမဟုတ်ပါလား။ မယ်လစ်ဆာကမူကား နွားထီးကလေးကို နှစ်လို၍မဆုံးချေ။ မယ်လစ်ဆာမွေးဖို့ ခွေးကလေး ယူလာစဉ်ကအတိုင်းပင်။

ဝုစ်သည် နွားထီးကို မွေးချင်မှမွေးနိုင်သည့် အခွင့်ရှိကြောင်းကို သိရ၏။ နွားမရောင်းလိုက်သည့် ကိုယ်စားလှယ်နှင့်တွေ့သော် သူ ပထမဆုံးပြောသည့်စကားမှာ နွားမက သားကျကြောင်းဖြစ်၏။ နွားထီးကို မွေးလိုသလားဟုမေးလျှင် ဝုစ်က ဆုံးဖြတ်၍မရသေးဘူးဟု ဖြေသည်။ သို့သော် မွေးဖြစ်မှာပါပဲ။

''ကောင်းတယ်။ ဘာကြောင့်လည်းဆိုတော့ ဝုစ်ရဲ့၊ ခင်ဗျားက အိမ်နီးချင်းတွေ ဘာတွေရတော့မှာဗျ။ သူတို့က ခင်ဗျားနွားကို လိုချင်မှာ''

''ဘယ်သူတွေပါလိမ့်''ဟု ဝုစ်က စုံစမ်းသည်။

နာမည်များကို ကြားရသော် တစ်ယောက်ကိုမှ ဝုစ်မသိချေ။ လူကောင်းတွေ ဟုတ်ရဲ့လားဟု မေးချင်သည်။ သို့သော် ကောင်းမည်မထင်လေရာ၊ ကိုးနှစ်နှင့်တွေ့မှပင် မေးရတော့မည်။

ဝုစ်တို့နေရာကို လူတစ်ယောက်လာသည်။ လူပုံခပ်သေးသေး၊ မြေတစ်ဖက်ထောနဲ့နဲ့နှင့် သေနတ်ကိုပင် မနိုင့်တနိုင်ထမ်းလာရသည်။ မျက်ပိန်၍ မုတ်ဆိတ်မွေးစရှိကာ ညစ်တေလှသည်။ ထောင်ထဲ ထားရသောတောင်ထောင်နှင့်မတန်သဖြင့် လွှတ်လိုက်ရသည့် အကျဉ်းသားရုပ်ပေါ်တည်း။ သူ

www.burmeseclassic.com

www.burmeseclassic.com



ကို ဝှစ် မှတ်မိသည်။ မြင်ဖူးသည်။ မြေယာသစ်ရှာသူ လူစားဖြစ်မှန်းတော့ သေချာသည်။

ပေနှစ်ဆယ်အကွာတွင် သူသည် ဆုတ်ဆိုင်းဆိုင်းနှင့် တစ်ခြမ်းစောင်းရပ်ကာ လွမ်းလွမ်းဆွေးဆွေးနှင့် သူ့နာမည်ကြေညာသည်။ သူ့မျက်ခွံတစ်ဖက်အပေါ်မှာ မှက်ကိုက်ထားသည့်ဒဏ်ရာက အတော်ဆိုးသည်။

ဝှစ်က အတော်ရယ်ချင်သော်လည်း မရယ်ဘဲ သူ့နာမည်ပြန်ပြောသည်။

ဝှစ်က မေးသည်မှာ "အိမ်ထဲဝင်ပါဦးလားဗျ၊ ကျုပ်မိန်းမက စားစရာစီမံပါလိမ့်မယ်။ သောက်စရာတော့မရှိဘူးဗျ"

"ကြားပါတယ်။ ဂျိုးနစ်က ပြောပြီးသားပါ။ ဂျိုးနစ်က အင်မတန်နောက်တဲ့ကောင်ကလား"

"ဟုတ်ပါ့ဗျား"

ဝှစ်၏ခွေးက နှာခေါင်းတရှုပ်ရှုပ်လုပ်နေပြီးမှ ထွက်သွားသည်။ ဝှစ်က သူ့ခွေးကို အပြစ်မတင်လိုချေ။ လူစိမ်းက အတော်သန်ပုံရသည်။

မယ်လစ်ဆာသည် ညှော်သည်ကိုကျွေးမွေးသည်။ သို့သော် ညှော်သည်က သူ့ကလေးကို လက်ညှိုးနှင့်များ ထိုးလေမလားဟု စောင့်ကြည့်နေသည်။ ညှော်သည်ကမူ ခပ်ဆွေးဆွေးနှင့်ပင် စားသောက်သည်။ မယ်လစ်ဆာကမူ ဒါဟာ ရမ်အရက် မပါပေလို့ဘဲဟု အတတ်စွဲသည်။ ဝှစ်ကမူကား ကေန္တသူ့ပါးစပ်က ရေ့သွားများ ဆွေးမြေ့နေလို့ နာရှာတာပဲဟုထင်သည်။

ညှော်သည်သည် စားသောက်၍ပြီးသော် မီးဖိုရှေ့မှာ ငြိမ်သက်စွာထိုင်သည်။ ဝှစ်က သူ့မြေကွက် ဘယ်မှာနေသည်ဆိုတာကို မေးသည်။ ညှော်သည်က မြေတော့မရှိသေးချေ။ စိတ်ကူးဆဲပင်၊ သည်နေရာတစ်ဝိုက်မှာ လှည့်လည်ကြည့်ရှုဦးမည်။

"ဒီနေရာမှာလား။ တမ်ဝေါ့မှာလား"ဟု ဝှစ်က မေးရာ

"တမ်ဝေါ့လို့ ကိုယ်စားလှယ်က ပြောလိုက်တာပဲ"

ထိုနောက် သူ့ခြေထောက်တစ်ဖက် ကျောက်တုံးနှင့်ခိုက်မိသည့်အကြောင်းပြောပြသည်။ သည်ဟာမှာ တမ်ဝေါ့မြေ၏ အမှတ်အသားတစ်ခုပေတည်း။

ဝှစ်၏ အကူအညီလိုလေရာ ဝှစ်သည် ဖုံထူသည့်မြေကြီးပေါ် မြေပုံဆွဲ



၍ ပြမည်ပြင်စဉ် မယ်လစ်ဆာက "အပြင်မှာလင်းတယ်"ဟု ပြောလေသည်။

သို့သော် ဝှစ်သည် စိတ်ထဲမှာ မြေပုံကို ဆွဲကြည့်နေမိပြီ။ မယ်လစ်ဆာ စကားကို ဂရုမစိုက်တော့ချေ။ "ဒီမှာလည်းမြင်ရပါတယ်"ဟုပြောကာ သူ့မြေပုံကို ဓားမဦးနှင့်ခြစ်၍ ဆွဲပြလေ၏။

"ဟောဒါကတောင်ဆိုပါတော့၊ မြောက်တက်ခပ်ကျကျနေတယ်၊ ဟော ဒီကနေပြီး မြစ်တစ်လျှောက်လိုက်လာတာကို ..."

ယောက်ျားနှစ်ယောက်သည် နားရွက်နှင့်ဒူး ထိမတတ်ကုန်းကာ ဓားပြပ်များလို အသံမြည်လျက် အတော်ကိုစိတ်ပါဝင်စားစွာနေကြသည်။ ညှော်သည် ဂျက်ကမင်က ဝှစ် ပြောသမျှကို ခေါင်းညိတ်ကာ လက်ဖဝါးဖြင့် နှပ်သုတ်ရင်း နားထောင်သည်။

"ဟောဒါက ကျုပ်တို့မြေကွက်ဗျ"ဟု ဆိုကာ ဝှစ်က လေးထောင့်ကွက်ကလေးတစ်ကွက် ဆွဲပြလေရာ မယ်လစ်ဆာက ဝှစ်ပခုံးပေါ် ကျော်ပြီးကြည့်သည်။

ဝှစ်၏မြေပုံသည် တစ်ကိုက်ပတ်လည်ခန့်ကြီး၏။ ဝှစ်သည် ဒူးချ၍ထိုင်ပြီး "နေရာ ၃ နေရာတော့ရှိတယ်ဗျ၊ ဟောဒီမှာတစ်ကွက်"ဟု လက်ဖဝါးနှင့်အပြားလိုက်ချပြပြီး "ဒီနေရာကို ခင်ဗျားဖြတ်လာခဲ့တယ် မှတ်လား"ဟုပြောသည်။

"ဟုတ်ပါလိမ့်မယ်"

"ဟောဒါက နောက်တစ်ကွက်"ဟု အရှေ့ဘက်ကျကျကို ရွှေ့၍ပြပြန်သည်။ ဝှစ်သည် မြေကွက်များကို မျက်စိထဲက မြင်ပြီး ပြောနေသော်လည်း မယ်လစ်ဆာက ဘာမှသိသူမဟုတ်သဖြင့် မြေပုံကိုသာ မြင်သည်။ ဝှစ်က ဂျက်ကမင်ကို ရှင်းလင်းပြောပြနေသော်လည်း သူ့မြေကွက်နှင့် နီးသည့်နေရာမျိုးကို လက်ထောက်၍မပြချေ။

နောက်ဆုံး၌ ဂျက်ကမင်သည် နှုတ်ဆက်၍ပြန်သည်။ သူတို့က တစ်ခါလာပါဦးဟု ဖိတ်ခေါ်သည်။ ညှော်သည်သည် တံခါး မ ထွက်ရင်း နှုတ်တင်းကုပ်နှင့်မြေကွက်ကို မျက်စိကစားကာ "သိပ်ကောင်းတဲ့နေရာကလေးပဲ၊ ပျိုးလည်း အောင်တယ်နော်"ဟု ပြော၏။

နောက်လာမည့်လူသုံးယောက်ကား နွေအခါမှာ ရောက်လာသော်လည်း ဆောင်းပေါက်တော့ မနေလိုကြချေ။ သူတို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူကား ဖီဘာရစ်အမည်ရှိ သန့်စွမ်း၍ သိမ်မွေ့ကြင်နာတတ်သည့် သူပင်တည်း။ သူ့အသံမှာ နာလိုဖွယ်ရာဖြစ်သည်။ ဝုစ်ထက် ပို၍ မြင့်မားကြီးထွားသူဖြစ်သည်။ အသက်လည်း ပိုကြီးသည်။ တောထဲမှာချည်း အသက်မွေးသူမဟုတ်ဘဲ နေရောင်ထဲ၌ လုပ်ကိုင်ခဲ့သူဖြစ်လေ၏။

တစ်ညနေလုံး သူတို့နှင့်နေသည်။ ညသန်းခေါင်အထိ စကားပြောမိကြသည်။ ဖီဘာရစ်သည် အင်မတန် စကားပြောနိုင်သူဖြစ်ကြောင်း သိရသော်လည်း ဝုစ်နှင့်မယ်လစ်ဆာတို့သည် ချေးမများအားချေ။ ဘာပဲဖြစ်ဖြစ် ဂျက်ကမင်ထက် ကောင်းသေးသည်။

နောက်တစ်နေ့မနက်တွင် ဝုစ်သည် ဖီဘာရစ်နှင့်လိုက်၍ အနီးအနားမှာရှိမည့် မြေကွက်ကိုရှာဖွေသည်။ ဖီဘာရစ်သည် သူစကားပြောသည့်ပုံစံအတိုင်းပင် ခရီးသွားရာမှာလည်း ဖြေးလေးစေ့စပ်စွာ လုပ်တတ်သည်ကို သိရလေသည်။ ဖီဘာရစ်သည် အတော်ပင်နှံ့စပ်ခဲ့သည်ဖြစ်ရာ အရှေ့မြောက်ဘက်ဆီကိုသာ လာခဲ့ရာ တစ်နေပင် ကုန်လေသည်။ ဝုစ်သည် ယခုအချိန်ထိတော့ ညည်းသည်ကို သဘောကျနေပြီး ဘာကြောင့် သည်လူမျိုးသည် ရပ်ပစ်ရွာပစ် နေရာသစ်ရှာလိုပါလိမ့်ဟု အံ့ဩ၏။

သူတို့အိမ်ပြန်ရောက်သော် မယ်လစ်ဆာသည် ညစာပြင်၍ပြီးချေပြီ။ အိမ်မှုကိစ္စကို လုပ်ထားသည်မှာလည်း နွားမပင် မကျန်ချေ။ သုတ်သင်ပေးထားသည်။

ညစာစားပြီးကြသော် ကလေးကို သိပ်ရသည်။ ဝုစ်က မယ်လစ်ဆာကို သီချင်းဆိုခိုင်းသည်။ မယ်လစ်ဆာသည် ပထမတော့ ကလေးချော့ဖို့ ကလွဲ၍ ဆိုလေ့မရှိတာကြာသည်နှင့် ဆိတ်ဆိတ်နေသေးသည်။ ပြီးမှ ဆိုရာ ဆိုလို့ကောင်းလှသည်။

ဝုစ်က လိုက်လံပြသသည့်အတွက် ဖီဘာရစ်က ဝုစ်အတွက် အလုပ်တစ်ရက် လုပ်ပေးမည်ဟု ဆိုသည်။ ဝုစ်က ကိစ္စမရှိပါဟု ဆိုသော်လည်း စင်စစ် ယခုလို အကူရမှာကို သဘောကျလှသည်။ ဝက်များ သားကျလျှင် ဝက်ခြံရန်ကလည်း လွတ်အောင် ထားစရာနေရာရှာရဦးမည်။ အမြဲတမ်း ချည်း စောင့်ပြီးလည်း မနေနိုင်ချေ။ ဝက်ကလေးများ ပေါက်ဖို့ရာကလည်း တစ်လလောက်သာ လိုတော့ရာ ယခုလို ကူညီမည့်သူရှိတော့ အလုပ်လုပ်အားရှိလှလေ၏။



ဖီဘာရစ်သည် တွဲဖက်လုပ်ကိုင်လို့ ကောင်းသူတစ်ယောက်ဖြစ်ကြောင်း သိရလေ၏။ စီမံခန့်ခွဲတတ်သော ခေါင်းလည်းရှိသည်။ ပုဆိန်ကိုင်လည်း ကျင်လည်လှသည်။ သူတို့နှစ်ယောက်သည် တစ်နေ့တွင်းပင် နှစ်ပေမျှထူသောနံရံ၊ သစ်လုံးမိုးနှင့် ဝက်လှောင်အိမ်တစ်အိမ် အပြီးဆောက်သည်။ လေးလံသော ကဲလားတစ်ချပ်ကိုလည်း တပ်သည်။ ဝက်လှောင်အိမ်မှာ ခိုင်ခြားလွန်း၍ ငါတောင်နေချင်ပါရဲ့ဟု ဝုစ်တွေးတော၏။ ဆိုလိုတာကတော့ ဝက်များ မနေရသေးခင် အသစ်ရှိသေးစဉ်ကိုဖြစ်ပါသည်။

တစ်ခုသာ ပြောစရာရှိသည်မှာ ဖီဘာရစ်သည် သစ်တုံးတစ်လုံးကို ထမ်းလာရင်းက ဒူးချောင်၍ လဲကျခြင်းပင်တည်း။ တစ်ဖြုတ်လောက်ပင် အတော် နာသွားပြီး ပြန်ကောင်းသွား၏။ ဖြစ်စမြဲကိစ္စတစ်ခုပါဟု သူက ပြော၏။ ဝုစ်က ဖီဘာရစ် လဲကျသည့်အကြောင်းကိုပြောလျှင် အဖျင်းတိုက်ရာ ကျမည်စိုးလေရာ မယ်လစ်ဆာကိုပင် မပြောဘဲနေသည်။ နောက်တစ်နေ့ နေ့က် ဖီဘာရစ်ပြန်သွားမှ မယ်လစ်ဆာသိရကာ ဝုစ်ထင်သည်ထက်ပင် စိတ်ဆိုးလေ၏။ ဒူးခေါင်းကို အဝတ်နှင့်မှ မစည်းပေးလိုက်ရပါလား။ သို့သော် သူဟာသာ လုပ်တတ်ပါလိမ့်မည်ဟု ဝုစ်က ထင်သည်။ ဖီဘာရစ်လို တော်သည့်လူမျိုး အရင်က တွေ့တောင်တွေ့ဖူးတာမှတ်ဘူး။ သူ့ကို အိမ်နီးချင်းလုပ်ရလျှင် ကောင်းမည်။

နှစ်ပတ်အတွင်းမှာ ဖီဘာရစ်ပြန်လာသည်။ ဝုစ်တို့နေရာနှင့် တစ်မိုင်မျှ ကွာ၍ မြောက်ဘက်ကျသည့်မြေကွက်ကို ရွေးသည်တဲ့။ ကန်ထိပ်မှာဖြစ်လေ၏။ အဲသည်မြေက အတော်ပင်ကောင်းသည်။ ဖီဘာရစ်သည် လျှော်ဆိုက်လိုဟန်တူသည်။

ခဏမျှနေပြီး သူရွေးသည့်မြေကွက်ဆီသို့သွားသည်။

ဝုစ်လည်း ထိုညအဖို့ နှောင်ရေးအတွက် အားအတော်တက်စွာနှင့် အိပ်ရာဝင်လေသည်။

နေ့တိုင်းပင် ဖီဘာရစ်လာလည်မလားဟု မျှော်ရသည်။ သို့သော် တစ်ပတ်ကြာလို့မှ ရောက်မလာချေ။ ဝုစ်က သူဘာများလုပ်နေသလဲဆိုတာ သွား၍ကြည့်ချင်သည်။ သို့ပြောရင်းဆိုရင်းပင် ဖီဘာရစ်၏ သေနတ်ဖောက်သံ ကြားရသည်။

ဝုစ်က ကြားရသည့်အသံကို အကဲခပ်နေပြီးမှ "ဒါ သေနတ်ပစ်တာကွ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မြေကွက်ရဲ့ ဒီဘက်မှာ နွံတောရှိပါကောလား။ ခုလိုပူလာရင် ရေကန်စပ် ဆီမှာ သမင်တွေ မြက်လာစားတတ်တယ်။ ဖီဘာရစ်က ဟို သဲကုန်းကလေး ပေါ်ကနေ ပစ်တာနဲ့တူတယ်ကွ။ အဲဒီမှာ ပုန်းစရာနေရာရှိတယ်''ဟု ပြော သည်။

မယ်လစ်ဆာက ''ဟုတ်မှာပေါ့''ဟု ဖြေသည်။

''ငါမသွားချင်တော့ပါဘူးကွာ၊ အမဲသားလိုချင်လို့ ဖြစ်နေပါဦးမယ်''

''မဖြစ်ပါဘူးလေ''ဟု မယ်လစ်ဆာက ပြောသော်လည်း ဝုစ်က မသွား လိုချေ။

တစ်နာရီမျှ ကြာပြန်တော့ ဂျိုးနစ်ကြီး ရောက်လာပြန်သည်။ သို့သော် မထိုင်အားချေ။ ဖီဘာရစ်၏နေရာကို သွားချင်၍လမ်းပြစေချင်သည်။ မိုး တိုးမတ်တတ်နှင့်ပင် ကိုယ့်ကလေးအကြောင်း၊ သူ့မိန်းမအကြောင်း ပြော သည်။

ထိုခဏ၌ ဖီဘာရစ်သည် သမင်၏ ရှေ့လက်နှင့်ရင်ပုံတစ်ဖက်ကို သေနတ်မှာချိတ်ထမ်းကာ ရောက်လာသည်။ သူက ဂျိုးနစ်ကို ခေါင်းညိတ်ပြ ပြီး ''ဝုစ်ရေ ဟောသည်မှာ သမင်သားဗျ''ဟု ပေးသည်။

ဝုစ်က လှမ်းယူကာ ''အမဲဖျက် တယ်မြန်ပါကလား''ဟု ချီးမွမ်းသည်။ ဂျိုးနစ်က ''နူးညံ့ပုံရတယ်''ဟု ဆို၏။ ''ကျုပ်တောင် ခင်ဗျားဆီ လာမလို့'' ဟု ပြောပြန်သည်။

ဂျိုးနစ်က မတတ်သာသဖြင့် သတင်းပေးရသည်။

သမီးကလေးနှစ်ယောက်နှင့် လင်ငယ်နောက်လိုက်ပြေးကာ ဖီဘာရစ်၏ မိန်းမ အတော်ဖျားနာနေသည်။ သူတို့အားကိုးသည်။ ကြောင်အမ်းကြီးဖြစ် နေကြသည်။ ဖီဘာရစ်သည် စကားပြောမည်ဟု အတန်တန်ကြိုးစားနေပြီး နောက်ဆုံးမှ ''မိန်းမကတော့ အင်မတန်တော်တာပါ။ ကလေးတွေရော တွေ့ချင်ပါတယ်''ဟု ပြောသည်။

ဖီဘာရစ်လည်း သေနတ်ကို ကောက်ကိုင်ကာ သူ့မိန်းမနှင့် ကလေးများ ဆီ ရောက်နိုင်သည့်လမ်းအတိုင်း လျှောက်သွားသည်။

ထိုကြောင့် အိမ်နီးချင်းရယ်လို့မရှိဘဲ တစ်ဆောင်းဝင်ရပြန်သည်။ မယ်လစ်ဆာသည် နေသားကျ၍သွားပြီဟု ကိုယ့်ကိုယ်ကို ထင်သော်လည်း ဆောင်း၏ နိမိတ်များဖြစ်သည့် သစ်ပင်တကာတို့ မည်းနက်စွတ်စိုလာသည်



ကို တွေ့သော် စိတ်ထဲမှာ အတော်ပူမိသည်ကို သိရ၏။ ဆောင်း၏ ကြမ်း တမ်းလှသော ဗလကြီးကို မြင်ရလျှင်ပင် တစ်နေ့တစ်နေ့ အလုပ်ကို ကုန်းလုပ်ပြီး လုပ်မပြီးနိုင်မည့်အဖြစ်ကိုသာ သတိရသည်။

ဝုစ်မှာကား နဂိုနေထက်ပင် ပို၍စကားနည်းသွား၏။ တစ်နေ့လုံး တောထဲမှာနေပြီး ပြန်လာသော် ညစာကို တိတ်ဆိတ်စွာစားသည်။ ပြီးလျှင် မီးဖိုဘေးထိုင်၍ အသံမှန်မှန်မြည်သော အလုပ်တစ်ခုခုကို လုပ်သည်။ ညအိပ် ရာ ဝင်ခါနီးလျှင် တံခါးဝ၌ရပ်ကာ ပါးစပ်က ဘာတစ်လုံးမှ မပြောဘဲပင် အိမ်ထဲပြန်ဝင်လာတတ်၏။ ခက်သည်မှာ သူ့ဘာသာသူလည်း မသိခြင်းပင်။ သိအောင် မယ်လစ်ဆာက ပြောလျှင်လည်း သူသည် အံ့အားသင့်မည်။ နားကျင်မည်။ ပြီးတော့ တောင်းပန်မည်တည်း။

ထမင်းဆိုင်မှာတုန်းကဆိုလျှင် ယခုလိုညနေမှာ ပျော်စရာကောင်းလှ သည်။ စကားပြောကြ၊ ရယ်မောကြ၊ သီချင်းဆိုကြရှိသည်။ စက်ဆုပ်စရာ ကောင်းတာတွေလည်း ရှိတာမှန်ပါ၏။ သို့သော် ကြမ်းပေါ်တွင် ပေရေသော ထံတွေး၊ အရက်နှင့် စားသောက်စရာများကို မယ်လစ်ဆာ သတိမရဘဲ နေလိုက်သည်။

လမ်းခုလတ်ရှိ ပင်နကောက်ရွာမှ တွေ့ခဲ့သည့် ဂျိုးဖိလစ်ကြီး မူးလဲ နေဟန်ကို တစ်ခါတစ်ရံ သတိရ၏။ သို့သော် ထင်းချောင်းကြီးများကို ခုံးပေါ် ထမ်းလျက်လာသောဂျိုး၊ လေပြင်းသည့် တစ်ညတွင် သူ့ကို ကြင်နာခဲ့သော ဂျိုးကိုမူ အမြဲသတိရနေသည်။ ဂျိုးကို နှင်ပစ်ခဲ့သည်။ ဂျိုးကလည်း ထွက်သွားသည်ဖြစ်၏။

ဂျိုးနှင့်ဝုစ်တို့ စောင့်နေကြဟန်ကိုလည်း မြင်ယောင်တတ်ပြန်၏။ ကြောက်စရာကောင်းလှသော အချိန်ဖြစ်၏။ သို့သော် ကြာရှည်မတည်။ အခါအကွင်း ပြီးဆုံးသွားကာ ယခုတော့လည်း အားလုံး နေရာကျနေချေ ပြီ။

ဘာပဲဖြစ်ဖြစ် ရွာကိုတော့မပြန်ချင်။ အဖေ့ကို အောက်မေ့လှသည် ဆိုသည်မဟုတ်၊ ရွာမှာ အဖေရှိနေသည်မှာ သူ၏ဘဝ တစ်စိတ်တစ်ဒေသက ရွာမှာရှိနေတာနှင့် အတူတူဖြစ်၏။ ဘယ်တော့မှ မပြန်ချင်ပါဘူး။

သို့သော် ရွာအကြောင်းတွေးမိသည်မှာတော့ အမှန်ပင်။ တွေးစရာ အကြောင်းအားက များလှသည်။ ဝုစ်လည်း အိမ်မှာမရှိ၊ ကလေးလည်း အိပ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေသည့်အခါမျိုးမှာ သစ်ပင်များကြားက လေတိုက်သံက ဆိတ်ငြိမ် ခြင်းကို ဖျက်ဆီးနေဆဲ၊ မီးဖိုမှပြာများက ဝေ့လည်လွင့်ပါးနေဆဲ၊ စိတ်လေ လွင့်သွားတတ်သည်။ သည်အချိန်မျိုးမှာ အထီးတည်းနေရသည့် ဝေဒနာ သည် ပြင်းထန်လှသည်။ ထို့ကြောင့် စိတ်သက်သာစရာကို ရှာကြံ၍ တွေးရလေသည်။

နှစ်ဦးတွင် အအေးဓာတ်ကြမ်းတမ်းလှသည်။ ဝုစ်သည် သစ်ပင်ပင် မခုတ်လှဲ့ပဲ။ သစ်ပင်မပြတ်ဘဲ ပုဆိန်သာ ထက်ခြမ်းကွဲသွားမှာစိုးရ၏။ ရာသီ ပြင်းထန်မည့် လက္ခဏာများကို မာနကြီးတစ်ခွဲသားနှင့် မယ်လစ်ဆာကို ပြောပြတတ်သည်။

ဘယ်လောက်အေးသည်ဆိုတာကို မယ်လစ်ဆာကလည်း သိ၏။ တစ် ညတွင် ကလေးဖို့ နို့ ထ နွေးစဉ် ကလေးမအေမို့ သေးပေသည့် ဂါဝန်စ သည် ခဲ၍မာနေသည်ကို တွေ့ရ၏။ မိုးလင်းတော့မှ ဝုစ်ကို ပြောပြရင်း ရယ်မောမိရာက ငိုလိုက်ချင်၏။

နေ့စဥ်နှင့်အမျှ ဆောင်းကြမ်းကို စစ်ပြိုင်ရ၏။ မတ်လသို့ကူးလျှင် တော့ သူတို့က နိုင်စ ပြုပြီဟုထင်သည်။ သူတို့၏ ဝက်တစ်ကောင်မျှ မသေချေ။

သူတို့အိမ်ကို တောကောင်ထောင်၍ ဖမ်းသူတစ်ယောက် ဝင်ရောက် လာပြီး သူလာခဲ့သည့် ဆင်းဒွစ်မြို့မှာ လူတိုင်းဖျားနာကြကြောင်းကို ပြော သည်။ ညှိုသည်လာပြီး နှစ်ရက်ကြာလျှင် ဝုစ်သည် ချမ်းတုန်ကာ ဖျားသည်။ သို့သော် ချွေးထုတ်လိုက်ပြီး သုံးရက်နှင့် ထ နိုင်သည်။ သို့သော် မယ်လစ်ဆာ က ဖျားပြန်သည်။ မအေမပျောက်သေးခင် ကလေးက ဖျားပြန်သည်။ ဝုစ်သည် ကိုယ့်ကိုယ်ကို ကောင်းစွာ မဟန်နိုင်သေးဘဲနှင့် သားအမိနှစ်ယောက် ကို ပြုစုရ၏။

• • •

သူတို့အားလုံး နေကောင်းကြ၏။ နွေပေါက်လေပြီ။

ဆင်းဒွစ်မြို့၌ တစ်ဆောင်းလုံးမှာ သေပျောက်သူရယ်လို့ မရှိချေ။ အနားကမြို့မှ လူလေးယောက်တောင် သေပျောက်သည်။ မြေကိုယ်စားလှယ် က သည်တစ်ခါတော့ ဆင်းဒွစ်က အနိုင်ရလိုက်ပြီဟု ကြွားဝင့်လေသည်။ သူတို့မြို့မှာ မှန်ပြတင်းတပ်သည့်အိမ်များရှိသော်လည်း တို့မြို့ကလူတွေ ကျန်းမာကြသည်။

မြေကိုယ်စားလှယ်ထံ စာတစ်စောင်ရောက်နေသည်။ ဝုစ်သည် စာအိတ်ကိုကြည့်သော် ပေရေစွန်းကွက်ပြီး မယ်လစ်ဆာနာမည်တပ်ထား သည်ကို တွေ့ရ၏။ စာအိတ်ကို ဦးထုပ်ကြားထဲညှပ်ပြီး ''မယ်လစ်ဆာက ကျုပ်ထက် စာသွားသဗျ'' ဟုဆိုကာ ဦးထုပ်ကို ပြန်၍ဆောင်းလေ၏။ ယောက္ခမကြီးသေတာနှင့်တူသည်။

အားပျော့လှသေးသည်နှင့် အိမ်ပြန်ရောက်အောင် လျှောက်ရသည်မှာ မောပမ်းလှသည်။ အိမ်ထဲရောက်သော် သူ့ဦးထုပ်ကို စားပွဲပေါ်တင်ပြီး ပစ္စည်းများကို ချသည်။ မယ်လစ်ဆာက မြေပြုကြည့်သော်လည်း ခါတိုင်းလို ဝမ်းသာအယ်လဲမရှိချေ။ ဝုစ်သည် စိတ်မသက်သာလှသော်လည်း သူလည်း ပမ်းရှာလို့ထင်ရဲ့ဟု တွေး၏။ သူကိုယ်တိုင်တော့ ပန်းလွန်း၍ ဖျားတောင် ဖျားချင်သည်။ စားပွဲမှထပြီး ''အိပ်ရာဝင်တော့မယ်''ဟု ပြောလိုက်သော် မယ်လစ်ဆာက မေးသည်။

''ဘာမှ မစားတော့ဘူးလား။ ကျွန်မ ပြင်ထားတယ်''

''မစားချင်ဘူးကွ၊ အိပ်ရာကနိုးမှ''

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဦးထုပ်ကို မ လိုက်ရာ စာအိတ်ထွက်ကျလာသည်။

''ဟာ မေ့နေလိုက်တာ၊ ဒီမှာစာ မင်းဖို့''

စာအဆိုမှာ မယ်လစ်ဆာ၏ အဖေကြီးသေရှာပြီ။ ထင်းသယ်ရင်း လဲကျပြီး ညတွင်းချင်းပင် ဆုံးသည်။

မယ်လစ်ဆာသည် ရွာကို မြင်ယောင်သည်။ ရွာပတ်လည်က ကွင်းပြင်များ နေရောင်နှင့် လင်းနေသည်ကို မြင်ယောင်သည်။ လမ်းမကြီးက ဖြူးသည်။ လူတွေကလည်း တစ်နေ့တစ်နေ့ကို စုဝေးပြီး စကားပေါက်ကရ ပြောသည်။ ရွာမှာ ပျော်စရာအကြောင်းတွေ ရှိတာမှန်သော်လည်း အဖေ့ ကြောင့်မပျော်ခဲ့ရ၊ ယခုတော့ အဖေမရှိပြီ။

လူနေအိမ်ခြေရှိသမျှကို သတိရသည်။ ဆောင်းတွင်းမှာတောင် လမ်းမ ပေါ်မှာ လူအရိပ်အယောင် မြင်နိုင်သည်။ နွေအခါမှာတော့ ကွင်းပြင်များကို ကြည့်လို့မဆုံးပြီ၊ မြစ်ဘက်သို့ လိမ့်ဆင်းသွားသည့် ကွင်းပြန့်ပြန့်ကို နေရောင် ၌ အထင်းသားမြင်ရ၏။ ကျွဲတင်းကုပ်၊ နွားတင်းကုပ်များကလည်း ပေါလှပါ ပေ့၊ ကျိုးဖိလစ်လည်း ရွာမှာရှိချင်ရှိနေမည်။ မယ်လစ်ဆာသည် ပြုံးမိ လျက်သား ရှိလေသည်။

ကျောထဲက စိမ့်လာပြီး တစ်ခန်းလုံး အေးစက်နေသည်ကို သိမြင်လာ သည်။ ကလေးကိုသတိရပြီး အိမ်ကိုပြိုမလိုဝိုင်းနေသည့် တောအုပ်များ ကို သတိထားမိပြန်၏။

ရွာမှာတော့ နွေပေါက်နေ လောက်ပြီ။

ဝုစ်က မေး၏။ ''ဘာဖြစ်တာလဲကွာ၊ ရွာကို ပြန်ချင်သလား''

''ပြန်ချင်တယ်'' မယ်လစ်ဆာ၏လက်များသည် ခုံစွန်းကို တင်းကျပ် စွာ ဆုပ်မိလေ၏။ ယခုလိုဖွင့်ပြောမိတာကိုတော့ ဝမ်းသာသည်။ တိတ်ဆိတ် ခြင်းကတော့ ကြာရှည်လှသည်။ ဝုစ် များ တစ်မိနစ်အတွင်း စကားမပြောဘဲ နေလျှင်တော့ လွှတ်ခနဲ အော်လိုက်မိတော့မည်။

ဝုစ်ကပြောသည်။ ''အေးလေ တို့ပြန်နိုင်ပါတယ်။ ပြန်နိုင်တာပေါ့။ တို့ ဒီမှာလုပ်ထားသမျှကို ရောင်းလိုက်ရင် ရွာမှာနေစရာတော့ ရလောက်ပါရဲ့။ မြေကွက်က မကြီးလှပေမယ့် ထွင်ထားတာက အတော်ရနေပြီပဲ၊ အိမ်တစ် လုံးလည်းပါမယ်။ တင်းကုပ်လည်း ဆောက်ပြီးသားရှိတယ်။ အေးပါလေ တို့ပြန်နိုင်ပါတယ်။ ဘာမှ စုံမက်စရာတော့မရှိပါဘူး''



''ဟုတ်လား။ ဝုစ် ရပါ့မလား။ ရွာမှာ အိမ်မဆောက်နိုင်တောင် ...စ်သလိုနဲ့ နေဖြစ်ရင်တော်ပါပြီ။ ကျွန်မတို့ မြက်ရိတ်တဲ့ မြေကွက်ကလေး ...ရင် တော်ပါပြီ''

ဝုစ်သည် တော်တော်နှင့်စကားမပြောနိုင်ဘဲနေပြီးမှ

''ရပါတယ် ထင်ပါရဲ့''

ဝုစ်သည် ဝက်ဝံရေကို ပစ်ချပြီး အိပ်ရာစွန်းတွင် ဝင်ထိုင်သည်။

''ငါလည်း ဒီမှာမနေချင်ဘူးလို့တော့ မထင်ပါနဲ့ကွာ''

သူသည် ဖြေးညှင်းပင်ပန်းစွာ ထ ရပ်ပြန်သည်။ မယ်လစ်ဆာက သူ့ အသံကိုကြားရသော်လည်း လှည့်မကြည့်။

''ငါကတော့ ငါ စ ထားတဲ့အလုပ်နဲ့ ဆက်ပြီးသွားချင်တာပဲ။ တို့နှစ် ...ယောက်စလုံးအဖို့ ငါတတ်နိုင်သမျှ လုပ်ချင်ပါတယ်။ ငါမလုပ်နိုင်ဘူးဆိုရင် ...တော့ တခြားနေရာကို ရှာဖို့ပေါ့။ ငါလုပ်ထားတဲ့ တင်းကုပ်တွေ၊ ဘာတွေကို ...င်းဂရုမစိုက်ဘူး။ ထားပစ်ခဲ့နိုင်တယ်ဆိုရင်တော့ သွားတာပဲကောင်းပါတယ်။ ...င်းက အဖိုးမထားတဲ့နောက် ငါ့ဖို့ကော ဘာအသုံးကျဦးမှာလဲ''

''အေးလေ ကျွန်မက ဒီညပဲသွားရမယ်လို့ပြောတာမှ မဟုတ်ဘဲ။ ...အိပ်မယ်ဆိုရင်လည်း ပျော်အောင်အိပ်ပါဦး''

''ဝုစ်သည် ဘာမှပြန်မပြောဘဲ အတော်ကြာလျှင် အိပ်ရာထဲဝင်သည်။ ...ယ်လစ်ဆာကတော့ မီးဖိုဘေးတွင်ပင်ထိုင်ကာ ဝုစ်ကို စိတ်ထိခိုက်အောင် ...လုပ်မိပြီလားဟု စဉ်းစားနေ၏။ သို့သော် မယ်လစ်ဆာဘက်က ပြောစရာ ...တွေလည်း ရှိပါသည်။ ''ရှင်အိမ်က ထွက်သွားပြီဆိုရင် ကျွန်မမှာ သစ်ပင် ...တွေကြားက လေတိုက်သံပဲ နားထောင်နေရတယ်။ အမယ်လေး လေက ...လည်း တရှီရှီနဲ့ပါ တော်လို့ ပြောစရာ မိန်းမဖော် တစ်ယောက်ရှိသလား။ ...နီ... ကလေးနေမကောင်းလို့ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိတဲ့အ ...ခါ ရှိသေးတယ်၊ ဝုစ်ရယ် ရှင်ပြန်လာပြန်တော့လည်း ရှင်က စကားတစ်လုံး ...တာမှုတ်ဘူး။ ကျွန်မဆိုတာက အလုပ်လုပ်ရလို့များတော့ ပင်ပန်းတယ် ...ထင်ပါဘူး။ ဒါပေမယ့် တစ်ယောက်တည်းမို့ ငြီးလှတယ်ရှင်ရေ၊ ရှင်ကတော့ ...းလည်မှာ မှုတ်ပါဘူးလေ''

ဝုစ်ကတော့ ပြောခဲ့ပြီ

''တို့ပြန်ကြရုံပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား ဝှစ်"

"တကယ်ပေါ့"

ခဏကြာလျှင် မယ်လစ်ဆာသည် တံခါးပေါက်မှ ခေါင်းမော့၍ ထွက်လာခဲ့သည်။ ဝှစ်ကမူ စိတ်ဒုက္ခနှင့် အိပ်ရာပေါ်ကျန်ခဲ့သည်။ မယ်လစ်ဆာ ပြန်ဝင်လာသော် ဝှစ်ကို ပြောသည်။

နောက်တစ်လမကြာခင် ရှင့်သစ်ပင်လေးတွေ ပျိုးနိုင်မှာပဲ၊ ချောင်းစပ်နားမဟုတ်ရင် ကျွန်မရဲ့ခြံထဲမှာပေါ့"

ဝှစ်သည် ဖြုန်းခနဲ ထထိုင်မိသည်။

မယ်လစ်ဆာက မီးဖိုကို ဆွရင်း "ကျွန်မတော့ ရွာမပြန်ချင်ပါဘူး" ဟု ပြောသည်။

နွေသို့ ကူးလျှင်ပင် ဝှစ်၏ခွန်အား ပြန်ဝင်လာသည်။ တစ်နေကုန် အလုပ်ပြီး၍အပြန် တစ်ညနေတွင် မမောမပန်းရှိသည်ကို တွေ့ရလျှင်ပင် ကိုယ့်ကိုယ်ကို အတော်နေကောင်းပြီဆိုတာ သိရသည်။

သူ့ပြောင်းပင်များသည် မနှစ်ကထက် အားရှိစရာကောင်းလှသည်။ သူတို့သည် ခြံလည်းစိုက်ထားသည်။ မြို့ပြီး ကြည့်လျှင် ဂျိုးနစ်နီးပါး ကြွယ်ဝနေချေပြီ။ သို့သော် သူတို့၏ဆက်ဆံရေးကို မထိခိုက်လှချေ။ ဂျိုးနစ်က စိတ်ကောင်းထားတတ်ကာ ဝှစ်ကလည်း ကိုယ့်တာသာ ကျေနပ်နေခြင်းသာ ရှိသည်။ ဂျိုးနစ်၏အကူအညီများကို ပြေလည်အောင်ပြန်၍ဆပ်နိုင်သည်။ တောလည်ရာမှာတော့ ဂျိုးနစ်ကို မမီနိုင်သည်ကို နှစ်ယောက်လုံး သိကြ၏။ ဂျိုးနစ်ကြီး အိုမင်း၍ ဘာမှမလုပ်နိုင်တော့တောင် တောအကြောင်း သိနားလည်ခြင်းက ပျောက်ပျက်သွားမည်မဟုတ်ချေ။

သူတို့သည် အိမ်နီးချင်းများလည်း ရလာသည်။ ထိုကြောင့် မြို့သစ်တည်ဖြစ်မှာက သေချာသည်။ သည်အတိုင်း ဆက်ပြီးသွားလျှင် စက်တစ်လုံးတောင် တည်ရဖို့ရှိသည်။ သုံးလေးနှစ်ကြာမှ ဖြစ်ချင်လည်း ဖြစ်မည်ပေါ့။ နောင်တစ်နေ့တွင် ပန်းပဲဖိုတစ်ဖိုတောင် ဖွင့်လာနိုင်သည်။

ဖီဘရစ်လည်း ပျော်ရွှင်သောအမူအရာနှင့် ပြန်လာသည်။ အကြောင်းရင်းကိုရှာသော် မယားကောင်းတစ်ယောက် ရလာသည်ကို တွေ့ရလေ၏။ သူ့မှာ နွားမတစ်ကောင်လည်း ပါလာသည်။

ဖီဘရစ်၏အိမ်ကို ဝှစ်က ကူဆောက်ပေး၏။ သစ်လုံးမှအခေါက်များ





ခွာဘဲ ပြတင်းလည်းမဖောက်၊ မီးဖိုခေါင်းတိုင်လည်း မထူသည်မို့ ခဏချင်းပင် ပြီးစီးသည်။

ဖီဘရစ်သမီးတစ်ယောက်က ချုံပင်များ၊ အသီးများကောက်ရာမှာ အင်မတန်တော်သည်။ သူ့မိန်းမကတော့ ၁၆ နှစ်ခန့်သာ ရှိသေးသော်လည်း ထွားကြိုင်းသန်မာ၍ တောကောင်ထောင်ရာတွင် ကျင်လည်သည်။ မယ်လစ်ဆာအဖို့ တိုးတိုးဖော်လည်းဖြစ်နိုင်သည်။ ဝှစ်ကိုလည်း မျက်စပစ်မည့် ရုပ်မျိုးမဟုတ်။

မယ်လစ်ဆာသည် ဖီဘရစ်တို့အိမ်ထောင်ကို ညစာကောင်းကောင်းဖြင့်၍ ကျွေးလေသည်။

သို့သော် ဆောင်းနှစ်ကြိမ် လည်သည့်အထိ ဝှစ်တစ်ယောက်တည်းပင် အမဲလိုက်ရ၏။ ဖီဘရစ်မှာ အမဲလိုက်တတ်သူမဟုတ်ချေ။ နောက် ရောက်လာသော သူ့ညီသာ မုဆိုးကောင်းတစ်ယောက် ဖြစ်လေ၏။ ဖီဘရစ်က များ အလုပ်အကိုင်ကောင်း၍ သေနတ်ပစ် တည့်သော်လည်း သမင်တစ်ကောင်ကို အချိန်ကုန်ခံ၍ မလိုက်ချင်ချေ။ ဝှစ်က နှစ်အိမ်ထောင်အတွက် အမဲလိုက်ရ၏၊ ဖီဘရစ်က အသာမယူဘဲ အလုပ်ပြန်လုပ်ပေးသည်။

ခွေးမကလေး ကျင်မှာ သုံးနှစ်သမီးရှိပြီဖြစ်လေရာ နောက်နှစ်နှစ်ကြာလျှင်ပင် အသုံးချ၍ကောင်းတော့မည်။ ယခုတောင် တောကောင်ခြေရာကို တောက်လျှင် အသံတစ်စမပြုဘဲ လိုက်ပါတတ်၏။ သူ ဟောင်ပြီဆိုလျှင် အောင်ပွဲခံပြီဟု ဝှစ် စိတ်ချရသည်။

သည်ဆောင်းကိုပါ ထည့်တွက်လျှင် ဆောင်းကို လေးကြိမ်ကြုံလေပြီ။ သည်ဆောင်းမှာ အညင်သာဆုံးဆောင်းဖြစ်၏။ ဖီဘရစ်တို့ အိမ်အတွက်ပါ အမဲလိုက်ရသဖြင့် တောထဲတွင် ယခင်ကထက် နှစ်ဆလောက် ပိုပြီးကြာကြာနေရသည်။ သို့သော် အကျိုးရှိလှသည်။ ပြီးတော့ ခါတိုင်းဆောင်းထက် မြန်၍အလုပ်ပြီးသည်။ ဖီဘရစ်နှင့် ဝှစ်တို့သည် နွားဆယ်ကောင်ထက်မနည်း ဆံ့နိုင်သော တင်းကုပ်တစ်ခု ထပ်ဆောက်ပြန်သည်။

ဝှစ်သည် နွားသိုးများကို လိုချင်လာပြန်၏။ ဒါမှ သစ်ငုတ်များကို သုတ်သင်နိုင်မည်။ လယ်လည်း ထွန်နိုင်မည်။ ပျဉ်ချပ်များရှိလျှင် အိမ်တစ်ဆောင် ထပ်ဆောက်နိုင်ဦးမည်။

မယ်လစ်ဆာကမူ နောက်ကလေးတစ်ယောက်ကို မျက်နှာမြင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြန်သည်။ အောက်တိုဘာ လကုန်လောက်မှန်းသည်။ မှန်းသည့်အတိုင်း မှန်သည်။ သည်တစ်ခါတော့ အလွယ်သားပင်။

ဟက်အမည်ရှိမှုဆိုးက သူတို့အိမ်ကိုဝင်လာပြီး သတင်းမေးသည်။ သူက မယ်လစ်ဆာ၏ မွေးစကလေးကို အတော်သဘောကျကာ "ကောင်းမယ် အထီးကလေးဟ၊ ကိုယ့်လူက တယ်ဟုတ်ပါကလား။ နှစ်ယောက်တောင်ရပြီ" ဟုပြောသည်။

သူသည် တစ်ကိုယ်တည်းသမားဖြစ်၍ ဝုစ်ထက် အသက်ကြီးသည်။ အနည်းငယ် ဝသော်လည်း ခြေရာကောက်ရာ၌ ပထမတန်းဖြစ်၍ သေနတ်ပစ် ဖြောင့်လှသည်။ ဝုစ်က နှစ်အိမ်ထောင်အတွက် အမဲလိုက်လျှင် ဟက်က တစ်မြို့လုံးအတွက် အမဲလိုက်သည်။ အားလုံး ရှစ်အိမ်ထောင်ဖြစ်၏။

မယ်လစ်ဆာကမူ ပြုံးလျက်ရှိ၏။ ဟက်သည် သူ့ကလေးကို ဘယ်လိုအထင်ရှိရှိ သတင်းကောင်းကို ဆောင်မည့်သူဖြစ်သည်။

ဟက်က "သားတစ်ယောက်ကော ဘယ်မလဲ။ တောကောင်ဖမ်းစားမယ့်လူအဖို့တော့ သားယောက်ျားကလေးများ တကယ်အဖော်ရသဗျား။ ခုခေတ်က ဆယ်နှစ်သားလောက်ရှိရင်တောင် မပူရတော့ဘူး။ တောထဲလွှတ်လိုက်ရုံပဲ"ဟု ပြော၏။

သူတို့သည် ဟက်ကို ညစာစားဖို့၊ တစ်ညအိပ်ဖို့ပြောရာ ဟက်က မယ်လစ်ဆာသဘောကျ မကျ အကဲခတ်ပြီးမှ ခေါင်းညိတ်၏။ သူတို့လင်မယားကို ခင်လည်းခင်သည်။ ညစာကလည်း အလွန်မြိန်စရာဖြစ်မည်ထင်သည်။ ရမ်အရက်တော့ ရှိမည်မဟုတ်။ သို့သော် ဘယ်အစုံ ရနိုင်မလဲလေဟု တွေး၏။ ဝုစ်က အမဲလိုက် ဝါသနာပါသူလည်း ဖြစ်သည်။

"ခင်ဗျားခွေးတွေပါ ပါတယ်မှုတ်လား" ဟု ဝုစ်က မေး၏။

"အပြင်မှာ ခင်ဗျားခွေးနဲ့ ကျန်ရစ်တယ်။ အရင်အပတ်ကပဲ သမင်တစ်ကောင် လိုက်ထားသေးတယ်"

သူတို့နှစ်ယောက်သည် မီးဖိုဘေးတွင်ထိုင်ကာ စကားပြောကြလေ၏။ ဟက်က ကျားသစ်နှင့် ဝံပုလွေများကို ယခုတလော ဘယ်နေရာမှာ တွေ့နိုင်ကြောင်း ပြောပြ၏။ ဝုစ်ကလည်း ပြန်၍ပြောပြသည်။ ဝုစ်က ကျားသစ် အတော်ပါးသွားပြီဟု ပြော၏။ ယခုတလော ဝံပုလွေများ ပိုများလာသည်ကိုတော့ သူသေချာစွာ သိသည်။ သူတို့သည် ပြောရင်းဆိုရင်းက သေနတ်



ဆီ မျက်စိရောက်ရောက်သွားသည်။ ဟက်က ကျားသစ်ပစ်ချင်သည်ဟု ပြောရုံတမည်သာ ရှိလေ၏။ ဝုစ်၏ရိုင်ဖယ်သေနတ်မှာ ဟက်တွေ့ဖူးသမျှထဲမှာ အကောင်းဆုံးတစ်လက်ဖြစ်၍ ဒါမျိုးနှစ်လက်သာ ဟက်တွေ့ဖူးသေး၏။ ပိုက်ဆံချမ်းသာသူထဲက သေနတ်ကောင်းကောင်း ကိုင်နိုင်တာတော့ သည့်တွက်လို့မဖြစ်၊ သာမန်လူထဲကဆိုလျှင် သေနတ်ပင် လုံးဝ မကိုင်နိုင်သူများ ရှိသေးသည်။

ဟက်က တမ်ဝေါ့မြို့မှ သတင်းများကို ပြောသည်။ သည်မြေတွင် အဖျားအနာ ထူထပ်လှသည်။ နေရာတိုင်းမှာ အလုပ်အကိုင်လုပ်၍ ဖြစ်သည်ဆိုတာလည်း သူသိသည်။ ယခုလို ဆောင်းနှင်းနီးလာပြန်တော့ ရိက္ခာစုဆောင်းရပြန်ပြီ။ ကျွဲနွားများအတွက် စီမံရပြန်ပြီ။ အိမ်လုံ မလုံ ကြည့်ရပြန်ပြီ။

"ဖီဘာရစ်ရဲ့ညီ ဂျိုနာသန်တောင် တောထဲတွေ့သေးသဗျား။ နှစ်ခါသုံးခါပဲ၊ သူက အိမ်လည်း မဆောက်သေးဘူး။ ရောက်လာတာ တစ်လကျော်ပြီ ဒီကောင်က သူ့အစ်ကိုလိုမဟုတ်ဘူး"

"ကျွန်တော်တော့ နှစ်ခါပဲ တွေ့ဖူးသေးတယ်"

"သူ့ကို ကျုပ် တွေ့စတုန်းက ဝက်ဝံထင်ပါရဲ့လို့တောင် အောက်မေ့မိသေးတယ်။ သူ့အသားရောင်နဲ့ အမွေးထူတာ ကြည့်ပြီးတော့လေ နောက်တော့မှ သူ့ရုပ်ကို အမှန်အတိုင်းမြင်တာကိုး။ ဒီကောင်က လက်စသတ်တော့ သမင်ရိုင်းခင်ဗျ"

"သူက စကားတွေဘာတွေပြောတော့ ဘယ်နှယ်နေလဲ"

"ဟာ လူလိမ်တော့မဟုတ်ဘူးဗျ၊ သူပြောတဲ့စကားတွေက ဘာပဲဖြစ်ဖြစ် တချို့တစ်ဝက်တော့မှန်တယ်"

"သူ ဝက်ဝံနဲ့ တွေ့တယ်ဆိုတဲ့ အကြောင်းကောဗျာ"

"ဒါတော့ မယုံပါဘူး၊ ယုံနိုင်တဲ့လူလည်း အံ့သြစရာပဲ"

"တစ်နှစ်ကို ဆယ့်လေးကောင်ဖမ်းသတဲ့ဗျာ"ဟု ဝုစ်က မဲ့ရွဲ့ပြီး ပြောသည်။

"ဒီကောင်က အရက်ကလေး အတော်ဝင်ပြီးဆိုရင် ဝက်ဝံဆယ့်လေးကောင်ကို မဖမ်းမိတောင် စ တော့ စမယ့်ကောင်ဗျ"

"မအံ့သြပါဘူးလေ၊ သူကြည့်ပုံရှုပုံကိုက တောကောင်လိုပဲ အတော်ရိုင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟက်က အလျှော့မပေးလိုချေ။ ''ဘာပဲဖြစ်ဖြစ် နှလုံးရင်းကတော့ ကောင်းပါသဗျာ''

''မူးမူး မမူးမူး လား''

''မမူးရင်တော့ သိပ်ကောင်းတဲ့လူပဲ၊ မူးနေရင်တော့ လက်အတော်ဖွာတတ်တယ်။ သူ့သီချင်းဆိုတာ ကြားဖူးသလား။ တောထဲအော်ဆိုတာလေ''

''တောထဲ သီချင်းဆိုတယ်။ ဟုတ်လား။ အောင်မယ် သူက တယ်ပြီး ပြင်သစ်လူမျိုးဆန်ပါကလားဗျာ၊ ဒါနဲ့တောင် မရိုင်းရှာပါဘူးလို့ ခင်ဗျားက ပြောချင်သေးတယ်''

ဝှစ်သည် ချက်ချင်းပင် နဂိုကစကားကို ပြန်ကောက်သည်။

''နွေပေါက်ရင်တော့ လူတွေနေထိုင်ကောင်းလာကြမှာပဲ ထင်ပါရဲ့ဗျာ''

''ဒါပေါ့၊ သို့ပေမယ့် ပိုးသစ်မရိတ်ရခင် နွေအပေါက်မှာပဲ ငတ်နေကြဦးမှာ ထင်ပါရဲ့''

မယ်လစ်ဆာသည် မီးဖိုခေါင်းတိုင်ကိုမှီကာ နားထောင်နေသည်။ စကားများကို တစ်လုံးမကျန်မှတ်ထားကာ နောက်နေ့ နောက်နေ့များမှာ ပြန်တွေးမည်ဟု စိတ်ကူး၏။ တခြားလူတွေ ဘာလုပ်နေကြသည်ကို သူ သိချင်လေသည်။

ဟက်သည် ကော့စတန်မြို့အကြောင်း ပြောပြပြန်သည်။ ကော့စတန်ကို စစ်တပ်ရောက်လာပြီး မြို့သူမြို့သားများက နေရာမပေးချင်သဖြင့် တန်းလျားဆောက်ပြီး နေကြသည့်အကြောင်း၊ တန်းလျားဆောက်ရာ၌ လက်သမားများကို လိမ်ခေါ်သဖြင့် မကျေမနပ်ဖြစ်ကြသည့်အကြောင်း။

''အေးဗျာ၊ လိမ်ဖို့တော့မကောင်းဘူးပေါ့''ဟု ဝှစ်က ပြောသည်။

''ဒါပေါ့ဗျ။ အထူးသဖြင့် ဒီလောက်လူများများကို လိမ်ဖို့မကောင်းဘူး။ ခုဆိုရင် လူတွေက ဘာအကြံရှိတယ်လို့ မဆိုနိုင်ဘူးဗျ၊ ကော့စတန်ပတ်လည်က မြို့တွေ၊ ရွာတွေ ကူးလားသန်းလား အတော်လုပ်နေကြတယ်''

ဟက်က သူမှတ်ထားသည့် ပျားအုံရှိသော သစ်ပင်တစ်ပင်အကြောင်း ပြောပြသည်။ သူက ဝှစ်၏အမဲသားနှင့် လဲချင်လည်းလဲနိုင်သည်ဟု ဈေးသည်စကားဆိုလေ၏။ သို့သော် သူပြောသည့်သစ်ပင်ကို ဝှစ်က သိရုံမက လှဲ၍



ပင် ပြီးလေပြီ။ သို့သော် ပျားတစ်ကောင်ပင် မတွေ့တော့သောနေ့ [illegible] ပြောသေးသည်မှာ ထိုသစ်ပင်မှ ပျားရည်ရအောင် ယူလာနိုင်သည်ဆိုလျှင် အမဲနှင့်လဲဖို့ မခဲယဉ်းပါ။ ပျားရည်အမျိုးအစားသာ ကြည့်ပါရစေ [illegible]

ဟက်လည်း ရယ်ကာ ထိုင်ရာမှထလေသည်။ ပြန်ဖို့တော်ပြီဟု သူထင်သည်။ သို့သော် တစ်နာရီအတွင်း မှောင်မိုက်တော့မည်မို့ အိပ်မှာပဲ အိပ်ပါတော့ဟု ဝှစ်ကဆို၏။ ထို့ကြောင့် စကားအနည်းငယ် ဆက်ပြောကြပြီး ဟက်သည် အိမ်ပြင်ထွက်၍ မြက်ခြောက်များအကြားမှာ အိပ်လေသည်။

နောက်တစ်နေ့ ဟက်ပြန်သွားသော် ဝှစ်က ပြောသည်။

''သဘောကျစရာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် စကားများလှသပေါ့''

• • •

www.burmeseclassic.com

www.burmeseclassic.com

ပြေးလာရောက်သော် သူတို့၏အိမ်နီးချင်း ဖိုဘရစ်သည် သစ်ပင်ဖိမိ၍ သေသည်။ အဖော်နှစ်ယောက်က သစ်ပင်လှဲစဉ် သူက သစ်ခေါက်များ ခွာနေသည်။ အဖော်နှစ်ယောက်က သစ်ပင်လဲကျခါနီးတွင် သူ့ကိုဖယ်ပေးဖို့ သုံး၊ လေးခါ အော်သည်။ ဖိုဘရစ်သည် သူနေရာနှင့် လွတ်သည်ထင်၍ ပြန်ထူးသော်လည်း ဆက်၍လုပ်မြဲလုပ်နေသည်။ သူတို့ကလည်း ဖိုဘရစ်နှင့်တော့ လွတ်ပါသည်ထင်၏။ နီးတော့နီးတာအမှန်ပင်။ ထို့ကြောင့် သူလည်း ထွက်လာဖြစ်အောင် နှစ်ယောက်သား ရှောင်ထွက်ပေးသည်။ ဖိုဘရစ်က သိသဖြင့် "ကောင်းပြီကွာ၊ ဒါပေတဲ့ ဒီတစ်ခု ပြီးအောင်လုပ်ပါရစေဦး"ဟု အော်ပြောသည်။

ထိုခဏ လေတစ်ဝှေ့ တိုက်လိုက်ရာ၊ ခုတ်ထားသည့်သစ်ပင်သည် ကျိုးကျိုး ကျစ်ကျစ် မြည်လေရာ "ဖိုဘရစ် သစ်ပင်လဲလာပြီ"ဟု အော်မိကြ၏။

ဖိုဘရစ်သည် မော့ကြည့်ကာ သစ်ပင်ထိပ်ဖျားယိုင်လာသည်ကို မြင်ပြီး ရှောင်ထွက်သည်။ သူ့ကိုကြည့်ရသည်မှာ ကြောက်လန့်ပုံမရ။ သူ ပုဆိုးကိုပင် လွှတ်မချ။ သစ်ကိုင်းသစ်ခက်များက အလျင်ကျလာရာ သူက တိုးထွက်လာတော့မည်ကို ထင်ရသည်။ သို့သော် သူဘေးစောင်းလဲကျ သွားပြီး လိမ့်ကာ ပက်လက်နေလေ၏။ သူသည် မျက်နှာကိုလက်နှင့်အုပ်လိုက်ဆဲ အဖော်တစ်ယောက်က ယယ်သံပါအောင်အော်စဉ် စိမ်းစိုသော သစ်ပင်ပင်စည်သည် သူ့အပေါ် တည့်တည့်ကျလေသည်။

ချက်ချင်းပြေးသွားသော်လည်း ဘာမှမတတ်နိုင်တော့ချေ။ သစ်ပင်ကိုင်းတစ်ကိုင်းက သူ့ရင်ပတ်ကိုဖောက်ဝင်သွားပြီး မြေကြီးထဲ ဆယ်လက်မ



လောက် စိုက်နေလိုက်သေး၏။ ရောက်သွားသော် အသက်မရှိတော့ချေ။ သစ်ကိုင်းမှာ ငါးလက်မအထူရှိသည်ဟုခေါ်ရမည်။ သူ့ကိုဆွဲထုတ်ပြီး သူ့မိန်းမကို သွားမခေါ်ခင် ကြည့်ရှု၍ကောင်းအောင် အလောင်းကို ပြင်ကြသည်။

အဖော်တစ်ယောက်က ဝှစ်ကို လာပြီး သတင်းပေးသည်။ သူ့မျက်နှာမှာ သွေးမရှိလေရာ ဝှစ်က "မင်းဒီမှာ ငါ့ကလေးတွေကို ကြည့်နေရစ်၊ ငါ့မိန်းမနဲ့ ငါနဲ့သွားမယ်။ ဆာရင် ရှာစားနှင့်၊ ငါတို့ကတော့ ကြာကြာမနေပါဘူး"ဟု ပြောခဲ့သည်။

ဖိုဘရစ်၏မိန်းမနှင့် သမီးငယ်ကလေးမှာ ဆိတ်ငြိမ်စွာ နေကြသည်။ အကြီးမကလေးကတော့ သူ့အဖေအလောင်းရှိရာ ပြေးချေပြီ။ ဝှစ်နှင့်ကျန် အဖော်တို့သည် အလောင်းမြေချရအောင် နောက်တစ်နေ့အထိ နေကြမည် ကြ၏၊ ဆင်းဒွစ်မြို့သို့လည်း သတင်းပို့ရဦးမည်။ သို့သော် မယ်လစ်ဆာကို ထားခဲ့ပြီး ဝှစ်သည် အိမ်ပြန်လာလေ၏။ သို့သော် သမီးအကြီးကို ရှာနေရသည်နှင့် အတော်မိုးချုပ်သွားသည်။ သူငယ်မကလေးကို တင်းကုပ်ထဲမှာ သွားတွေ့လေသည်။

သူငယ်မကလေးသည် မှောင်နှင့်မည်းမည်း ချောင်ထဲမှာ ကုပ်လျက် အသံမထွက်စေဘဲ ငိုနေသည်။ ဝှစ်သည် ပခုံးကလေးကိုကိုင်ကာ "ငါ ဒီမှာ ခဏထိုင်ဦးမယ်နော်"ဟုပြောပြီး ခဏထိုင်သည်။ တအောင့်ကြာ၍ အငိုတိတ်သွားမှ အနားကပ်ပြီး ဘာပြောရမည်၊ ဘာလုပ်ရမည်မသိ ရှိပြန်သည်။ သူပခုံးပေါ်လက်တင်ပြန်၏။ "မင်းအမေကို မင်းဒီမှာ ရှိတယ်လို့ သွားပြောလိုက်ဦးမယ်နော်၊ မင်းအခုတစ်ခါတည်း မလိုက်ချင်လည်း မလိုက်နဲ့ဦး"ဟု ပြော၏။ သူငယ်မကလေးက ခေါင်းညိတ်ဆဲ ဝှစ်လည်း ဘာတစ်ခုမှ အသုံးကျတာ လုပ်လိုက်ရသည်မထင်ဘဲ ထွက်လာခဲ့လေသည်။

မြေကိုယ်စားလှယ်နှင့် ဂျိုးနစ်တို့သည် ဆင်းဒွစ်မြို့သားတစ်ယောက် နှစ်ယောက်နှင့် အသုဘအိမ်လာကြ၏။ တမ်ပေါ်တွင် ဟူဉ်ချပ်များ မရှိသည်ကို သိ၍ သူတို့မြို့မှယူလာကြ၏။ မွန်းလွဲချိန်တွင် ဖိုဘရစ်ကို သူ့အိမ်နှင့် တစ်မိုင်အကွာတွင် ခဲမဖြူကျောက်တုံးကြီး ခြေရင်း၌ မြှုပ်နှံပြီးသည်။ သင်္ချိုင်း ကျမ်းစာအုပ်ကို ကိုယ်စားလှယ်က ဖတ်ကြား၏။ ပြီးလျှင် ပြန်ကြသည်။ မယ်လစ်ဆာက ဖိုဘရစ်၏မိန်းမနှင့် နေရစ်ခဲ့ပြန်ကာ ဂျိုးနစ်ကား ဝှစ်အိမ်မှာ အိပ်မည် စီစဉ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိဘာရစ်၏ညီ ဂျိုနာသန်ကား ရောက်မလာချေ။ သူဘယ်ရောက်နေသလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘဲ တောထဲမှာရှိမှာပဲဟုသာ ထင်ရ၏။

ဝုစ်သည် အိပ်ဖော်ရလျှင်ရချင်း ဂျိုးနစ်ကို ရသည်မှာ ကောင်းလှသည် ထင်သော်လည်း စကားပြောချင်စိတ်မရှိ။ စိတ်ကူးပြီး နေချင်စိတ်တောင်မရှိ၊ သူတို့အိမ်ပြန်လာကြရင်း ဂျိုးနစ်က စကားတွေရာပြောလေ၏။ သူ့မိန်းမက ဖိဘာရစ်၏မိန်းမနှင့် သမီးနှစ်ယောက်ကို အိမ်ခေါ်ခဲ့ဖို့ မှာလိုက်ကြောင်း ပြောပြ၏။ နေ့လည်က ဖိဘာရစ်မိန်းမကို ပြောပြသော် သဘောပေါက်ပုံမရ။ ရောင်းချစားသောက်စရာ အိမ်နေရာနှင့် နွားမကလွဲ၍ ဘာမှမရှိ။

"အေးလေ သူ့မိဘများဆီ မပြန်ချင်လို့ ဒီမှာနေလည်း အိမ်ထောင်ထပ်ပြုလို့ရပါသေးတယ်၊ ဂျိုနာသန်နဲ့ဆိုရင်တော့ ဟန်ကျမှာပဲ၊ ဒီကောင်ကို ယဉ်ပါးအောင်တော့ အရင်လုပ်ယူရမှာပဲ၊ ဒီလိုနေရာမျိုးမှာ မိန်းမအရှားသားကလား။ ဟို အဘိုးကြီး ကောင်မလေးတစ်ယောက် ခေါ်လာတာ မှတ်မိသေးလား။ သူ့သားတွေထဲက ကြိုက်တာနဲ့ ယူပါဆိုပြီး အိမ်ပေါ်တင်ထားတာဟာလေ၊ နောက်တော့ သားအကြီးဆုံးနဲ့ ညားသွားတယ်"

ဂျိုးနစ်သည် သတင်းတစ်ခုပေး၏။ "ဘော့စတန်မှာ တိုက်နေကြပြီတဲ့ဗျ။ လူတွေ အတော်သေသတဲ့"

"ဘယ်သူတွေ တိုက်နေတာလဲ"ဟု ဝုစ်က စိတ်မပါဘဲ မေး၏။

"စစ်သားတွေက တစ်ဖက်၊ မြို့နယ်တစ်ပိုက်က လူတွေက တစ်ဖက်ပေါ့ဗျာ၊ စစ်တပ်က ယမ်းမှုန့်လိုချင်တယ်။ မြို့ခံလူတွေကမပေးဘူး။ ယမ်းမှုန့်လှောင်ထားတဲ့ ရွာနာမည်က ဘာပါလိမ့်မယ်၊ ခေါ်ရခက်ခက်ပါ၊ လူများတော့ တစ်ခါတွေ့မှတ်မိပါသဗျာ၊ အဲဒီမြို့နာမည်သာ မေ့နေတာ"

သူတို့အိမ်ပြန်ရောက်သော် ဝုစ်သည် ကလေးနှစ်ယောက်အကြောင်းတွေးကာ စိတ်သက်သာခြင်းတစ်မျိုးဖြစ်သည်။ ယခုမှ စကားပြောနိုင်ကာ "ဖိဘာရစ်ဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့တဲ့လူပါဗျာ"ဟု ပြောမိသည်။

ဖိဘာရစ်၏ညီ ဂျိုနာသန်သည် နောက်ဆုံးတစ်နေ့၌ သမင်သေကောင်တစ်ကောင်ကို ထမ်းပိုးကာ ရောက်လာသည်။ သည်လောက်ကြီးသည့် သမင်ကို တခြားယောက်ျားတွေ ဘယ်ရအောင်ပစ်နိုင်မလဲဟု ဖိဘာရစ်၏မိန်းမက ထင်စားသည်။ ဂျိုနာသန်မှုကား အမဲတစ်ဝက်ကို ဖျက်ပေးခဲ့ပြီး



ထွက်သွားပြန်လေသည်။

မေလ တစ်မနက်တွင် ဝုစ်သည် ဆင်းဒွစ်မြို့သို့ သွားမည်ပြင်နေ၏။ ကိုယ်စားလှယ်ထံမှဝယ်ထားသည့် နွားများလည်း သွား မ မည်။ ဂျိုးနစ်ထံမှလည်း ဘာသတင်းမှမရသဖြင့် သွားကြည့်ချင်သေးသည်။

မယ်လစ်ဆာက "ဂျိုးနစ်ဆီ အရင်သွားမှဖြစ်မှာ ဝုစ်ရဲ့၊ နွားတွေအရင် မ လာရင်တော့ ရှင်ဘယ်မှ သွားဖြစ်တော့မှာမှုတ်ဘူး"

"နွားတွေကသိပ်လှတာကွ၊ မင်းများမြင်ရင်လား၊ တကယ်တော့ နွားထီးဆိုတာက အလုပ်လုပ်နိုင်တာကို ကြည့်ရတာ၊ နွားနှစ်ကောင် ခြေထည်း ညီပါပေ့ဗျာ။ တစ်ကောင်တည်းလိုပဲ ထွန်မှာ တပ်ပြီးများ မောင်းကြည့်စမ်းပါလား၊ လက်တစ်ဖဝါးစာတောင် ချော်မထွက်ဘူး။ အားကြီး ခွင်ကြီးနဲ့ ဆွဲနိုင်တာကလည်း တကယ်ပါကွာ"

"အမယ်လေး၊ ကျွန်မက နွားဝယ်မယ့်သူ မဟုတ်ပါဘူး ဝုစ်ရဲ့"

"မင်း သိအောင် ပြောတာပါလေ၊ မင်း မြင်တော့သိမှာပဲ"

"ဟုတ်ပါတယ်။ ဂျိုးနစ်အိမ်ကိုတော့ ဝင်ဦး"

ဝုစ်သည် ခွေးများကိုလည်း အိမ်မှာထားကာ တောထဲဝင်ခဲ့သည်။ သူ့သေနတ်ကိုပင် မယူခဲ့ချေ။

ဆယ်ရက်လောက်စော၍ နွေဦးပေါက်သည်။ နှင်းစ နှင်းနကို နေရောင်ထိုးရောက်နိုင်သည့် နေရာမှာဆိုလျှင် မမြင်သာတော့ချေ။ မချမ်းအေးတော့၊ ဆိုခွတ်တော့၊ သစ်ရွက်များတော့ မပြူသေးရာ အားလုံးကို ရှင်းလင်းစွာ မြင်ရသည်၊ သို့သော် မြစ်ကို ဖြတ်သည့်အခါမှုကား အေးလွန်းလှ၍ ဒူးခေါင်းနှင့် သစ်တုံးဆောင့်မိသည့်အခါ ကျင်ခနဲနေသည်။

ဝုစ်သည် မယ်လစ်ဆာ ပြောလိုက်သည်များမှာ မှန်ပါပေရဲ့ဟု တွေးမိသည်နှင့် ကိုယ်စားလှယ် အိမ်ရှိရာကို ကွင်း၍ ဂျိုးနစ်ဆီ ရောက်အောင်လာခဲ့သည်။ ဂျိုးနစ်ကို ခြံထဲတွင်တွေ့သည်။ သူ့မိန်းမလည်းရှိသည်။ သူ့မိန်းမသာ မရှိလျှင် ဂျိုးနစ်သည် ခြံထဲတွင်နေမည်မဟုတ်ဘဲ ယခုလို နွေဦးပြေပြေ၊ လေသာသာမှာ ငါးမျှားနေမည်ပေါ့။

ဂျိုးနစ်က ဂျိုနာသန် ပေါက်လာရဲ့လားဟုမေး၏။ ဝုစ်က သမင်တစ်ကောင်ပါလာကြောင်း ပြော၏။ ဂျိုးနစ်၏မိန်းမက "အမယ်လေး သည်အိမ်မှာလာနေရင် ဘယ်လောက်ကောင်းမလဲ"ဟု စိတ်အားထက်သန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောလေရာ ယောက်ျားနှစ်ယောက်သည် အောင့်သည်းအောင့်သက်ကြီး ဖြစ် နေကြလေ၏။ ကိုးနှစ်၏မိန်းမက ဒါကို သိ၍ဆက်ပြောသည်။ "ဒီမှာလည်း မိန်းမ မရှိသေးတဲ့လူတွေ အယောက်နှစ်ဆယ်တောင် မကပါဘူး၊ သူလာ နေမယ်ဆိုရင် ရွေးနိုင်တာပေါ့၊ ကိုးနာသန်လိုတော့ အနေမရှိုင်းကြပါဘူး။ မနက်ကတောင် ငါးမျှားရအောင် သူ့ကို လာခေါ်ကြသေးရဲ့ မှတ်ဘူးလားဟင်"

"ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် နောက်တော့ လာခေါ်ကြတော့မှာ မှုတ်ဘူး"ဟု ကိုးနှစ်က ဝမ်းနည်းပန်းနည်းပြောသည်။

ဝှစ်ကမူ ခဏမျှသာနေပြီး ကိုယ်စားလှယ်အိမ်ကို သွားသည်။ သူ့နွား တွေကို တကယ်ပိုင်ဆိုင်ချင်လှပြီ။

ဝှစ်သည် သူ့နွားများနှင့် ထွက်လာသော် ကိုယ်စားလှယ်က "အင်း လယ်သမားနဲ့ကို တကယ်တူတာပဲ"ဟု လေးနက်စွာပြော၏။

မြစ်ကိုကူးရတာ စိတ်အညစ်ဆုံးပင်တည်း။ နွားနှစ်ကောင်နှင့် မြစ် တစ်ဖက်သို့ ကူးမိလျှင်တော့ စိတ်အေးသွားပြီး တစ်ကောင်ကို နွားချောဟု ခေါ်သည်။ ကျန်တစ်ကောင်ကို နွားနက်ဟုခေါ်သည်။ နွားချော၏ မျက်လုံးတို့ သည် အရောင်တစ်ရောင်စီ ရှိသည်။ နွားနက်ကမူကား နာယောင်ဖြူသည်က လွဲ၍ တစ်ကိုယ်လုံးနက်သည်။ နှစ်ကောင်စလုံး ထွားကြိုင်းလှ၏၊ ဝှစ်သည် မယ်လစ်ဆာကို နွားများနာမည် မကြိုက်လျှင်လည်း ပြောင်းခေါ်ဖို့ ပြောဖူး သော်လည်း ယခုတော့ နာမည်များနှင့် လိုက်လှသည်ထင်၏။

နွားများ ရပြီဖြစ်၍ မြေကွက်စွန်းမှ ကျောက်တုံးကြီးကို ဖယ်ပစ်ရမည်။ စည်းရိုးလည်းကာနိုင်မည်။ နက်နက် ထွန်နိုင်မည်။ ပျိုးတွေ သိပ်ကောင်းမှာပဲ။ ဆောင်းပေါက်လျှင်တော့ ထင်းသယ်ရမည်။ တခြားလူတွေက လာငှါးလျှင် လည်း အဖိုးအခနှင့်ငှါးရမည်။ ချက်ချင်းမတတ်နိုင်သေးလျှင် နောက်မှ ချေတာပေါ့၊ သို့သော် သူကလွဲ၍ ဘယ်သူမှတော့ မမောင်းရ၊ သူ့သားက လေး ကြီးလာလျှင်တော့...

ကိုယ်စားလှယ်က ဂရန့်တောင်တန်းဆီမှာ စစ်တပ်ကို အရပ်သားများ က ဝင်စီးမိသည်ဟု ပြောပြ၏။ ဘော့စတန်မှလည်း တိုက်ခိုက်ဆဲပင်၊ ဝှစ်သည် နောက်ထပ် မကြားချင်ပေ။ ခေါင်းရှုပ်လှသည်။ နားမလည်လှသော် လည်း စိတ်ဝင်စား၏။ သို့သော် ကိုယ့်အလုပ်ကိုသာ ဖိဖိစီးစီး လုပ်လိုက်ချင် သည်။



ဗီဘာရစ်ကြီးများရှိလျှင် နွားများ ပြရ ဘယ်လောက်ကောင်းမလဲဟု တွေး၏။ သူတို့နှစ်ယောက်သည် နွား အင်မတန် လိုချင်ခဲ့ကြသည်။ ဗီဘာရစ် သည်လည်း လူသန်တစ်ယောက် ဖြစ်သည်။ ကံဆိုးလို့သာ အသက်တိုရ သည်။ ဝှစ်လည်း သတိနှင့်လုပ်ရမည်။

ဝှစ်သည် နွားနှစ်ကောင်ကို တစိမ့်စိမ့် ကြည့်ရင်း အိမ်သို့ ပြန်လေသည်။

ဝှစ် နွားဝယ်သောလအတွင်း ငါးအိမ်ထောင် ရောက်လာသည်။ နွား ရှိတာနှင့်ပင် ပြောင်းလာကြသလိုရှိသည်။ နှစ်အိမ်ထောင်က ဝှစ်၏နေရာနှင့် တစ်မိုင်ကွာသော တောင်ကုန်းတစ်ဖက်က မြေကွက်ကို ဆက်လျက် ယူကြ သည်။ ဂျက်ကမင်လည်းရောက်လာပြီး မယ်လစ်ဆာ ကျွေးမွေးသည်ကို စကားမှမပြောအားဘဲ စားလေရာ သူ့ကို ဘယ်အိမ်ကမှ ကျွေးမလွှတ်လိုက် ဘူးဟု မယ်လစ်ဆာ တွေးမိသည်။ စားသောက်ပြီးလျှင်တော့ သူ့ကို ညအိပ် ဖို့ လင်မယားနှစ်ယောက်စလုံး စကား မစချေ။ ဂျက်ကမင်လည်း ထုံးစံအ တိုင်း လွှမ်းလွှမ်းဆွေးဆွေးနှင့် ကျေးဇူးတင်စကားပြောပြီး ဗီဘာရစ်အိမ်ဘက် သို့ သွားသည်။

သူတို့သည် ဗီဘာရစ်မိန်းမကို ဂျက်ကမင် လှုပ်ျုလှည့်နေသည်ဟု ထင်ကြသည်။ ညတိုင်အောင်ပင် စကားပြောသံ၊ ရယ်သံများ ကြားနေ ရ၏။ "လင်သေတာနှစ်လတောင် မကြာသေးဘူး"ဟု မယ်လစ်ဆာက ပြောလေ၏။ သူတို့သည် ဂျက်ကမင်ကို သဘောမကျလှ၊ ကိုးနှစ်တို့လင် မယားကလည်း ကူညီလိုစိတ် လျော့သွားဟန်တူသည်။ သမီးကလေးနှစ် ယောက်နှင့်မုဆိုးမ လုပ်ရသည်မှာလည်း အခက်သားကလား။

ထိုညတွင် ခါတိုင်းညထက် ခြင် ပိုလာသည်။ မယ်လစ်ဆာက စကား ပြောရင်း အိပ်ရာခင်းသည်။ သည်ရာသီရောက်လျှင် နေအလွန်ဝင်ခဲသည် ဟု ဝှစ်ကပြောရာ မယ်လစ်ဆာက အင်းလိုက်လေသည်။

နောက်တစ်နေ့ညတွင် တောင်ကုန်းတစ်ဖက်၌ လာနေကြသောလူ များဆီ ဝှစ် သွားလည်သည်။ မယ်လစ်ဆာက လိုက်ချင်သော်လည်း ကလေး နှစ်ယောက်က ရှိသေးသဖြင့် ဝှစ်ကိုသာ မြန်မြန်ပြန်ခဲ့ဖို့မှာကာ နေရစ်ခဲ့ လေ၏။ နှစ်နာရီအတွင်းတွင်ပင် ဝှစ် ပြန်လာရာ မယ်လစ်ဆာသည် မနေနိုင် မထိုင်နိုင် မေးမြန်းစုံစမ်းသည်။

"လူကောင်းတွေပဲ၊ ကလေးတွေ အိပ်ပြီလား"ဟု ဝှစ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ပြီးတော့တော့ နေကြတာပဲလေ၊ မိန်းမတွေကကော ဘယ်နဲ့နေသလဲ"

"မပြောတတ်ဘူးလေ။ လေး၊ ငါးယောက်တော့ ပါလာတာပဲ၊ ငါနဲ့လည်း စကားမပြောခဲ့ရပါဘူး"

"ဦးထုပ်တွေဘာတွေ ဆောင်းထားလို့လားဟင်"

"သတိမထားမိပါဘူးကွယ်။ ယောကျ်ားခြောက်ယောက်ပါတယ်။ နွားတစ်ရှဉ်းကလည်း သိပ်အားကိုးလောက်တဲ့ နွားမျိုးပဲကွ၊ ကောင်ကလေးတွေလည်း မနည်းဘူး"

"ကောင်မကလေးတွေတော့ မပါဘူးလား"

"ပါသားပဲ၊ အောင်မယ် သူတို့အိမ်က မိုးဖို့ပဲ လိုတော့တယ်ဆရာရေ၊ ခြံလည်း မြေဆွထားလိုက်တာ၊ ပြီးတော့ မြက်ခြောက်တွေတောင် စုပြီးသားဗျ၊ မြေကွက်ကို ဘယ်လောက်နဲ့ ဝယ်သလဲမသိဘူး။ နွားတွေကတော့ ကောင်းပါ့ဗျား"

"သူတို့ ဘယ်က လာကြသတဲ့လဲ"

"ပစ္စည်းတွေနဲ့ အတူပါလာတာပဲ"

"လူတွေပြောတာပါရှင့်"

"လူတွေလား။ ရော့ချက်စတာက ပဲ"

"ရော့ချက်စတာဆိုတာ မီးအကြီးအကျယ် လောင်တဲ့မြို့မှတ်လား"

"ဟုတ်တယ်။ ပို့စမောက်အထက်က မိုင်နှစ်ဆယ်လောက်မှာရှိတယ်။ အခါကတော့ ပျက်တော့မယ်ထင်တယ်ကွာ။ ဒီတစ်ခါကြားရတာ တယ်မသက်သာဘူး"

ဝှစ်သည် သားအကြီး ကောင်းကောင်းအိပ်မပျော်သေးသည်ကို တွေ့၍ စကားဖြတ်ကာ လှုပ်သိပ်သည်။ အိပ်ပျော်လုလုရှိစဉ် အိမ်ပြင်ဘက်ထွက်လာပြီး စကားတစ်လုံးမှ မပြောဘဲ ငုတ်တုတ်ထိုင်သည်။

မယ်လစ်ဆာက တံခါးဝမှာလာထိုင်ပြီး ထပ်မေးပြန်သည်။ ဝှစ်က မြို့အုပ်ချုပ်သူ လူကြီးနှင့် ရပ်သူရွာသားများ မသင့်မြတ်ကြသည့်အကြောင်းကိုပြောပြ၏။ ပို့စမောက်တွင် ချမ်းသာသူများသာ နေသည်မဟုတ်ဘဲ သင်္ဘောသားများ၊ တရားဟောဆရာများ အစုံရှိသည်။ ထိုနောက် ဘော့စတန်မှာ တိုက်ပွဲဖြစ်နေသည့်အကြောင်းလည်း ကြားရသေး၏။ အင်္ဂလိပ်စစ်သားများနှင့် သူတို့စစ်တပ် တိုက်ကြ၏။ လူတွေလည်း သေကြေကုန်ပြီ



နှစ်ဖက်စလုံး နစ်နာသည်။

မယ်လစ်ဆာသည် စိတ်ရှုပ်ကာ ခေါင်းခါမိလေသည်။

ဝှစ်သည် ဖီဘရစ်၏ မုဆိုးမကလေးနှင့် သင့်တော်သော လူတစ်ယောက်ကို တွေ့ခဲ့ကြောင်းပြောလျှင် မယ်လစ်ဆာက "ရုပ်ဘယ်နှယ်နေလဲ" ဟု မေး၏။

သူလိုကိုယ်လိုပေါ့ကွာ၊ ဒါပေမယ့် ကျိုးနှစ်လောက်ကို အိမ်မိုးရက်တတ်သဗျ၊ စကားလည်း သိပ်ပြောတဲ့မောင် မဟုတ်ဘူး။ သူ့နာမည်တစ်လုံးပဲ ပြောတာ ကြားလိုက်ရတာပဲ၊ ဒါပေမယ့် ကြည့်လိုက်ရုံနဲ့ တကယ်အလုပ်အကိုင်ကောင်းတဲ့ လူဆိုတာ သိနိုင်တာပဲ"

သို့သော် သူသည် အမဲ မလိုက်တတ်ချေ။ ငါးတော့ မျှားတတ်သည်ဆိုသည်။

သို့သော် မုဆိုးမလေးနှင့် တွေ့အောင် ကြံပေးကြသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ၏ လသာသော နေ့တစ်နေ့တွင် ဝုစ်သည် ဂျုံထောင်းနေဆဲ ဂျူးဝဲအမည်ရှိ လူတစ်ယောက် လာ၍ရပ်သည်ကို တွေ့ရ၏။ သူတွင် သေနတ်မပါလေရာ အမဲလိုက်ရအောင် လာတာမဟုတ်ချေ။ ကြည့်ရတာ သက်သောင့်သက်သာ ရှိသဖြင့် သတင်းဆိုးလည်း ပါဟန်မတူချေ။ ဘာကိစ္စနှင့် လာပါလိမ့်ဟု စဉ်းစားသော်လည်းမရ၊ ဂျူးဝဲသည် အလွန်စေ့သူဖြစ်ရကား မယားယူဖို့ရာတောင် အလွယ်တကူ မပြုချေ။

"စာရင်း လာကောက်တာဗျ"ဟု သူက ပြော၏။

"ဘာကောက်တယ်"

"မြို့ထဲက လူရှိသမျှကို စာရင်းကောက်တာဗျ၊ ဆင်းဒွစ်တော့ ကောက်လို့ပြီးသွားပြီ၊ ဟိုအထက်က အမိန့်ပေးလို့"

"အေးလေ၊ ကျုပ်တို့ အိမ်သား ပေါင်းလေးယောက်ပဲရှိတယ်ဆိုတာ သိသားနဲ့၊ ဒီလောက် အပင်ပန်းခံပြီး လာမေးစရာလို့ မထင်ပေါင်ဗျာ"

"သေနတ်ကောရှိသလား"

"ရိုင်ဖယ်သေနတ် တစ်လက်တော့ရှိတာပဲ"

"ဒါက ကိစ္စမရှိပါဘူး။ ပစ်လို့မီးပွင့်ရဲ့လား"

ဝုစ်လည်း မသက်မသာနှင့် ငြိမ်နေပြီးမှ "ပွင့်ပါ့ဗျား"

ဆင်းဒွစ်မြို့မှာ လူပေါင်း နှစ်ရာလေးဆယ့်သုံးယောက်ရှိတဲ့ အထဲက ၄၆ယောက် မဲပေးခွင့်ရတယ်။ အဲဒီအထဲက လူတစ်ဝက်က သေနတ်ကိုယ်စီ ရှိတယ်ဗျ"

"ဒီ တမ်ဝေ့မှာတော့ သေနတ်ကိုင်နိုင်တဲ့လူက ရှားသားပဲ၊ ရှိပြန်လည်း



ပေါက်တစ်ပေါက်ဖြစ်အောင်တောင် ပစ်လို့မရဘူး။ တချို့ကလည်း ယမ်းနှံ့ဝေယ်နိုင်ဘူးဗျ။ ဝယ်နိုင်တဲ့ သူကလည်း မှန်အောင် မပစ်တတ်ဘူး။ မ်ဝေ့မှာတော့ လူတစ်ရာ့ငါးဆယ်လောက် ရှိမယ်ထင်တယ်။ အဲဒီထဲက မင်တွေ တကယ်ကြောက်တဲ့ လူစားတစ်ယောက်တည်းပဲ ရှိတယ်။ က်လေ ...။ ဒါထက် ဘာကိစ္စ သေနတ်တွေ ရေတွက်နေရတာလဲ"

"မသိဘူးဗျ"ဟု ရိုးသားစွာပင်ဖြေသည်။

"အင်ဒီးယန်းလူရိုင်းတွေ ပြန်လာပြီး တိုက်မယ်ထင်လို့လား"

"မကြားဖူးပါဘူး"

"ဟုတ်တယ်ဗျ။ ဒါဖြင့် သေနတ်ခွန်များ ကောက်မလို့လားဗျာ"

"စစ်ဖြစ်မယ်ထင်လို့ လိုလိုမည်မည်လုပ်တာနဲ့ တူပါရဲ့ဗျာ"

ဂျူးဝဲက ဆက်ပြောပြန်သေး၏။

"ဟို ဗီဘာရစ် သစ်ပင်ပိတုန်းက မြင်လိုက်ရတဲ့ အဖော်တစ်ယောက်ဟာ သော၊ အဲ သူတော့ စစ်ထဲလိုက်သွားပြီ၊ သူ့စိတ်ထဲ ပျောက်လို့မရဘူးတဲ့၊ ဒီနဲ့ အရက်ချည်းသောက်နေတာ ဘယ်လောက်ကြာပြီလဲ၊ ကောင်လေး အသက်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးသဗျာ"

ဝုစ်ကို အလည်ခေါ်ပြီး ဂျူးဝဲပြန်သွား၏။ ဝုစ်လည်း ပြုံးပြလိုက်သော် သည်း မရွှင်လန်းချေ။

ဗီဘာရစ်၏မိန်းမလည်း ဗီဘာရစ်ညီ ကိုနာသန်နှင့် ယူဖြစ်သည်။

ထိုလကုန်သွားသော် ဝုစ်တို့နေရာနှင့် မိုင်ခုနစ်ဆယ်ကွာသော အရှေ ရုံးရှိ ဖောမောက်မြို့ကို အင်္ဂလိပ်များက မီးတင်ရှို့သည်။ သို့သော် တစ် မြို့လုံးမကုန်ချေ။ အင်္ဂလိပ်များမှာ သော့စတန်မှ ကမ်းခြေတစ်လျှောက် ဆန်တက်လာပြီး ပို့စမောက်သို့ ရောက်လာသည်။ ပို့စမောက်မြို့သူ မြို့သားတို့ကလည်း သူတို့၏အုပ်ချုပ်သူ လူကြီးကို မောင်းထုတ်ပြီးဖြစ်၍ အင်္ဂလိပ်များ ရောက်လာမည်ကို မအံ့ဩချေ။ သူတို့လည်း ပစ္စည်းများကို လည်းနှင့်တင်ကာ ဘေးကင်းရာ၊ ကမ်းခြေနှင့်ဝေးရာ၌ နေကြသည်။ မိုင်ခုနစ် ဆယ်တော့ ခရီးမသွားလိုချေ။

ဝုစ်သည် ဗီဘာရစ်၏ သမီးငယ်ကလေးကို စိတ်ထဲက မပျောက်နိုင်ချေ။ သူငယ်မကလေးသည် ချုံပင်မှ အသီးများ လိုက်ကောက်သည်။ အိမ်ပြင် ထွက်ရမည့် အလုပ်ဆိုလျှင် ဘာမဆိုလုပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် သူကလေးကို ချောင်းဘေးတွင် တွေ့၏။ ဝှစ် ရောက်
လာသည်ကိုမသိရှာချေ။ ရေစီးသံက ညံနေသည်။ သူ့မျက်နှာကလေးမှာ
အနည်းငယ် ကြည်လာသည်။ ဝှစ်က ခေါ်လိုက်ရာ ကြားပုံမရဘဲ ယုန်ကောင်
ကလေးလို မသိနားမလည်ဟန်နှင့်နေ၏။ ဝှစ်က စကား စ ပြောရာ
သူကလေးသည် ရွှင်ပျလာသည်။

သူတို့သည် ချောင်းကလေးအကြောင်းကို ပြောကြသည်။ နောက်
ဆုံး၌ ဝှစ်က "မင်း ဦးလေးကော ဘယ်နှဲ့နေလဲ"ဟု မေးလိုက်လေသည်။

"ဟန်ကျလို့ပါပဲ"

"ကောင်းတယ်ကွာ၊ ဒါပေမယ့် တစ်နေ့ရာရာကိုသွားလည်ချင်စိတ်
ပေါက်လာရင် တို့အိမ်လာခဲ့နော်၊ မင်းရောက်အောင်သာ လာခဲ့၊ မင်းအဖေ
ကို ငါကြည့်ပြောပေးမယ်။ လမ်းသိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမယ့် ရှင့်မိန်းမက ကြိုက်ပါ့မလား"

"ကြိုက်တာပေါ့၊ မေးစရာမလိုပါဘူး"

သူငယ်မကလေးက အိန္ဒြေကြီးနှင့် ခေါင်းညိတ်သည်။

"အေးကွာ၊ မင်းနဲ့ငါနဲ့က လွဲလို့ မပေါက်ကြားစေရပါဘူး"

"ကျွန်မက လျှို့ဝှက်တာတွေ၊ ဘာတွေ သိပ်သိတာ။ ပါပါရှိတုန်းက
ဆိုရင် ဒီလိုပဲ၊ ဘယ်သူမှမပြောဘူး။ ကျွန်မလည်း မပြောဘူး"

"သိပါတယ်။ မင်းအဖေ မင်း သိပ်ချစ်တယ်ဆိုတာ..."

သူငယ်မကလေးက ဖြုန်းခနဲမေးပြန်သည်မှာ

"ပါပါ ပြန်များ လာဦးမယ်ထင်သလား။ ဟင်"

"အား မင်းဘာဆိုလိုချင်တာလဲကွ"

"ဟို ညညကျရင်ပြောတာပါ။ ကျွန်မ အိပ်ရာဘေး လာထိုင်ရင်
စကားလေး ဘာလေး ပြောရရင် တော်ပါပြီ"

"ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သိပ်ပြီး စောင့်စားမနေရဘူး
ကွယ့်။ ငါ့အမေတော့ သေပြီးကတည်းက တစ်ခါမှ ပြန်မလာတော့ဘူး။
အိပ်မက်ထဲမှာတော့ တွေ့တယ်လေ"

"ရှင့်အမေ သေတုန်းက ရှင်က ကျွန်မထက် ကြီးသလားဟင်"

"မကြီးပေါင်၊ မင်းလောက်ပဲ၊ ကိုယ်လုံးတောင် ပိုသေးဦးမယ်"

"ရှင့်အမေက ဘယ်လိုပြန်လာတာလဲ"

"မင်းပြောသလိုမျိုး မဟုတ်ဘူးကွယ့်၊ ငါက သတိရရနေတာကို
ပြောတာ၊ မင်းကြီးလာရင် နားလည်သွားမှာပါပဲ"

"အို ကျွန်မ ပါပါကို နှုတ်လည်း မဆက်လိုက်ရဘူး"

သို့သော် သူကလေး၏ စိတ်ချောက်ချားခြင်း၊ နာကျည်းခြင်းများ
ပျောက်ပျက်သွားပြီ။ သူ့ကို ငုံ့ကြည့်သော် မျက်နှာကလေး ရှည်သွယ်ပြီး
နေလောင်သော ဆံပင်များကို တွေ့၏။ မျက်လုံးများမှာ သူ့အဖေ မျက်လုံး
များလို ပြာလဲ့လှသည်။

"မင်းအဖေကို ပြန်တွေ့ရဦးမှာပါကွာ"

"ကျွန်မလည်း မျှော်နေတာပဲ၊ ကျွန်မ သေသွားရင်ဖြစ်ဖြစ် တွေ့ရမှာ
ပဲနော်"

ထိုနောက် သူငယ်မကလေးသည် နှုတ်ဆက်ကာ ပြေးထွက်သွားလေ
၏။ ဝှစ်လည်း သစ်ရွက်ခြောက်များပေါ်မှ ခြေသံများ ပျောက်သွားသည်အထိ
ရပ်စောင့်နေပြီးမှ တောအုပ်ထဲမှ ပြန်လာလေ၏။

နောက် သုံး၊ လေးလကြာလျှင် ဂျိုးနစ်လင်မယား အလည်လာကြ
သည်။ မယ်လစ်ဆာသည် ဂျိုးနစ်၏မိန်းမနှင့် မတွေ့ရတာကြာပြီဖြစ်၍
တွေ့တွေ့ချင်း စကားပင် မပြောနိုင်အောင် ဝမ်းသာသည်။ ဝှစ်၏ သားကလေး
နှစ်ယောက်ကား ဖျတ်ခနဲ ပျောက်ကုန်လေရာ ဂျိုးနစ်ကြီးက "မင်း
သားတွေက တယ် လူကြောက်ပါလား"ဟု တဲ့တိုးကြီးပြောရာ ဝှစ်က
"ဖြစ်နိုင်တာပဲ" ဟု ပြောလေသည်။

ဝှစ်၏ တင်းကုပ်များကား တသီတတန်းကြီး ရှိသည်။ တစ်ခုနှင့်တစ်ခု
ဆက်သွယ်ထားကာ တင်းကုပ်တစ်ခုနှင့်တစ်ခုသည် လူသုံးယောက် မ
နိုင်ရုံထက် ပို၍မကြီးချေ။ အမိုးလည်း လိုသည်ထက်ပို၍ မမြင့်ချေ။ တင်း
ကုပ် တစ်ခုတစ်ခုကို ကျောက်တုံး၊ ကျောက်ချပ်၊ သစ်လုံးများနှင့် ဆောက်
သည်။ အပေါက်မဖောက်ဘဲ ထားသဖြင့် လေအေးမဝင်နိုင်၊ ကြမ်းမခင်းဘဲ
လည်း ထားသည်။ အထဲတွင် မှောင်မည်း၍ ရှင်းလင်းသုတ်သင်၍ မဖြစ်နိုင်
ဘဲ ရှိသော်လည်း တိရစ္ဆာန်များကိုမူ ဥတုကြမ်းမှ ကာကွယ်သည်။

ဂျိုးနစ်သည် ဝှစ်၏ နွားများကို စ၍ ကြည့်သည်။ နွားနစ်ကောင်
စလုံးပင် ဝဖြိုးလာသည်ကို ဂျိုးနစ်က ဝန်ခံသည်။ နွားနက်၏ အစခါတွင်
ကျောက်ခဲရှသည်နှင့် ယောင်နေရာ ဂျိုးနစ်က ဘာမှမဖြစ်နိုင်ပါဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ နွားချော၏ မျက်လုံးတစ်ဖက်ကား လုံးလုံးကွယ်မတတ်ရှိသည်။ ထိုအကြောင်းကိုတော့ ဖုစ်ရော၊ ဂျိုးနစ်ရော ဘာမှမပြောကြချေ။ တချို့ တိရစ္ဆာန်များကို ဂျိုးက ကြည့်ရှုသေး၏၊ မြက်ခြောက်နှင့်ဂျုံ၊ ပြောင်း ဟူသမျှကိုလည်း စစ်ဆေး၏၊ သို့သော် ပြီးစီးပြီဆိုသည့်အခါ၌ နွားများဆီပင် ပြန်လာကြလေသည်။ ဖုစ်သည် နွားချော၏ ကျောကုန်းပေါ် ပခုံးမှီ၍နေ၏၊ ဖုစ်ရော၊ ဂျိုးပါ တင်းကုပ်ထဲမှာ နေလို့ထိုင်လို့ ကောင်းလှသည်။ မယ်လစ်ဆာ လှမ်းအော်မှပဲ အိမ်ထဲဝင်ကြတော့သည်။

သူတို့နှစ်ယောက်သည် စကားစမြည်များပင် ပြောနေကြလေသည်။ ဂျိုးနစ်က ခပ်ပေါ့ပေါ့ ပြောသည်မှာ

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းကသာဆိုရင်တော့ အခုလို ပစ္စည်းတောင့်တောင့်တင်းတင်းနဲ့ ဘာနေရမှာတုန်း။ အင်ဒီးယန်းလူရိုင်းတွေက မျက်စိကျပြီးသားပဲ၊ နွားမြင်ရင် ပစ်လိုက်တာပဲ။ အိမ်ဆို မီးရှို့ပစ်လိုက်တာဗျ။ အောင်မယ် မိန်းမနဲ့ကလေးတောင် မချန်ဘူး။ ကျွန်လုပ်ဖို့ ဖမ်းသွားမှာပဲ၊ ကလေးက ငယ်လို့ လမ်းမလျှောက်နိုင်ဘူးဆိုရင် ကျောက်တုံးပေါ် ခေါင်းရိုက်ခွဲ ပစ်တာကလား။ အေးလေ... ဒီနေရာမျိုးလာပြီး အတင့်ရဲလို့တော့ ခေါင်းပြုတ်ရုံရှိမှာပေါ့။ ပြာပုံထဲ စိုက်စရာခေါင်းတောင် ကျန်မှာမှုတ်ဘူး။ ခုတော့ စိုးရိမ်စရာ မရှိပါဘူးလေ...''

ဖုစ်က ဂျိုးနစ်ကို မကြည့်ဘဲပြောသည်။

''လူရိုင်းမရှိဘဲနဲ့လည်း မီးဆိုတာ လောင်နိုင်တဲ့ဟာပဲ။ လေကလေး ဝှေ့ရင်၊ တောမီးစကလေး လွင့်လာရင် ဖြစ်တာပဲ၊ လူရိုင်းတွေက ခေါင်းမဖြတ်ပေမယ့် ဖျားတာ၊ နာတာနဲ့ကို ကလေးတွေအကုန်လုံး ခေါင်းပြုတ်နိုင်ပါရဲ့။ ဗိုဘရစ်ကြီး သေရတာ လူရိုင်းသတ်လို့ မဟုတ်ပါကလားဗျာ''

ခု လူတွေကလည်း တိုက်ချင်၊ ခိုက်ချင်ဖြစ်နေကြတယ်လေ၊ ကျုပ်တို့ဆီမှာများဆိုရင် အစမ်းသဘောနဲ့ မဲခွဲကြည့်တာ သုံးဆယ့်ရှစ်ယောက်က တိုက်မယ့်ဘက်က၊ ရှစ်ယောက်က မတိုက်မယ့်ဘက်က ရှိတယ်။ သုံးဆယ့်ရှစ်ယောက်စလုံး လက်မှတ်ထိုးပြီးပြီဗျ၊ ဘာကိုမှ မျှော်လို့တော့ မဟုတ်ပါဘူး။ မျှော်စရာလည်း ဘာမှမရှိဘဲဟာ၊ အဲ... လက်မှတ်ထိုးတဲ့အထဲ ကျုပ်လည်း ပါသပေါ့''

''ကျွန်တော်လည်း ပါတယ်''



''ဒါပေမယ့် ကျုပ်က စိတ်[illegible]ကကို မတိုက်ချင်ဘူးဆိုရင်တော့မရဘူး။ [illegible]က်မှတ်ထိုးထားလည်း ဂရုစိုက် ဘာမှုတ်ဘူး။ ကျုပ်က တိုက်ချင်သောကြောင့်ဆိုရင် ဘယ်သူမှ တားလို့မရဘူး'

ထိုခဏ၌ သူတို့ရှိရာသို့ ဖိုး[illegible]ရစ် သစ်ပင်ပိတ်ကာမြင်၍ စစ်ထဲဝင်သွားသော ကောင်ကလေး ရောက်လာ[illegible]ည်။ သူသည် ဖုစ်ကို တွေ့ချင်၍ လာသည်။ ''အေးကွာ၊ မင်း စစ်ထဲက [illegible]ပြန်လာတယ်ဆိုတာ ငါမသိပါဘူး'' ဟု ဖုစ်က ပြောသည်။ ကောင်ကလေး [illegible] အရိုးနှင့်အရေချည်း ကျန်တော့လေသည်။ မျက်နှာကလည်း ညစ်ထေ[illegible]ပ်နှင့် သွေးရောင်မရှိချေ။

''အိမ်ထဲ ဝင်ပါဦးလားကွာ'

''ဩ... အလုပ်လုပ်စ[illegible]များ ရှိ[illegible]လားလို့ လာမေးတာပါ''

''တင်းကုပ်ထဲ ဝင်ခဲ့လေကွာ[illegible]

သို့သော် မဝင်ခဲ့ဘဲ အသေ[illegible]င် [illegible]ောင်ထားသလို ရပ်နေသည်။

''အေးကွာ၊ အလုပ်လုပ်စ[illegible] သ[illegible]မရှိဘူး။ မင်း ဘာလုပ်မယ် စိတ်[illegible]ကူး[illegible]ပို့တုန်း''

[illegible]ောင်လေးက ပခုံးတွန့်[illegible] ဘာ[illegible] လုပ်စရာမရှိဘူးပေါ့၊ ဒါဖြင့်[illegible]

'[illegible]ရှိပါဘူးကွာ''

[illegible]က ခေါင်းညိတ်သည်။

[illegible]ဒါပေမယ့် ဝင်ဦးလေကွာ၊ [illegible] ဒီ။ [illegible]ထဲမှ [illegible] ဘယ်သူမှ မရှိပါဘူး ငါနဲ့ဂျိုး [illegible]ပဲ''

[illegible]က်ပြီဗျာ၊ ပြန်ဦးမယ်'' [illegible] တင်းကုပ်ပြင်ထဲ [illegible]ကာ တောင်ကုန်းလျှောမှ [illegible] လို့ ဝင်သွားလေသည်။ [illegible] ည် တောထဲမှာသာကျန်ကာ [illegible] လုံးလုံးပျောက် [illegible] င် ဖုစ်သည် နေမထိထိုင်မသာဖြစ်[illegible] သည် လယ် [illegible] သည်။ နွေရာသီ၏တိုတောင်းပုံကို အ[illegible] မိသည်။ သူ [illegible] ကို ပြင်စပြုသည်။ သို့သော် [illegible] ပြည့် ထယ်သွား [illegible] သည့်မှလို့မှ မရနိုင်ချေ။ သတင်း [illegible] သည့် မြေကြီးကာ [illegible] သေးသည်။ ထိုကြောင့် [illegible] အချိန်ကို [illegible] လေးမှာ ရေ[illegible] စောင့်နေရလေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိတ်တိုနေသည်။ ကလေးတွေကိုလည်း သည်းမခံနိုင်ဘဲ တစ်နေ့လုံး ဂနာမငြိမ်ဖြစ်နေလေ၏။ မယ်လစ်ဆာပင်လျှင် သူတို့ နှစ်ရက် သုံးရက်လောက် အိမ်မှာမကပ်ဖြစ်သည့် အလုပ်ပေါ်စေချင်နေလေ၏ တစ်မနက်တော့ ''ငါးသွားမမျှားဘူးလား''ဟု မေးလေသည်။

ဝှစ်က ''ချောင်းမှန်သမျှ ရေလျှံနေတဲ့ဟာ''ဟု ပြောကာ မွန်းလွဲသည့် အချိန်ထိ စကားတစ်လုံးမှ မပြောတော့ချေ။

တောင်ပေါ်ရှိ နှင်းများ ပပျောက်ကုန်သည်ကို စောင့်ကြည့်နေရ၏ မြေနိမ့်မှ ရေခမ်းခြောက်သွားသည်ကိုမြင်ရ၏။ ချောင်းရေစီးဆင်းသံလည်း အနည်းငယ် တိုးတိတ်သွားလေ၏။ မြေသည် ထွန်ယက်ဖို့ အသင့် ဖြစ်လေပြီ နွားချေနှင့် နွားနက်တို့ကား နှစ်နှစ်အတွင်း အတော်ကို ကြီးမားသန်စွမ်း လာကြကာ အလုပ်လုပ်ချင်သည့်သတ္တိလည်း ရှိသည်။

ကုန်းမြင့်တွင် လယ်ထွန်ရသည်မှာ ခက်ခဲပင်ပန်းလှလေ၏။ သစ်ငုတ် များကို သုတ်သင်ပြီးဖြစ်သော်လည်း သစ်မြစ်များက နေရာတကာမှာ ကျန် နေသေးသည်။ ထွန်ယက်လိုက်သော မြေကြီးအောက်မှ ကျောက်တုံး ကျောက်ခဲများလည်း ပေါ်လာပြန်သည်။ သို့သော် ထွန်ယက်နေရသည်ကို ပင် ကျေနပ်သည်။ ကွင်းထဲမှနေ၍ တောင်ကို ကြည့်လင်စွာမြင်နိုင်ကာ တစ်နေ့လုံး ကွင်းထဲမှာနေလျှင် တစ်နေ့လုံး တောင်နှင့်အတူနေသလို ဖြစ် လေ၏။ နွားနှစ်ကောင်နှင့်လည်း ကျွမ်းဝင်နားလည်နေကြပြီ။ နွားချေ သည် မျက်လုံးတစ်ဖက်တည်းနှင့်ပင် လုပ်ကိုင်တတ်နေရာ သူ့စိတ်မညီး ငယ်ချေ။ နွားနှစ်ကောင်နှင့်လူတစ်ယောက်သည် အလုပ်တစ်ခုတည်း၌သာ စူးစိုက်အားထုတ်နေလေရာ ဝှစ်သည် တစ်ခါက ဗိဘာရစ်နှင့် အလုပ်အတူ လုပ်ခဲ့ဖူးစဉ်ကနှင့်မခြား အားရလှလေ၏။

လက်မောင်းများ အောင့်တာတစ်ခုပဲ ပြောစရာရှိသည်။

ထွန်တစ်ကြောင်းမျှ ထွန်ပြီးလျှင် ခဏနားရင်း အိမ်နီးချင်း မြေ မှ မီးခိုးငွေ့များကို ရေတွက်နေသည်။ ဘယ်အိမ်ကော လယ်စ၍ ထွန်ပြီ

ညနေတိုင်သည့်အထိ လယ်ထွန်၏။ မောလွန်း၍ ဘာမှမစား တစ်ညလုံး တုတ်တုတ်မျှမလှုပ်ဘဲ အိပ်သည်။ ဝှစ်ကို ကြည့်လျှင် ပျော် ဖြစ်နေသည်ကိုသာ တွေ့ရသဖြင့် မယ်လစ်ဆာသည် ရယ်ချင်လျက်ရှိသည် ဝှစ်ကား သူ့အဖို့ ကလေးဆိုးကြီးပင်။



ထိုသို့ ၃ ပတ်ဆက်၍ ဝှစ်သည် ကွင်းထဲဆင်းကာ နောက်ဆုံး၌ မျိုးကြဲမိလေသည်။ ဝက်သစ်ချပင်၏ သစ်ရွက်လိပ်များလည်း ပြေပြန့်ကုန် ပြီဖြစ်ကာ နီရာမှ စိမ်းကြရာပြီ။ နွေဦးပေါက်၏ မွေးရနံ့များလည်း ကုန်း မြေတစ်ခုလုံးမှာ ပျံ့လျက်ရှိသည်။

မနက်တွင် ဝှစ်သည် မနက်စာစားဖို့ ကွင်းထဲမှပြန်မလာဘဲနေရာ မယ်လစ်ဆာလည်း လိုက်သွား၏။ ရှာလို့လည်းမတွေ့၊ ထွန်ကြောင်းလည်း တစ်ဝက်တစ်ပျက် ကျန်နေသေးရာ အိမ်ပြန်လာပြီး ကြည့်သော် ငါးမျှားချိတ် ကို မတွေ့သဖြင့် စိတ်အေးသွားရလေသည်။

နေအတော်မြင့်မှ သူပြန်လာ၏။ ငါးငယ်ငယ် တစ်တောင်းအပြည့်စာ နှင့် လက်မောင်းလောက်ရှိသည့် ငါးကြီးတစ်ကောင်ပါ ပါလာသည်။ ထို နောက် ယောက်ျားနှစ်ယောက်စာကို တစ်ထိုင်တည်း စားသည်။

ညနေစာကိုတော့ သူ့ဆီ လိုက်၍ပို့ရသည်။ ဝှစ်က နွားတွေနှင့်ပင် နေချင်သလို စကားမျိုးပြောသောကြောင့်ဖြစ်သည်။ မယ်လစ်ဆာလည်း သားနှစ်ယောက်ကို အိမ်က မခွါရဟု ပညတ်လေ၏။

ဝှစ်သည် ကွင်းထဲချည်း ဆင်းနေသည်နှင့် နွေတစ်ဝက်ကုန်သည်အထိ တိုယ့်နွား ကိုယ်သတ်စားရတော့မလို ဖြစ်နေလေ၏။ သို့သော် ဂျိုနာသန်က အမဲသားရှာပေးကာ ဝှစ်က အဖိုးအခပြန်ပေးသည်။ ဝင်စစ်ကား နွားချေနှင့် နွားနက်တို့က လုပ်ကျွေးနေတာသာ ဖြစ်လေ၏။ ဝှစ်၏ နွားတစ်ရှဉ်းမှာ ညည် အတော်ကြီးနေကာ နွားငှားသူများသည် ဈေးပို၍ ပေးလေ့ရှိသည်။ သို့သော် ဝှစ်မှာ အလုပ်ကများလှသည်နှင့် မငှားနိုင်ချေ။ မြေ ဆယ်ဧက နီး ရှင်းပြီးပြီ။ ပျိုးနှစ်ဧကခန့် စိုက်ပြီးသားရှိသည်။ အာလူး တစ်ဧကခန့် စိုက်ထားသည်။ ထိုကြောင့် မြက်ကိစ္စအတွက် မပူချင်မပူဘဲနေ၍ရ၏ ငယ်စာအတွက် နှစ်ဧကခွဲခန့် စိုက်ပျိုးထားပြန်ပြီး ခြံစိုက်ထားတာကလည်း ရှိသေး၏။ သည်အထဲ နွားမ လေးကောင်၊ ဝက် တစ်အုပ်၊ ကြက်တစ်အုပ်က ရှိသေးပြီး ရေကလည်း ခပ်ရပြန်သည်ဖြစ်ရာ တစ်နေ့တစ်နေ့ကို အားလပ် ချိန် မရတော့ချေ။

ဇူလိုင်လလယ်တွင်ကား လွတ်လပ်ရေးအတွက် မဲတောင်းသည့်အသံ ကြားလာရသည်။ ဘာတွေလုပ်နေကြမှန်း မသိသော်လည်း အရေးကြီး သည်ကိုတော့မှန်း နားလည်ရ၏။ ဆင်းဒွစ်မြို့ဆီတွင် အကျေးအမွေးများ လှိုင်

www.burmeseclassic.com

www.burmeseclassic.com

နေကာ ဂျက်ကမင်လိုလူတောင် အဖိတ်အကြားခံရသေး၏။ ကံကောင်းသော ဂျက်ကမင်လည်း ဆင်းဒွစ်မြို့က မခွာတော့ချေ။

ဟက်ကက်ထံမှ သတင်းများ ကြားရသည်။ ဝုစ်သည် တောင်ကုန်းတစ်ဖက်တွင် ပျိုးခင်း၌ အလုပ်များဆဲ "ကျုပ်တို့တော့ မြေခြား၊ ရေခြားရောက်ဖူးတော့မယ်ထင်တယ်"ဟု ဟက်ကက်၏ မှတ်ချက်ချသံကို ကြား၏။ စင်စစ် ဟက်ကက်သည် သည်အတိုင်း တခြားလူတစ်ယောက်က ပြောသည်ကို ကြားလာခြင်းဖြစ်လေသည်။

ဝုစ်သည် မနားမနေ အလုပ်လုပ်နေဆဲမို့တစ်ကြောင်း၊ မိုးဆင်နှောင်းကလည်း လိုအပ်သည်ထက် ကြမ်းတမ်းခက်ထန်မည့်ပုံ ပေါ်နေသဖြင့်တစ်ကြောင်း၊ လက်ပြင်နှစ်ခုကြားက အောင့်နေသည်ကတစ်ကြောင်း၊ မှက်ခြင်များက အနားမှာ နှောင့်ယှက်နေသည်က တစ်ကြောင်းကြောင့် ယဉ်ကျေးဖွယ်ရာကင်းစွာသောအသံဖြင့် "ဘာကြောင့်"ဟု မေးလိုက်၏။

ဟက်ကက်သည် ဝုစ်နှင့် နှစ် လကြာရှည် ပေါင်းခဲ့သူဖြစ်၍ သူ့လေသံကို စိတ်မဆိုးသော်လည်း ကိုယ့်စကားကိုယ်နိုင်အောင် ပြောမှဖြစ်မည်ဟု ဆုံးဖြတ်၏။

"အေးလေ ကျုပ်တို့ ဘာလိုချင်တယ်ဆိုတာ အခု သိရပြီမှတ်လား။ အစတုန်းကတော့ သမင်လိုက်ရင်း၊ ယုန်လိုက်ရင်းနဲ့ပဲ ကိစ္စပြီးရော အောက်မေ့နေတဲ့ဟာ၊ ခုတော့ မဖြစ်ဘူး"

"ဘာလဲ လွတ်လပ်ရေးလား"

"လွတ်လပ်ရေးပေါ့"

"ကောင်းပြီ၊ ဒါပေမယ့် ကျုပ်တို့နယ်ကို နယူးဟမ့်ရှိုင်းယားနယ်ပဲဆိုဆို၊ သီးခြားပြည်ပဲဆိုဆို၊ အခု စိုက်ထားတဲ့ပျိုးခင်းက ထူးပြီးအောင်မတဲ့လား။ ဘယ်သူ့ဆီက လွတ်လပ်ချင်တာတုန်း"

"အင်္ဂလိပ် လက်ကပေါ့ဗျ၊ ရှင်ဘုရင်လက်အောက်ကပေါ့"

"ကျုပ်တော့ ကျုပ်ကွင်းထဲ အင်္ဂလိပ်ဘုရင်ဆင်းလာတောင် ဘုရားသခင်ဖန်ဆင်းလိုက်တဲ့ ဝေလားဟ လို့ အောက်မေ့မှာ၊ ကျုပ်ကို သူက ဘာမှ လုပ်နိုင်မယ် မထင်ပါဘူးဗျာ"

"တခြားလူတွေကိုတော့ လုပ်လှပြီဗျ"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါပေမယ့် ဘုရင့်တံဆိပ်ခေါင်းဆိုတဲ့ဟာမျိုးကို ကျုပ် သုံးလည်းမသုံးဘူး။ မြင်တောင်မမြင်ဖူးဘူး၊ အဲဒါ ဘာဖြစ်သလဲ။ သူတို့ ဘော့စတန်မှာ လက်ဖက်ခြောက်အခွန်ကောက်တဲ့ကိစ္စ၊ စကားများတဲ့ ကိစ္စကလည်း၊ ဟာ ကျုပ်တော့ လက်ဖက်ခြောက်တစ်မှုန့်အတွက် ဘယ်သူ့မှလည်း မပစ်သတ်ချင်ဘူး။ ကျုပ်လည်း အပစ်မခံနိုင်ဘူး၊ ဘယ်ဘုရင့် အမှုထမ်းကမှလည်း ကျုပ်ဆီလာပြီး အခွန်မကောက်ပေါင်၊ ကျုပ်သိသမျှတော့ ကျွန်ဘဝရောက်နေတယ်လို့ ကိုယ့်ကိုယ်ကို မထင်ပေါင်"

"ဟုတ်တော့ဟုတ်ပါတယ်လေ"

"ပြီးတော့ တခြားမြို့တွေ၊ ရွာတွေနဲ့ ဆက်ဆံနေသမျှတော့ ဘယ်မှာ လွတ်လပ်ရေးဆိုတာ ရမှာတုန်း၊ အဲဒီဘက်တော်သားဆိုတဲ့ လူတွေက ကော ဘာတွေတုန်း"

ဟက်ကက်က ဘာမှမသိချေ။

သို့သော် ဝုစ်သည် စကားမပြတ် ဆက်ပြောချင်သေး၏။

"အင်္ဂလိပ် စစ်သားတွေ ဆိုးတယ်ဆိုတာ သိပါတယ်၊ သူတို့ လာနှောင့်ယှက်မှာလည်း မကြိုက်ပါဘူး။ ဒါပေမယ့် ဒီတစ်ဝိုက်မှာ အင်္ဂလိပ်ဆိုလို့ တစ်ယောက်မှလည်းမရှိ၊ ဘော့စတန်မှာ ရှိတယ်ဆိုရင် ကျုပ်နဲ့ မဆိုင်ဘူးထင်တယ်။ ဟော ဟိုတောင်ပေါ်မှာ မြွေတွေတစ်ပုံကြီး ရှိပေမယ့် ကျုပ်နေရာကို ဆင်းမလာသမျှတော့ သွား မဆွချင်ဘူးဗျ။ လွတ်လပ်ရေးဆိုတာကိုတော့ တယ် ဂရုမစိုက်ပေါင်ဗျာ၊ ကျုပ် ကွင်းထဲ ကျုပ်ဆင်းနေရရင်တော်ပါပြီ"

ပျိုးသိမ်းချိန်ရောက်လျှင် လယ်သီး၊ လယ်နှံ အင်မတန် ကောင်းသည်ဟု အကြမ်းဖျင်းပြောနိုင်လေ၏။ မိုးလွန်လိုက်သည့်အတွက် ပြောင်းနှံများချင်း ကုန်သော်လည်း နွားများအတွက် ပြောင်းရိုးကောင်းကောင်းရဖို့ရာသာ ဖြစ်လေ၏။ မယ်လစ်ဆာ၏ခြံထဲတွင် ဝါဝင်းသော အသီးအနှံများကို မြင်ရ၏။ ပွင့်စဉ်က ကားနေအောင်ပွင့်ခဲ့ပြီး အသီးမဖြစ်ချေ။ သို့သော် အာလူးသီးများကား အံ့သြစရာကောင်းအောင် ကြီးထွားလှလေရာ အာလူးတူးနေရသမျှ အချိန်သည် ပျော်စရာကြီးပေတည်း။ အာလူး တစ်လုံးတစ်လုံးသည် လက်သီးဆုပ်လောက် ကြီးသည်။ အလုံးသေး၍ ဝက်များကိုကျွေးသည်အထိ ကျွေးနိုင်မည့် အာလူးများအကြောင်းကိုတော့ စကားထဲထည့်မပြောဘဲနေဦးမည်။ အာလူးနှင့်ပတ်သက်၍ စိတ်ချမ်းသာစရာတစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂျုံ၊ ပြောင်း၊ လူး၊ ဆတ်လို ကြိတ်၊ နယ်၊ ထောင်း၊ လှော်ဖို့ မလိုခြင်းပင်။ မွေးထားသည့်နွားများ၊ ဝက်များကလည်း ပွားစီးလှ၏။ ဆောင်းတွင်းစာ ဝက်သား လုံလောက်သည်။ မယ်လစ်ဆာသည် ပစ်၍ရသော အမဲကို မစားဘဲလည်း နေနိုင်ပြီ။

ဝှစ်သည် ကျေနပ်နှစ်သိမ့်လှသော်လည်း လုပ်စရာတွေရှိသေးသည်ကို သိ၏။ ဥပမာ ယခုလို သစ်လုံးအိမ်ကလေးနှင့် မနေချင်၊ ပျဉ်ချပ်များနှင့် အကျဆောက်သည့် အိမ်တစ်အိမ် လိုချင်နေ၏။ မယ်လစ်ဆာလည်း ပါးစပ်က ထုတ်ပြောမနေသော်လည်း ဝှစ် သဘောအတိုင်းရှိသည်ကို သိ၏။ သို့သော် ပျဉ်ချပ်ဟူသည် လွှစက်ရှိမှဖြစ်လေ၏။ လွှစက်တစ်လုံးကို လူတိုင်းပင် ရှိနေစေချင်ကြသော်လည်း ဘယ်သူမှ ဘာမှမလုပ်ကြ၊ ဝှစ် ရောက်လာစတုန်းကလိုပင် အခြေကျအောင် တည်နေကြရတာနှင့်ပင် မအားအောင်ရှိသည်။ သူတို့၏ သစ်လုံးအိမ်များသည် သူတို့၏မြေကွက်များ ရှင်းထွင်၍ ပြီးသည်အထိတော့ ကျေနပ်စရာ ဖြစ်နေဦးမည်ပင် . . .။

ကောက်ပဲသီးနှံများနှင့် ပတ်သက်၍ ပြောရလျှင်လည်း သည်အတိုင်းပင်တည်း။ ကိုယ့်သားမယား ဝဝစားရုံ စိုက်၍ဖြစ်စဉ်တော့ အိမ်မှာပင် ဆုံနှင့်ထောင်းလို့ ပြီးနိုင်သည်။ အခြေကျ၍ ပိုလျှံလာလျှင်မူ ကုန်သွယ်၍ဖြစ်အောင် ကြိတ်မည့်စက် လိုပြန်သည်။ သို့သော် မြို့ထဲတွင် စက်တစ်လုံး တည်ဖို့ရာမှာ မမျှော်လင့်ကောင်းသေးချေ။ လူတိုင်းမှာ ကောက်သီးပိုလျှံကာ ရောင်းပန်း၊ ဝယ်ပန်း ပွင့်သည့်အချိန်ရောက်ဖို့ လိုသေး၏။

လမ်းဖောက်သည့်ကိစ္စလည်း လူတစ်ယောက်သည် ကိုယ့်အိမ်မှာ နေသရွေ့၊ ကိုယ်စိုက်သည့်အသီးအနှံကို စားကာနေသရွေ့ ဘယ်မှ သွားဖို့မလိုချေ။ ဝှစ်အဖို့မူကား သယ်ယူပို့ဆောင်စရာပစ္စည်းများ ရှိနေပြီဖြစ်၍ လမ်းဖောက်ပြီးသား၊ တံတားဆောက်ပြီးသားကို လိုချင်၏။ တစ်ယောက်တည်းနှင့်တော့ မဖြစ်လေရာ ကိုယ့်လို မရောင့်ရဲနိုင်သည့်အခြေသို့ တခြားလူများ ရောက်လာသည့်အထိ စောင့်ရတော့မည်။

စောင့်ရမည်ဆိုသော်လည်း ကြာကြာဟုတ်မည်မထင်။ အကြောင်းကား လူတိုင်းသည် စက် တည်ဖို့နေရာ၊ တံတားဆောက်ရမည့် ချောင်းတို့ကို ရွေးနေပြီတည်း။ စစ်အကြောင်းကို သိပ်မပြောမိကြ။ သို့သော် နောင်သမ္မတဖြစ်လာမည့် ဂျင်နရယ် ဂျော့ဝါရှင်တန်သည် တိုက်သမျှစစ်ပွဲတို့ကို



ရှုံးလျက် ရှိနေကြပြီ။ စစ်သားတို့သည် စစ်ရှုံးသဖြင့် အိမ်ပြန်ကုန်ကြသည်။ စစ်တပ်ထဲမှာနေလျှင် ငတ်မွတ်ခြင်းနှင့် အအေးဒဏ်နှစ်ခုကို တွေ့ဖို့နှစ်ခုသာ သေချာလေ၏။ ကံချော်လျှင် ဖျားနာဖို့၊ အဝိုင်းခံရဖို့၊ အထိရာရဖို့၊ အသက်ပျောက်ဖို့ပါ သေချာနိုင်သည်။ သို့သော် ဂျင်နရယ်ဝါရှင်တန်သည် မြင်းတစ်စီးနှင့် လူ ၃၀၀၀ကို အုပ်ချုပ်လျက်ရှိကာ ထိုလူ ၃၀၀၀ သည် ဘာကြောင့် သူနောက်လိုက်နေကြသည်ကို နားမလည်နိုင်တော့ချေ။ မြင်းဆိုသည်မှာတော့ အစာကျွေးပြီး တိုင်မှာ ချည်ထားလျှင် သွားလိုရာကို သွားလို့ရတာမျိုးမဟုတ်။

ထို့ကြောင့် တစ်ညတွင် ဂျင်နရယ်ဝါရှင်တန်သည် ရန်သူစစ်တပ်အိပ်ပျော်နေဆဲကို သူ့လူများနှင့် အနိုင်တိုက်နိုင်သည်။ ရန်သူတပ်လုံး ပြုတ်၏။ နှစ်သစ်ကူးပွဲတော်နေ့တွင်လည်း စစ်ပွဲများ ဖြစ်ပွားနေသည်။ ဇန်နဝါရီလ သုံးရက်နေ့တွင်မူ ဂျင်နရယ်ဝါရှင်တန်သည် သူ့စစ်သားများကို အိမ်မပြန်လျှင် ငါးဒေါ်လာ တိုး၍ပေးမည်ဟု ပြောရသည်။ ထို့ကြောင့် နွေဦးပေါက်လျှင် တပ် ဖွဲ့နိုင်မည့် လက္ခဏာတွေ့ရ၏။ သည်ဆောင်းတစ်ဆောင်းကိုသာ သူ့လူများ ခံနိုင်ရည်ရှိဖို့ လိုလေသည်။

ထိုဆောင်းတွင် ဝှစ်တို့လင်မယား ပျော်ပျော်ပါးပါး ရှိကြသည်။ အိမ်နီးချင်းများထံသို့ပင် လည်ပတ်ကြလေ၏။ ဂျိုနာသန်ကိုမူကား ကျယ်လောင်ကြားဝါလေ့ရှိသည်ဟု ဝှစ်က သဘောမတွေ့လှချေ။

တစ်နေ့တွင် လူတစ်ယောက်လာပြီး ဂျူးနစ်၏လက်ကို ငါးထိုးသည့်မှိန်းတံစူး၍ အနာရင်းကာ အဖျားဝင်သည့် သတင်းပေး၏။ အချိန်မှာ မှုန်းတည့်ဖြစ်၍ နှင်းက ပိန်းပိတ်အောင် ကျနေလေ၏။ သို့သော် နှစ်နာရီအတွင်း ဝှစ်ရောက်လာသည်။

ဂျူးနစ်၏မိန်းမကြီး တံခါးလာဖွင့်ပေးကာ မျက်စေ့ မျက်နှာပျက်ပျက်နှင့် "ဝှစ် ဝင်ကြည့်ဦးမလား။ သူကတော့ သိမယ့်ပုံမရှိဘူး" ဟု ပြောသည်။

ဂျူးနစ်သည် ကြမ်းပေါ်အိပ်ရာခင်းကာ မီးရောင်ဘက်သို့ လှည့်၍ လဲနေသည်။ နှုတ်ခမ်းများရှုံ့ဝင်နေကာ မျက်တွင်းဟောက်ပက်နှင့် မျက်လုံးများ မွဲခြောက်ခြောက် ရှိသည်။ ဂျူးနစ်သည် ငြိမ်သက်နေသော်လည်း အသက် မြန်မြန်ရှူ၏။ သူ့ရုပ်အင်္ကျီကို ပခုံးမှဆုတ်ဖြဲကာ ကော်ဆီနှင့် လျှော်စေ့ရောပြီး လိမ်းထားသောလက်ကို ပတ်တီး စည်းပတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်သည် ဂျိုးနစ်ရှေ့ သွားရပ်ပြီးမှ ထိုင်ချလေ၏။ သို့သော် ဂျိုးနစ်၏ မျက်လုံးများသည် မရွေ့လျားချေ။ ဂျိုးနစ်၏ လည်ပင်းကြောကြီးများ ထောင် နေဟန်ကို ကြည့်ရင်း နှလုံးအခုန် ဘယ်လောက်မြန်သည်ကို မှန်းဆမိ၏။ အခြေအနေမလှကြောင်း သိသော်လည်း ကြည့်ရသည်မှာတော့ သပ်သပ်ရပ် ရပ် ရှိသေး၏။ မယားသည်က ကောင်းစွာ ပြုစုသုတ်သင်နိုင်သောကြောင့် ပင်။

ဝှစ်လည်း ထ လာပြီး ဂျိုးနစ်၏မိန်းမနှင့် အပြင်သို့ ထွက်ခဲ့လေသည်။ မိန်းမကြီးက ဖြစ်ပျက်ပုံကိုပြောပြသည်။ ဂျိုးနစ်သည် လွန်ခဲ့သောအပတ် ညတစ်ညတွင် ငါးအထိုးသွားကြစဉ် ဂျိုးနစ်က မြှုးဝမှ လေးဖက်ထောက်၍ စောင့်သည်ဆို၏။ သူ့အဖော်က မှိန်းတံကို တံစဉ်းနှင့် မြည့်နေအောင် တိုက်၏။ ဂျိုးနစ်ဆီ ထ အလာ ထင်းတစ်စကို ချော်နင်းမိပြီး ဂျိုးနစ်၏ လက်ပေါ်ထောက်မိ၏။ ဂျိုးနစ်သည် အသံတစ်ချက်မှမပြုဟု ဆိုသည်။ လက်၌စိုက်နေသော ငါးထိုးသည့် မှိန်းတံမှ သံချွန်များကိုလည်း တစ်ခုစီ သူကိုယ်တိုင် ဖြုတ်ပြီးမှ မှိန်းတံကို ပြန်နုတ်ယူနိုင်သည်။

သူ့မိန်းမက ပြောပြသေးသည်မှာ သွေးများကို ဆေးစဉ်ကတော့ ဒဏ်ရာသည် မကြီးကျယ်လှသည့်ပုံ ရှိ၏။ လက်ဖဝါးတွင် ထုတ်ချင်းပေါက် သွားသော အပေါက်လေးပေါက်သာဖြစ်၏။ လက်ချောင်းများကို လှုပ်ရှား နိုင်သေး၏။ သို့သော် စိတ်ချရအောင် ဝက်ဆီ အမြဲထည့်ပေးကာ ရမ်အရက် အလုံအလောက်သောက်၍ ဝဝအိပ်နေသည်။ ဒဏ်ရာအပေါက်များလည်း ပိတ်သွားပြီး လက်မောင်းရင်းအထိ ရောင်ထ လာ၏။ ထိုနောက် ဖျား၏ ငန်းဖမ်းလာလျှင်မူကား ယောက်ျားနှစ်ယောက်ကိုင်မှသာ နိုင်သည်။ ယခု တော့လည်း ငြိမ်သွားပြီ။

ဂျိုးနစ်သည် အစာမဝင်သော်လည်း အမြဲရေငတ်နေသည်။ ဆရာဝန် ခေါ်မည်ကြံသော်လည်း လက်က သိပ်မဆိုးရွားသေးချေ။ ပုပ်မှမပုပ်သေး သည့်ဟာ သွေးဖောက်ထုတ်ပေးသော်လည်း မသက်သာချေ။ ဝှစ်များ ဘာတတ်နိုင်တာ ရှိမ သိမသိ။

ထိုကြောင့် ဝှ သူ့ဆေးမြီးတိုတစ်ခုကို ပြောပြသည်။

"လပြည့်ည ထင်းရှူးရွက်တွေပေါ်က ဥကလေးတွေ မှည့် လာတတ်တယ်။ အဲ ဥကလေးတွေကို ဖောက်ပြီး အရည်ကိုယူ၊ အနာထဲ ထက်တိတိ ချရတယ်။ ခံတော့သိပ်ခံရတဲ့နည်းပဲတဲ့"



"လပြည့်နေ့တွေကို အမြဲစောင့်နိုင်ဦးမှကိုး"

"ဒါဖြင့် တစ်ခါတည်းနဲ့ပြီးအောင် ဆယ်စက်တိတိချ ဗျ။ သူက အသည်းငယ်တဲ့လူမှ မှုတ်ဘဲ၊ ဒါနဲ့မှ မရသေးရင် နောက်လပြည့်ကျ ကျုပ် ကိုယ်တိုင် လုပ်ပေးမယ်"

ဝှစ်သည် ဂျိုးနစ်၏နံဘေးသို့ရောက်ပြန်ကာ သူ့မျက်စိရှေ့တွင် လက် ယပ်ကြည့်သော်လည်း မျက်လုံးများမရွေ့လျားချေ။ ထိုကြောင့် ဂျိုးနစ်၏ ဆံပင်တစ်စကိုဖြတ်ကာ နှုတ်ခမ်းများကြား ညှပ်၍ထား၏။ ဂျိုးနစ်၏လက်များ ကို မ ကြည့်သော် လက်မကလွဲ၍ တခြားလက်ချောင်းများမှ လက်သည်း များကို လှီးယူ၍ရနိုင်သည်ကို တွေ့၏။ တခြားလူသာဆိုလျှင် လက်သည်း ခွံတစ်ခွံရလျှင် ကျေနပ်နိုင်မည်။ ဂျိုးနစ်မှ ရသမျှလက်သည်းခွံများကိုစုကာ မီးဖိုထဲ၌ ဆံပင်စများနှင့်အတူထည့်၍ ရှို့သည်။ မီးခိုးများဝေ့လာသည့်အခါ တွင် သူသည် ရတတ်သမျှ ဂါထာမန္တန်များ စုတ်လေ၏။

ဂျိုးနစ်၏ လွှတ်ခနဲ အော်သံကိုကြားကာ အနားပြေးသွားပြန်တော့ ငြိမ်ကျနေပြန်၏။

ဝှစ်လည်း ထင်းရှူးပင်ရှိရာသို့ ထွက်သွား၏။ ဂျိုးနစ်၏မိန်းမသည် လူမမာကို ကြည့်ရသည်မှာ လန်းလာသည်ထင်သည်။ ဂျိုးနစ်လည်း ဒဏ်ရာ သက်သာလာပြီး နွေလယ်လောက်တွင် လူကောင်းပကတိဖြစ်လေသည်။ ဂျိုးနစ်သည် သူ့လက်ကို မှိန်းတံနှင့်ထောက်သည့်အဖော်နှင့်ပင် ငါးများသွား သေးကာ သူ့အဖော်ကလည်း ဂျိုးနစ်၏သဘောကို နားလည်ပြီး ကျေးဇူး တင်မဆုံး ရှိလေ၏။

ပူပြင်းသော နေ့ တစ်မနက်တွင် ဝှစ် မနက်စာစားခိုက် မဲပေးဇို တို့ရွာလာပြောသည်။ ဝှစ်သည် ဆက်၍ မစားနိုင်တော့ဘဲ မျက်လုံးကြောင် တောင်တောင်နှင့် မလှုပ်မယှက်ကြီးနေသည်။ မီးဖိုနား ထသွားပြန်ရာ ယယ်လစ်ဆာက နောက်ကလိုက်ရလေ၏။

"ငါ တံတားတစ်ခု ဆောက်စေချင်တယ်ကွ၊ တို့လူထဲကပဲ လူကြီး ချောက်မှ လိုချင်တာရမယ်"ဟု ဝှစ်က ပြော၏။

ထိုနောက် ဝှစ်သည် အလည်လွန်နေသော သားနှစ်ယောက်ကို 'ဝှ' တစ်၍ ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်ကြာလျှင် ဝှစ်သည် မဲပေးရမည့်နေရာတွင် လူတစ်စုမှတစ်စုဆီ ကူးသန်းနေသည်။ ဂျူးဝဲကို လူကြီးမြှောက်ချင်၏။ ဂျူးဝဲနေရာမှာ အိမ်ခြေလည်း များသည်။ လူတွေများသော်လည်း အငြင်းအခုံ သိပ်မဖြစ်မှားချေ။ ဂျူးဝဲသည် သတ္တိကောင်း၍ အုတ်တိုက်တစ်လုံးပင် ဆောက်စပြုပြီဖြစ်လေ၏။

သူတို့သည် လူရိုင်းများကိုစွက်ကိုလည်း စဉ်းစားကြ၏။ သို့သော် ဝက်အဝဆုံးတစ်ကောင်ရှိသဖြင့် ဂုဏ်ယူ၍မဆုံးကာ အီလီအမည်ရှိ လူတစ်ယောက်ကို နောက်ပြောင်ကြခြင်းနှင့် ဆုံးသွားပြန်၏။

ဝှစ်ကမူကား မေဆင်ဆိုသူကို မဲပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ ဂျူးဝဲမျက်နှာကို ငါးနှစ်တစ်ခါထက် ပို၍မမြင်ရ။ မေဆင်က အိမ်နီးချင်းလည်းဖြစ်သည်။ စာပေကလေးလည်း လိုက်စားသည်။ ဆောင်းတွင်း တစ်ညတလေများမှာ တာလုံးမပေါင်းဘဲနှင့် ချောခန့်နေအောင် တစ်ယောက်တည်းစာဖတ်ပြီး ကျေနပ်နေတတ်သေး၏။ သူ့အမူအရာက တစ်ချက်တစ်ချက် ဖီဘရစ်နှင့် တူလေသည်။

လူတကာသည် တံတားတစ်ခုလိုချင်နေကြသည်ဖြစ်ရာ မေဆင်ကိုသာ ရွေးလျှင် တံတားဆောက်ပေးမည်ဟု ကတိပေးဖို့ မေဆင်ကို အကြံပေးမည်ပြင်၏။ ထိုခဏ၌ ဘင်တီးမှုတ်သံကို ကြားလိုက်၏။ လူတိုင်းလှည့်ကြည့်စဉ် ဘင်တီးလာသူမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်က စစ်ထဲ လိုက်ခဲ့ဖူးသူ ဖြစ်လေ၏။ သူက အရွေးခံမည့်သူ ဂျူးဝဲနှင့်မေဆင်ကို ခွဲ၍အရပ်ခိုင်းသည်။ မဲပေးမည့်သူများနာမည်ကို ခေါ်လိုက်လျှင် ကြိုက်ရာလူဘေးနားသွားရပ်ဖို့ရှိလေ၏။ ထို့ကြောင့် မဲပေးရသူများသည် စိတ်မသက်မသာနှင့် ကိုယ်လိုလားသူအနား သွားကြရလေသည်။

ဝှစ်သည် ငါ့နာမည်များကျော်သွားရင် ဘယ်လောက်ကောင်းမလဲဟု တွေး၏။ သို့သော် နာမည်ခေါ်သံကြားရပြန်တော့ မဲပေးရသည်ကို သွေးကြီးစရာဟု ထင်ပြန်၏။ မယ်လစ်ဆာကို မိန်းမပရိသတ်ထဲမှာ ရှာကြည့်လေ၏။ မတွေ့သော်လည်း သူ့ကိုတော့ မြင်မှာပါပဲ။

မေဆင်ကို ဝှစ်ကလွဲ၍ မဲပေးမည့်သူမရှိသည်နှင့် ရှုံးသည်။ မေဆင်က ဝှစ်၏ပခုံးကိုကိုင်ကာ ကျေးဇူးတင်ပါသကွာဟု ပြောကာ ထွက်သွားသည်။ ဝှစ်ကမူ သူ့ဘာသာ အကြီးအကျယ်ပီတိဖြစ်ပြီး မယ်လစ်ဆာက မေဆင်



နှုံ့လျက်နှင့် ဘာကြောင့် ကျေနပ်နေပါလိမ့်ဟု မမေးသည့်အတွက် ဝမ်းသာ၏။

အိမ်ပြန်ခဲ့သော် သားနှစ်ယောက်က ရေကပြေးသည့်အခါပြေး၍ နောက်ကလိုက်သည့်အခါလိုက်၏။ မယ်လစ်ဆာနှင့် ယှဉ်တွဲပြီးပြန်လာမည်။ အိမ်ပြန်ရသည်မှာ ပျော်စရာပင်၊ အိမ်ဝမှ ခွေးမ ဂျင်နီက ဆီးကြိုသည်။ အိမ်ကိုပစ်ထားခဲ့ရသည့်အဖြစ်မှာ စိတ်အနည်းငယ် ထိခိုက်စရာတော့ ဖြစ်လေ၏။ သို့သော် သားမယားကို ထားခဲ့ရပြီး ပြန်လာသည့်အခါမျိုးဆိုလျှင် ပို၍ဆိုးချေမည်။ အိမ်ပြန်လာသည့်အခါ အိမ်လည်းပြာကျ၊ ကျွဲနွားတိရစ္ဆာန်လည်း ပျက်စီးနေတာမျိုးများတွေ့ရလျှင် ပြောစရာမရှိ၊ နောက်ပြီး သားမယားများပါ ကျန်ရစ်ခဲ့ကြပြီ . . .

ယခုတော့ ဒါမျိုးကို တွေးဖို့အချိန်မဟုတ်ချေ။ လွန်ခဲ့လေပြီ။ ၇ နှစ်အတွင်းမှာ လူနေအိမ်ခြေ ခြောက်ဆယ်ခန့်ရှိလာပြီး မြို့တည်၍ ဖြစ်ပြီ။

အိမ်ကို တောအုပ်စပ်မှ ရပ်၍ကြည့်၏။ "သိပ်ကြည့်လို့လှတာပဲကွာ" ဟု မယ်လစ်ဆာကို ပြောမိလေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

# တောင်

ထိုနေ့မနက်တွင် မယ်လစ်ဆာက ကြွက်တစ်ကောင် သတ်သည်။ "ငါးဟင်းစားချင်သလား"ဟု ဝုစ်ကမေးသော် "ကောင်းသားပဲ"ဟု အဖြေ ရသည်နှင့် ဝုစ်သည် ကြွက်သေကောင်ကို အကျီအိတ်ထဲထည့်ကာ ရေ အိုင်သို့လာခဲ့၏။ ခြင်များ ထူထပ်လှသည့်နေရာမို့ ခဲခဲယဉ်းယဉ်းနှင့်ပင် ငါးမျှားချိတ်မှာ ကြွက်နာခေါင်းပေါက် ချိတ်မိလေ၏။

ကြွက်သေကို ရေထဲချသော် ပထမ ပေါလောပေါ်နေသေးကာ နောက် ဆုံး မြုပ်သွားလေသည်။ ကြွက်ကိုယ်က အမွေးများ ရေစိုကုန်လေ၏။ ဝုစ်သည် ဘာလုပ်ရမည်လဲဟု စဉ်းစားခန့်ဆင်နေ၏။ ခြင်များ အုံလာသည်။ ထို့ကြောင့် တစ်ခုခု မြန်မြန်ဆုံးဖြတ်ဖို့ လိုလာ၏။ ကြွက်ကို လေထိုးချ လိုလေရာ ကြွက်ခေါင်းကို ကိုက်ပြီး မှုတ်ရမှာကိုလည်း စိတ်ကူး၍မရ။ သို့သော် မှုတ်စရာ ပြောင်းရိုးတံကို ရှာမရလျှင်တော့ ပါးစပ်နှင့်ပင် မှုတ်ရတော့ မည်။

ထိုနောက် ငါးမျှားတံထိပ်ဖျားတွင် ကြွက်သေကောင် ငိုက်စိုက်နှင့် ရေထဲဆင်း၏။ ရေ ရင်ဘတ်ထိသော် ကြွက်သေကို ကြာရွက်များကြား ရေကွက်လပ်ဆီသို့ ပို့လေ၏။ ကြွက်သေနံဘေးတွင် ပလုံ တစ်ပွက်၊ နှစ်ပွက် စီလေ၏။ ထိုနောက် စွပ်ခနဲနဲ ငါးပါးစပ်ထဲပါကာ အရှိန်ကြီးလှသည့် ရေပြင်အောက် တစ်ကိုက်လောက်နစ်သွားသေး၏။ ငါးမျှားတံကို ပြန်ဆွဲသော် ငါးကြီးသည် ခေါင်းတရမ်းရမ်းနှင့် ပါလာသည်။ ဝုစ်တောင် ခြေမနိုင်၍ ဖင်ထိုင်ကျမတတ်တည်း။

ငါးကြီးကား ချောပါပေ့၊ တစ်ကိုက်မက ရှည်မည်။ ဝုစ်သည် သူ့ထင်



တလေးဟန်နှင့် လေးဖက်ထောက်သွား၍ အနားကပ်၏။ ကြွက်သေကား အသုံးမကျပြီ။ ထို့ကြောင့် အရင်ဦးသည့်မြေခွေး ကောက်စားချင်လည်း စားပစေဟု ချုံပုတ်ထဲ ပစ်လိုက်၏။ ငါးမျှားချိတ်က မုကား အကောင်းအ တိုင်းပင် ရှိသည်။

မယ်လစ်ဆာကို နောက်ပြောင်ချင်သည်။ ငါးကြီးကြီး မိလာသည်ကို ယုံမည်မဟုတ်။

သို့သော် မယ်လစ်ဆာက ဆီးပြောသည်မှာ "ဝုစ် ရှင့်ကို တွေ့ချင်လို့ တဲ့ လူတစ်ယောက် ရောက်လာတယ်"

"ဘာတဲ့လဲ"

"အင်္ဂလိပ်တွေကို အရှုံးပေးလိုက်ရပြီတဲ့၊ ခံတပ်လည်းပေါက်သွား တယ်တဲ့၊ ပြီးတော့ ဘာမှလည်း မစားဘူး။ အလောတကြီးနဲ့ သွားတော့တာ ပဲ၊ ကြည့်ရတာတော့ တည်တည်တံ့တံ့ လူစားထဲကပါရှင်၊ ညတွင်းချင်း ရှုန်မတို့လူတွေ ထွက်ပြေးရတယ်လို့ ပြောတာပဲ"

ဝုစ်လည်း "ဘယ်နည်းနဲ့ ဒီငါး ဒီနေရာ ရောက်နေပါလိမ့်" ဟု အံ့သြသလို ငါးကို ငုံ့ကြည့်လေ၏။

"ဝုစ်၊ ခံတပ်ဆိုတာက ဘယ်မှာလဲ"

"အနောက်ဘက် မိုင်တစ်ရာ့ငါးဆယ်လောက်သွားရင် ရောက်တယ် ဆင်တယ်"

"သူတို့များ ဒီကို ရောက်လာမလားဟင်"

"ဘယ် သူတို့များ ရောက်လာမှာလဲ"

"အင်္ဂလိပ်တွေလေ"

"မရောက်လာပါဘူး"

ဝုစ်သည် ငါးကို အမြီးက ဒယဉ်တိုက်ဆွဲကာ အိမ်အဖီဘက်သို့ ထည့်သွားလေသည်။

ဝုစ်အဖို့ အင်္ဂလိပ်များ လာမည်ကို မပူလှချေ။ အင်္ဂလိပ်များသည် ဆိုဖြည်းဖြည်းမှ ရောက်နိုင်မည်ဖြစ်ကာ သူတို့နေရာကို ကွင်းသွားမည် ဆင်သည်။ အင်ဒီးယန်းလူရိုင်းများကိုသာ ကြောက်ရသည်။

ဝုစ်သည် ငါးလုပ်၍ မပြီးနိုင်ဘဲရှိသည်။ စိတ်ကူးက တခြားရောက် တာ ငါးကလည်း အူထုတ်ရ ခက်သဖြင့် လက်ကို ဓားမထိအောင် သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ ငါးဗိုက်ထဲမှ အနံ့ထွက်လာလျှင် ခြင်ကောင်များ အုံလာပြန်သည်။

ညစာစားပြီးမှ နေသာထိုင်သာ ရှိသွား၏။ အိမ်ထဲတွင် မီးခိုးများ အပြည့်ထည့်ထားသဖြင့် ခြင်များပါးသွားသည်။ မှက်၊ ယင်များနှင့် သားနှစ်ယောက်ကား အိပ်လေပြီ။

''ကေနွှ သူတို့ ခံတပ်ကို ရောင်းစားပြီကွ၊ သိလား။ နို့မဟုတ်ရင် ဘယ်နှယ်ဖြစ်နိုင်မလဲ'' ဟု မယ်လစ်ဆာဘက် လှည့်၍ ပြော၏။

''ဝှစ်၊ သူတို့ ဒီမလာဘူးလို့ ဘယ်နှယ်လုပ်ပြောနိုင်မလဲ''

''ပြောနိုင်တာပေါ့၊ သူတို့ မြို့ကြီး၊ ပြကြီးကိုသွားမှာကွ၊ နယူးယောက်လို မြို့မျိုးပေါ့၊ ပို့စမောက်တို့၊ စကော့တလန့်တို့ သွားစရာတွေ အပုံကြီးပါ၊ ပြီးတော့ အင်္ဂလိပ်စစ်တပ်က အစုံပါတာ၊ ဝန်က လေးပါဘိသနဲ့၊ မိန်းမရော၊ အမြောက်ကောစုံလို့။ ကားကြီးကားငယ်နဲ့၊ သူတို့ အခုသွားရင် ရေလမ်းက မျှောမှဖြစ်မယ်။ တို့ဆီလာချင်ရင် တောအုပ်တစ်ခုလုံး ဖြတ်နေရမှာကွ''

''ဒါပေမယ့် လူရိုင်းတွေ ဘယ်သွားထားမလဲ။ မိုင်နှစ်ရာလောက် ခရီးများတော့ လူရိုင်းတွေက ဘာမှ ထင်တာမှုတ်ဘူး ဝှစ်၊ ကနေဒီနယ်က သူတို့ဆင်းလာတော့ ဒီထက်မက လာခဲ့ရတာ''

''ဟုတ်တယ်လေ၊ အဲဒီတုန်းက သူတို့မှာ ဓားတစ်စင်း၊ သေနတ်တစ်လက်ကလွဲလို့ ဘာမှ သယ်စရာ ပါတာမဟုတ်တဲ့ဟာကို၊ ဒါပေမယ့် တို့နေရာ ဘာများ ရစရာရှိလို့ လာမလဲကွာ။ လုချင်ရင် ဂရန့်တောင်တွေဘက် သွားမှာပေါ့၊ အဲဒီမှာ သိပ်ချမ်းသာတာပဲတဲ့ ငါကြားဖူးတယ်''

''ကျွန်မတော့ သူတို့ မီးရှို့တာ၊ လုတာတွေ ဘယ်မှာမဆို ကြားဖူးတာပဲ၊ ပြီးတော့ မိန်းမတွေရှိတဲ့ နေရာမှာ သူတို့ လုပ်ပုံတွေ...

''ဟာ၊ လူရိုင်းတွေက မိန်းမတွေအပေါ်မှာ အလွန်မရမ်းပါဘူး''

''ညှင်းဆဲတာကို ပြောတာရှင့်၊ ကျွန်မလည်း ကြားဖူးတုန်းကတော့ သိပ်နားမလည်ပါဘူး။ ဒါပေမယ့် နှလုံးတုန်လှတယ်''

''အေးလေ၊ ဒါပေမယ့် အင်္ဂလိပ်စစ်တပ်ထဲကို လူရိုင်းတစ်ယောက်မှ ဝင်တယ်လို့ မကြားဖူးသေးပါဘူး။ မဟုတ်လား''

''ကြားတော့ မကြားဖူးသေးပါဘူး''



''ငါကတော့ လူရိုင်းရန်ကို မကြောက်ဘူးကွ၊ ငါပူနေတာက ဒီအင်္ဂလိပ်စ်ပိုလ်ချုပ်ကြီး ဘာဝိန်းဟာ တို့ခံတပ် ပေါက်တဲ့အထိ တိုက်နိုင်တယ်ဆိုတော့ သာမြင်ညောင်ညှ လူမဟုတ်ဘူး။ ဒီအတိုင်းသွားမယ်ဆိုရင် နယူးယောက်မြို့တောင် ရောက်သွားလိမ့်ဦးမယ်။ ဘုရင့်ဘက်တော်သားတွေကလည်း သူတို့စစ်သားတွေ ဝဝစားရအောင် အတော်ကြိုးစားတာကွ၊ အေး ဒီလို လူကတော့ ဘာလုပ်ဖို့ ကောင်းတယ်ဆိုတာ သိမှာပါပဲ၊ အကောင်းဆုံးကတော့ အိပ်နေတဲ့ခွေး သွားမကန်ဖို့ပဲကွ''

''ဒါပေါ့''ဟု မယ်လစ်ဆာက ပြော၏။

''သူ လူရိုင်းတွေကို လွှတ်ကြည့်ပါလား။ တို့လူတွေ ခေါင်းတစ်လုံးအရေခွံကွာတာနဲ့ တစ်ပြိုင်တည်း အင်္ဂလိပ်တွေ ပြန်ပြေးစရာ မြေတောင်နဲ့တော့မှာမှုတ်ဘူး။ လူတိုင်း ထ တိုက်မှာပဲ၊ ငါလည်း မနေဘူး''

''ဘာပြောတယ်''

''ငါလည်း မနေဘူး။ တိုက်မှာပဲလို့''

''ရှင်လိုက်သွားမယ်''

''အေးလေ၊ ငါထင်တာပြောရတာ၊ မင်းလည်းသိသားပဲ။ လူရိုင်းတွေကို လွှတ်ပေးလိုက်ဖို့ မတော်ဘူးဆိုတာ''

''ကျွန်မတော့ လူရိုင်းတွေ လွှတ်ပေးမယ်မထင်ပါဘူး။ လွှတ်ပေးလည်း ဒီရောက်အောင်တော့ လာမယ်မထင်ပါဘူး။ အလကား စကားတွေပါ။ မိန်းမတွေစုပြောနေကြတာ ကျွန်မ ကြားလာတာနဲ့''

''ငါသိပါတယ်။ ကဲ ကွင်းထဲဆင်းလိုက်ဦးမယ်''

''အို မှောင်လှပြီကော ဝှစ်''

''ပူမနေစမ်းပါနဲ့ကွာ၊ ငါမနက်ဖြန်ပဲ စစ်ထဲလိုက်သွားမှာမှမဟုတ်ဘဲ၊ သွားချင်မှလည်းသွားရမှာပါ၊ ပြီးတော့ သွားဖို့သင့်ပြီဆိုမှသွားမှာ''

''ကျွန်မသိပါတယ်။ ရှင်သွားမှာ မဟုတ်ဘူးဆိုတာ''

''အခုတော့ ဘယ်သူမှ ဘာမှမသိဘူး၊ စောင့်ကြည့်ရဦးမှာပဲ''

ဝှစ်သည် ကွင်းထဲဆင်းသွား၏။

မယ်လစ်ဆာကား သူကွင်းထဲက ပြန်လာပြီး တင်းကုပ်ထဲဝင်သည့်ခြေသံ၊ သူ့ကျွဲများ၊ နွားများနှင့် စကားပြောသံကိုနားထောင်နေကာ ပြန်လာမည်ကို စောင့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်သည် နေမထိထိုင်မသာဖြစ်နေပြီး အိမ်နီးချင်းများကို စစ်သတင်း မေးမြန်းသည်။ သူ့ကို စိတ်အေးအေးထားဖို့ပြောလည်း မအေးနိုင်ချေ။ မြို့ကိုသွားလျှင် သတင်းတုံးကလေးများရနိုင်၏။ သို့သော် သတင်းနားထောင် ချင်တာသက်သက်နှင့်တော့ မြို့ကိုသွားလို့မဖြစ်ချေ။ ဝှစ်သည် မြက်ရိတ်ဖို့ တံစဉ်အသစ်လိုသည်ကို သတိရလေ၏။ ဆယ်နှစ်ကျော်အခါက၊ ရွာတုန်းက မြက်ရိတ်ပြိုင်ခဲ့သည့် တံစဉ်ဟောင်းမှာ အသွားပါး၍ ကုန်လုလေပြီ။

ဝှစ်သည် လေး၊ ငါးရက်မျှ အိမ်မှာနေပြီး ဆင်းဒွစ်မြို့သို့ သွားသည်။ သို့သော် အိမ်ပြန်လာသော် မြက်ရိတ်ဓား မပါချေ။

''လူရိုင်းတွေက မိန်းမတစ်ယောက်ကို သတ်ပစ်လိုက်ပြီ'' ဟု မယ်လစ်ဆာကိုပြောပြ၏။

မယ်လစ်ဆာသည် ဝှစ်၏မျက်နှာကို ငေးကြည့်နေပြီးမှ…

''ဘယ်မှာလဲ ဝှစ်''

''ခံတပ်နားမှာတဲ့၊ ဟို စစ်ဗိုလ်ချုပ်ကြီး ဘာဝိန်းရဲ့ လူရိုင်းတွေပေါ့ကွာ။ မိန်းမက သူနဲ့ယူမယ့် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ဆီ သွားတာတဲ့''

မယ်လစ်ဆာလည်း ညည်းရုံသာ တတ်နိုင်လေသည်။

''ဂရန့်တောင်ပေါ်သားတွေက တို့ဆီက အကူအညီမလွှတ်ရင်တော့ သူတို့ လက်မြှောက်ရလိမ့်မယ်တဲ့၊ အဲ သူတို့ပြီးရင် တို့ နယူးဟမ့်ရှိုင်းယား တဲ့၊ အဲဒီကိစ္စနဲ့ စကားများနေကြတယ်ကွ''

''ဘာဖြစ်လို့ မကူရမှာလဲ''

ဝှစ်သည် ရင်ထဲပေါ့သွား၏။ ''အေးလေ၊ ကိစ္စက တို့နဲ့ ဂရန့်နှစ်ပြည် တည်းနဲ့ဆိုင်ရင် ကိစ္စမရှိဘူး။ ဒေါ့ ကိုလိုနီရယ်၊ ယောက်မြို့ရယ် စဉ်းစားရမှာ၊ ပြီးတော့ ကနက်တီကပ်နယ်ရော…''

''အားလုံးပေါင်းရင် သာတောင်ကောင်းသေး''

''အားလုံးပေါင်းတော့ ကိုယ့်အကျိုးတစ်ခုတည်း ကြည့်လို့မရတော့ ဘူး''

''ကျွန်မ နားမလည်ပေါင်''

''ဒီလိုကွ၊ စစ်ဗိုလ်ကြီး ဘာဝိန်း ချီလာရင် ကိုယ့်မြို့နယ် လွတ်အောင် သူ့စစ်ကြောင်းကို ပြောင်းပေးချင်တယ်''

''ဟုတ်တယ်လေ''

''ကဲ ဘယ်မြို့ဘက် လှည့်ပေးမလဲ''

''ဪ ဟုတ်သားပဲ၊ ကျွန်မသိပြီ''

ထိုနောက် ဝှစ်သည် နယူးဟမ့်ရှိုင်းယားနယ်၏ ခေါင်းဆောင် ကာနယ် ဂျွန်စတပ်အကြောင်းပြော၏။ ဝှစ်၏လေသံတွင် စိတ်အားထက်သန်ခြင်းပါ၏။ တို့ခေါင်းဆောင်သည် ဖြောင့်မတ်၏။ ရဲရင့်၏။ တို့နယ်ကို အသက်ပေးကာ ကွယ်မည်။ လူရိုင်းတွေ၏ အချက်ကိုလည်းသိသည်။ တို့ခေါင်းဆောင်ကိုများ အာဏာကုန်နှင်းလိုက်လျှင် စစ်ထဲလိုက်မည့်သူ နည်းမည်မဟုတ်ပေဘူး။ ဝှစ်တောင်မှ…အင်း ဝှစ်အထင်မှာ ကာနယ်ဂျွန်စတပ်သည် အဖိုးတန် သူတစ်ယောက်ဖြစ်သည်။

မယ်လစ်ဆာသည် ဝှစ်က စကားကုန်ပြောသည် မပြောသည်မှာ အရေးမဟုတ်ဟူသည်ကိုမသိ။ သို့သော် ကြောက်ရွံ့ခြင်း ဖိစီးလေးလံကာ ကာနယ်ဂျွန်စတပ်ကိုသာ မုန်းတီးစိတ်ပွားများမိလေသည်။

ခုနစ်ရက်မျှကုန်သွားပြီး ဟက်ကက်ရောက်လာကာ သူမိလာသော သုန်တစ်ကောင်ကို မယ်လစ်ဆာချက်ပြုတ်ဆဲ သတင်းစုံကိုပြောပြ၏။ သူတို့ ခံတပ်တစ်ခု ပေါက်ပြန်ပြီ။ စစ်ဗိုလ်များသည် ပြန်လည်ခုခံမနေတော့ဘဲ ခံတပ်ကို မီးရှို့ပြီး ထွက်ပြေးခဲ့ကြသည်။ တခြားမြို့ရွာမှ မိန်းမနှင့်ကလေး များလည်း ပြေးလာခိုဝင်ကြသည်။ ဝှစ်သည် ဘာမှမပြောဘဲ ခေါင်းသာ သိမသာ ယမ်းကာနေလေ၏။

ဟက်ကက်က စစ်တပ်အကြောင်းပြောလျှင် မယ်လစ်ဆာသည် ဝှစ် ၏မျက်နှာကို ကြည့်မိသည်။

''သိပ်တော်တဲ့လူပဲ'' ဟု ဟက်ကက်က ပြော၏။

''ဘယ်သူမှမမိဘူး'' ဟု ဝှစ်က ထောက်ခံသည်။

''မနက်ဖြန် ဘာလုပ်မလဲ။ မြက်ရိတ်မလား။ ကျုပ်ကူရမလား''

''ခင်ဗျားပါ ရိတ်ဦးမလို့လား။ မရိတ်လောက်သေးဘူးထင်တယ်ဗျ''

''ဟာ ရာသီသာ သာ ရင်တော့ ရိတ်တာပေါ့။ ဘယ်နေ့မလဲ''

မယ်လစ်ဆာကဝင်ပြီး ''ကျွန်မကူပါ့မယ်။ ဝှစ်ကို ကူနေကျပဲ'' ဟု ပြောလျှင် ဝှစ်က ''စောစောကမှ ပြောမထားဘဲကိုးဗျ။ ကျုပ်နဲ့မယ်လစ်ဆာ အတူမြက်ရိတ်ရင် ဘယ်သူမှ အကူမလိုဘူး''

တစ်နေ့ကုန် မြက်ရိတ်ပြီးသော်လည်း ညတိုင်အောင် မယ်လစ်ဆာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်၍မပျော်ချေ။ ဝုစ် စစ်တိုက်ထွက်လျှင် သူ့ကို ပြန်သတ်ကြလိမ့်မည်။ ဝုစ် ပြန်လာနိုင်ပါတော့မည်လား။

မယ်လစ်ဆာသည် မြက်ကိုသာ ကြိုးစားပြီး သိမ်းလျက်ရှိသည်။ နွားများအကြောင်း၊ မိုးရွာချင်ရွာမည့်အကြောင်းကိုပြော၏။ တခြားစကားကို မပြောဝံ့။ ညနေစောင်းမှ မြက်များထုံးစုနေသည့် ဝုစ်ထံသို့လျှောက်လာခဲ့သည်။

ဝုစ်သည် မော့၍ကြည့်သော် လက်နှစ်ဖက်ကို တွဲလွဲချလျက် သူ့ကို စိုက်ကြည့်နေသည့် မယ်လစ်ဆာ၏မျက်နှာတွင် သူတို့နှစ်ယောက်ပေါင်းစပ်ထားသည့် ဘဝတစ်ခုတည်းကို ထင်မြင်လေ၏။ ယခုပဲ တစ်ခါတည်း ဝုစ် စစ်ထွက်သွားမည့်အကြောင်းကို ပြောလိုက်မည်။ နောက်ထပ်လို့တော့ မပြော ချင်ပြီ။

''ဘာဖြစ်လို့သွားရတာတဲ့လဲ၊ ဝုစ် ကျွန်မသိပ်သိချင်တာပဲ၊ ရှင်စိတ်ထားတတ်သလို ကျွန်မလည်း ထားတတ်ရင် ဒီလောက်တော့ ဆိုးမှာ မဟုတ်လို့လေ...''

ဝုစ်ကတော့ သိပ်မပြောပြလိုချေ။ မယ်လစ်ဆာ နားလည်မည်မထင်။ မယ်လစ်ဆာကို ချော့မော့နှစ်သိမ့်လိုက်ရုံနှင့်ပြီးချင်သည်။ သို့သော် နှစ်ယောက်သားသည် အေးအတူပူအမျှ နေကြသည်မို့ ဝုစ်က ပြောရ၏။

''အကောင်တွေကို စောင့်နေမယ့်အတူတူ ကိုယ်က သွားတွေ့လိုက်တာက ကောင်းသေးတာပေါ့ကွာ၊ တို့နိုင်မှာပါပဲ၊ ငါပြန်လာမှာပါ''

''သိပ်သွားချင်တာပဲလား ဝုစ်''

''တစ်ခါတလေတော့လည်း သိပ်သွားချင်တယ်''

''ဘာဖြစ်လို့လဲ''

''အေးလေ၊ ငါက တိုက်ချင်၊ ခိုက်ချင်သိပ်ရှိတဲ့လူ မှုတ်ဘူးဆိုတာ မင်းလည်း သိသားပဲ။ ဒါပေမယ့် ဟိုကောင်တွေ တို့ဆီလာမှာကို စိတ်နဲ့ တယ် မတွေ့ဘူး''

''ရှင် အိမ်မှာနေရင် ကျွန်မတို့ကို ပိုစောင့်ရှောက်နိုင်တာပေါ့ ဝုစ်ရယ်''

''မင်း ဘာမှမဖြစ်နိုင်ပါဘူး။ ကလေးနှစ်ယောက်နဲ့ မေဆင်တို့အိမ် သွား သွားအိပ်တာပေါ့ကွာ၊ နေ့လယ်မှပြန်လာပြီး နွားနို့ညှစ်စရာရှိညှစ်၊ မြက်ကျွေးစရာရှိကျွေးပေါ့၊ ငါက အကြာကြီးသွားနေမှာမှမဟုတ်တာ၊ အဲ



ဒီလို ထင်ရတာပဲလေ...''

''ရှင် စိတ်ပိုင်းဖြတ်ပြီးပြီပေါ့''

''ပြီးပြီ''

သည်လိုဆိုတော့ ဘာမှပြောစရာမကျန်တော့။

''ဘယ်တော့ထွက်ချင်သလဲ ဝုစ်''

''သုံး၊ လေးရက်အတွင်းပေါ့၊ မြက် တော်တော်ရိတ်လို့ရရင်ပေါ့''

မယ်လစ်ဆာသည် ခဏမျှအသံမထွက်ဘဲ ငိုလာသည်။ မသင့်လျော်မှန်းသိသော်လည်း အောင့်မထားချင်ပေ။ သို့သော် သည်အတိုင်းချည်း တစ်ယောက်ကိုတစ်ယောက် မှီရပ်နေလို့မပြီးသေး။

''ကဲ တို့ မြက်ရိတ်ရတာ တစ်နေ့စာတော့ ရပါပြီကွာ၊ ဒီမှာထိုင် ရအောင်''

ထိုကြောင့် ကွင်း၏အစွန် သစ်ပင်နှစ်ပင်အကြား ရေညှိထသော နေရာလေးမှာ နှစ်ယောက်သားထိုင်ကြ၏။ ကွင်းထဲတွင်သာမက တောအုပ်ထဲမှာလည်း တိတ်ဆိတ်ခြင်းရှိသည်။ တောင်ကြားမှာ လျှင်မြန်စွာ နေကွယ်သွားသည်ကို မြင်လိုက်ရ၏။ ညမမှောင်ခင် အေးမြလာသည်ကို သတိထားမိကြသည်။ သို့သော် ကြယ်တစ်ပွင့်နှစ်ပွင့်ပင် ပြူလာမှ အိမ်ပြန်ခဲ့ကြလေ၏။

သုံးရက်အကြာတွင် သူသွားသည်။

''ပြန်လာဖို့တော့ မေ့မနေနဲ့နော်'' ဟု မယ်လစ်ဆာက မှာသည်''

လူချင်းခွဲကြရာ၌ ဝုစ်သည် မယ်လစ်ဆာလောက်မှ မတင်းနိုင်သော်လည်း ထွက်လာပြီးသည့် တစ်နာရီအတွင်း၌ ခရီးပြင်းသွားနေခဲ့၏။ ကိုယ်တားလှယ်အိမ်ကို ရောက်သော် ဂျိုးနစ်၏အကြောင်းကို ပြောမိကြသည်။

''ဂျိုးနစ်ရဲ့မိန်းမက သူ့ယောက်ျားကို မလွှတ်နိုင်ဘူးတဲ့၊ ဂျိုးနစ်က အတော်နေလို့ကောင်းနေတာတော့မှန်တယ်။ တစ်ဆောင်းလုံး ငါးမျှားနေတာပဲ၊ အလုပ်လည်း လုပ်နေတာပဲ၊ ဒါပေမယ့် သေနတ်ကိုင်တိုက်ဖို့ရာတော့ မဖြစ်ဘူးထင်တယ်။ သေလိမ့်မယ်'' ဟု ဝုစ်ကို ပြောပြ၏။

ဂျိုးနစ်အိမ်ကို ဝင်လျှင်တော့ ဂျိုးနစ်က ရယ်မော၏။ ''မင်းလိုလူတစ်ထဲဝင်တာ၊ 'စစ်တပ်'ကြေညာထားတဲ့ ငွေဆယ်ပေါင် လိုချင်လို့ပြင် ဘာဖြစ်ဦးမှာလဲ''

ဝုစ်က သူ သိပင်မသိကြောင်းကိုပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်တာကွာ၊ ပြီးတော့ ဟို ကိုယ်စားလှယ်ကောင်ကော ဘာဖြစ်လို့မပါခဲ့တာတုန်း။ သူကလည်း ငွေအတော်စုံမက်တာ''

ဝှစ်က ပြန်၍နောက်ပြောင်သော်လည်း ဂျိုးနစ်က မကျေနပ်နိုင်ချေ။

''ပြီးတော့ မင်းမိန်းမကိုလည်း ပစ်ထားခဲ့တော့မှာပဲလား၊ မင်းပြန်လာတော့ ကိုယ့်မိန်းမကို ဒီအတိုင်းများ တွေ့မယ်ထင်နေသလား၊ အန္တရာယ်ကြီးတယ် ဝှစ်ရာ''

''ကျွန်တော့်မိန်းမကတော့ စောင့်နေမှာပါပဲ၊ ခင်ဗျားလည်း အိမ်ကထွက်ထွက်သွားဖူးတဲ့ဟာပဲ၊ ခင်ဗျားလိုလူတောင် အိမ်ပြန်လာရင် မိန်းမကို မပျောက်မပျက်တွေ့သေးတဲ့ဟာ၊ ကျွန်တော့်အဖို့တော့ စိုးရိမ်စရာမရှိဘူးထင်တယ်ဗျ''

ဝှစ်ကို ဂျိုးနစ်က လိုက်ပို့သေး၏။ သူတို့သည် ခါတိုင်း တောထဲတွင် စကားပြောမြဲမဟုတ်သော်လည်း မြက်အကြောင်းပြောကြ၏။ သို့သော် ကြာကြာပြောစရာစကားမရှိ၊ ဂျိုးနစ်သည် ခါတိုင်းထက်ပို၍ တိုင်းထွာဆဲနေကာ စကားပြောလေသည်။

ရိုးတစ်ရိုး ရောက်လျှင် ဂျိုးနစ်သည် ဖြုန်းခနဲရပ်ပြီး ''ကဲ ကျုပ်သွားတော့မယ်''ဟု ပြောသည်။

''ကောင်းပြီလေ၊ ခင်ဗျားလိုက်ပို့တာ ကျေးဇူးတော့တင်ပါရဲ့၊ တကယ်တော့မလိုပါဘူး''

ဂျိုးနစ်က အဖက်မပြုဘဲ ဝှစ်၏ခေါင်းပေါ်က ကျော်ပြီးမျှော်ကြည့်သည်။

''မင်းတစ်ယောက်တည်း သွားရတော့မှာပဲ၊ ငါ့ခြေထောက်တွေက မသန်တော့ဘူးကွာ၊ ငါလိုက်လို့ မင်းမှာတောင် တာဝန်ပိုနေဦးမှာ၊ ငါမီအောင် မလျှောက်နိုင်တော့ဘူး။ အေးကွာ ငါက နေမှမကောင်းဘဲကိုး။ အသက်ကကြီးပြီကိုး''

ထိုနောက် ဆက်ပြောပြန်၏။ ''မင်းပြန်မလာလည်း မင်းမိန်းမကို တို့ကြည့်ထားလိုက်ပါ့မယ်။ တို့ မသေမချင်းပေါ့ကွာ''

ထိုနောက် ချက်ချင်းလှည့်ပြီးပြန်သည်။ ကုန်းလျှောကို သူဆင်းသွားရသည်မှာ မသက်သာလှချေ။

• • •

ဝှစ်သည် စစ်မြေပြင်သို့ ရောက်အောင် သူနှင့်မယ်လစ်ဆာတို့ တစ်ခါကလာခဲ့ကြသည့် လမ်းအတိုင်း ပြန်လျှောက်ခဲ့သည်။ ရာသီသည် အေးလှသည်။ ချောင်းကိုဖြတ်ကူးရသည့်အခါ သူ့အသားများသည် ဖွေးဖွေးမှုနေကာ အဝေးမှ ထင်လင်းစွာမြင်နိုင်သည်ကို သိရ၏။ သေနတ်နှင့်အားကို အလွယ်နှင့် မထုတ်နိုင်သည့်အဖြစ်ကို သတိရလျှင်တော့ ထိတ်လန့်ကာ အောက်၍ပင်ပြေးချင်သည်။ သို့သော် ရေအလွန်နက်ကာ ရွှံ့နွံထူလှသဖြင့် ပြေးနိုင်ချေ။ သူသည် ဖြစ်နိုင်မလားဟု စမ်းပြီးပြေးကြည့်သော်လည်း ချော်လဲလေရာ ပို၍ကြောက်ရွံ့လေသည်။ အိပ်မက်ထဲမှာလို တားမနိုင်ဆီးမရ ကြောက်သည်။

ဆယ်မိနစ်ကြာသွားလျှင်ကား မြေပြင်လမ်းပေါ် ရောက်နေပြန်၏။ မိုးချုပ်လာလျှင် အိပ်စရာနေရာကို ရှာ၏။ ကျောက်တုံးတစ်တုံးပေါ် ထကျပြီး တင်နေသော သစ်ပင်ကိုင်းခွကြား လှိုဏ်ကာ ညစာကို စိတ်သက်သက်သာသာနှင့်စားရ၏။ သူ့နေရာကို ဘယ်သူမှလည်းမလာနိုင်၊ ငှက်တစ်ကောင်တောင် အသံမပြည့်အောင် ဝင်လာ၍မရ။

နောက်တစ်နေ့တွင်ကား လူနေအိမ်ခြေအနည်းငယ်ကို ဖြတ်ကျော်ခဲ့၏။ ထိုနောက် ကွင်းပြင်များပေါ်လျှောက်ခဲ့လေ၏။ ဂရန့်တောင်များကို မြင်ရခါနီးပြီ ဖြစ်လေ၏။ မြေပြင်သည် အလိုလိုညီညာ၍ ရည်ရွှမ်းသန်စွမ်းသော မြက်များပေါက်နေ၏။ ဂရန့်တစ်နယ်လုံးသာ သည်မြေမျိုးရှိသည်ဆိုလျှင် ကမ္ဘာပေါ်မှာ သည်လောက်ကြွယ်ဝသည့် ဒေသရှိတော့မည် မဟုတ်ဘူးထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးလာသူတစ်ယောက်နှင့် တွေ့၏။ လယ်သမားတစ်ယောက်ကို လျှောက်၍မီလာပြန်သော် စကားပြောချင်စိတ်ရှိသဖြင့် နှုတ်ဆက်လေသည်။ သူ့နာမည်ကိုပြောပြလျှင် လယ်သမားက "လစ်ဗင်စတန်ဟုတ်လား၊ စကော့ လူမျိုးမှည့်တဲ့နာမည်ပဲ" ဟုပြော၏။ လယ်သမားကား သူ့ထက်အသက် ကြီး၍ အရိုးအရင်းကြီးမားလှသည်။ "ဘယ်တပ်ကိုဝင်မလို့လဲ"ဟု မေးသည်။

"ကာနယ်စတပ်ရဲ့ နံပါတ် ၄ တပ်"ဟု ဝှစ်ကဖြေ၏။

"ကျုပ်သားတစ်ယောက်လည်း ဝါနာရဲ့တပ်ထဲမှာပဲ၊ လက်ဖက်ရည် သောက်ပါဦးလား"

လယ်သမားကြီး၏ ဆေးဖြူသုတ်သောအိမ်ကို မှန်ပြတင်းနှင့်ဝင်းခြံ ကိုမြင်ရလျှင် ဝှစ်သည် မိမိ၏ အဝတ်အစားသစ်ကလေးများပါလာသည့် အတွက် ဝမ်းသာအားရရှိလေ၏။ အိမ်ထဲမဝင်ခင် ကိုယ့်ကိုယ်ကို ဆေးကြော သုတ်သင်ခွင့်တောင်းရသည်။

လယ်သမားကြီး၏မိန်းမမှာ ရွာက ဂိုဝင်ကြီး၏နှမနှင့် တူလှသည်။ ဝှစ်သည် ခင်းကျင်းထားသော စားပွဲကို မြင်၏။ မိုးလင်းကတည်းက ဘာမှမစားခဲ့ရ၊ မိုင်ငါးဆယ်လောက် လျှောက်ခဲ့ရသေးသည်။ သူနာမည်စုံ အောင် ခေါ်တတ်သည်ထက် ပို၍များသော စားသောက်ဖွယ်ရာများ စားပွဲ ပေါ်မှာရှိသည်။

နောက်တစ်နေ့တွင် လျှောက်ဆဲပင်ဖြစ်သည်။ သူတို့ပြောလိုက်သည့် နံပါတ် ၄ တပ်မှာ တောင်အရပ် မိုင်ခြောက်ဆယ်အကွာမှာ ရှိသည်။ အဲသည်ကို မရောက်မချင်း လျှောက်နေမည်ပင်။

သူဖြတ်ခဲ့ရသော မြို့များနာမည်ကို တစ်ခုပြီးတစ်ခု ဖတ်ခဲ့ရသည်။ နောက်ဆုံး နံပါတ် ၄ သို့ ရောက်အောင် ကာနယ်စတပ်လည်းမတွေ့၊ စစ်သားများလည်းမတွေ့၊ ထမင်းဆိုင်ထဲဝင်ကာ ညစာမှာပြီး ဘာတစ်လုံးမှ မမေးမြန်းဘဲထိုင်၏။ သို့သော် သူများပြောနေသံကြားရခြင်းဖြင့် ကာနယ် စတပ်၏စစ်တပ် မန်ချက်စတာမြို့သို့ ပြောင်းသွားပြီဟု သိရလေသည်။ မန်ချက်စတာဆိုတာ ဘယ်မှာလည်းတော့ သူမသိချေ။

ထမင်းဆိုင်ရှင်က အိပ်ရာပြင်ရမည်လားဟုမေးသော် သူက "မန်ချက် စတာမြို့က ဘယ်မှာလဲဗျ"ဟုသာ မေးမြန်းသည်။

"မြစ်ဟိုဘက် အနောက်ရူးရူးကို နှစ်ဆယ့်ငါးမိုင်လျှောက် ရောက်သ



မှား၊ ညကြီးမင်းကြီး မင်းသွားမလို့လား"

"တစ်ညလုံးတော့ ဘယ်ဟုတ်မလဲ"

"တစ်နေ့လုံးလည်း ခရီးပမ်းလာတယ်မှုတ်လား။ ခင်ဗျားက မုဆိုးလား"

"မနက်ဖြန်ဆိုရင် စစ်သားဖြစ်ပြီးဗျ။ စစ်တပ်နဲ့တွေ့ရင်ပြောတာ"

"စစ်သားတွေတော့ အများကြီး ဒီမှာနေသွားတာပဲ၊ စတပ်ဆိုတဲ့ လူကဗျာ အသံမပေးလိုက်နဲ့ တစ်ခါတည်း လူတွေပေါက်လာကြတာ အလျှို အလျှို မြို့တကာ၊ ရွာတကာက ဗျို့"

"ကက်တယ်ဖို့ ရွာသားတွေရောလား"

"ဒါပေါ့။ ဆယ့်ငါးယောက်လောက်ရှိမယ်။ သူတို့ရောက်လာတာ ဘာ ကြာဦးမလဲ၊ သုံးရက်လောက်ရှိသေးတာ"

"ဘယ်သူခေါင်းဆောင်လာသလဲဗျ"

"ဒီမှာအိပ်ရင် အကောင်းဆုံးအိပ်ရာ ရမဗျ။ ဖယောင်းတိုင်အလကား ထွန်းပေးမယ်၊ တစ်မြို့လုံးမှာ ဒီထက်သာတာတော့ မတွေ့နိုင်ဘူး။ ရာကြည့်"

"မြစ်ကို ဘယ်နဲ့လုပ် ဖြတ်ရသလဲဗျ"

"ခင်ဗျားမှာ ဥာဏ်မရှိဘူးထင်တယ်။ ခြေထောက်အားကိုးတဲ့ လူပဲ"

"ကျုပ်ပြောတဲ့စကားမျိုး မကြားဖူးဘူးထင်တယ်"

ဝှစ်သည် မြစ်တစ်ဖက်ကို ကူးပို့မည့် ကောင်ကလေးကို ကြေးပြား သုံးပြားပေးရပြီး မြို့နှင့်တစ်မိုင်ကွာရာ၌ မြက်ခြောက်ပုံပေါ် အဝအိပ်သည်။

နောက်တစ်နေ့တွင် နှစ်ဆယ့်ငါးမိုင်မျှ လျှောက်ပြီးသော် တပ်စခန်းရာသို့ ရောက်၏။ လူတွေယောက်ယက်ခတ်ကာ ကစွပွေသီနေပြီး သူ့ကို ဘယ်သူ ကမှလည်း ဂရုမထားချေ။ လူပေါင်း ၁၂၀၀ နေသည့် ရွက်ထည်တဲကို တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးမြင်ရခြင်းဖြစ်ကာ ဝှစ်သည် ခဏလောက် ဆိုင်းနေချင်စိတ်ပေါ်၏။ သို့သော် လူတောထဲ တိုးဝင်သွားပြီး လျှောက်သွား နေရာ တောထဲတစ်ယောက်တည်း နေရစ်ဖူးတာထက် ပို၍အားငယ်လေ၏။

လူတစ်ယောက်ကိုတွေ့လျှင် ရွာကလူများလားဟုထင်၏။ သို့သော် မဟုတ်ပြန်ချေ။ လူတွေ အိပ်သူကအိပ်၊ ချက်ပြုတ်သူက ချက်ပြုတ်နေကြ ၏။ သူတို့ကိုင်သည့် သေနတ်များမှာ ပြောင်းတံဖြောင့်တန်းချောမွေ့သည် ကို မြင်ရ၏။ ဂျိုးနှစ်ထက် အသက်ကြီးသူများလည်းတွေ့၏။ ဘယ်သူမှ စစ်ဝတ်စစ်စား မဝတ်ထားချေ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ရွာက အင်ဆိုင်းကို သွားတွေ့သည်။ သူက ဝုစ်ကိုမြင်လျှင် မဝေခွဲတတ်ဟန်ရှိကာ နောက်မှ ပြုံးရယ်ကာ "ဘယ်က လာတာလဲဟေ့" ဟု မေးသည်။

"မင်းလိုပေါ့ကွာ"

"ဝုစ် မင်းကြည့်ရတာ ဟန်ကျနေသလိုပဲ"

"ကျသားပဲ" အင်ဆိုင်းမျက်နှာတွင် ပြောင်းလဲသွားခြင်းများ မတွေ့ရ။ သဘောကျစရာကောင်းသည်။ "မင်းကော ဘယ်လိုနေသလဲ"

"ဟန်ကျပါတယ်။ အိမ်ထောင်မကျသေးဘူး၊ သိပ်တော့ မချမ်းသာဘူး။ မင်းကော"

"ကလေးနှစ်ယောက်ရပြီကွ"

"မင်းဘယ်သူနဲ့ လိုက်လာသလဲ"

"တစ်ယောက်တည်းပဲ"

"အဖော်ကောင်းတဲ့ဆီ နေချင်သလား"

"မပြောတတ်ဘူးလေကွာ။ ငါ့သဘောကတော့ တိုက်စရာရှိတာ တိုက်ပြီးတဲ့အထိနေပြီး အိမ်ပြန်ချင်တာပဲ၊ ငါ့မြက်တွေ ရိတ်စရာရှိသေးတယ်"

"လူတိုင်းဒီလိုပဲကွ။ ဒါပေမယ့် ငွေဆယ်ပေါင်လိုချင်တော့လည်း လိုက်လာရတာပဲ၊ ငါနဲ့လိုက်ခဲ့ပါလား။ ဟောဒီနားတွင်ပဲ"

"မင်းတို့ ကက်ပတိန်က ဘယ်သူတုန်း"

"အို သိပ်တော်တဲ့ ကက်ပတိန်ပါကွာ။ ဘယ်သူမှ မမီပါဘူး။ တို့ရထားတဲ့ ကက်ပတိန်က သိပ်တော်တာ"

"ကက်ပတိန် ဘတ်တလာကြီးထက် တော်တာပေါ့ဟုတ်လား"

စတပ်နှင့် ယနေ့တွေ့ဖြစ်ဖို့ကို ဝုစ် စိတ်မဝင်စားလှတော့ဘဲ အင်ဆိုင်းနှင့်လိုက်လာသည်။ လူတစ်စု ကျောပေး၍ရပ်နေရာသို့ရောက်လျှင် အင်ဆိုင်းက "စစ်သားတစ်ယောက် တိုးတယ်ဗျို့"ဟု ပြော၏။ မျက်နှာအားလုံး လှည့်လာရာ မီးညှပ်ကြီးလက်ကကိုင်လျက် ဂျိုးဖိလစ်ကြီးနှင့် မျက်နှာချင်းဆိုင်မိသည်။

ဂျိုး၏မျက်လုံးများ ပြုံးကျယ်လာပြီး ပါးစပ်က ရေရွတ်ကာ လက်ဝါးကပ်တိုင်အမှတ်အသားကိုပြုလေ၏။ ဝုစ်ကမူ စောင့်၍သာကြည့်နေသည်။ ဂျိုးမျက်နှာမှ ထိတ်လန့်ခြင်းလည်း ပြေပျောက်သွားကာ နှုတ်ခမ်းမွေး ထုထု



အကြားမှ ပြုံးရယ်ဖို့ကြိုးစားလေ၏။

"မင်းကို သရဲလားအောက်မေ့တယ်" ဟုပြောသည်။

"ခင်ဗျား ပန်းပဲလုပ်တုန်းပေါ့လေ"

အင်ဆိုင်းကဝင်ပြီး "ဂျိုး အတော်အံ့ညြသွားသလားဟေ့"ဟုမေးလျှင် "ဒါ ပေါ့ကက်ပတိန်"ဟု ပြန်ဖြေ၏။

ဝုစ်လည်း ဂျိုး၏ ဖဲပြားကလေးအနီရောင်ပျက်ကာ ပန်းနုရောင်လောက်သာ ကျန်တော့သည်ကို မြင်ရလေသည်။

ဝုစ်သည် ဝက်သစ်ချပင်ကိုမှီထိုင်ကာ စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသည်။ တစ်ခဏအတွင်းတွင် တိုက်ပွဲစတော့မည်။ သူ့ အူမ၊ အူသိမ်အကုန်လုံးနာကျင်ကာ အဆစ်အမြစ်များကိုက်ခဲ၏။ ခေါင်းက မူးလှသည်။ ဂျုန်စတပ်၊ လူရိုင်းများ၊ အိမ်မှာ ကျန်ရစ်သည့်မယ်လစ်ဆာ၊ အင်္ဂလိပ်များ၊ အိမ်၏အေးမြဟန်၊ ပေါင်ပေါ်ကသေနတ်၊ အားလုံးသည်သူ့ခေါင်းထဲတွင် ရောက်နေ၏။ ဘေးပတ်လည်မှာလည်း လူတွေအများကြီးပင် သူ့လိုစောင့်နေကြသည်။ မိုးမချုပ်ခင် လေးငါးနာရီခန့်အချိန်ရသည်။ တိုက်ခိုက်ရမည်။ ဝင်စစ် မနေ့ကတည်းက တိုက်ပွဲစ ဖို့ရှိသော်လည်း မိုးရွာတာနှင့်မတိုက်ရ။ ယနေ့တော့ နေရောင်ခြည် လင်းချင်းကာ ရာသီကြည်လင်လှသည်။

ဝုစ်တို့ဘက်တွင် ကာနယ်စတပ်ရှိနေပြီ။ ရန်သူများကား အမြောက်သေနတ်၊ လှံစွပ်တပြင်ပြင်နှင့် ချောင်းတစ်ဖက်တောင်ကုန်းထိပ်၌ နေသည်။ သူတို့စစ်ဗိုလ် ဘာဝိန်းမရှိချေ။ ဘွန်အမည်ရှိ စစ်ဗိုလ်ကြီးကြပ်သည် ဆို၏။ သူတို့သည် နေရာကောင်းရထား၏။ သို့သော် စတပ်အမိန့်ပေးလိုက် လျှင် ဝုစ်တို့တစ်တွေသည် ချောင်းကိုဖြတ်၍ တောင်ကုန်းပေါ်ရောက်အောင်တက်ကာ တောင်ထိပ်တွင်မှ တိုက်ပွဲပြုမည်တည်း။

စတပ်စောင့်နေသည်မှာ တောင်ကုန်းအနောက်ဘက်ကို ပန်း၍တက်သွားသည့် ကိုယ့်လူများ အချက်ပေးမည့်အသံပင်၊ ဝုစ်၏နားထဲကို ဆောင့်ဝင်လာမည့်အသံပင်၊ ထိုအခါ ဝုစ်သည် ကိုယ့်လူများနှင့်လိုက်၍ တိုက်ရချေတော့မည်။

တစ်မနက်လုံးကား သူတို့သည် လူယောင်ပြ၍ နေကြသည်။ [illegible]သူ့အမြောက်များက ပစ်ခတ်သော်လည်း ဘယ်သူ့မှမထိ။

စတပ်တစ်ယောက်သာ သူ့ပရိယာယ်ကို သူအထင်ကြီးသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ကျိုးဖိုလစ်ကိုတော့ မပါဝင်စေရချေ။ "ဘွန်ဆိုတဲ့အကောင်တောင် မင်းကို တစ်ခါ၊ နှစ်ခါမြင်လိုက်ရရင် ချက်ချင်းမှတ်မိသွားမှာ"ဟုဆိုသည်။

ဝုစ်မှုကား ကိုယ်စိတ် ဆင်းရဲပင်ပန်းလှသည်။ "နေပူလို့ထင်ပါရဲ့" ဟု ဦးထုပ်ခေါင်းပြန်သည်။ "အေးလေ၊ အမဲသားပုတ်တွေစားမိလို့ပါ" ဟုထင်ပြန်၏။ အင်ဆိုင်းက အနားရောက်လာပြီး "နေမကောင်းဘူးလား" ဟုမေး၏။ "ကောင်းသားပဲ"ဟုဖြေလျှင် ဝုစ်ကို အပြင်ထွက်နေဖို့ပြောသည်။

"ငါ ဝင်တိုက်ကြည့်မလို့နေတာကွ၊ အပြင်ထွက်နေရင် တစ်ယောက်တည်း လုံးတီးချည်းဖြစ်နေဦးမယ်"

အင်ဆိုင်းသည် ဝုစ်ကိုကြည့်ကာ မသက်မသာဖြစ်လေသည်။

ထိုခဏ၌ အချက်ပေးသံကို ကြားလိုက်ရပြီး အားလုံး ထ ကုန်ကြစဉ် ဝုစ်သည် အင်ဆိုင်း၏လက်ကိုအားပြု၍ကိုင်ရင်း ထ ရပ်လေသည်။

"ဟုတ်ကဲ့လားကွ မင်းဟာ"

"ဟုတ်ပါတယ်"

အင်ဆိုင်းလည်း အမိန့်ပေးရန် သူ့လူများဆီ ပြေးရသည်။

စစ်ဗိုလ်ကြီးစတပ်က စကားပြောသေးသည်။ လူအများသည် ဝမ်းသာအားရနှင့် ပါးစပ်က ကြိမ်းဝါးဆဲဆိုကာ ရှေ့သို့တက်သည်။ ဝုစ်လည်း ခလုပ်တိုက်တိုက်နှင့် ပြေး၍လိုက်ရာ နောက်မှာသိပ်မကျန်ရစ်ချေ။

ဝုစ်သည် ကျိုး၏ဖဲပြားနီကလေးကို တစိုက်မတ်မတ် ကြည့်၍လိုက်သည်။ တစ်ကိုယ်လုံးမှာ ခွန်အားမရှိတော့၊ သို့သော် တလှုပ်လှုပ်နှင့် ပြေးနေသော ဖဲပြားနီကလေးက သူ့ကို ကျားပိန့်တွယ် တွယ်စေသည်။

ချောင်းကိုဖြတ်၏။ ဝုစ်သည် တစ်ချက်တစ်ချက် ပျော့ခွေကာ လေးဖက်ထောက် ကျလေ၏။ ကျည်ဆံများလည်း တဖွဲဖွဲကျနေရာ "ထိသွားပြီလား" ဟု သူ့ကို မေးတတ်ကြသည်။ ဘယ်သူမှန်းမသိဘဲ "မထိပါဘူး" ဟုသာ ဖြေရလေသည်။

ထ နိုင်လျှင်ကား ကိုယ့်လူအားလုံးသည် အကာအကွယ်ယူကာ သေနတ် ယမ်းထည့်နေကြသည်ကို မြင်၏။ ကြည့်ရတာ ဆန်းသလိုလို၊ တောင်ကုန်းထိပ်ရှိ အမြောက်တစ်လက်မှ မီးခိုးထွက်ကာ ကြားဖူးသမျှတွင် အကျယ်ဆုံးပေါက်ကွဲသံကို ကြားသည်။

ဒါစစ်ပွဲပါကလား။



လူရိုင်းတစ်ယောက် ဘေးက ပန်းပြီး ဝင်လာသည်ကို မြင်ရလေသည်။ ကိုယ်လုံးတီးနှင့် ပါးရဲရောင်စုံထိုးကာ သေနတ်ကိုင်စွဲသည့် လူရိုင်းအစစ်ဖြစ်လေသည်။ လက်တစ်ဖက်က နွားခလောက်ကို လှုပ်၍လာသည်။ သူ့အနောက်က လူရိုင်းများ စီတန်းပြီးလိုက်လာကြသည်မှာ မဆုံးနိုင်ချေ။

ဝုစ်လည်း အားသစ်ဝင်ကာ အရှေ့ကကိုယ့်လူများနှင့် မီအောင်လိုက်လေ၏။ သူနှင့် အရင်ဆုံးဆိုက်ဆိုက်မြိုက်မြိုက် သွားတွေ့သည့်လူသည် မြေပေါ်မှောက်နေရာက "ဘုရားရေ မြေကြီးနဲ့ ကပ်နေမှပေါ့ကိုယ့်လူရ"ဟု အော်သည်။

ဝုစ်လည်း သူ့ဘေး ဒူးထောက်ချရ၏။ သူ့အပေါ်က သေနတ်ကို ငါးနှင့်ကပ်ကာ ချိန်၍ပစ်လေ၏။ "ထိတယ်ကွ၊ မျက်စိနှစ်လုံးကြားက နာရောင်ကို တည့်တည့်ထိတာ"ဟု လှည့်ပြောသည်။

"ဖြောင့်ပါပေ့ဗျာ"

"ဟုတ်ပေတယ်မောင်၊ မင်းကကော ဘာဖြစ်နေတာတုန်း။ မပစ်ချင်ဘူးလား"

"ပစ်ချင်သားပဲလေ"ဟုဆိုကာ သေနတ်ကို ပြင်သည်။ သို့သော် မပစ်နိုင်ပြန်ချေ။

"ဘာဖြစ်သလဲ"ဟု ဘေးကလူက မေးသည်။

"ဗိုက်ထဲက တယ် နာတာပဲ"

သို့သော် သေနတ်ပြောင်းများကို ပြင်သည်။ ဘေးကလူကား ပစ်ခတ်ပြီးသာ နေ၏။ ပစ်လိုက်လျှင် မီးခိုးများထလာသဖြင့် ဘာမှမမြင်ရသည်ကို စိတ်တို၏။ ရန်သူဘက်မှ ပစ်လိုက်သည့်အသံများ ဆူလာလျှင်ကား ခေါင်းထောင်ထလာကာ လှမ်းမြင်ရသော ရန်သူတစ်ယောက်၏ ပုံးကို တည့်တည့်ချိန်၍ ပစ်ချလိုက်သည်။ မီးခိုးများကြောင့် ကောင်းစွာမမြင်ရသော်လည်း ထိသည်မှာ သေချာသည်။ ဝုစ်သည် "ပစ်ချင်သလောက် ပစ်ကြစမ်းလေ" ဟု ကြိမ်းဝါးကာ သေနတ်ကို ယမ်းထည့်ရာ တစ်သက်လုံး လုပ်ခဲ့ဖူးသည့် အတိုင်းပင် ဖြောင့်ဖြူးလှလေသည်။

ရှေ့သို့တိုးရင်းနှင့် ယမ်းထိုးတံ ကျန်ခဲ့သည်ကိုသိရကာ ပထမဆုံးအကြိမ် ဆဲမိသည်။ သို့သော်ပြန်ယူမှ အလုပ်ပြီးမည်ဖြစ်၍ ပြန်လှည့်သော် စစ်ကြပ်တစ်ယောက်က ဓားရှည်ကိုဝင့်၍ 'မဆုတ်နဲ့' ဟုအော်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှစ်က စိတ်ရှုပ်သည်။ တံထွေးကို ပစ်ခနဲထွေးပြီး နှာခေါင်းကို လက်ညှိုးနှင့်ပွတ်သည်။ "ကျုပ် ယမ်းထိုးတံ ကျန်ခဲ့လို့ ပြန်ယူမယ့်ဟာဗျ၊ မသွားစေချင်ရင် ယူပေးမလား၊ ဒီက စောင့်နေမယ်"

"ဘာရယ်၊ ဘယ်မှာကျန်ခဲ့တယ်"

"ယမ်းထိုးတံ၊ ဟောဟိုနားမှာကျန်ခဲ့တယ်"

"ကဲ၊ ကဲ သွားယူချေ၊ ဘုရားရေ... တကယ့်သောက်ရူးပါကလား" ဟု တစ်ဖက်သို့ လှည့်သွားလေ၏။

ဝှစ်သည် ကျောက်တုံးကြီးတစ်တုံးကို ကွယ်ကာ ပစ်နေလေ၏။ ဂျိုးကို မမြင်ရတာကြာပြီ၊ ဘယ်ရောက်နေသလဲမသိ။

ဝှစ်သည် ခဏနားနေခွင့်ကြုံသဖြင့် အတော်ဝမ်းသာနေဆဲ ရှိခနဲ ကျည်ဆန်တစ်ဆန် သူ့အနားပွတ်သွားလေ၏။

ထိုခဏ၌ ဂျိုးကိုမြင်၏။ ဂျိုးလက်ထဲ၌ သေနတ်မရှိတော့၊ ဓားမြှောင်ကြီးတယမ်းယမ်း နှင့်နေ၏။ ဂျိုး၏ကျောဘက်သို့ ရန်သူနှစ်ယောက်ရောက်လာလေ၏။ ဂျိုး၏ကျောကုန်းကို သေနတ်နှင့် ပစ်မည်ဟုချိန်သည်။ ဂျိုးက တစ်ယောက်ကိုခုခံဆဲ ဝှစ်က ကျန်တစ်ယောက်၏မျက်နှာကို ပစ်ထည့်လိုက်သော်လည်း လွဲသွားလေသည်။ ဂျိုးက သူ့လူကိုလှဲချခဲ့ပြီး ဝှစ်နှင့်တိုက်နေသည့်လူ၏လည်ပင်းကို ဓားနှင့်သုံးချက် ထိုးလေရာ ဓားသွားပင် ကျိုးလေမလားဟု ဝှစ် ပူပန်မိလေ၏။

ဝှစ်သည် သေနတ်နှင့် တွေ့သမျှရန်သူ့မျက်နှာများကို ပစ်လေ၏။ ဂျိုးလည်း သူ့ဓားမြှောင်ကို ဝှေ့ယမ်းကာသွား၏။ ဝှစ်သည် ဘယ်ဘက်သို့ လှည့်အကြည့် ဓားသွားတစ်လက် သူ့ဆီဝင်လာသည်ကိုတွေ့သော်လည်း မရှောင်နိုင်တော့ချေ။ ဝှစ်သည် ဒဏ်ရာနှင့် လဲကျသွားသော်လည်း သူ့ကိုယ်ကို ရန်သူ၏ ခြေထောက်ဆီ လှိမ့်သွားကာ လှဲချလေ၏။ ခါးက ဓားမြှောင်ကိုစမ်းကာ လဲကျလာသူကို စောင့်၏။ ထိုနောက် ခေါင်းထဲမှာ မီးပွင့်သွားလေသည်။

ဝှစ်သည် သတိရလာပြီး ထ ကြည့်သော် ဘေးပတ်လည်တွင် သေသူနှင့် ဒဏ်ရာရသူများသာရှိသည်။ ရပ်နိုင်သူမရှိချေ။ သူလည်း ခေါင်းထဲက ဝေဒနာနှင့် ထိုင်ချရသည်။ လူတစ်ယောက်လျှောက်လာသည်ကို မြင်ရ၏။ ဂျိုးဖိလစ်၏မျက်နှာပင်၊ ဂျိုးက တစ်ခုခုမေးသည်ကို သိသော်လည်း



ဘာမှ မဖြေနိုင်ဘဲ ပြုံးရုံသာပြုံးပြမိလေသည်။ ဂျိုးကို ခင်မင်စိတ်ပေါ်လာသည်။ ဂျိုး၏မျက်နှာသည် ကြီးလာလိုက်၊ သေးသွားလိုက်၊ နီးလာလိုက်၊ ဝေးသွားလိုက် ရှိသည်။ နောက် ဂျိုးက သူ့ကို ထမ်းယူသည်ကိုသိရ၏။

ဝှစ်ကို မြေကြီးပေါ်သို့ချလေ၏။ ဝေဒနာပြင်းထန်လှသည်။ ဂျိုးက စစ်ပွဲအကြောင်းပြောပြသည်။ ရန်သူစစ်ဗိုလ် ဆွမ်ကိုလည်းမိပြီ။ ဟိုဘက်မှာ အသဲအမဲ တိုက်နေကြသေးသည်။ ဂျိုးသည် နိုင်အောင် ဘယ်လိုတိုက်မည့်အကြောင်း အားရပါးရပြောလေ၏။ ရန်သူများသည် ထိုင်းမှိုင်းနေအကြပြီး ဝှစ်ကို ဓားနှင့်ထိုးသည့်လူကိုတောင် ဂျိုးက သတ်လိုက်နိုင်သေး၏။

"ဂျိုး ကျွန်တော့်ကို ဒီမှာပဲထားခဲ့တော့"ဟု ပြောလိုက်၏။

"ထိုင်နိုင်ပလား"

"မထိုင်နိုင်ဘူး"

"ဟော ပစ်နေပြန်ပြီ" ဟုဆိုစဉ် ဝှစ်သည် အသံဗလံများ ကြားရသည်။

"ကျုပ် သွားကြည့်ဦးမယ်။ ဟုတ်ပလား။ ဒီမှာနေခဲ့ဦး"

"ကျေးဇူးပဲ ဂျိုး"

ဂျိုး၏ခြေသံ တဖုတ်ဖုတ်ကိုကြား၏။ ဝှစ်လည်း မှိန်းနေရစ်ခဲ့သည်။ သတိအတော်ရလာလျှင်ကား အနားမှ ချောင်းရေစီးသံကို ကြားသည်။ အသည်းခွဲ၍သွားပြီး လက်ခုပ်နှင့်ရေသောက်၏။ အားအတော်ရှိလာသော်လည်း ခေါင်းကဒဏ်ရာက နာလွန်းသေးကာ ဝှစ်သည် ပြန်၍အိပ်ပျော်သွားပြန်လေသည်။

သူ့နာမည်ကို ခေါ်သံကြားသဖြင့် နိုးလာပြန်သော် လူတစ်ယောက်မြင်နေ၏။ "ဝှစ် ငါလေ၊ အင်ဆိုင်းလေ၊ သိရဲ့လား"ဟု မေးသည်။ ဝှစ် မျက်လုံးများ ဖွင့်ကြည့်လျှင် မှောင်မည်းနေသည်။ "ဘယ်သူ"ဟု သူက မေး၏။

"အင်ဆိုင်းလေ၊ မင်းနေကောင်းရဲ့လား ဝှစ်"

"ငါအိပ်ပျော်သွားတယ်ကွ၊ မိုးတောင်ချုပ်ပြီနော်၊ မင်း ဘယ်က လာတာလဲ အခု"

"မင်းကို လာခေါ်တာပဲ၊ တိုက်ပွဲပြီးသွားပြီ"

"ဟင် ဟုတ်လား" တိုက်ပွဲအကြောင်းကို မေ့နေခဲ့သည်။ "ဟော့

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးရော''

''ဂျိုးက ငါ့ကို မင်းဒီမှာရှိတယ်လို့ လွှတ်လိုက်တာကွ''

''စောစောတုန်းက သူဒီမှာရှိနေတာပဲ''

''ငါသိပါတယ်။ ကဲ ထနိုင်လား''

''ဂျိုးလည်း ဘာမှမဖြစ်ဘူးနော်''

''ထိသွားတယ်ကွာ''

''အို . . . ဂျိုးလေ၊ ဒီလောက်ဗလကောင်းတဲ့အကောင်တောင် ထိတယ်''

''အမြောက်ဆံကိုးကွ၊ ဂျိုးကတော့ ဘာမှတောင် သိလိုက်ရှာမှာ မဟုတ်ပါဘူး''



ဝှစ်သည် အိပ်ခန်းတစ်ခန်းထဲ ရောက်နေသည်။ ဆရာဝန်က မကြာခဏ လာကြည့်၏။ တစ်ခါတော့ သူ့ကို ငါးများချိတ်နှင့် တူသောကိရိယာကောက်ကောက်တစ်ခုကိုပြကာ ''ကျုပ်ကိုင်တဲ့ ငါးများချိတ်ဗျ'' ဟုကြေညာ၏။ ဝှစ်က သေသေချာချာကြည့်ရင်း ငါးများချိတ်၏ လက်တံနည်းနည်း ရှည်သည်ဟုထင်သည်။ ''ဒီငါးများချိတ်နဲ့တော့ ငါးတစ်ကောင်မိဖို့ အတော်ခက်မှာပဲ'' ဟုပြောလိုက်ရာ ဆရာဝန်က ရယ်လေ၏။

တစ်ပတ်ကျော်သွားလျှင် ဘီးတပ်ကုလားထိုင်နှင့် ဟို သည်သွားနိုင်သည်။ နောက်သုံးလေးရက်အတွင်းမှာ အတော်လျှောက်နိုင်သည်။ သို့သော် အနောင့်နှင့်မြေထိတိုင်း၊ ပါးစပ်လှုပ်တိုင်း ခေါင်းထဲက ထိုးပြီးနာသည်။ အစာနုနုကို ဇွန်းနှင့်စားစေကာ သူ့ကို အစာစားနေရသည်မှာ ဒူးပင်ဆိုင်လောက်ချေ။ ဘာဖြစ်ဖြစ် အမဲကောင် အသားကြမ်းသော စားချင်သည်။ ဆယ်လစ်ဆာ ချက်နည်းမျိုးနှင့်ဆိုလျှင် ပါးစပ်ပေါ်မှာ အရည်ပျော်သွားနိုင်သည်။ မနက်ဖြန် မိုးလင်းလျှင်တော့ အိမ်ပြန်တော့မည်ဟု ပြောမိသည်။

သူ့ကို ပြုစုသူမိန်းမကြီးက ဆူပူမြည်တွန်ကာ ဆရာဝန်ကို သွားခေါ်လိုက်မည်ဟု ကြိမ်းဝါး၏။

ဝှစ်ကား အိမ်ပြန်ရမှာကို စိတ်ကူးရုံနှင့် အတော်အူရွှင်လေရာ ''ခေါ်လိုက်လေ ဆရာဝန်တောင် ကျွန်တော်နဲ့လိုက်ချင်ဦးမှာ''ဟု ပြောလိုက်၏။

ထို့ကြောင့် အိမ်ပြန်ဖို့ပြင်သည်။ ထွက်လာခါနီးတွင် အိမ်ရှင်လင်မယားကို ကျေးဇူးတင်စကား ရင်ခေါင်းထဲက ထုတ်၍ပြောမိလေ၏။ ကိုယ့်ပစ္စည်းစလေးများ ထုပ်ပိုးကာ လာလမ်းအတိုင်း ရေတစ်တန်၊ ကုန်းတစ်တန်နှင့်လာခဲ့ပြီး တစ်ညနေတွင် ဂျိုးနစ်၏အိမ်ဝသို့ ဆိုက်သည်။

ထိုတစ်ည ဂျိုးနစ်အိမ်မှာ အိပ်ရ၏။ မနက်ဖြန်တော့ အိမ်ပြန်ရောက်တော့မည်။ မိုးလင်းလျှင် ဂျိုးနစ်နှင့် ထွက်လာသည်။ ဂျူးဝဲအိမ်ဘက်သို့ ဂျိုးနစ် ကွေ့နေရစ်ပြီး ဝှစ်တစ်ယောက်တည်း မိုးရေထဲလာခဲ့၏။

ဝှစ်သည် ရေကိုတိုးနေပြန်ပြီ။ လေတိုက်ခတ်နေသည်ကိုလည်း ဂရုမစိုက်၊ လေမပြင်းပါဘူး၊ အင်္ကျီများ စိုရွှဲနေသော်လည်း ယခုလို ဆက်တိုက်သာ သွားနေရလျှင် ချမ်းအေးမှန်းမသိချေ။ ဘေးဘီကိုလည်း မကြည့်ချေ။ လျှောက်နေသည့်ခြေထောက် ရှေ့တစ်လှမ်းစာကိုသာ ကြည့်၏။ ထွက်ခိုနေကာ၊ တောအုပ်တွေထဲရောက်ကာ သူငယ်ချင်းဟောင်းများအကြားမှာလို

www.burmeseclassic.com

www.burmeseclassic.com



အားရှိရဲရင့်သည်။

တောင်ကုန်းကို တက်ခါနီးလျှင်တော့ ကောင်းကင်ကို မော့ကြည့်မိ၏ မကြာခင် လင်းတော့မည်။ အိမ်မှာ လုပ်စရာကိစ္စတွေ လက်နားရောက် နေသလိုထင်သည်။ ရှေ့ဆက်ပြီး တေပေကာ လာခဲ့၏။ ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း နားချင်လျှင် ရပ်ပြီးနေလိုက်သည်။

တောင်ကုန်းထိပ်သို့ ရောက်လျှင် ဒူးများပျော့ကာ ခွေကျမည်ပြု၍ သစ်ပင်တစ်ပင်ကို လှမ်းဖက်လိုက်ရ၏။ (ကြည့်ရသူအဖို့တော့ ရယ်စရာ ဖြစ်သည်။) ထိုကြောင့် ထိုင်လျက်သားဘယ်တော့မှမကျ။ ခေါင်းထဲမှ မူး မိုက်ခြင်းပျောက်သွားသော် ဆက်ပြီးသွားနိုင်ပြန်သည်။

တောအုပ်တွေထဲရောက်ပြန်ပြီး တောင်ကိုကြည့်ချင်စိတ်ပေါ်သည်။ သို့သော် သစ်ပင်ပေါ်တက်နိုင်ဖို့ရာ အသက်နှင့်လဲ၍လုပ်တောင်မဖြစ်ချေ။ လမ်းတစ်ဝက်က ရှေ့ဆက်သွားရမည့်ခရီးကို မျှော်ကြည့်၏။

ထိုခဏ၌ တောင်သည် တိမ်တိုက်များအကြားမှထွက်လာသည်။ တစ်ခါတုန်းက မြင်ခဲ့ဖူးသလိုပင် မိုးကိုထိုး၍ နေရောင်မှာ လင်းနေသည်။ သစ်ကိုင်းအထပ်ထပ်၊ သစ်ရွက်အချပ်ချပ်အောက် ရောက်နေသည်မို့ နေလုံး ကိုမမြင်ရဘဲ တောင်ပေါ်သာ နေကွက်၍လင်းသလို ထင်ရသည်။ သူ၏ ပါးလွှာသော နှုတ်ခမ်းများလည်း ပွင့်ဟလာကာ ပြုံးရယ်ကုန်လေ၏။

အိမ်ရောက်သော် မယားနှင့် သားနှစ်ယောက်ကို တွေ့ရသည်။

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com